# ဓမ္မခန္ဓာ (၂) "ထိုန္ဓားပျိုမ" (အာလ်ဘာကရာ)

ဥဂ္ဂဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၇)၊ သုတ်ဒေသနာ (၂၈၆)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | الم۞<br>အလက်ဖ်၊ လမ်၊ မင်[၁၃] |
| ၂။ | ذَلِكَ الْكِتَابُ لاَ رَيْبَ فِيهِ هُدًى لِّلْمُتَّقِينَ۞<br>ဤသည် [၁၄] သံသယ ဝင်နိုင်ဘွယ်ရာ အလျှဉ်းမရှိသော၊ စည်းစောင့်သူများအတွက် လမ်းညွှန် ကျမ်းတော်ဖြစ်၏။[၁၅] |

(၁၃) "ငါသည် ကုန်စင်သိနေတော်မူသော ပရမတ်ဘုရားရှင် ဖြစ်၏၊" ဟု အနက်ကို ပေးသည့်အာရဗီ စကားလုံး အတိုကောက် **အလက်ဖ်၊ လမ်၊ မင် الم** ကို အရှင်မြတ်သာ သိသည်ဟု ဆရာတော်များက သဘောတူ လက်ခံကာ ရေးသား ဖွင့်ဆိုခဲ့ကြခြင်း အပေါ် အခွင့်ကောင်းယူ၍ ခရစ်ယာန် သာသနာပြု ဆရာတော် ဂိုလီးယပ်စ်က ဤစကားလုံး **အလက်ဖ်၊ လမ်၊ မင် الم** ကို **အမာလိမုဟမ္မဒ်** "မုဟမ္မဒ်၏ အမိန့်တော်"ဟု ပြန်ဆိုထားပေသည်။ ယင်းမှာ ကိုလိုနီပြုရာ ဒေသများ၌ ဘာသာရေးကို နိုင်ငံရေး လက်နက် အဖြစ် အသုံးချလျှက် ခရစ်ယာန် သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် ကုရ်အာန်ကျမ်းကို ဘာသာပြန် အစာသွပ်ခဲ့ကြသည့် ရော့ဒ်ဝဲလ်၊ ပါလ်မာလ်၊ ဆေးလ်နှင့် ၎င်း ဂိုလီးယပ်စ် ကိုယ်တိုင်တို့၏ ဆန္ဒသာ ဖြစ်ပေသည်။ အစ္စလာမ် သာသနာဝင်များသည် ကုရ်အာန်ကျမ်းတော်အား ကိုယ်တော်မုဟမ္မဒ်၏ အမိန့်တော်၊ ပညတ်တော်၊ စကားတော်ဟူ၍ မည်သည့် အခြေအနေတွင်မှ လက်မခံခဲ့ပေ။ ပရမတ်ဘုရားရှင်ထံမှ ကိုယ်တော်မုဟမ္မဒ်၏ နှလုံးသား၌ သဗ္ဗညုတဥဂ္ဂဏ်စဉ်တော် ကိန်းဝပ်လျှက် ပညတ်ပေးသော ကျမ်းတော်၊ ပညတ်တော်၊ စကားတော်ဟုသာ ယတိပြတ် လက်ခံထားပေသည် (၂း၉၇)။ ထို့အပြင် ၎င်းက သူဘက်ဆွဲလိုသည့် "မုဟမ္မဒ်၏ အမိန့်တော်" ဟူသည့် အဓိပ္ပါယ် ဖြစ်ရန် **အမာလိမုဟမ္မဒ်** ဟု ဆိုခြင်းမှာလည်း ၎င်းကိုယ်တိုင် အာရဗီစာပေ၌ လိမ္မာတတ်ကျွမ်းမှု အားနည်းကြောင်းကို ဖေါ်ပြနေပေသည်။ မုဟမ္မဒ်၏ အမိန့်တော်ဟူသည့် အဓိပ္ပါယ် ဖြစ်ရန် အာရဗီဘာသာဖြင့် **ဗိအမ္မရိ မုဟမ္မဒ်** ဟုသာ ဆိုရမည် ဖြစ်ပြီး၊ ကျမ်းမြတ်ကုရ်အာန်တွင် ဖေါ်ပြသော အတိုကောက် စကားလုံး **အလက်ဖ်၊ လန်၊ မင်၊ الم** ကို **ဗိအမ္မရိ မုဟမ္မဒ်** ဟု စာလုံး ကောက်ယူ၍ မရပေ။ ဆရာတော် ရော့ဒ်ဝဲလ်က ဓမ္မခန္ဓာ (၆၈) ၏ အစ အတိုကောက် အက္ခရာ **နွံ ں** ကို "ဤစကားလုံး အပါအဝင် ကုရ်အာန်တစ်အုပ်လုံးရှိ အတိုကောက် စာလုံးများကို အစ္စလာမ် သာသနာပေါ်ပြီး ပထမ ရာစုနှစ် ကုန်သည်အထိ မဟာမေဒင် (ခရစ်ယာန် သာသနာပြုများက အစ္စလာမ် သာသနာဝင်တို့အား ခေါ်သော အမည်) များ ကိုယ်တိုင် မသိခဲ့၊"ဟု ကျမ်းတော်၏ အချို့အစအနများကို နောက်ပိုင်းတွင်မှ ဖြည့်စွပ်ထားသယောင် စွပ်စွဲထားပေသည်။ ဤ စွပ်စွဲချက်မှာလည်း အစ္စလာမ် သာသနာအား မှေးမှိန်စေလိုသော ဆန္ဒမှအပ အစ္စလာမ် သာသနာနှင့် ကုရ်အာန်ကျမ်းတော်အား မည်သို့မည်ပုံ မှတ် တမ်းတင်ခဲ့သည် ဆိုသော သမိုင်းကြောင်းအား မန့်စပ်၍သာ ဖြစ်ပေသည်၊ (၂း၂)။ အထက (ကျောင်း)၊ ခလရ (တပ်ရင်း) စသည် ကဲ့သို့ ဘာသာ စကားတိုင်းတွင် အတို ကောက် စာလုံးများ ရှိပေသည်။ အာရဗီနေ့စဉ်သုံး စကားတွင်ပင် "မင်းလာဦးမလား၊"ဟု မေးသောအခါ၊ **ف** "ဖ" ဟု ပြန် ဖြေလျှင် ထို "ဖ"၏ အဓိပ္ပါယ်မှာ **ف ذهبْنَا** "ဖသဟာ့ဘ်နာ" ကျွန်ုပ်နဲ့အတူ သွားလာပါစေဟု ပြန်ဖြေခြင်း ဖြစ်သည်၊ (E.W Lane အာရဗီ အင်္ဂလိပ် ဝေါဟာရကျမ်း)။ ဤသို့ပင် ကျမ်းတော်၏ ဓမ္မခန္ဓာ (၂၊ ၃၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂) တို့တွင် ဖေါ်ပြသော **အလက်ဖ် လမ် မင် الم** မှ **အလက်ဖ် ا** သည် **نَا ا အန** ငါသည်၊ **လမ် ل** သည် **အလ္လာဟ် الله** ပရမတ်ဘုရားရှင်၊ **မင် م** သည် **အအာလာမု عَلَم ا** အသိဆုံးသော၊ ကုန်စင်သိသော ဟု ဆိုသည့် စကား လုံးများ၏ အတိုကောက် ဖြစ်သည်ဟု အိဗနိမာဆ်အုနှင့် အိဗနိအဗ္ဗာစ်တို့က သဘောတူ ဖွင့်ဆိုကြပေသည်၊ (အဘူယေယွန်ကျမ်း၊ အိဗနိ ဂျဗား ကျမ်း)။ ကျမ်းမြတ်ကုရ်အာန်အား မြန်မာဘာသာသို့ ပထဦးဆုံး ပြန်ဆိုခဲ့သော ဆရာကြီး ဦးကာလူ၏ လုံးချင်း အဖွင့်ကျမ်း ပထမတွဲ တွင်လည်း ဤ အတိုင်းပင် ဖွင့်ဆိုထားပေသည်။ ထို့ကြောင့် **အလက်ဖ် လမ် မင် الم** ကို ဤ ဘာသာပြန်၌ **ငါသည် သိနေတော်မူသော ပရမတ် ဘုရားရှင် ဖြစ် တော်မူ၏** ဟု ပြန်ဆိုခြင်း ဖြစ်သည်။

| | |
|---|---|
| ၃။ | **الَّذِينَ يُؤْمِنُونَ بِالْغَيْبِ وَيُقِيمُونَ الصَّلاةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۝** <br> သူတို့သည်ကား စက္ခုလွန်များကို[၁၆] ယုံကြည်ကြ၏၊ စိတ်သင်တန်း၌ မြဲကြ၏[၁၇] ငါအရှင်ပေးရာ ရိက္ခာများမှ[၁၈] ပေးဝေလှူဒါန်းကြကုန်၏။ |
| ၄။ | **والَّذِينَ يُؤْمِنُونَ بِمَا أُنزِلَ إِلَيْكَ وَمَا أُنزِلَ مِن قَبْلِكَ وَبِالآخِرَةِ هُمْ يُوقِنُونَ۝** <br> သူတို့သည်ကား သင့်ထံ၌ ချမှတ်ပေးရာ၊ သင့်အလျှင်က ချမှတ်ပေးရာများကို[၁၉] ယုံကြည်ကြ၏၊ နောင်ဘဝကိုလည်း အကြွင်းမဲ့ယုံကြည်ကြကုန်၏။[၂၀] |

---

(၁၄) အာရ်ဗီစကားလုံး ‘ဤအရာ’ ကို **ဟာဿာ** ဟုပြော၍၊ အဝေးညွှန် စကားလုံး ‘ထိုအရာ’ကို ဿာလိက **ذَلِكَ** ဟု ပြောပေသည်။ သို့သော် ဂုဏ်ဒြပ်မြင့်သော အရာ၏ အနီးညွှန်သော “ဤအရာ” ကို **ဿာလိက** ဟု ဆိုပေသည်၊ (**E.W Lane** အာရ်ဗီ အင်္ဂလိပ် ဝေါဟာရကျမ်း)။

(၁၅) အစ္စလာမ် မဟုတ်သော သာသနာပြု ဆရာတော်ကြီးများက ကုရ်အာန်ကျမ်းတော်သည် ကိုယ်တော်မုဟမ္မဒ် လက်ထက်တော်က မရှိသေးဘဲ ကိုယ်တော် ပရိနိဗ္ဗာန်ပြုပြီး ကာလကြာမှ တပည့်သာဝကများက စုဆောင်း မှတ်တမ်းတင်ကြသည်ဟု သူတို့လက်ကိုင်ပြုထားသော ကျမ်းစာများနှင့် အဆင့်တူရန် ရည်ရွယ်၍ အကြီးအကျယ် ရေးသား ထုတ်ဝေခဲ့ပေသည်။ ဉာဏ်စဉ်ဆောင် တစ်ပါး ပရိနိဗ္ဗာန်ပြုပြီးမှ တပည့်သာဝကများက မှတ်တမ်းတင်သော ကျမ်းစာသည် သဗ္ဗညုတဉာဏ်ဖြင့် ကိန်းဝပ်ပညတ်သည့် ဓမ္မတော်များမှာ မူရင်း စစ်စစ်မှ တိမ်းပါးသွားနိုင်သည် ဟူ၍ စောဒက ဝင်နိုင်ရန် ဖြစ်ပေသည်။ အချို့အစ္စလာမ် ပညာရှင်များကလည်း ကုရ်အာန်ကျမ်းကို မူလအစတွင် နှုတ်ငုံဆောင် ပုဂ္ဂိုလ်များ၏ နှုတ်ငုံဆောင် လက်ဆင့်ကမ်းခဲ့၍ တတိယသမ္မတကြီး အွဿမန် လက်ထက်တွင်မှ ပေထက်အက္ခရာ တင်ခဲ့သည်ဟု လက်ခံထားကြပေသည်။ ထိုမျှပင် မကပေ၊ အစ္စလာမ် သာသနာ၏ အဓိက ဂိုဏ်းကြီး နှစ်ဂိုဏ်းဖြစ်သော ဆွန္နီနှင့် ရှီယာ သည်ပင် ကုရ်အာန်ကျမ်းစာခြင်း မတူညီကြဟု ဝါဒဖြန့်ချီမှုများလည်း ရှိပေသည်။ ဤသို့ ရေးသားမှုများမှာ ရိုးသားဖြူစင်မှု မပါပေ။ ထိုအယူအဆ အားလုံးသည် မမှန်ကန်ကြောင်း ကျမ်းတော်၏ အစအဦး ဖြစ်သည့် ဤသုတ်တော်ကပင် ထောက် ပြထားပေသည်။ ဤသုတ်တော်က ကျမ်းတော်အား **အာ့လ်ကီတာ့ဘ် الْكِتَابُ** (ဤစာအုပ်) ဟု ပြောထားရာ **အလ်ကီတာ့ဘ်** ဆိုသည်မှာ မြင်သာ ထင်ရှားသော စာလုံးများဖြင့် မှတ်တမ်းတင်ပြီး စာအုပ်အဖြစ် ပြည့်စုံစွာ စုစည်းပြီးသားကို ခေါ်ပေသည်။ နှုတ်ငုံဆောင်ထားခြင်း တစ်မျိုးတည်း သို့မဟုတ် စာအုပ်အဖြစ် မစုပေါင်းရသေးသော စာရွက်စာတမ်း မှတ်တမ်းများကို **ကီတာ့ဘ်** ဟု ခေါ်ဆို၍ မရပေ။

(၁၆) **ဂိုက်ဘ် بِغَيْبِ** ကို ဆရာတော်ကြီးများက မမြင်ကွယ်ရာဟု ပြန်ဆိုကြပေသည်။ **ဂိုက်ဘ်** ဆိုသည်မှာ မျက်စိကန်းခြင်း၊ အမှန်တကယ် မတည်ရှိဘဲလျက် စိတ်ကူးယဉ်သောအရာ မျက်စိဖြင့် မမြင်ရခြင်းကို ဆိုခြင်း မဟုတ်ပေ။ လူသား၏ မံသ မျက်စိဖြင့် မမြင်နိုင်ဘဲလျက် အမှန်တကယ် တည်ရှိနေသည့် ပရမတ်ဘုရားရှင်၊ ဉာဏ်စဉ်တော်၊ နိဗ္ဗာန် နှင့် ငရဲများကို ဆိုပေသည်။ ၎င်းတို့သည် စိတ်ကူးစိတ်သန်းအရသာ ရှိနေခြင်း မဟုတ်ဘဲ၊ အမှန်တကယ်ရှိနေသည်၊ ဝိဉာဏစက္ခုဖြင့် သိမြင်နိုင်သည်ဟု အစ္စလာမ်သာသနာက ခိုင်ခိုင်မာမာ ယုံကြည်ပေသည်။

(၁၇) အာရ်ဗီစကားလုံး **ဆွလာတ် صلاة** ကို မြန်မာမွတ်ဆလင်များ ကိုယ်တိုင်က ဖာရ်စီစကားလုံး **နမာ့ဇ်** ဆိုသည်နှင့် ဖလှယ်၍ နားလည်ထားကြလျက် ဆွလာတ်ဝတ်ပြုသည်ကို နမာ့ဇ်ဖတ်သည်ဟု ပြောဆိုပေသည်။ ယခုအခါတွင် ဆွလာတ်ဝတ်ပြုသည်ဟု လည်းကောင်း၊ ဘုရားရှိခိုးသည်ဟု လည်းကောင်း ပြောဆိုလာကြပေပြီ။ အစ္စလာမ်သာသနာတွင် အကြောက်တရားဖြင့် ဒူးထောက်ဦးချ ကန်တော့ရန် အဆင်း သဏ္ဌာန်ရှိသော ဘုရား ဟူ၍ မရှိပေ။ ဆွလာတ်၏ အဓိပ္ပါယ်မှာ “ကွေးကောက်သည်ကို ဖြောင့်ခြင်း၊ မေတ္တာပို့ခြင်း၊ တသားတည်း ဖြစ်ရန်ပြုခြင်း”ဟူ၍ဖြစ်သည်၊ (၉း၅၄။ ၁၁း၈၇)။ အစ္စလာမ်က ပြောဆိုသော ဆွလာတ် ဟူသည်– ကုရ်အာန်ကျမ်းမှပြဋ္ဌာန်းသည့် ကျမ်းချက်များအား လူတစ်ဦးချင်းမှ နားလည်ရန် သင်တန်းပေး၍ ထိုကျမ်းချက်နှင့် အညီ စိတ်အလေ့အကျင့် တစ်သားတည်း ဖြစ်လာစေရန် လေ့ကျင့်မှုကို ခေါ်ဆိုသည်။ ဘုရားစာ အမျိုးမျိုး တီထွင်၍ ရွတ်ဆိုရှိခိုးနေခြင်းမျိုးကို ဆွလာတ် ဟု မခေါ်ပေ။ ထို့ကြောင့် ဤဘာသာပြန် တွင် **ဆွလာတ်** ကို **စိတ်သင်တန်း/ စိတ်လေ့ကျင့်မှု**ဟု ဘာသာပြန်ဆိုပါသည်။

(၁၈) **ရဇာ့က် رَزَقَ** ရိက္ခာဆိုသည်မှာ အစားအစာကိုသာ ဆိုလိုခြင်း မဟုတ်ပေ။ စားရေရိက္ခာ၊ ရွှေ၊ ငွေ၊ ရတနာ၊ အကြံ ဉာဏ်၊ ပညာ အားလုံးကို သဗ္ဗေသတ္တာ သတ္တာဝါများအတွက် “စီးကြောင်း”ဟု အစ္စလာမ်က သတ်မှတ်ပေသည်။ ကမ္ဘာ စကြာဝဠာ အလုံးစုံ၏ လည်ပတ် ရှင်သန်ရာ စီးကြောင်းသည် တနေရာရာတွင် ပိတ်ဆို့နေပါက လောကတစ်ခုလုံး အတွက် ပြဿနာ ပေါ်မည်ပင်၊ ထို့ကြောင့် အရာရာသော စီးကြောင်း များသည် သမမျှတစွာ စီးဆင်းနိုင်ရန် အစ္စလာမ်က သွန်သင်ခြင်း ဖြစ်၍ ပရမတ်ဘုရားရှင်၏ ဓမ္မတော်ကို လိုက်နာ ကျင့်ဆောင်သူများသည်၊ လောက နိယမ၏ စီးကြောင်းများကို ဝေငှနေကြပေသည်။ ထိုသို့သော လူသားများသည်သာ ပေါက်မြောက် အောင်မြင်ရမည်ဖြစ်သည်။ (၂း၅)

| | |
|---|---|
| ၅။ | **أُوْلَـئِكَ عَلَى هُدًى مِّن رَّبِّهِمْ وَأُوْلَـئِكَ هُمُ الْمُفْلِحُونَ۞**<br>ကံကြမ္မာရှင်၏ လမ်းညွှန်မှု၌ ရှိသော ထိုသူတို့သည်ကား ပေါက်မြောက်အောင်မြင်ရမည်ပင်။ |
| ၆။ | **إِنَّ الَّذِينَ كَفَرُواْ سَوَاءٌ عَلَيْهِمْ أَأَنذَرْتَهُمْ أَمْ لَمْ تُنذِرْهُمْ لاَ يُؤْمِنُونَ۞**<br>ဖုံးကွယ်သောသူတို့သည်[၂၁] သဏ္ဍာန်တူပင်၊ သူတို့၌အား သတိပေးသည် ဖြစ်စေ၊ သတိမပေးသည် ဖြစ်စေ ယုံကြည်ကြသည် မဟုတ်ပေ။ |
| ၇။ | **خَتَمَ اللّهُ عَلَى قُلُوبِهمْ وَعَلَى سَمْعِهِمْ وَعَلَى أَبْصَارِهِمْ غِشَاوَةٌ وَلَهُمْ عَذَابٌ عظِيمٌ۞**<br>ပရမတ်ဘုရားရှင်သည် သူတို့၏နှလုံးသားများ၊ သူတို့၏ကြားနာမှုများကို အဆုံးသတ်လိုက်ပြီ[၂၂] သူတို့၏ အမြင်များ၌ အကွယ်အကာရှိနေ၏၊ သူတို့အတွက် ဝဋ်ဒုက္ခကြီး ရှိနေ၏။ |
| ၈။ | **وَمِنَ النَّاسِ مَن يَقُولُ آمَنَّا بِاللّهِ وَبِالْيَوْمِ الآخِرِ وَمَا هُم بِمُؤْمِنِينَ۞**<br>လူတစ်ချို့က “ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပါ၏၊”ဟု ဆိုကြ၏၊ သူတို့သည်ကား ယုံကြည်သူများ မဟုတ်ချေ။ |

---

(၁၉) **အွန်ဇိလ** **أُنزِلَ** သည် ရင်းမြစ် နဇလ **نزل** မှ ဖြစ်၍ အဓိပ္ပါယ်မှာ ချမှတ်သည်၊ သွန်းချသည်၊ အပေါ်မှ အောက်သို့ချပေးသည်ဟု အနက်ပေးသည်။ ထို့အပြင် ဉာဏ်စဉ်ဆောင်များထံသို့ သဗ္ဗညုတဉာဏ်တော် ကိန်းဝပ်ခံရခြင်းကိုလည်း ဤစကားလုံးကိုပင် သုံးပေသည်။ ဤသုတ်တော်၌ “သင့်ထံသို့ ချမှတ်ပေးရာ” ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်ထံမှ တစ်ဆင့် ကိန်းဝပ်ပြဋ္ဌာန်းပေးသော ကုရ်အာန်ကျမ်းတော်ကို ဆိုလို၍ “သင့်အလျှင်က ချမှတ်ပေးရာများ” ဆိုသည်မှာ ဤဘဒ္ဒကမ္ဘာ၌ ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ရှေးက ဉာဏ်စဉ်ဆောင် (ပညတ်ဘုရားများ) များစွာ ပွင့်ပေါ်ခဲ့၍ ထို ကိုယ်တော်များ၏ထံသို့ ဉာဏ်စဉ်တော်အားဖြင့် ကိန်းဝပ်ပေးခဲ့သော တရားဓမ္မများကို ဆိုလိုပေသည်။ အစ္စလာမ်သာသနာဝင်များက ဘာသာရေး၌ အယူသည်းကြသည်ဟု ဆိုခြင်းကို မဟုတ်မှန်ကြောင်း ဤသုတ်တော်က ထောက်ပြထားပေသည်။ အစ္စလာမ်သာသနာသည် အခြားသော မည်သည့် ဘာသာတရားကိုမျှ မစော်ကား မပုတ်ခတ်သည့် အပြင် ထိုဘာသာတရားများရှိ မူရင်းစစ်စစ်တရား ဓမ္မများကိုပင် ယုံကြည်ရမည် ဟု သွန်သင်ပေသည်။

(၂၀) **ယုအ်ကီနူး** **يُوقِنُونَ** သည် **ယကီးန်** မှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ “စမ်းတဝါးဝါး မဟုတ်ဘဲ မျက်မြင်ဒိဋ္ဌ ယုံကြည်မှု”ကို ဆိုလိုသည်။

(၂၁) **ကာဖရ်** **كَفَرُواْ** ကို ဆရာတော်ကြီးများက မိစ္ဆာဒိဋ္ဌိများ ဟု ဘာသာပြန်ကြသည်။ ထိုစကားလုံးများမှာ မူရင်း အဓိပ္ပါယ်နှင့် အလွန်တရာ နီးကပ်မှု ရှိသော်လည်း မူရင်းအနက်နှင့် တစ်ထပ်တည်း မကျပေ။ ၎င်း၏ ရင်းမြစ် စကားလုံးမှာ **ကဖရ** **كَفَر** ဖြစ်၍ တစ်စုံတစ်ရာအား သိလျှက်နှင့် ဖုံးကွယ်ခြင်း၊ မယုံကြည်ခြင်း၊ ကျေးဇူးကန်းခြင်းများကို ဆိုပေသည်။ ကျမ်းတော်၌ **ကာဖရ်**ကို သာမန် အခြေအနေတွင် “အမှန်တရားအား လက်ခံရန် ငြင်းပယ်သူ”ဟု သုံး၍ အမှန်တရားပေါ်၌ လက်ခံယုံကြည်သူတို့အား မလိုမုန်းထားပြု စစ်မက် တိုက်ခိုက်လာသော အခြေအနေတွင် “ရန်သူ” ဟူ၍ သုံးပေသည်။ မြန်မာလူမျိုးအချင်းချင်း– အုပ်စုကွဲစစ်ဖြစ်ကြသောအခါ အချင်းချင်း တစ်ဦးကို တစ်ဦး ရန်သူဟု သုံး သကဲ့သို့ပင်။ သို့သော် စစ်ဖြစ်နေသော အချိန် မဟုတ်ခဲ့လျှင် “ရန်သူ” ဟူ၍ လုံးဝ မသုံးသည့်အပြင် မပေါင်းမသင်းရဟုလည်း တားမြစ်ထားခြင်း မရှိပေ။

(၂၂) ပရမတ်ဘုရားရှင်က မည်သူ့ကိုသာ ပညတ်ထားခြင်း မဟုတ်ပေ။ ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော မူလ ပရမတ်ဓမ္မ အတိုင်းသာ အရာရာသည် ဖြစ်တည်နေပေသည်။ ရေခဲကို ကိုင်လျှင်အေးမည်၊ မီးကိုထိလျှင် ပူမည်ဟူသော အခြေခံ သဘောတရားကို မည်သည့် အခြေအနေတွင်မှ မပြောင်းလဲစေပေ။ “ဖုံးကွယ်သူတို့၏ ခံစားနိုင်မှု၊ နားလည် သဘောပေါက်နိုင်မှု စွမ်းရည်များကို အဆုံးသတ်ထားသည်” ဆိုခြင်းမှာ တစ်စုံ တစ်ရာ၏ အမှန်ကို သိလာငြားလည်း ၎င်းတို့ဘာသာ ၎င်းတို့ ဖုံးကွယ် ငြင်းပယ်ခြင်း ကြောင့်သာ ဖြစ်ပေသည်။ အမှန်နှင့် အမှားကို ခွဲခြား သိလိုစိတ် မရှိသော၊ စူးစမ်းလိုစိတ် မရှိသောသူ၏ ဦးနှောက် အရည်အသွေးမှာ ရပ်တန့် ပိတ်ဆို့နေမည်သာ ဖြစ်ပေသည်။

| | |
|---|---|
| ၉။ | يُخَادِعُونَ اللهَ وَالَّذِينَ آمَنُوا وَمَا يَخْدَعُونَ إِلاَّ أَنفُسَهُم وَمَا يَشْعُرُونَ۞<br>ပရမတ်ဘုရားရှင်နှင့် ယုံကြည်သောသူတို့အား လှည့်စားလိုသော ထိုသူတို့သည် မိမိတို့၏ ဉာဉ်စရိုက်ကိုသာ[၂၃] လှည့်စားမိကြပြီ၊ သူတို့ကား သတိမမူနိုင်ကြပေ။ |
| ၁၀။ | فِي قُلُوبِهِم مَّرَضٌ فَزَادَهُمُ اللهُ مَرَضاً وَلَهُم عَذَابٌ أَلِيمٌ بِمَا كَانُوا يَكْذِبُونَ۞<br>သူတို့၏နှလုံးသား၌ ရောဂါရှိနေ၏၊ ပရမတ်ဘုရားရှင်သည် သူတို့၏ရောဂါကို တိုးစေတော်မူပြီ၊ သူတို့၏ ငြင်းဆန်မှုများကြောင့် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။ [၂၄] |
| ၁၁။ | وَإِذَا قِيلَ لَهُمْ لاَ تُفْسِدُواْ فِي الأَرْضِ قَالُواْ إِنَّمَا نَحْنُ مُصْلِحُونَ۞<br>သူတို့အား "မြေကမ္ဘာ၌ အဖျက်အနှောင့် မပြုနှင့်၊"ဟု ပြောသောအခါ၊ "ကျွန်ုပ်တို့သည် ပြုပြင်သူများ ဖြစ်ကြ၏၊"ဟု ပြောဆို၏။ |
| ၁၂။ | أَلا إِنَّهُمْ هُمُ الْمُفْسِدُونَ وَلَكِن لاَّ يَشْعُرُونَ۞<br>သူတို့သည် အဖျက်ကောင်များသာ ဖြစ်ကြ၏။ ၊ သို့သော် သူတို့ကား သတိမမူနိုင်ကြပေ။ |
| ၁၃။<br>စိတ်<br>မနှံ့သူ | وَإِذَا قِيلَ لَهُمْ آمِنُواْ كَمَا آمَنَ النَّاسُ قَالُواْ أَنُؤْمِنُ كَمَا آمَنَ السُّفَهَاء أَلا إِنَّهُمْ هُمُ السُّفَهَاء وَلَكِن لاَّ يَعْلَمُونَ۞<br>သူတို့အား ယုံကြည်သူတို့ ကဲ့သို့ ယုံကြည်ကြရန် ပြောသောအခါ၊ "**တုံးအသူ**များကဲ့သို့ ကျွန်ုပ်တို့ ယုံကြည်ရမည်လော၊"ဟု ပြန်ဆိုကြ၏၊ သူတို့သည်သာ **တုံးအသူ**များ ဖြစ်ချေပြီ၊ သို့သော် သူတို့သည် သိနားလည်စွမ်းမရှိပေ။ |
| ၁၄။ | وَإِذَا لَقُواْ الَّذِينَ آمَنُواْ قَالُواْ آمَنَّا وَإِذَا خَلَوْاْ إِلَى شَيَاطِينِهِمْ قَالُواْ إِنَّا مَعَكْمْ إِنَّمَا نَحْنُ مُسْتَهْزِؤُونَ۞<br>တဖန်၊ ယုံကြည်သောသူများနှင့် ဆုံသောအခါ၊ "ကျွန်ုပ်တို့လည်း ယုံကြည်ကြ၏၊"ဟု ဆိုလျက်၊ သူတို့ မကောင်းဆိုးဝါးချင်း[၂၅] စုမိလျှင် "သင်တို့နှင့် ကျွန်ုပ်တို့ အတူတူပင်ရှိ၏၊ ကျွန်ုပ်တို့သည် လှောင်ပြောင်ခဲ့ခြင်းပင်၊"ဟု ပြောကြ၏။ |
| ၁၅။ | اللهُ يَسْتَهْزِىءُ بِهِمْ وَيَمُدُّهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ۞ |

---

(၂၃) **အန်းဖုဆဟွမ်း أَنفُسَهُم** သည် **နဖ်ဆွန် نفسَ** ၏ အများပြုဖြစ်၍ ဆရာတော်ကြီးများက "မိမိကိုယ်မိမိ"ဟု ခန္ဓာကိုယ်ကို ရည်ညွှန်း၍ ဘာသာပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုခြင်းမှာ ကျမ်းတော်၏ ရှေ့နောက် ကိုက်ညီမှု အတွက် မှန်ကန်သော ဘာသာပြန်မှု ဖြစ်သော်လည်း ခန္ဓာကိုယ်ကို ရည်ညွှန်းခြင်းမှာ ကိုက်ညီမှု မရှိပေ။ အဘယ်ကြောင့် ဆိုသော် ကျမ်းတော်တွင် **နာဖ်ဆွန်**ကို ပရမတ်ဘုရားရှင် အတွက် (၆)ကြိမ် သုံးထားပေသည်။ "အရှင်သည် မိမိ၏ဉာဉ်တော်အား ကရုဏာတော် အဖြစ် ပြဋ္ဌာန်းထားတော်မူသည်၊" (၆း၁၂)၊ ပရမတ်ဘုရားရှင်သည် ခန္ဓာကိုယ်တော်(အတ္တ)အဖြစ် တည်ရှိခြင်း မဟုတ်ပေ။ ထို့ကြောင့် ခန္ဓာကိုယ်ဟု ကောက်ယူ၍ မရချေ၊ **နဖ်ဆွန်** ဆိုသည်မှာ "သဘောထား ခံယူချက်"ကို ကိုယ်စားပြုသည့် "ဉာဉ်စရိုက်" သို့မဟုတ် "စိတ်ဆန္ဒ" သာလျှင် ဖြစ်ပေသည်။ ရံဖန်ရံခါ "စရိုက်တူသော လူမျိုးစု"ကိုလည်း ခေါ်ပေသည်။

(၂၄) **အသာဘ် عَذَابٌ** (အချို့က အဇာ့ဘ်ဟု အသံထွက်) ကို ဆရာတော်ကြီးများက အပြစ်ဒဏ်ချမှတ်သည်၊ ပြစ်ဒဏ်ခံရသည်ဟု ဘာသာ ပြန်ဆိုကြသည်၊ ပရမတ်ဘုရားရှင်က တရားသူကြီးကဲ့သို့ လူသားအား ချမှတ်သော ပြစ်ဒဏ် မဟုတ်ပေ။ ပြဋ္ဌာန်း သတ်မှတ်ပြီးသား ပြစ်ဒဏ် ဖြစ်သည်။ လူသားသည် မိမိ၏ လုပ်ရပ်အကျိုးအတွက် မိမိဖာသာမိမိ ဆွတ်ခူးရရှိသော ဆုလဒ်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ ဝဋ်ကြွေးဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဝဋ်ဒုက္ခတစ်ခုကို ပြောတိုင်း အဘယ့်ကြောင့်ဟူသော အကြောင်းပြချက်ကို တင်ပြမြဲ ဖြစ်ပေသည်။

(၂၅) မကောင်းဆိုးဝါး **ရှိုင်တွန် شَيَاطِ** ဆိုသည်မှာ တစ္ဆေ၊ သရဲ၊ နာနာဘာဝများကို ဆိုလိုခြင်း မဟုတ်ပေ။ မကောင်းမှု၌ လှုံ့ဆော်သော သူများကို ခေါ်ပေသည် (၃း၁၇၅)။ နှုတ်သရမ်းသော၊ အမိန့်မနာခံသောသူများကို အာရဗ်များက မကောင်းဆိုးဝါး **ရှိုင်တွန်** ဟု ခေါ်ပေသည်(ရာဗိကျမ်း)။ မကောင်းဆိုးဝါးမှာ နှစ်မျိုးရှိ၍ သူတစ်ပါးကို လမ်းမှားသို့ မြှူဆွယ်သောသူတို့အား **ရှိုင်တွန်**ဟု ခေါ်ကာ၊ မိမိကိုယ်မိမိသာ မာနတက်လျက် လမ်းမှားထဲ၌ ရှိနေသူကို **အီဗလီးဆ်** ဟုခေါ်ပေသည်။ (၂း၃၄)၏ ရှင်းလင်းချက်တွင် အီဗလီးဆ်၏ အဓိပ္ပါယ်ကို ကြည့်ပါ။

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် လှောင်ပြောင်မှုကို သူတို့ဘက်သို့ တိုးရွှေ့စေပြီ၊ သူတို့၏ တရားလွန်မှု၌ အကန်းလမ်းပျောက် လှည့်စေ၏။ |
| ၁၆။ | أُوْلَـئِكَ الَّذِينَ اشْتَرُوُاْ الضَّلاَلَةَ بِالْهُدَى فَمَا رَبِحَت تِّجَارَتُهُمْ وَمَا كَانُواْ مُهْتَدِينَ ۝<br>သူတို့သည် လမ်းညွှန်မှန်ကို သွေဖယ်ခြင်းဖြင့် ဖလှယ်သောသူတို့ဖြစ်၏၊ သူတို့၏ ကူးသန်းမှု၌ အမြတ်မရှိ၊ လမ်းညွှန်ကို ရမည့်သူများ မဟုတ်ချေ။ |
| ၁၇။ | مَثَلُهُمْ كَمَثَلِ الَّذِي اسْتَوْقَدَ نَاراً فَلَمَّا أَضَاءتْ مَا حَوْلَهُ ذَهَبَ اللّهُ بِنُورِهِمْ وَتَرَكَهُمْ فِي ظُلُمَاتٍ لاَّ يُبْصِرُونَ ۝<br>သူတို့၏ပမာကား မီးမွှေးသူကဲ့သို့ ဖြစ်၏၊ သူ၏ပတ်လည်၌ မီးရောင်တောက်ပစဉ် ပရမတ်ဘုရားရှင်က ၎င်း၏အထဲမှ အလင်းကို သုတ်ယူလိုက်ပြီး သူတို့အား မှောင်အတိတွင် ချန်ထားလိုက်၏၊ သူတို့ မြင်နိုင်တော့မည် မဟုတ်ချေ။[၂၆] |
| ၁၈။ | صُمٌّ بُكْمٌ عُمْيٌ فَهُمْ لاَ يَرْجِعُونَ ۝<br>ပင်းသူ၊ အသူ၊ ကန်းသူ၊ ထိုသူတို့သည် ဦးလှည့်ကြမည် မဟုတ်ချေ။ |
| ၁၉။ | أَوْ كَصَيِّبٍ مِّنَ السَّمَاء فِيهِ ظُلُمَاتٌ وَرَعْدٌ وَبَرْقٌ يَجْعَلُونَ أَصْابِعَهُمْ فِي آذَانِهِم مِّنَ الصَّوَاعِقِ حَذَرَ الْمَوْتِ واللّهُ مُحِيطٌ بِالْكافِرِينَ َ۝<br>သို့တည်းမဟုတ် ကောင်းကင်ယံမှ မိုးကြီးသွန်း၍ အမှောင်စီး၊ မိုးချုန်း၊ လျှပ်ပြက်ချိန်၌ လျှပ်စစ်ကွင်းကြောင့် ထွက်သက်ကို ကြောက်လျှက် သူတို့၏ နားများကို လက်ဖြင့် ပိတ်နေသူတို့ ကဲ့သို့ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူတို့အား ဝိုင်းဝန်းထားလေ၏။[၂၇] |
| ၂၀။<br>✡ ၂း၇၀ | يَكَادُ الْبَرْقُ يَخْطَفُ أَبْصَارَهُمْ كُلَّمَا أَضَاء لَهُم مَّشَوْاْ فِيهِ وَإِذَا أَظْلَمَ عَلَيْهِمْ قَامُواْ وَلَوْ شَاء اللّهُ لَذَهَبَ بِسَمْعِهِمْ وَأَبْصَارِهِمْ إِنَّ اللَّه عَلَى كُلِّ شَيْءٍ قَدِيرٌ ۝<br>သူတို့၏မြင်ကွင်းအား သုတ်သွားမတတ်ဖြစ်သော လျှပ်စက်ကွင်း၌၊ လင်းလက်စဉ် ကျက်စားကြ၍၊ သူတို့ အပေါ်သို့ အမှောင်စီးသော် ရပ်နေကြ၏၊ ပရမတ်ဘုရားရှင်သည် စံချိန်အတိုင်း✡ သူတို့၏ ကြားခြင်း မြင်ခြင်းကို ရုတ်သိမ်းနိုင် |

---

(၂၆) မီးရောင်ထဲမှ အလင်းဓါတ်ကို သိမ်းယူလိုက်သည်ဟု ဆိုခြင်းမှာ တရားဓမ္မထဲမှ ဉာဏ်စဉ်တော်ဓါတ်ကို ရုတ်သိမ်းလိုက်ခြင်း ဖြစ်သည်။ တနည်းအားဖြင့် ပဋိသမ္ဘိဒါခေတ် ကုန်ဆုံးခြင်းကို ခေါ်ပေသည်။ ဉာဏ်စဉ်ဆောင်တစ်ပါး ပွင့်ပေါ်ပြီး သူ၏ပတ်ဝန်းကျင် လူမျိုးများအတွက် တရား အလင်းရောင် တောက်ပနေစဉ် ထိုတရားအလင်းရောင်အား မိရိုးဖလာ အပါယ်တရားများဖြင့် ရောယှက် ဖလှယ်သောကြောင့် လမ်းညွှန် ပျောက်ရခြင်း တရားအလင်းရောင် ပျောက်ရခြင်းကို သုတ်တော် (၁၆–၁၇) တို့က တင်ပြခြင်း ဖြစ်သည်။ အစ္စလာမ် သာသနာတွင် မူရင်းဓမ္မ ကျမ်းမြတ် ကုရ်အာန်မှာ ခိုင်မာစွာ တည်ရှိ နေခြင်းဖြင့် အတ္တပဋိသမ္ဘိဒါ (တရားကိုယ်ကို ထိုးထွင်းသိနိုင်မှု)၊ ဓမ္မပဋိသမ္ဘိဒါ (တရားဓမ္မကို ထိုးထွင်းသိနိုင်မှု)၊ နိရုတ္တိ ပဋိသမ္ဘိဒါ (တရားစာ၏ သဒ္ဒါအား ထိုးထွင်းသိနိုင်မှု)၊ ပဋိဘာနပဋိသမ္ဘိဒါ (တရားဓမ္မအား နက်နဲစွာ ထိုးထွင်းသိနိုင်မှု) တို့ ကွယ်ပျောက် နိုင်မည် မဟုတ်ပေ။

(၂၇) ကောင်းကင် ဆိုသည်မှာ မြင့်မြတ်သောနေရာကို တင်စား၍ မိုးကြီးသွန်းသည် ဆိုခြင်းမှာ ဉာဏ်စဉ်တော် သွန်းဖြိုး ကိန်းဝပ်ခြင်းကို ပမာပေးခြင်း ဖြစ်ပေသည်။  အမှောင်စီးခြင်း၊ မိုးချုန်းခြင်းများမှာ အမှန်တရားနှင့် အတူအကွ ပါမြဲဖြစ်သော ကိုယ်စိတ်နှစ်ပါး ပင်ပန်းရမှုများ ဖြစ်သည့် စမ်းသပ်မှု၊ ပူဆွေးရမှုကို ပုံဆောင်ခြင်း ဖြစ်ပေသည်။ လျှပ်ပြက်သည် လျှပ်စီးလက်သည် ဆိုခြင်းမှာ အမှန်တရားနှင့် ပါလာသော ကောင်းသတင်းသို့မဟုတ် မျှော်လင့်ချက်ရောင်ခြည် ဖြစ်၍ အမှန်တရားသည် မပေးဆပ်ဘဲ ရနိုင်သောအရာ မဟုတ်ဆိုသည်ကို ပုံဆောင်ခြင်း ဖြစ်သည်။ ထိုထွန်းလင်း တောက်ပသော အမှန်တရားကြောင့် မိမိ၏ အယူစွဲ အယူဟောင်းများကို ပါယ်သတ်ရမည်ဟု ဖြစ်၍ ထိပ်တိုက်တိုး လာသောအခါ အချို့သောသူများမှာ ထိုအမှန်တရားဆိုသည်ကို မကြားလို မနာလိုကြတော့ဘဲ ဖုံးကွယ်ရန် ကြိုးစားတော့၏ဟု ကျမ်းမြတ်ကုရ်အာန်က ဆိုသည်။

| | |
|---|---|
| | တော်မူ၏ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်တော်မူ၏။[၂၈] |
| ၂၁။ | يَا أَيُّهَا النَّاسُ اعْبُدُواْ رَبَّكُمُ الَّذِي خَلَقَكُمْ وَالَّذِينَ مِن قَبْلِكُمْ لَعَلَّكُمْ تَتَّقُونَ ۞<br>အိုလူသားတို့၊ သင်တို့နှင့် သင်တို့၏အလျှင် ရှေးလူများအား ဖြစ်တည်စေသည့်၊ သင်တို့၏ ကံကြမ္မာရှင်အား ကိုးကွယ်ကြလော့၊ သို့မှသာ စည်းစောင့်သူများ ဖြစ်ရာ၏။[၂၉] |
| ၂၂။ | الَّذِي جَعَلَ لَكُمُ الأَرْضَ فِرَاشاً وَالسَّمَاء بِنَاء وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجَ بِهِ مِنَ الثَّمَرَاتِ رِزْقاً لَّكُمْ فَلاَ تَجْعَلُواْ لِلّهِ أَندَاداً وَأَنتُمْ تَعْلَمُونَ ۞<br>အရှင်သည် သင်တို့အတွက် မြေပြင်ကို နားခိုရာနှင့်၊ ကောင်းကင်ကို အမိုးအကာအဖြစ်[၃၀] ပြုလုပ်ပေးတော်မူ၏။ ကောင်းကင်ယံမှ သွန်းချသော မိုးရေအားဖြင့် ပေါက်ပွားစေသည့် သီးနှံများမှ သင်တို့အတွက် အစာရိက္ခာ ဖြစ်စေ၏။ သို့–သိနေပါလျှက် ပရမတ်ဘုရားရှင်အား ဂုဏ်တုပြိုင်ဘက် မထုဆစ်ကြနှင့်။ |
| ၂၃။ | وَإِن كُنتُمْ فِي رَيْبٍ مِّمَّا نَزَّلْنَا عَلَى عَبْدِنَا فَأْتُواْ بِسُورَةٍ مِّن مِّثْلِهِ وَادْعُواْ شُهَدَاءكُم مِّن دُونِ اللّهِ إِنْ كُنْتُمْ صَادِقِينَ ۞<br>ငါ၏ အမှုတော်ဆောင်သို့ ချမှတ်ပေးရာ၌ သင်တို့ သံသယဖြစ်ကြလျှင် ၎င်းမှ ဓမ္မခန္ဓာ တစ်ခုကဲ့သို့ ပေးအပ်ကြလော့၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်ကို တုပြိုင်၍ သင်တို့၏ သက်သေများကို ခေါ်ကြလော့။[၃၁] |

---

**(၂၈)** ဤသုတ်တော်သည် စိတ်နှစ်ခွရှိသော သီလကြောင်များ၏ သဘာဝကို ပမာပေးခြင်း ဖြစ်၏၊ သူတို့သည် သူတို့ လိုဘပြည့်သည်ဟု ယူဆသောအခါ အမှန်တရားကို ကြိတ်မှိတ်မြိုချကြ၍၊ သူတို့ ရမက်နှင့် မကိုက်ညီသောအခါ အမှန်တရားကို စွန့်ပစ်ကြကုန်သည်။ ဤသဘောမျိုးကို ကျမ်းတော်၏ (၂၂း၁၁)တွင်လည်း "လူတို့အနက် အစွန်း၌ရပ်လျှက် ပရမတ်ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်သူ ရှိ၏။ သူ့အား ကောင်းကျိုး သက်သော် ထို၌ ဘဝင်ကျလျှက်၊ သူ့အား ကြပ်တည်းခြင်း ထိသက်သော် မျက်နှာလှည့် မျှော်ကိုး၏၊"ဟု ဆိုထားပေသည်။

**(၂၉)** ဤသုတ်တော်က ပရမတ်ဘုရားရှင်သည် လူသားအပေါင်းအား ဖြစ်တည်စေသော အရှင်ဖြစ်သည်ဟု ဆိုထားသည့် မြောက်များစွာသော သုတ်တော်များအနက်မှ ပထဦးဆုံး သုတ်တော် ဖြစ်ပေသည်။ သုတ်တော် (၂၀)တွင်လည်း " ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ချမှတ် နိုင်ပေသတည်း၊"ဟု ဖေါ်ပြခဲ့သည့်အတွက် မြန်မာထေရဝါဒ ဗုဒ္ဓဘာသာဝင် စာဖတ်သူများ အတွက် စိမ်းနေကောင်း စိမ်းနေနိုင်ပေသည်။ ဤအယူအဆမျိုးကို ထေရဝါဒ ဗုဒ္ဓဘာသာ၏ အဓိပတိ ဆရာတော်ကြီး ဖြစ်သည့် ရှင်ဗုဒ္ဓဃောသ ပြုပြင်စီရင်သော "အဋ္ဌသာလိနီကျမ်း၊ ဝိသတိဝန္နနာ"တွင် **ဂရုဏာဝိယ သတ္တေသု၊ ပညာရသမဟောသိနော၊ ဉေယဓမ္မေသု၊ ယတ္ထာယုဇ်၊ ပဝတ္တိတ္ထံ၊ မဟောသိနော၊** ဘုရားသခင်သည် ဂရုဏာတော်အားဖြင့်၊ သတ္တဝါအပေါင်းတို့နှင့် ဉေယဓံတရားငါးပါးတို့ကို ယတ္ထာယုဇ် အလိုတော်ရှိသည် အတိုင်း ပဝတ္တိတ္ထံ ဖြစ်တော် မူလေကုန်ပြီ။ ဟု ရှင်းထားပေသည်။ ဤသည်နှင့် အယူအဆ တူညီသော ရှင်းလင်းချက်များကို သုံးဆယ်မြို့ ဘုရားဒကာ ဦးလူငယ် ပြုစုသော သဗ္ဗညုတ စိန္တာမဏိကျမ်း၏ စာမျက်နှာ (၄–၅)တွင် ပြဆိုထားသည်ကို တွေ့ရပေသည်။ ကမ္ဘာ စကြာဝဠာသည် ဖြစ်တည်စေသော မူလအစ လက်သည် မရှိဘဲ ကျိုးကြောင်း တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာရသည်ဟု ဆိုခြင်းကို သေက္ခတောင်ဆရာတော် အရှင်တိလောကကလည်း လက်မခံပေ။ ဆရာတော် ရေးသားပြုစုသော ပဏ္ဍိတဝေဒနီယ ဒီပနီကျမ်း၏ စာမျက်မှာ ၁၈၈ မှ ၁၉၁ တွင် အကျယ်တဝန်း ရှင်းပြထားပေသည်။

**(၃၀)** ဤနေရာတွင် အမိုးအကာ ဟု ဘာသာပြန်သော **ဘနားအံ بِنَاء** သည် "လိပ်ခုံးအဆောက်အအုံ၊ ကိုယ်ထည်တစ်ခု" ဟုလည်း အနက်ကို ပေးပေသည်၊ (**E.W Lane** အာရ်ဗီ အင်္ဂလိပ် ဝေါဟာရကျမ်း)။ အဆောက်အအုံ ကိုယ်ထည် ဆိုသည်မှာ လွန်စွာ ကျယ်ပြန့်သော အဓိပ္ပါယ်ကို ဆောင်၍ ကြယ်၊ လ၊ နေ နှင့် ကောင်းကင်ယံတွင်း ပါဝင်သော အရာအပေါင်းသည် အချင်းချင်း တည်မှီဆက်စပ်နေသော ကိုယ်ထည်တစ်ခု ဖြစ်သည်ဟု တိကျစွာ ဖေါ်ပြထားခြင်း ဖြစ်ပေသည်၊ အချင်းချင်း ဆက်စပ်မှီတည်မှုမှ ကင်းလွတ်နိုင်ခြင်း မရှိချေ။ထို့အပြင် မိုးရွာသွန်းခြင်းသည် အာကာသ ကောင်းကင် တစ်ပြင်လုံးမှ ရွာသွန်းခြင်း မဟုတ်ဘဲ မိုးတိမ်မိုးသားအဖြစ် ကိုယ်ထည် တည်ဆောက်ထားသော မိုးသားထုမှ ရွာသွန်းခြင်း ဖြစ်သည်ဟုလည်း နားလည်နိုင်ပေသည်။

**(၃၁)** ငါ၏အမှုတော်ဆောင်သို့ ချမှတ်ပေးရာ ဆိုသည်မှာ ဤကုရ်အာန်ကျမ်းတော်ကို ဆိုလို၍ (၂း၄)၊ အလားတူ ကြေငြာချက်မျိုးကို (၁၀း၃၈) ၌ တွေ့ရပြီး၊ (၁၁း၁၃)တွင် သံသယဖြစ်သူတို့အား ဓမ္မခန္ဓာ(၁၀)ခု ထုတ်လုပ်ကြရန် ကြေငြာထားပေသည်။ (၁၇း၈၈)တွင် လူမျိုးနွယ် အားလုံးသည် ဤကုရ်အာန်ကဲ့သို့ ကျမ်းစာတစ်အုပ်ကို မထုတ်လုပ်နိုင်ကြောင်းကို ကြေငြာထားပေသည်။ စာသွားစာဟန်၊ စာအုပ်ပုံစံကို ဆိုလိုခြင်း မဟုတ်ပေ။ သဗ္ဗညုတဉာဏ်စဥ်တော်အား တိုက်ရိုက် မှတ်တမ်း တင်ထားခြင်း ဖြစ်၍ စာပေ၏ ဩဇာညောင်းမှု၊ လမ်းညွှန်တရားပေးမှု၊ အတုမဲ့ ပြိုင်ဘက်ကင်းမှု၊

၂၄။ فَإِن لَّمْ تَفْعَلُواْ وَلَن تَفْعَلُواْ فَاتَّقُواْ النَّارَ الَّتِي وَقُودُهَا النَّاسُ وَالْحِجَارَةُ أُعِدَّتْ لِلْكَافِرِينَ ۞

သင်တို့ မပြုလုပ်နိုင်ခဲ့၊ ပြုလုပ်နိုင်မည်လည်း မဟုတ်ချေ၊ ထို့ကြောင့် လူသားများ၊ ကျောက်ခဲများကို လောင်စာလုပ်လျှက် ဖုံးကွယ်သူများအတွက် ပြင်ဆင်ထားသော မီးမှ ကင်းရန် စည်းစောင့်ကြလော့။[၃၂]

၂၅။ وَبَشِّرِ الَّذِين آمَنُواْ وَعَمِلُواْ الصَّالِحَاتِ أَنَّ لَهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ كُلَّمَا رُزِقُواْ مِنْهَا مِن ثَمَرَةٍ رِّزْقاً قَالُواْ هَذَا الَّذِي رُزِقْنَا مِن قَبْلُ وَأُتُواْ بِهِ مُتَشَابِهاً وَلَهُمْ فِيهَا أَزْوَاجٌ مُّطَهَّرَةٌ وَهُمْ فِيهَا خَالِدُونَ ۞

ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကို ပြုသောသူ၊ ထိုသူတို့အတွက် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံ[၃၃] ထို၌ "ယခင်က ကျွန်ုပ်တို့ ရိက္ခာရဘူးပါ၏၊"ဟု ပြောရလောက်သော သဏ္ဌာန်တူ ဘောဘွယ်များဖြင့် တည်ခင်း

☆၂း၃၉ ခံရမည့်အကြောင်း၊ သန့်စင်သည့် အစုအဖေါ်များ[၃၄]ရှိကြောင်း၊ ထို၌ ကာလမဲ့ကြောင်း☆သတင်းကောင်းကို ပါးလော့။

၂၆။ إِنَّ اللَّهَ لاَ يَسْتَحْيِي أَن يَضْرِبَ مَثَلاً مَّا بَعُوضَةً فَمَا فَوْقَهَا فَأَمَّا الَّذِينَ آمَنُواْ فَيَعْلَمُونَ أَنَّهُ الْحَقُّ مِن رَّبِّهِمْ وَأَمَّا الَّذِينَ كَفَرُواْ فَيَقُولُونَ مَاذَا أَرَادَ اللَّهُ بِهَذَا مَثَلاً يُضِلُّ بِهِ كَثِيراً وَيَهْدِي بِهِ كَثِيراً وَمَا يُضِلُّ بِهِ إِلاَّ الْفَاسِقِينَ ۞

ပရမတ်ဘုရားရှင်သည် မည်သည့် ပမာဆောင်မှုကို မဆို– ဖြုတ်ကောင်မျှ ထိုထက်မကပင် ဖြစ်စေကာမူ ရှက်ဘွယ်လိလိဟု မသတ်မှတ်ပေ။ ယုံကြည်သူများက ယင်းသည်ပင် ကံကြမ္မာရှင်၏ထံမှ သစ္စာတရားဟု သိကြကုန်၏၊ ဖုံးကွယ်သူများကမူ "ပရမတ်ဘုရားရှင်က ဤပမာဖြင့် မည်သည်ကို ဆိုလိုသနည်း၊"ဟု ပြောလိုကြ၏၊ ၎င်းဖြင့် များစွာတို့မှာ လမ်းလွဲကြ၍၊ ၎င်းဖြင့်ပင် များစွာတို့မှာ လမ်းညွှန်မှန်ကို ရကြ၏၊ ယုတ်မာသူများသည်သာ ၎င်းအားဖြင့် လမ်းလွဲကြကုန်၏။[၃၅]

---

လိုတိုးပိုလျှော့ တည်းဖြတ်ခြင်းမှ ကင်းမှုနှင့် အစဉ်အမြဲ ခေတ်မီနေမှုများကို ဆိုလိုခြင်း ဖြစ်ပေသည်။ အယူအဆကွဲ ဂိုဏ်းများစွာ ရှိနေငြားသော်လည်း လူသန်းပေါင်းများစွာက ချွင်းချက်မရှိ တစ်လုံး တစ်ပါဒမလွဲ လက်ခံ ယုံကြည်နေခြင်းက ဤကြေငြာချက် ခိုင်မာကြောင်း သက်သေတစ်ရပ်ပင်။

(၃၂) ကျောက်ခဲဆိုသည်မှာ အမြင်တို၍ မောက်မာသောသူများ၊ မာကြောခက်ထန်သော နှလုံးသားများကို ကိုယ်စားပြုပေသည် (၂း၇၄)။ မီးဆိုသည်မှာ စစ်မက် ဖြစ်ပွားခြင်းကို ကိုယ်စားပြုပေသည် (၅း၆၄)

(၃၃) ပိဋကတ်တော်မှ ဗောဓိ ဆိုသည်ကို "ဗောဓိပင်၊ အရိယမဂ်၊ သမ္မာသမ္ဗောဓိဆုနှင့် နိဗ္ဗာန်"တို့ဟု ဖွင့်ဆိုသကဲ့သို့ (စရိယာပိဋကတ်ဋ္ဌကထာ၊ နိဒါန ကထာ ၁၈)။ ကုရ်အာန်ကျမ်းတော်တွင်လည်း ဥယျာဉ် ဆိုသည်မှာ သာယာသောဘဝ၊ သုခဘုံနှင့် စနစ်တကျ စိုက်ပျိုးထားသော အပင်များကို ကိုယ် စားပြုပေသည်၊ ဤသုတ်တော်မှ "ဥယျာဉ်"သည် ကောင်းမှုဆောင်တာ ပြုသူများ ခံစားရမည့် အသီးအပွင့်များကို တင်စားခြင်းဖြစ်ပြီး၊ "စိမ့်စမ်းရေ"မှာ ထိုသူတော်ကောင်းများ ပြုကျင့်ခဲ့သည့် ကောင်းမှုမျိုးစေ့များ ပေါက်ပွားစေမည့် "ကုသိုလ်အကျိုးဆက်"ကို တင်စားခြင်း ဖြစ်ပေသည်။ ကောင်းမှုကုသိုလ်များ ပြုကျင့်သောကြောင့် ပီတိဓါတ်စာများ ခံစားရမှုမျိုး နောင်ဘဝတွင်လည်း ထိုသို့ ပီတိဓါတ်စာများ ခံစားရမည်ကို ယခင်က သုံးဆောင် မှီဝဲပြီးသော ရိက္ခာကဲ့သို့ဟု ဤသုတ်တော်က ဖေါ်ပြခြင်း ဖြစ်ပေသည်။

(၃၄) ဤသုတ်တော်တွင်ပါရှိသည့် သန့်စင်သည့် ဘဝဖေါ်များ ဆိုသည်ကို အစ္စလာမ် ကျမ်းတော်များအတွင်း ပုံတိုပတ်စနှင့် ဒဏ္ဍာရီများအား ရိုက်သွင်းသော အစ္စလာမ် မဟုတ်သည့် ဆရာတော်များက (၅၂း၂၀) မှ **حُور ဟူရ်** ဟူသော စကားလုံးဖြင့် ရောယှက်ကာ နတ်သမီးများဟု ဘာသာပြန်ဆိုကြပေသည်။ အစ္စလာမ်ဘာသာတွင် နိဗ္ဗာန်ဘုံ၌ နတ်သမီး တစ်ဘက် ၇၀ နှင့် စံစားရမည်ဟု သွန်သင်ထားခြင်း လုံးဝ မရှိပေ။ **ဟူရ်** ဆိုသည်မှာလည်း နတ်သမီး မဟုတ်ပေ (၅၂း၂၀)။ သန့်စင်သော အစုအဖေါ်များကိုသာ ဆိုလို၍– လူသားတို့ သဘာဝ လိုလားတောင့်တ လေ့ရှိသော "မသန့်ရှင်းမှု၊ ကလိန်ကကျစ်မှု၊ စိတ်ဒုက္ခပေးမှု၊ စိတ်မတိုက်ဆိုင်မှုတို့ လုံးဝ ကင်းစင်သော ပြီးပြည့်စုံသည့် အဖေါ်၊ စိတ်တူ သဘောတူ မိတ်ကောင်း ဆွေကောင်းများ" ကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုဘဝဖေါ် ဆိုရာ၌ လိင်ခွဲခြားမှု မရှိပေ။( **زَوْج** ကို ၂း၃၅ နှင့် ၃၃း၃၇ တို့တွင်ကြည့်ပါ။)

(၃၅) ဤသုတ်တော်၌ ဖေါ်ပြသော ပမာပေးမှုမှာ အစ္စလာမ် သာသနာ မတိုင်မီက လူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အားနည်းမှုကို ပမာပေးခြင်း ဖြစ်သည့် (၂၉း၄၁)မှ "ပမာဆောင်သော်– ပရမတ်ဘုရားရှင်မှ အပ ဦးဆောင်နာယကတို့အား အယူထားသူများသည် အိမ်ဆောက်သော

| | |
|---|---|
| ၂၇။ | **الَّذِينَ يَنقُضُونَ عَهْدَ اللَّهِ مِن بَعْدِ مِيثَاقِهِ وَيَقْطَعُونَ مَا أَمَرَ اللَّهُ بِهِ أَن يُوصَلَ وَيُفْسِدُونَ فِي الأَرْضِ أُولَـئِكَ هُمُ الْخَاسِرُونَ** ۝<br>ပရမတ်ဘုရားရှင်၏ ပဋိညာဉ်အား အာမဘဏ္ဍေ ပြုပြီးသော်မှ ဖေါက်ဖျက်ကြ၍၊ ပရမတ်ဘုရားရှင်က ပြုပြင်ကြရန် စီမံသည်ကို ဖြတ်တောက်လျှက်၊ ကမ္ဘာအဝှန်း အဖျက်အနှောင့် ပြုလုပ်ကြသော ထိုသူတို့သည် ဆုံးရှုံးရမည့် သူများပင်။ |
| ၂၈။ | **كَيْفَ تَكْفُرُونَ بِاللَّهِ وَكُنتُمْ أَمْوَاتاً فَأَحْيَاكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يُحْيِيكُمْ ثُمَّ إِلَيْهِ تُرْجَعُونَ** ۝<br>သင်တို့အား သေခြင်းမှ ရှင်ခြင်းသို့ ဖြစ်စေသော ပရမတ်ဘုရားရှင်အား သင်တို့ မည်သို့ ဖုံးကွယ်အံ့နည်း၊ သင်တို့အား တဖန် သေစေ၍၊ တဖန် ရှင်စေတော်မူမည်၊ ထို့နောက် အရှင့်ထံသို့ လှည့်ပြန်ရမည်ပင်။[၃၆] |
| ၂၉။<br><br>☆၂း၂၀ | **هُوَ الَّذِي خَلَقَ لَكُم مَّا فِي الأَرْضِ جَمِيعاً ثُمَّ اسْتَوَى إِلَى السَّمَاء فَسَوَّاهُنَّ سَبْعَ سَمَاوَاتٍ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ** ۝<br>အရှင်သည် ကမ္ဘာအဝှန်း၌ သင်တို့အတွက် အလုံးစုံကို ဖြစ်တည်စေ၏☆ တဖန်[၃၇] ကောင်းကင်ယံသို့ ဦးတည်လျှက် အာကာ ခုနစ်ဆက် စုံလင်စေ၏[၃၈] ထိုအရှင်သည် အလုံးစုံကို သိနေ၏။ |

---

ပင့်ကူ ကဲ့သို့–'' နှင့် (၂၂း၇၃)မှ ''ပမာဆောင်သော်–ပရမတ်ဘုရားရှင်မှအပ သင်တို့ ရွတ်ဖတ် ဆုတောင်းနေကြသော အရာများသည် ယင် တစ်ကောင်ကိုသော်မျှ မဖြစ်တည် ပေးနိုင်ချေ–'' ဆိုသည့် ဥပမာ မျိုးပင်ဖြစ်ပေသည်။ အာရပ်များက **ဘအူသွတန်** **بَعُوضَةً** ဟု ခေါ်သည့် တောခြင်ရိုင်း သို့မဟုတ် ဖြုတ်ကောင်ကို အလွန် အင်အားချိနဲ့သော အရာများဖြင့် ခိုင်းနှိုင်း ပြောဆို လေ့ရှိပေသည်။ ဥပမာ ''ဒီကောင် ဖြုတ်လောက် တောင် အင်အား မရှိဘူး၊''ဟူ၍ပင်၊ ဤသို့ သေးနုတ်သော သတ္တဝါကလေးများဖြင့် ပမာပေး ပြောဆိုခြင်းသည် အလွန်တရာ မြင့်မြတ်သော ဘုရားရှင်၏ စကားတော် မဟုတ်ဟု ဖုံးကွယ်သူများက စွပ်စွဲပြောဆို ကြပေသည်၊ ပရမတ်ဘုရားရှင်သည် လူ့လောကမှ လူသားများ တရား ရစေရန် လောက အသုံးအနှုံး နားလည်လွယ်သော ဥပမာများ ဖြင့်သာ သွန်သင်ဆုံးမသည် ဆိုခြင်းကို ထိုသူတို့ မစဉ်းစားမိကြောင်းကို ဤသုတ်တော်မှ တင်ပြပေ သည်။

**(၃၆)** သေခြင်း၊ ရှင်ခြင်းများ လည်ပတ်မှု ဖြစ်စဉ် သံသရာသည် လူသားတို့၏ အန္တိမပန်းတိုင် ချုပ်ငြိမ်းမှု မဟုတ်ကြောင်းကို ဤသုတ်တော်မှ ထင်ရှားစွာ ပြဆို၍ ချုပ်ငြိမ်းမှု တည်ရာသည် ပရမတ်ဘုရားရှင်၌ ပေါင်းစည်းမှု ဟုလည်း ဆိုထားပေသည်။ သို့သော် သံသရာ လည်ပတ်မှုတွင် လူသားသည် တိရိစ္ဆာန်ဘဝ၊ နတ်ဘဝ၊ ပြိတ္တာဘဝ စသည်ဖြင့် ကျင်လည်ရမည်ဟု အစ္စလာမ် သာသနာက မသွန်သင်ပေ။ ဉာဏ်စဉ်ရေးရာ သေနေသူများသည်လည်း ဉာဏ်စဉ်ရှင်ပြန်လျှက် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်၌ ဉာဏ်စေစား ပေါင်းဆုံနိုင်ပေသည်။

**(၃၇)** ဤသုတ်တော်မှ တဖန် **ဆွမ်းမ** **ثُمَّ** သည်၊ နောက်မှ ဟု အဓိပ္ပါယ် မသက်ရောက်ပေ၊ တဖန် ပြန်သုံးသပ်သော် ဆိုသည့် မြန်မာစကားမှ **တဖန်** မျိုးဖြစ်ပေသည်၊ ပြန်သုံးသပ်စရာ အကြောင်းရင်းမှာ နဂိုကတည်းက ရှိပြီးသား ဖြစ်ပေသည်။ အာရ်ဗီစကားတွင်လည်း ထိုကဲ့သို့ အရင်ဖြစ် တည်ပြီးသား အရာအား ပြန်လည် ဖေါ်ပြလိုလျှင် **ثُمَّ ဆွမ်းမ** တဖန်ဟု သုံးလေ့ရှိပေသည်။ ဥပမာ ၃၉း၆ တွင် ''သင်တို့အား ဉာဉ် တစ်မျိုးတည်းမှ ဖြစ်တည်စေတော်မူ၏၊ **တဖန်** ၎င်းမှ ၎င်း၏ အဖေါ်ကို စီမံတော်မူ၏၊'' ဟူသော သုတ်တော်တွင် ''၎င်းမှ ၎င်း၏ အဖေါ်ပေါင်း'' ဆိုသည်မှာ ရှေ့တွင် ဖြစ်တည်ပြီးသား ''သင်တို့'' ဆိုသည့် အထဲ၌ ပါဝင်ပြီးသား ဖြစ်သည်။ ထိုသို့ နဂိုရှိပြီးသားကို တဖန် ဟု ပြန်သုံးခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ ''တဖန်'' ဟူသော စကားလုံးက အာကာသ ကောင်းကင်သည် အလျှင်ကနဦး ကတည်းက ရှိပြီး ဖြစ်ကြောင်းကို ဆိုလိုပေသည်၊ ထိုအချက်ကို (၇၉း၂၇–၃၀) ၌လည်း အတိအကျ ဆိုထားပေသည်။

**(၃၈)** ဤတိုတောင်းလှသော စာမျက်နှာတွင် ကျမ်းမြတ်ကုရ်အာန်က ပြဆိုသော စကြာဝဠာများ အတွင်းရှိ ဂြိုလ်များ၏ ဖြစ်တည်မှုကို ဖွင့်ဆိုရန်မှာ လုံလောက်မည် မဟုတ်ပေ။ သို့သော် အာကာခုနစ်ဆက် ဆိုသည်ကို အနည်းငယ် ရှင်းပြရန် လိုပေမည်။ သို့မဟုတ်က မိရိုးဖလာ နားလည်ပြီးသားအတိုင်း မိုးခုနစ်ထပ် မြေခုနှစ်ထပ်ဟု ကမ္ဘာဂြိုလ်ရှိ မြေသားအထပ်များကိုသာ နားလည် သွားနိုင်ပေသည်။ **ပထမအနေဖြင့်** ခုနစ်ဆက်ဆိုသည်မှာ ကိန်းဂဏန်း (၇)ကိုသာ ဆိုလိုခြင်း မဟုတ်ပေ။ မြန်မာစကား ''ဆွေစဉ်မျိုးဆက် ခုနစ်ဆက်ကို သတ်စေ''ဟူသော စကားစဉ်၌ ''ခုနစ်ဆက်'' ဆိုသည်မှာ ''ရှိသမျှသော (ခုနစ်ဆက်မကသော) မျိုးစဉ် မျိုးဆက်များကို'' ဆိုလိုသကဲ့သို့ပင်။ အာရ်ဗီစကားတွင်လည်း ခုနစ်၊ ခုနစ်ဆယ်၊ ခုနစ်ရာ ကိန်းဂဏန်းများမှာ မရေမတွက်နိုင်သော အများကိန်းကို စာဖွဲ့ခြင်း ဖြစ်ပေသည်။ **ဒုတိယအနေဖြင့်** အာကာသ ဆိုသည်မှာ အထက်ကောင်းကင်၊ အောက် မြေသား ဆက်စပ်နေသော တစ်ခုတည်းသော အရာကို ခေါ်ပေသည် (၂း၂၂)။ ၎င်းကို ၆၅း၁၂ တွင် ''အာကာခုနစ်ဆက်နှင့် ကမ္ဘာမြေ၏ ၎င်းတို့နှင့် အလားတူများ၊''ဟု ဆိုထား၍၊ ကမ္ဘာဂြိုလ်ကဲ့သို့ ခုနစ်စဉ် ခုနစ်ဆက် (အများ) မြေသား ဂြိုလ်များကို ဆိုခြင်း ဖြစ်ကာ။ မြေကမ္ဘာ တစ်ခုတိုင်းတွင် ကောင်းကင်ယံ တစ်ခုစီ ရှိကြောင်းကို ဆိုထားပေသည်။ တတိယအနေဖြင့် (၂၃း၁၇)၌ ဂြိုလ်ပတ် လမ်းကြောင်းများ အကြောင်းကို

၃၀။ وَإِذْ قَالَ رَبُّكَ لِلْمَلاَئِكَةِ إِنِّي جَاعِلٌ فِي الأَرْضِ خَلِيفَةً قَالُواْ أَتَجْعَلُ فِيهَا مَن يُفْسِدُ فِيهَا وَيَسْفِكُ الدِّمَاء وَنَحْنُ نُسَبِّحُ بِحَمْدِكَ وَنُقَدِّسُ لَكَ قَالَ إِنِّي أَعْلَمُ مَا لاَ تَعْلَمُونَ۞

သင်၏ကံကြမ္မာရှင်က နိမိတ်ဆောင်တို့အား[၃၉] "ငါသည်၊ မြေကမ္ဘာ၌ သမ္မတမင်းကို[၄၀] ခန့်အပ်မည်၊"ဟု မိန့်ဆိုသော်၊ "အဖျက်အနှောင့်နှင့် သွေးထွက်သံယို ပြုမည့်သူအား အရှင် ခန့်အပ်ပါမည်လော၊ တပည့်တော်တို့ကား အရှင်၏ မြင့်မြတ်မှုကို တုနှိုင်းမဲ့ ရည်သန်စူးစိုက်ပါ၏၊"ဟု လျှောက်ကြသည်၊ အရှင်က "ငါသည်ကား သင်တို့ မသိသည်ကို သိနေတော်မူ၏၊"ဟု မိန့်တော်မူ၍–[၄၁]

---

"သင်တို့၏ အထက်၌ လမ်းကြောင်း ခုနစ်ဆက်ကို ဖြစ်တည်ပေးထား၏၊"ဟု ဆိုထားသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ဆိုထားသော အာကာ ခုနစ်ဆက် ဆိုသည်မှာ မြောက်များစွာ အစဉ်အဆက်ရှိသော အာကာသများနှင့်၊ ၎င်းတို့၏ နယ်နိမိတ်အတွင်းရှိ ဂြိုလ်များကို ဆိုလိုခြင်း ဖြစ်ပေသည်။

(၃၉) **မလာအိကာဟ် مَلاَئِكَة** အနည်းပြုပုဒ် မလာ့က် **مَلَك** မှာ "စွမ်းအား၊ အခွင့်အာဏာ"ဟု အနက် ရသော မာလက်ခ် **مَلك** နှင့် ရင်းမြစ်တူဝေါဟာရမှ ဆင့်ပွားလာခြင်း ဖြစ်သည်။ **မလာအိကာဟ်** ကို ဆရာတော်များက နတ်ဒေဝါဟု အနက်ဆောင်သည့် "ကောင်းကင်တမန်များ" ဟု ပေါ်ရာဏ ဝေါဟာရဖြင့် ဘာသာ ပြန်ဆိုကြသဖြင့် သာမန်မျက်စိဖြင့် မမြင်နိုင်သော ဓါတ်ဘူတ ဖြစ်တည်မှုဟု အဓိပ္ပါယ် သက်ရောက်သွားပေသည်။ ထို့ကြောင့် အစ္စလာမ်သာသနာသည် နတ်ဒေဝတာ (Angel) များ အရေးပါသော ဘာသာဟု ခေတ်သစ် အစ္စလာမ် ဆန့်ကျင်ရေးသမားများက ရေးသားကြပေသည်။ ထို့အပြင် ထိုခေတ်ထိုအခါက လူသားများနှင့် လက်ပွန်းတတီးနီးပါး၊ သို့မဟုတ် ဉာဏ်စဉ်ဆောင်များနှင့် အဆင့်တူနီးပါး ရှိနေခဲ့သည့် ထိုနတ်ဒေဝတာများ ယခုခေတ်တွင် အဘယ်သို့ ရောက်သွားကြပြီနည်းဟု မေးလာစရာ အကြောင်းလည်း ရှိပေသည်။ ခေတ်ကာလတိုင်းတွင် စနစ်တစ်ခုကို ပြောင်းလဲရာ၌ဖြစ်စေ၊ လူ့ဘောင်တစ်ခုကို တည်ဆောက်ရာ၌ ဖြစ်စေ၊ အဓိကပင်မ ခေါင်းဆောင်တစ်ဦးတည်းသာ အထင်အရှား ကျန်ရစ်နေလေ့ရှိသော်လည်း ထိုခေတ်စနစ် အတွက် တည်ဆောက်ကြရန် ကြိုးစားကြစဉ် ထိုခေါင်းဆောင်အဆင့်သို့ မမှီတမှီ လူသားများ၊ ထိုထက်အဆင့်ဆင့် နိမ့်လာသော လူသားများနှင့် နောက်ဆုံး သာမာန်လူသားများ ဟူ၍ ရှိမြဲ ဖြစ်ပေသည်။ ဉာဏ်စဉ်ရေးရာ နယ်ပယ်၌လည်း ခေတ်တစ်ခေတ် အတွက် ကိုယ်စားပြုသော ဉာဏ်စဉ်ဆောင်များ ပွင့်ပေါ်ကြစဉ်၊ ပင်မ ပွင့်ပေါ်ရာ နေရာနှင့် အလှမ်းဝေးသော ဒေသများ၌ဖြစ်စေ၊ ခေတ်ပြိုင်ဖြစ်စေ ဉာဏ်စဉ်ရေးရာ ရင့်ကျက်မှု အဆင့်ဆင့်ရှိသော ပုဂ္ဂိုလ်များ ရှိနေမြဲ ဖြစ်ပေသည်၊ ထိုပုဂ္ဂိုလ်များမှာ ဉာဏ်စဉ်ဆောင် (ရစူလ်)၊ သတင်းတော်ဆောင် (နဗီ)များ ကဲ့သို့ လူသားများအတွက် စည်းကမ်း၊ ဝိနည်း ဥပဒေများကို ချမှတ်နိုင်လောက်သော ဉာဏ်စဉ်အဆင့်ကို မရရှိသော်လည်း မိမိကိုယ် မိမိတရားပေါက်ပြီး၊ လူသားများအတွက် လျှပ်တပြက် ဖြစ်ပေါ်လာမည့် အချင်းအရာများအတွက် ကြိုတင်နိမိတ် ရနိုင်ပေသည်။ ထိုသို့သော ပုဂ္ဂိုလ်များကို **မလာအိကာဟ်**ဟု ခေါ်ပေသည်။ လူတစ်စု၊ လူတစ်မျိုးအား သွန်သင်ဆုံးမနိုင်ရန် အခွင့်ပေးခံရသော **အုပ်စု တာဝန်ခံများ၊ တတ်သိ ပညာရှင်များ** ဖြစ်ပေသည်။ ဣသရေလ (အစ္စရေး) လူမျိုးတို့အား နာမ်ပိုင်းဆိုင်ရာအတွက် တာဝန်ယူဆောင်ရွက် ပေးရသော ပုဂ္ဂိုလ်များကို မလာအိ **مَلاَءِ** ဟု ခေါ်ဆိုပေသည် ၂း၂၄၆။ **မလာအိကာဟ်**မှာ လူသားစင်စစ်ဖြစ်၍ ဓါတ်ဘူတ ဖြစ်တည်မှု နတ်ဒေဝတာ မဟုတ်ပေ။ ထို့ကြောင့် ဤသုတ်တော်တွင် **မလာအိကာဟ်**ကို နိမိတ်ဆောင်များဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ **မလာအိကာဟ်** မှာ လိင်ခွဲခြားမှု မရှိပေ။ အမျိုးသားသော်လည်းကောင်း အမျိုးသမီးသော်လည်းကောင်း ဖြစ်နိုင်ပေသည်။ (၁၅း၈ နှင့် ၃၇း၆၉ တွင် ကြည့်ပါ။)

(၄၀) သမ္မတမင်း ဆိုသည်မှာ အာရ်ဗီစကားလုံး **ခလီဖာဟ် خَلِيفَةً** ဖြစ်၍ အဓိပ္ပါယ်မှာ ကွယ်လွန်သူ၊ ကျဆုံးသွားသူ၏ နေရာ၌ ဆက်ခံသူ၊ အချုပ်အခြာ အာဏာကို ဆက်လက်ရယူသူ ဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် သမ္မတမင်းဟု ရည်ညွှန်းသော အာဒံသည် ခရစ်ယာန် သမ္မာကျမ်းစာတွင် ရည်ညွှန်းသော ကမ္ဘာ့ပထမဆုံး လူသား ဖြစ်သည် ဆိုသော အယူအဆကို အစ္စလာမ်က လက်မခံပေ။ သူသည် သူ့ရှေး မျိုးဆက်အား ဆက်ခံသူသာ ဖြစ်ပေသည်။ ထို့အပြင် သမ္မတမင်း ဆိုသည့် ဘွဲ့မှာ ဇနီးမောင်နှံ နှစ်ဦး၏ လင်မယား ပေါင်းစပ်မှု၌ ခံယူလေ့ရှိသည့် ဘွဲ့မဟုတ်ပေ။ တိုင်း နိုင်ငံ တစ်ခု တည်ထောင်မှ သာလျှင် ခံယူရသော ဘွဲ့ ဖြစ်ပေသည်။ ပိဋကတ်တော်ရှိ ပါတိကဝဂ် အဂ္ဂညသုတ်တွင်လည်း ကမ္ဘာဖြစ်တည်မှု လူများဖြစ်လာမှု၊ သမ္မတမင်း တင်မြှောက်မှုများကို ဖော်ပြထားပေသည်။

(၄၁) ဤသုတ်တော်မှ"အဖျက်အနှောင့်နှင့် သွေးထွက်သံယိုမှု ပြုမည့်သူ" ဆိုသည်မှာ လူ့အသိုက်အမြုံ စနစ်တကျ မပေါ်ပေါက်မီက ဥပဒေ မရှိသေးဘဲ အချင်းချင်း သတ်ဖြတ် ဗိုလ်လုမှုများကို လည်းကောင်း၊ လူများစုက လူနည်းစုအပေါ် နှိမ်နင်းသတ်ဖြတ်မှု များကိုလည်းကောင်း ရည်ညွှန်းပေသည်။ ထိုအခြေအနေသည် သမ္မတမင်း (အာဒံ) မတိုင်မီကပင် ရှိနေသောကြောင့် စနစ်ကျသော စုပေါင်းလူနေမှု တိုင်းဒေသတစ်ခု မဖြစ်ပေါ်မီက ရှိနေသော မိသားစုတစ်ခု မျိုးနွယ်တစ်ခု အတွင်းရှိ နိမိတ်ဆောင်များ၏ ခံစားချက်ကို ဖော်ပြခြင်း ဖြစ်ပေသည်။ အကယ်၍ လူသားများသည် ထိုအခြေအနေနှင့် မရှိနေခဲ့လျှင် လူသားတို့၏ သဘာဝကို ၎င်းတို့က တင်ပြနိုင်မည် မဟုတ်ပေ၊ ထိုအကြောင်းကို သုတ်အမှတ် (၃၂) ပါ "–တပည့်တော်တို့သည် အသိပေး ခံခဲ့ရသည်မှအပ ကြိုသိနိုင်မှု မရှိပါ၊" ဆိုသည့် စကားက ထောက်ပြလျှက် ရှိပြီး၊ ကျွန်ုပ်တို့သည် လွန်ခဲ့သော အတွေ့အကြုံများ အရ၊ သိခြင်းဖြစ်၍ နောင်ဖြစ်မည်ကို ကြိုမသိနိုင်ပါဟု ဆိုခြင်း ဖြစ်သည်။ ဤသုတ်တော်တွင် ဖော်ပြသော စကားပြောဟန်မှာ ပရမတ်ဘုရားရှင်က နိမိတ်ဆောင်များနှင့် နီးနှောတိုင်ပင်ခြင်း မဟုတ်ပေ၊ သီးခြား မျိုးနွယ်အုပ်စုများတွင် လောကုတ္တရာ အားပြုသော အသိများဖြင့်သာ ဦး

| | |
|---|---|
| ၃၁။ | وَعَلَّمَ آدَمَ الأَسْمَاء كُلَّهَا ثُمَّ عَرَضَهُمْ عَلَى الْمَلاَئِكَةِ فَقَالَ أَنبِئُونِي بِأَسْمَاء هَؤُلاء إِن كُنتُمْ صَادِقِينَ ۞<br>အရှင်သည် အာဒံအား[၆၂] အမည်များ ကိုယ်စီကို သင်ကြားပေးကာ၊ ၎င်းတို့ကို နိမိတ်ဆောင်များ၏ ရှေ့သို့ ဆောင်၍၊ "အသင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြသော်၊ ထိုထိုတို့အား အမည်ကင်ပွန်း ပေးကြလော့၊"ဟု မိန့်ဆို၏။ |
| ၃၂။ | قَالُواْ سُبْحَانَكَ لاَ عِلْمَ لَنَا إِلاَّ مَا عَلَّمْتَنَا إِنَّكَ أَنتَ الْعَلِيمُ الْحَكِيمُ ۞<br>သူတို့က "အရှင်သည် အတုမဲ့ ဖြစ်ပါ၏၊ တပည့်တော်တို့သည် အသိပေးခံခဲ့ရသည်မှ အပ ကြိုသိနိုင်မှု မရှိပါ၊ အရှင်သည်သာ သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်ပါသည်၊"ဟု လျှောက်တင်ကြ၏။ |
| ၃၃။ | قَالَ يَا آدَمُ أَنبِئْهُم بِأَسْمَآئِهِمْ فَلَمَّا أَنبَأَهُمْ بِأَسْمَآئِهِمْ قَالَ أَلَمْ أَقُل لَّكُمْ إِنِّي أَعْلَمُ غَيْبَ السَّمَاوَاتِ وَالأَرْضِ وَأَعْلَمُ مَا تُبْدُونَ وَمَا كُنتُمْ تَكْتُمُونَ ۞<br>အရှင်က "အေ–အာဒံ၊ ၎င်းတို့၏ အမည်များကို ထုတ်ပြန်လော့၊"ဟု မိန့်ဆို၏၊ သို့ဖြစ်၍ သူသည် ထိုအမည်များကို ထုတ်ပြန်သော်၊ အရှင်က "ကောင်းကင်များနှင့် မြေကမ္ဘာ၏ မျက်ကွယ်များကို ငါသိနေကြောင်း၊ သင်တို့၏ ဖွင့်ဟရာနှင့် ထိန်ဝှက်ရာများကို ငါသိနေကြောင်း၊ သင်တို့အား ငါ မပြောခဲ့သလော၊"ဟု မိန့်ဆိုလေ၏။[၆၃] |
| ၃၄။ | وَإِذْ قُلْنَا لِلْمَلاَئِكَةِ اسْجُدُواْ لآدَمَ فَسَجَدُواْ إِلاَّ إِبْلِيسَ أَبَى وَاسْتَكْبَرَ وَكَانَ مِنَ الْكَافِرِينَ ۞<br>ငါက နိမိတ်ဆောင်တို့ကို "အာဒံအား ဦးချကြလော့၊"ဟု[၆၄] မိန့်မြွက်သော် ဦးချကြကုန်၏။ သို့သော် ရှေးရိုးစွဲ[၆၅] သူသည် ငြင်းပယ်၍ မောက်မာ၏၊ သူသည်ကား ဖုံးကွယ်သူတို့၏အနက်မှ ဖြစ်ရပြီ။ |

---

ဆောင်နေသည့် သူများအား ရုပ်နာမ် လောကီ၊ လောကုတ္တရာ ဥပဒေသ မျှတသည့် ဥပဒေဖြင့် ဦးဆောင်မည့် သူတစ်ဦးအား ရွေးချယ်မည်ဟု ပြောလိုက်လျှင် (စုပေါင်းလူနေမှု စနစ်တစ်ခု ဖြစ်တည်စေ၍ ဘုံသမ္မတမင်း တင်မြှောက်လေလျှင်) လက်ရှိသူတို့၏ အရေးပါမှုမှာ လျော့ကျသွားမည်ဟု သူတို့ခံစားရပေသည်။ ထို့ကြောင့် သူတို့ရင်ထဲမှ လိုလားမှု အားနည်းကြောင်းကို စကားပြောဟန် ဖေါ်ပြခြင်းသာ ဖြစ်ပေသည်။ ဤအဖြစ်မျိုးကို မာရိသခင်မအား ရွေးကောက်စဉ်တွင် လည်းကောင်း (၃း၄၃)၊ ကိုယ်တော်မုဟမ္မဒ်အား ရွေးကောက်၍ ကုရ်အာန် ကျမ်းတော်အား ကိန်းဝပ်ချီးမြှင့်စဉ်တွင် လည်းကောင်း (၃၈း၆၉) တွေ့ရပေသည်။

ထို့အပြင် ဤသုတ်တွင်ပြောသော မြေကမ္ဘာ ဆိုသည်မှာလည်း ကမ္ဘာဂြိုလ် တစ်ခုလုံးကို ရည်ညွှန်းခြင်း မဟုတ်ပေ။ သတ်မှတ် ရည်ညွှန်းသော တိုင်း နိုင်ငံ၊ နေရာဒေသ တစ်ခုကိုသာ ဖြစ်ပေသည်။

(၆၂) အာဒံသည် ကမ္ဘာ့ပထမဦးဆုံးလူသား ဟုလည်းကောင်း၊ ဤကမ္ဘာကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၆၀၀၀) ကျော်ကမှ ဖြစ်တည်လာရသည် ဟုလည်းကောင်း ခရစ်ယာန်သမ္မာကျမ်းစာ၏ အယူအဆမျိုးကို ကုရ်အာန်ကျမ်းတော်၌ ဖေါ်ပြခြင်း လုံးဝ မရှိပေ။ အာဒံနှင့် ပတ်သက်၍ ရည်ညွှန်းသမျှတွင် "ဥယျာဉ်" ဟူသောစကားကို တွဲ၍ ပြထားသောကြောင့် အာဒံသည် လူ့အသိုင်းအဝိုင်း စတင်အခြေချ နေထိုင်သည့် စိုက်ပျိုးရေးခေတ်ကို ဦးဆောင်တည်ထောင်သော စိုက်ပျိုးရေးခေတ်၏ ဖခင်ကြီး ဖြစ်ကြောင်းကို ထောက်ပြထားပေသည်။ စိုက်ပျိုးရေး ခေတ်ကာလာ မတိုင်မီမှ လူသားများသည် အတည်တကျ နေထိုင်ခြင်း မရှိသေးဘဲ သစ်ဥသစ်ဖုရရာ ဒေသများသို့ ရှာဖွေသွားလာ ကျက်စားနေ သောကြောင့် တိကျသော လူ့အသိုက်အမြုံ ဟူ၍ မရှိသေးပေ။ သူတို့အား ရိုးရာယုံကြည်မှုများနှင့် နိမိတ်ဆောင်များ၏ သွန်သင်ချက်ဖြင့် ဘဝကို တည်ဆောက်နေရပေသည်။ ထိုခေတ်ကို သမိုင်းမတင်မီခေတ်ဟု ခေါ်တွင်သည်။ လက်ရှိလူသားများ လက်လှမ်းမမီသော သမိုင်းမတင်မီခေတ် ရှိခဲ့ကြောင်းကို (၇၆း၁)တွင် ဖေါ်ပြထားသည်။ ကမ္ဘာ့လူသားများ၏ လူ့သမိုင်းစတင်သော စိုက်ပျိုးရေးခေတ်ကို အရှေ့အလယ်ပိုင်းမှ စတင်ပြီး၊ စက်မှုခေတ်ကို အင်္ဂလန်မှ စတင်ကာ နည်းပညာခေတ် (သို့မဟုတ်) စက်မှုလွန်ခေတ်ကို အမေရိကန်မှ စတင်သည်ဟု ပညာရှင်များက သဘောတူ လက်ခံထားပေသည်။

(၆၃) ဤသုတ်တော်က အာဒံသည် ခေတ်တစ်တခေတ်၏ ဦးဆောင်ဖြစ်ကြောင်းကို အတိအလင်း ထောက်ပြထားပေသည်၊ အရာဝတ္ထုများအား အမည်ပေးခြင်း (အမည်များကို သိနေခြင်း) ဆိုသည်မှာ၊ ဗဟုသုတ ထူးကဲခြင်း စံပြ လူ့အသိုက်အမြုံ တစ်ခုကို ဦးဆောင်တည်ထောင်နိုင်သော အဌာရသ ပညာရပ်များကို တတ်ကျွမ်းခြင်းဟုလည်းကောင်း အရာသစ်များကို တီထွင်ခြင်းဟုလည်းကောင်း ဆိုလိုပေသည်။ ထို့ကြောင့် အရာ တစ်ခုအား တီထွင်နိုင်သူသည် ထိုအရာ၏ အာဒံ ဖြစ်ပေသည်။ အာဒံခေတ်သည် မည်သည့်အခါမှ ကုန်လွန်သွားခြင်း မရှိချေ။

(၆၄)"အာဒံအား ဦးချကြလော့" ဆိုသည်မှာ အာဒံထံ၌ သစ္စာခံကြလော့၊ အရာဝတ္ထု တစ်ခုအား တီထွင်နိုင်သူအား အသိအမှတ်ပြုကြလော့ ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၃၅။ | وَقُلْنَا يَا آدَمُ اسْكُنْ أَنتَ وَزَوْجُكَ الْجَنَّةَ وَكُلاَ مِنْهَا رَغَداً حَيْثُ شِئْتُمَا وَلاَ تَقْرَبَا هَذِهِ الشَّجَرَةَ فَتَكُونَا مِنَ الْظَّالِمِينَ۞ |
| အစု အဖွဲ့ | ငါက "အေ–အာဒံ၊ သင်နှင့် သင့်**အဖေါ်**သည်[၄၆] ဉယျာဉ်မြေ၌ အခြေချ၍ နေရာတိုင်း၌ ဆန္ဒအလျောက် စားသုံးကြလော့၊ သို့သော် ဤအပင်သို့ မချည်းကပ်လင့်[၄၇] သို့မဟုတ်က အမိုက်ကောင်များမှ ဖြစ်ချေမည်၊"ဟု မိန့်မြွက်၏။ |
| ၃၆။ | فَأَزَلَّهُمَا الشَّيْطَانُ عَنْهَا فَأَخْرَجَهُمَا مِمَّا كَانَا فِيهِ وَقُلْنَا اهْبِطُواْ بَعْضُكُمْ لِبَعْضٍ عَدُوٌّ وَلَكُمْ فِي الأَرْضِ مُسْتَقَرٌّ وَمَتَاعٌ إِلَى حِينٍ۞<br><br>ထို့နောက် မကောင်းဆိုးဝါးသည် သူတို့အား ယိမ်းယိုင်စေ၏၊ သူတို့ကို အခြေချရာမှ ထုတ်ပယ်ခဲ့၏။ ထို့ကြောင့် ငါက "ဆင်းသွားကြလော့၊ သင်တို့ချင်းချင်း ရန်ပြိုင်ဘက်များ ဖြစ်စေလော့၊ မြေကမ္ဘာ၌ နေထိုင်ရာနှင့် အချိန်ပိုင်းခြား ရှိနေ၏၊"ဟု မိန့် မြွက်၏။[၄၈] |

---

(၄၅) ဤဝါကျသည် ရှေ့၌ **အိလာ إِلاَّ** ကိုသုံးထားသောကြောင့် သီးခြား ဝါကျဖြစ်ပေသည်။ ရှေးရိုးစွဲဟု ဘာသာပြန်ဆိုသော **အိဗလီးဆ် إِبْلِيسَ** ကို ဆရာတော်ကြီးများက နတ်ဒေဝများနှင့် လိုက်လျော ညီထွေ ဖြစ်စေရန် ပေါရာဏ ဝေါဟာရအတိုင်း မာရ်နတ်ဟု ဘာသာပြန်ဆို ကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းသည် သူ့တွင် သားစဉ်မြေးဆက် ရှိသည် (၁၈း၅၀) ဆိုသော အချက်ကို လုံးဝ မေ့လျော့ထားခြင်းပင် ဖြစ်သည်။ သားစဉ်မြေးဆက် ရှိရန် လူ့သဘာဝအတိုင်း အိမ်ထောင်မျိုးဆက်တည်ရန် လိုအပ်သည်။ ထို့ကြောင့် **အိဗလီးဆ်**သည် လူသားစင်စစ် ဖြစ်၍ ဓါတ်ဘူတ မာရ်နတ် မဟုတ်ပေ။ **အိဗလီးဆ်** မှာ ရင်းမြစ် စကားလုံး **ဘလဆ بلس** မှ ဆင့်ပွားလာ၍ သူသည် ခြေလှမ်းကို နောက်သို့ တွန့်ဆုတ်နေသည်၊ သူသည် တွေဝေခဲ့သည် (၃၀း၁၂) ဟူသော အနက်ကို မေ့ထား၍ မရပေ။ ထို့ကြောင့် ဤဘာသာပြန်တွင် **ရှေ့ရိုးစွဲ**ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၄၆) ကုရ်အာန်ကျမ်းတော်တွင် အာဒံ၏ အဖေါ်ကို အမျိုးသမီး ဧဝ ဖြစ်သည်ဟု ဖေါ်ပြခြင်း မရှိပေ။ ဆရာတော်ကြီးများက ခရစ်ယာန်သမ္မာကျမ်း နောက်သို့ လိုက်လျက် အာဒံ၏ အဖေါ်သည် ဧဝ ဖြစ်ရမည်ဟု ဖွင့်ဆိုပြီး အာရ်ဗီစကားလုံး **زَوْجٌ** ကိုလည်း ဇနီးမယား ဖြစ်ရမည်ဟု ရိုးရာစဉ် အတိုင်း ပြောဆိုပေသည်။ ရိုးရာအစဉ်တွင် မည်သို့ရှိစေ ကျမ်းတော်အား ဖွင့်ဆိုနားလည်ရာတွင် ကျမ်းတော်ပါ အဓိပ္ပါယ်အတိုင်းသာ ဖွင့်ဆို နားလည်သင့် ပေသည်၊ **زَوْجٌ** ကို ကျမ်းတော်တွင် စုဖွဲ့မှု ဟူသည့် အဓိပ္ပါယ်ကိုသာ ပေးပေသည်၊ (၈၁း၇) စုဖွဲ့နိုင်သည့် ဂုဏ်သတ္တိတူရာများ စုဖွဲခြင်း၊ စုဖွဲ့နိုင်သည့် အဖေါ်အပေါင်းများကို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ တဖန် ဤသုတ်တော်မှ "ဉယျာဉ်" ကို ဆရာတော် အများစုက ခရစ်ယာန် သမ္မာကျမ်းစာ၏ ဖွင့်ဆိုမှု နောက်သို့ လိုက်ကာ၊ ကောင်းကင်ဘုံရှိ နိဗ္ဗာန်တော်ဟု ဘာသာပြန်ဆို ကြလေသည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်၏ အဆိုအား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခြင်းပင်။ သုတ်တော် ၃၀–၃၁တွင် အာဒံ စံမြန်းရမည့် နေရာသည် ဤ ကမ္ဘာမြေ၌ ရှိသောနေရာ ဖြစ်သည်ဟု အတိအကျ ပြောထားသဖြင့် ဉယျာဉ်မြေ ဆိုသည်မှာ စိုက်ပျိုးရေးခေတ်ကို ရည်ညွှန်းပြီး၊ အတည်တကျ နေ ထိုင်မှုကို စတင်ကြောင်း ဖေါ်ပြပေသည်။ ၎င်းကို "အခြေချ၍" ဆိုသော စကားလုံးက ထင်ရှားစေပေသည်။

(၄၇) **ဤအပင်** – ကမ္ဘာဦး အစမှ အပင်ကို ပိဋကတော်တွင် **မုလေးစပါးပင်**ဟု ဆိုပေသည် (အဂ္ဂညသုတ်)။ ဆရာတော်ကြီး အများ စုက ခရစ်ယာန် သမ္မာကျမ်းစာ၏ အယူနောက်သို့ လိုက်လျက် ယောကျ်ားဖြစ်သူက အပင်မှ အသီးကို စားလိုက်သည်၊ ထိုအခါ အသီးနင်၍ လည်ပင်း၌ ဂို့ ထွက်နေရသည် ဟု ဋီကာချဲ့လေတော့သည်။ ကုရ်အာန် ကျမ်းတော်တွင် ထိုအချင်းအရာများကို လုံးဝမဖေါ်ပြပေ။ ကျမ်းတော်က မည်သည့်အပင်ဟု (အမည်ကို) ဆိုထားခြင်း မရှိပေ၊ သို့သော် ထိုအပင်သည် မကောင်းမှုကို လှုံ့ဆော်သော မျှော်လင့်ချက် **false hope** အပင် ဖြစ်သည်ဟု ဆိုပေသည် (၇း၂၀။ ၂၀း၁၂၀)။ ထို့ကြောင့် အပင်ကဲ့သို့ အမြစ်တွယ်တတ်သော မကောင်းမှု၊ အစွဲ၊ ဒုစရိုက်၊ မိရိုးဖလာဓလေ့နှင့် မျှော်လင့်ချက်မှား **false hope** တို့နောက်သို့မလိုက်ရန် သွန်သင်ခြင်း ဖြစ်သည်။

(၄၈) အာဒံသည် လက်ပါးစေတို့၏ မကောင်းသော အကြံပေးမှုများကို လက်ခံကာ မတရားမှု၌ နစ်မွန်းမိသောကြောင့် ဦးစီးဦးဆောင် နေရာမှ ယိမ်းယိုင်ရခြင်း၊ အေးချမ်းတည်ငြိမ်သော လူ့အသိုင်းအဝိုင်းမှာ ကွဲထွက်ကုန်ခြင်း၊ အချင်းချင်း စစ်မက်များ ဖြစ်ပွားရခြင်း၊ အချိန် အပိုင်းအခြား တစ်ခု အထိ ပြည်လည် စုစည်းနိုင်မှု မရှိဘဲ၊ လူမျိုးစုကိုယ်စီတို့ သီးခြားစီ နေထိုင်ခဲ့ရခြင်းကို ဤသုတ်တော်က ထောက်ပြထားသည်။ ဤသုတ်တော်တွင် ဖေါ်ပြသော "ဆင်းသွားကြလော့" ဆိုသည်မှာ မြင့်မြတ်သော နေရာမှ နိမ့်ကျသောနေရာသို့ လျော့ကျခြင်း (ရာထူးကျခြင်း) ကို ဆိုပေသည်။ ဤ စကားကို ဆရာတော်ကြီးများက အာဒံသည် အထက်ကောင်းကင် မြင့်မြတ်သော နိဗ္ဗာန်ဘုံမှ နိမ့်ကျသော မြေကမ္ဘာသို့ ဆင်းလာရသည် ဟု ဋီကာ ချဲ့ ကြပေသည်။ အကယ်၍"နိဗ္ဗာန်ဘုံ"သာဖြစ်ခဲ့လျှင်၊ ထိုဘုံနန်း၌ ဘယ်မကောင်းဆိုးဝါးက ရှိချေမည်နည်း၊ နိဗ္ဗာန်၌ စံမြန်းနေသော သူတို့အား

| | |
|---|---|
| ၃၇။ | فَتَلَقَّى آدَمُ مِن رَّبِّهِ كَلِمَاتٍ فَتَابَ عَلَيْهِ إِنَّهُ هُوَ التَّوَّابُ الرَّحِيمُ۞<br>ထို့နောက် အာဒံသည် ကံကြမ္မာရှင်၏ထံမှ မုက္ခပါတ်တော်ကို လက်ခံရရှိ၏၊ သို့ဖြစ်၍ သူသည် အရှင့်ထံ၌ ခဝါချလေ၏၊ အရှင်သည်ကား သင်ပုန်းချေပေးသောအရှင် အကြင်နာရှင် ဖြစ်၏။၄၉ |
| ၃၈။ | قُلْنَا اهْبِطُواْ مِنْهَا جَمِيعاً فَإِمَّا يَأْتِيَنَّكُم مِّنِّي هُدًى فَمَن تَبِعَ هُدَايَ فَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۞<br>ငါ မိန့်သည်မှာ "အားလုံး–ဆင်းသွားကြလော့၊ ငါ၏ လမ်းညွှန်ချက်များ သင့်တို့ထံသို့ ပေးရောက်စေမည်၊ ငါ၏ လမ်းညွှန်ချက်ကို လိုက်နာသူ၊ ထိုသူများအား ပူဆွေးရမည်မဟုတ်၊ သောကရောက်ရမည်လည်း မဟုတ်ချေ– |
| ၃၉။<br>✡ ၂း၂၄ | وَالَّذِينَ كَفَرواْ وَكَذَّبُواْ بِآيَاتِنَا أُولَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞<br>သို့သော် ဖုံးကွယ်သူ၊ ငါ၏ သုတ်ဒေသနာကို ငြင်းဆန်သူ ထိုသူများသည် အပူမီး၏✡ ဝိုင်းသားများ ဖြစ်ကြ၏၊ ထို၌ ကာလမဲ့ စံမြန်းရလတ္တံ့။၅၀ |
| ၄၀။ | يَا بَنِي إِسْرَائِيلَ اذْكُرُواْ نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَوْفُواْ بِعَهْدِي أُوفِ بِعَهْدِكُمْ وَإِيَّايَ فَارْهَبُونِ۞<br>အို–ဂျူးလူမျိုးတို့၊ သင်တို့အား ငါ ဂုဏ်ပေးသည့် ဂုဏ်ပုဒ်များကို သတိရကြလော့၊ ငါ့ထံ၌ ပေးခဲ့သည့် ကတိကို ဖြည့်ဆီးကြလော့၊ ငါသည်လည်း သင်တို့ အပေါ်တွင် ကတိတည်စေပြီ၊ ငါ့ကိုသာလျှင် ကြောက်ရွံ့ကြလော့။၅၁ |
| ၄၁။ | وَآمِنُواْ بِمَا أَنزَلْتُ مُصَدِّقاً لِّمَا مَعَكُمْ وَلاَ تَكُونُواْ أَوَّلَ كَافِرٍ بِهِ وَلاَ تَشْتَرُواْ بِآيَاتِي ثَمَناً قَلِيلاً وَإِيَّايَ فَاتَّقُونِ۞ |

---

အဘယ် မကောင်းဆိုးဝါးက ဖျားယောင်းနိုင်အံ့နည်း ဟု ထည့်စဉ်းစားမိဟန် မရှိချေ။ ဤစကားလုံး "ဆင်းသွားလော့" ကို ၂း၆ဝနှင့် ၁၁း၄၈ တွင်လည်း တွေ့နိုင်ပြီး အထက်မိုးကောင်းကင်မှ မြေပြင်သို့ ဆင်းခြင်း မဟုတ်ကြောင်း နားလည်နိုင်ပေသည်။

(၄၉) ဤသုတ်တော်၌ "ခဝါချလေ၏၊" ဟူသော စကားလုံးနှင့် "သင်ပုန်းချေတော်မူသော အရှင်၊" ဟု ဘာသာပြန်ဆိုသော စကားလုံးသည် ရင်းမြစ် ဝေါဟာရ **တာဘ** **تَابَ** တစ်လုံးတည်းဖြစ်၍၊ **တာဘ** "ခဝါချလေ၏" ဆိုသည်မှာ၊ မိမိ၏ အပြစ်များကို ဆေးကြောလျှော်ပစ်သည်ဟု ဖြစ်ပြီး၊ **တောင်းဝါးဘွန်** **التَّوَّابُ** "သင်ပုန်းချေတော်မူသော အရှင်၊" ဆိုသည်မှာ အပြစ်များအား ဗွေမယူဘဲ လျှော်ပစ်တော်မူသော အရှင် ဟု ဖြစ်ပေသည်။

(၅၀) **ခါလီဒူးန** **خَالِدُونَ** ကို ဆရာတော်ကြီးများက ထာဝရ ဟု ပြန်ဆို ကြပေသည်။ ထိုစကားလုံးသည် မူရင်း "နေထိုင်သည်၊ ကြာမြင့်စွာ နေထိုင်သည်၊"ဟု အနက်ရသော **အကာာမ**နှင့် အဓိပ္ပါယ် တူညီပေသည်။ ကျေးလက်ဒေသများရှိ အိမ်များတွင် ထမင်းဟင်းချက်သည့် မီးဖို (ဖို ခနောက်) ကျောက်ခဲ သုံးလုံးကိုလည်း ၎င်း၏ ကြာမြင့်စွာ ခံသော သဘောကြောင့် **ခလဒ**၏ အများပြ **ခေါင်ဝ်လီဒ်** ဟု ခေါ်ပေသည်။ ကြာမြင့်စွာ၊ ကြာရှည်စွာ ဆိုသောစကားမှာ အဆုံးအစ ရှိသော အဓိပ္ပါယ်ကို ဆောင်ပေသည်။ ထို့ကြောင့် **ခါလီဒူးန** ကို ကာလမဲ့ Out of Time and Sapce ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ကျမ်းတော်အရ အစ္စလာမ် ဒသနတွင် ဝိဉာဉ်တိုင်းသည် ပရမတ်ဘုရားရှင်နှင့် ပေါင်းဆုံသွားမှ သာလျှင် **ထာဝရ** ဖြစ်သွားပေသည်။

(၅၁) ဘနီးအစ္စရာအီးလ် (ဣသရေလ၏ သားမြေးများ) ဆိုသည်မှာ ဂျူးလူမျိုးများကို ခေါ်ခြင်း ဖြစ်သည်။ ဤသုတ်တော်သည် ဂျူးလူမျိုးများကို ပြောဆိုသော အပိုဒ် ဖြစ်သောကြောင့် ယခင်အပိုဒ်များနှင့် အကြောင်းအရာ ပြောင်းသွားခြင်း မဟုတ်ပေ။ ခေါင်းဆောင်နှင့် နောက်လိုက်များ ထားရှိရမည့် သဘောထားကို ယခင်အပိုဒ်တော်များ အတိုင်း ဆက်လက် တင်ပြခြင်း ဖြစ်သည်။ မြို့ပြလူနေမှု ပုံစံကို စတင်ထူထောင်သော ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာသောအခါ ယဉ်ကျေးမှု ပေါင်းစုံ နေထိုင်သော စနစ်၌ ခေါင်းဆောင်အား သစ္စာခံရန်၊ ခွဲထွက်ဆန့်ကျင်သူများ မဖြစ်ကြရန်၊ သွန်သင်ကြောင်းကို အောက်၌ ဆက်လက်ပါလာသော သုတ်တော်များက ဖေါ်ပြထားပေသည်။ ဂျူးလူမျိုးများအတွက် ကိုယ်တော် မုဟမ္မဒ်သည် အသစ်အဆန်း မဟုတ်ပေ။ ကိုယ်တော်သည့် ဂျူးလူမျိုးများအတွက် ရန်သူလည်း မဟုတ်ပေ။ ဤအကြောင်းအရာကို ၎င်းတို့ လက်ခံယုံကြည်သော ဓမ္မဟောင်းကျမ်း၏ တရားဟောရာကျမ်း ၂၆း၁၇–၁၉ တွင် "အစ္စရေးတို့သည် ထာဝရဘုရားရှင်ကို ဘုရားအဖြစ် ကိုးကွယ်ပါမည်ဟု လည်းကောင်း၊ ဘုရားရှင်၏ လမ်းစဉ်တော်ကို လိုက်နာပါမည်ဟု လည်းကောင်း၊ ပညတ်တရားတော်ကို လိုက်နာပါမည်ဟု လည်းကောင်း၊ စကားတော်ကို နားထောင်ပါမည်ဟု လည်းကောင်း ထာဝရဘုရားရှင်၏ ထံတော်၌ ကတိတော် ထားခဲ့ကြောင်း။ ထာဝရဘုရားရှင် ကလည်း သူတို့၏ မျိုးနွယ်ထဲမှ ဉာဏ်စဉ်ဆောင်တစ်ပါး ပွင့်ပေါ်စေဦးမည်ဟု ကတိတော်ထားခဲ့ပေသည်၊" (တရားဟောရာကျမ်း ၁၈း၁၈)။ ဤသုတ်တော်က "ငါသည်လည်း သင်တို့ အပေါ်တွင် ကတိတည်စေပြီ၊"ဟု၊ ထိုအချိန် ထိုကာလက သူတို့အတွက် လိုအပ်နေသော ခေါင်းဆောင်တစ်ပါး အဖြစ် ကိုယ်တော် မုဟမ္မဒ်အား ပွင့်ပေါ်စေခြင်းဖြင့် ဘုရားရှင်က ကတိတော်အား ဖြည့်ဆီးခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | သင်တို့နှင့်အတူရှိသည်ကို ဖြောင့်မှန်စေသည့် ငါ ချမှတ်ပေးရာ၌ ယုံကြည်ကြလော့။ ၎င်းအား ရှေ့ဆုံးမှ မဖုံးကွယ်ကြနှင့်၊ ငါ၏ သုတ္တန်တော်များကို မဖြစ်စလောက်ဖြင့် မကူးသန်းကြနှင့်၊ ငါ့အားသာလျှင် စည်းစောင့်ကြလော့။၅၂ |
| ၄၂။ | **وَلاَ تَلْبِسُواْ الْحَقَّ بِالْبَاطِلِ وَتَكْتُمُواْ الْحَقَّ وَأَنتُمْ تَعْلَمُونَ۝**<br>အမှန်ကို အမှားဖြင့် မရှုပ်စေနှင့်၊ သင်တို့ သိနေလျှက် အမှန်ကို မထိန်ဝှက်ကြနှင့်။ |
| ၄၃။<br>☆ ၂း၃ | **وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ وَارْكَعُواْ مَعَ الرَّاكِعِينَ۝**<br>စိတ်သင်တန်း၌ မြဲကြလော့☆၊ လူမှုဖူလုံကြေး ပေးကြလော့၅၃ ဦးညွှတ်သူများနှင့် အတူ ဦးညွှတ်ကြကုန်လော့။၅၄ |
| ၄၄။ | **أَتَأْمُرُونَ النَّاسَ بِالْبِرِّ وَتَنسَوْنَ أَنفُسَكُمْ وَأَنتُمْ تَتْلُونَ الْكِتَابَ أَفَلاَ تَعْقِلُونَ۝**<br>သင်တို့၏ စရိုက်ကို သင်တို့မေ့လျှက် လူသားတို့အား ကောင်းမှုများ ဆင့်ဆိုကြသလော၊ သင်တို့သည် ကျမ်းတော်ကို ရွတ်ဖတ်လျှက် အတွေးအခေါ် မရှိကြသလော။ |
| ၄၅။<br>အပန်းကြီးလှ | **وَاسْتَعِينُواْ بِالصَّبْرِ وَالصَّلاَةِ وَإِنَّهَا لَكَبِيرَةٌ إِلاَّ عَلَى الْخَاشِعِينَ۝**<br>အကူအညီအား သီးခံခြင်း၊ စိတ်လေ့ကျင့်မှုဖြင့် ရှာမှီးကြလော့၊ ယင်းသည် ကြိုးငဲ့သူများအတွက်မှ အပ **ဝန်ကြီးလှ**သည်ပင်။ |
| ၄၆။ | **الَّذِينَ يَظُنُّونَ أَنَّهُم مُّلاَقُو رَبِّهِمْ وَأَنَّهُمْ إِلَيْهِ رَاجِعُونَ۝**<br>သူတို့က ကံကြမ္မာရှင်နှင့် ပေါင်းဆုံရမည်၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်ရမည်ကို စောင့်စားကြကုန်၏။ |

(၅၂) ဤသုတ်တော်သည် ဂျူးလူမျိုးတို့အား ကိုယ်တော်မုဟမ္မဒ်အားဖြင့် ပရမတ်ဘုရားရှင် ချမှတ်ပေးသော ကုရ်အာန်ကျမ်းတော်ကို ယုံကြည်လိုက်နာကြရန်၊ ထိုကျမ်းတော်အား ရှေ့ဆုံးမှ ဦးဆောင်၍ ဖုံးကွယ်ထားသူများ မဖြစ်ကြရန် ပြောထားပြီး၊ ထိုကုရ်အာန်ကျမ်းတော်သည်၊ သူတို့နှင့်အတူ ရှိနေသည့် တရားဓမ္မကို ပြန်လည် ဖြောင့်မှန်စေသည် ဟု ကြေငြာပေသည်။ ဤနေရာ၌ ဖြောင့်မှန် စေသည့်ဟု ဘာသာပြန်ဆိုသော **مُصَدِّقاً မုဆွဒ်ဒိ ကန်** ကို ဆရာတော်ကြီးများက "ထောက်ခံသည်"ဟု ပြန်ဆို ကြပေသည်။ ၎င်းစကားလုံး **မုဆွဒ်ဒိကန်**မှာ ရင်းမြစ်ဝေါဟာရ **ဆွဒက** မှ ဆင့်ပွားခြင်း ဖြစ်၍၊ ဖြောင့်မှန်ခဲ့သည်။ ဖြောင့်မတ်ခဲ့သည်ဟု ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်သည် လူ့လက်ရာစွက်ဖက်၍ မူရင်းပျက်နေသော မည်သည့် ကျမ်းကိုမှ ထောက်ခံခြင်း မရှိပေ။ ထိုကျမ်းများကို လူ့လက်ရာ မစွက်ဖက်မီက မူရင်းဓမ္မအတိုင်း ပြန်လည် ဖြောင့်မှန် စေခြင်းသာ ဖြစ်ပေသည်။ ဓမ္မဟောင်းကျမ်း၏ တရားဟောရာကျမ်း ၁၈း၁၈ တွင် "သင်နှင့်တူသော ပရော်ဖက် တပါးကို သူတို့အဘို့ ငါပေါ်ထွန်းစေ၍ ထိုပရော်ဖက် နှုတ်၌ ငါ့ စကားကို ငါအပ် သဖြင့် ငါမှာထားသမျှကို သူတို့အား ဆင့်ဆိုရလိမ့်မည်၊"ဟု သတင်းတော်ဆောင် မူဆာ (မောရှေ)အား ပရမတ် ဘုရားရှင်က ပြောခဲ့ပေသည်။ ကမ္ဘာပေါ်တွင် ကိုယ်တော်မူဆာ၏ နောက်၌ သတင်းတော်ဆောင်များ ပွင့်ပေါ်ခဲ့ကြသော်လည်း၊ ကိုယ်တော်မုဟမ္မဒ်မှ လွဲ၍ မည်သည့် သတင်းတော်ဆောင်ကမှ ငါသည် မူဆာ (မောရှေ)ကဲ့သို့ ပွင့်ပေါ်လာသော သတင်းတော်ဆောင် (ပရော်ဖက်) ဖြစ်သည် ဟု ကြေငြာခဲ့ခြင်း မရှိပေ။ ကိုယ်တော် မုဟမ္မဒ်သည်သာ ဖာရိုးမင်းဆက်ထံသို့ ပွင့်ပေါ်စေသော သတင်းတော်ဆောင် (မူဆာ) ကဲ့သို့ ဖြစ်သည် ဟု တရားဝင် ကြေငြာခဲ့ ပေသည်၊ (ကုရ်အာန် ၇၃း၁၅)။ ထို့အပြင် တရားဟောရာကျမ်း ၁၈း၁၈ တွင် "ထိုပရော်ဖက်နှုတ်၌ ငါ့စကားကို အပ်သဖြင့်၊" ဟူသော ပရမတ်ဘုရားရှင် ၏ စကားကိုလည်း၊ ဤသုတ်တော်မှ "ငါချမှတ်ပေးရာ (ကုရ်အာန်ကျမ်းတော်)" ဆိုသည့်စကားက သက်သေတည်လျှက် ရှိပေသည်။ ထို့ကြောင့် သူတို့ ယုံကြည်သော ဘုရားရှင်က သူတို့၏ အမျိုးသားထဲမှ ခေါင်းဆောင်တစ်ပါး ပွင့်ပေါ်ပေးသည်ကို နာခံကြ၍ သာယာသော လူ့ဘောင်တစ်ခု တည်ဆောက်ကြရန် ရှေးမှ အာဒံနှင့် သူ့အသိုင်းအဝိုင်းကဲ့သို့ ညွှန်ပြနေခြင်းပင် ဖြစ်ပေသည်။

(၅၃) **زَكَاة ဇကာတ်** ဆိုသည်မှာ အလွန်သန့်စင်ခြင်း ဟူသည့် **ဇကာဟ်** မှ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။ စိတ် စေတနာ သဒ္ဓါ သန့်စင်စွာဖြင့် လူသားတို့ဘဝ ကောင်းစားရေး ဘဝဖူလုံရေးအတွက် ပေးဆောင်ရသော အလှူဝတ္တုပင် ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် အလှူဒါနနှင့် ပတ်သက်၍ အကြိမ်အကြိမ်အခါခါ တိုက်တွန်း သွန်သင်ထားပေသည်၊ သို့သော် ထိုအလှူ အမျိုးမျိုးကို **ဇကာတ်** ဟု မခေါ်ပေ။ ဤထောက်ပံ့ဒါန တစ်ခုတည်းကို **ဇကာတ်** ဟုခေါ်၍ ဤတာဝန်ကို မပေးမနေရ သတ်မှတ်ထားပေသည်။ လူမှုဖူလုံရေး စနစ်ကောင်းသော နိုင်ငံများတွင် လူမှုအခွန် ကောက်ခံသည့် ပုံစံနှင့် အလွန်နီးစပ်ပေသည်။

(၅၄) "ဦးညွှတ်သူများနှင့် အတူ ဦးညွှတ်ကြလော့၊" ဆိုသည်မှာ အခြားသစ္စာခံသူများကဲ့သို့ ဂျူးလူမျိုးတို့သည်လည်း ကိုယ်တော် မုဟမ္မဒ်အား သစ္စာခံကြလော့ ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အာဒံအား သစ္စာခံရန် အခြားသော အုပ်စု ခေါင်းဆောင်များအား (၂း၃၄)တွင် ပြောဆိုသကဲ့သို့ပင်။

| | |
|---|---|
| ၄၇။ | يَا بَنِي إِسْرَائِيلَ اذْكُرُواْ نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَنِّي فَضَّلْتُكُمْ عَلَى الْعَالَمِينَ۞<br>အို–ဂျူးလူမျိုးတို့ သင်တို့အား ငါ ဂုဏ်ပေးသည့် ဂုဏ်ပုဒ်များကို သတိရကြလော့၊ ငါသည် သင်တို့ကို ကပ်ကမ္ဘာ အပေါင်းထက် သိက္ခာပေးခဲ့ပြီ။[၅၅] |
| ၄၈။ | وَاتَّقُواْ يَوْماً لاَّ تَجْزِي نَفْسٌ عَن نَّفْسٍ شَيْئاً وَلاَ يُقْبَلُ مِنْهَا شَفَاعَةٌ وَلاَ يُؤْخَذُ مِنْهَا عَدْلٌ وَلاَ هُمْ يُنصَرُونَ۞<br>ဉာဉ်တစ်ခုက ဉာဉ်တစ်ခုအတွက် စိုးစဉ်းမျှ အကျိုးမပေးသော၊ အမျှဝေ၍ မပြည့်သော၊ အလျော်အစားကို လက်မခံသော၊ အကူအညီမဲ့ ကာလအတွက် စည်းစောင့်ကြလော့။[၅၆] |
| ၄၉။ | وَإِذْ نَجَّيْنَاكُم مِّنْ آلِ فِرْعَوْنَ يَسُومُونَكُمْ سُوَءَ الْعَذَابِ يُذَبِّحُونَ أَبْنَاءكُمْ وَيَسْتَحْيُونَ نِسَاءكُمْ وَفِي ذَلِكُم بَلاء مِّن رَّبِّكُمْ عَظِيمٌ۞<br>ထို့ပြင် သင်တို့၏ သားယောကျ်ားများကို သုတ်သင်ကာ၊ မိန်းမများကိုသာ အသက်ဆက်ခွင့်ပေးသည့် ဖါရိုး မင်းဆက်၏ မကောင်းမှု ဖိနှိပ်ခြင်း ဝဋ်ကြွေးမှ သင်တို့အား ငါ ကယ်နုတ်ခဲ့ပြီ၊ ထို၌ သင်တို့အား သင်တို့၏ ကံကြမ္မာရှင်မှ စမ်းသပ်မှုကြီး ရှိနေ၏။[၅၇] |
| ၅၀။ | وَإِذْ فَرَقْنَا بِكُمُ الْبَحْرَ فَأَنجَيْنَاكُمْ وَأَغْرَقْنَا آلَ فِرْعَوْنَ وَأَنتُمْ تَنظُرُونَ۞<br>ထို့ပြင် ငါသည် သင်တို့အတွက် ပင်လယ်ပြင်ကို ခွဲခဲ့ပြီ၊ သင်တို့အား ကယ်နုတ်၍ သင်တို့၏ ရှေ့မှောက်တွင်ပင် ဖာရိုး မင်းဆက်အား နှစ်ခဲ့ပြီ။[၅၈] |

---

**(၅၅)** ကမ္ဘာ့ လူမျိုးတိုင်းအတွက် ဉာဏ်စဉ်ဆောင် ပုဂ္ဂိုလ်များ ပွင့်ပေါ် ပေးခဲ့သော်လည်း၊ ကမ္ဘာ့လူမျိုးများအနက် ဂျူးလူမျိုးတို့မှ ပွင့်ပေါ်သော ဉာဏ်စဉ်ဆောင်များမှာ ပိုမိုများပြားပြီး၊ ဧကရာဇ်မင်းပေါင်း များစွာမှာလည်း ထိုလူမျိုးနွယ်ထဲမှ ပေါ်ထွန်းစေခဲ့သည်။ (၅း၂၀) ယခုကမ္ဘာ့ နောက်ဆုံး ပွင့် ဉာဏ်စဉ်ဆောင် ကိုယ်တော်မုဟမ္မဒ်မှာလည်း ထိုလူမျိုးနွယ်ပင် ဖြစ်သည်။

**(၅၆)** ဤသုတ်တော်က အစ္စလာမ်သာသနာသည် ကိုယ်စား အပြစ်ခံယူပေးမှုကို ယတိပြတ် ငြင်းထားပေသည်။ လူတိုင်းသည် မိမိပြုကျင့်သော ကုသိုလ်၊ အကုသိုလ်အမှု အလျောက် ခံစားရမည်ဖြစ်သည်။ လောက၌ ပွင့်ပေါ်သော ဉာဏ်စဉ်ဆောင်၊ သတင်းတော်ဆောင်များသည်ပင် ပရမတ် ဘုရားရှင် ပြဋ္ဌာန်းပြီးသား လမ်းစဉ်အား လူသားများ အတွက် စံပြကျင့်ဆောင် လမ်းပြမှုကိုသာ လုပ်ဆောင်နိုင်ပြီး မည်သည့် လူသား အတွက်မျှ ဝဋ်ကြွေးမှ လွတ်မြောက်နိုင်ရန် အမျှဝေပေး၍ မရနိုင်ပေ။

**(၅၇)** ကျမ်းမြတ်ကုရ်အာန်၌ **အာလိဖိရ်အောင်န်**ကို ဆရာတော်ကြီးများက ဖိရ်အောင်၏ နောက်လိုက်နောက်ပါများ ဟု ဘာသာပြန် ကြပေသည်။ **အာ လိ ဖိရ်အောင်န်** ဆိုသည်မှာ ဖာရိုး၏ အမွေစားများဟု အနက်ရ၍ ထိုခေတ်ထိုအခါက သားစဉ် မြေးဆက် ထီးနန်းဆက်ခံကြ သောကြောင့် ဤနေရာ၌ **ဖာရိုး မင်းဆက်**ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်၊ ဖာရိုး ဆိုသည်မှာ အီဂျစ်စကားဖြင့် (ဖာရွတ်) ဘုရင်ဘွဲ့ကို ခေါ်ခြင်း ဖြစ်ပေသည်၊ လူတစ်ဦး တစ်ယောက်၏ အမည်နာမ မဟုတ်ပေ။ ၁၉၄၉–၅၀ အရှေ့အလယ်ပိုင်း ဒေသများ လွတ်လပ်ရေးရသည့် အချိန်အထိ အီဂျစ်နိုင်ငံကို ဘုရင်စနစ်ဖြင့် အုပ်ချုပ်၍ နောက်ဆုံး ဘုရင်ကိုလည်း ဖာရွတ် ဟုပင် ခေါ်၍ သမ္မတကြီး နာဆာ အာဏာသိမ်းလိုက်သော အခါမှ ဖာရိုးမင်းဆက် ပြုတ်သွားခြင်း ဖြစ်သည်။

ဤသုတ်တော်၌ ဖေါ်ပြသော ဖာရိုးမင်းဆက် ဆိုသည်မှာ ကိုယ်တော်မူဆာ (မောရှေ) ပွင့်ပေါ်သော ကာလ၌ အုပ်ချုပ်နေသည့် အာဏာပိုင် မင်းဆက်ကိုသာ ရည်ညွှန်း၍ အီဂျစ်နိုင်ငံ သမိုင်းတလျှောက် နှစ်ပေါင်း (၆၀၀၀)ကျော် ရှိခဲ့သည့် မင်းဆက် အားလုံးကို မဆိုလိုပေ။ ၎င်းတို့က ဂျူးမျိုးနွယ်များအား ညှင်းပန်းနှိပ်စက်ခဲ့သည်ကို ပြန်လည် ဖေါ်ပြခြင်းမှာ ရန်ငြိုးထား၍ သမိုင်းကြွေး လှန်ရန် မဟုတ်ပေ။ ထိုသို့ ဒုက္ခပင်လယ်ဝေ၍ ကျေးကျွန်ဘဝသို့ ရောက်နေစဉ်တွင် ခေါင်းဆောင်ကောင်း တစ်ပါး ပေါ်ထွန်းလာကာ ထိုခေါင်းဆောင်၏ ဦးဆောင်မှုကြောင့် ဒုက္ခအပေါင်းမှ လွတ်မြောက်ခဲ့ရသည်ကို ထောက်ပြရန်သာ ဖြစ်ပေသည်။ ထိုကာလတွင် ခေါင်းဆောင်အပေါ် အပြည့်အဝ မယုံကြည်မှုကြောင့် လည်းကောင်း၊ သူတို့၏ လောကီရမက်များကြောင့် လည်းကောင်း ကိုယ်ကျိုး စွန့်ရမည်ကို ကြောက်၍ ခေါင်းဆောင်၏ ရုန်းကန်လှုပ်ရှားနေရသော ဘဝတွင် ငြိုငြင်မှုများ၊ အပြစ်တင်စောမှုများကြောင့် ကျေးကျွန်ဘဝမှ လွတ်မြောက်ရန် အခက်အခဲ မျိုးစုံကို ရင်ဆိုင်ခဲ့ရကြောင်းကို “ထို၌ သင်တို့အား––စမ်းသပ်မှုကြီး ရှိနေသည်” ဟု ဆိုထားခြင်း ဖြစ်ပေသည်။ ဤအကြောင်း အရာကို ဓမ္မဟောင်းကျမ်း၊ ထွက်မြောက်ရာကျမ်း ၁း၁၁–၂၂ တွင် အသေးစိတ် တွေ့ရပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်က ထိုကဲ့သို့ ပုံကြီးချဲ့ မထားပေ။

၅၁။ **وَإِذْ وَاعَدْنَا مُوسَى أَرْبَعِينَ لَيْلَةً ثُمَّ اتَّخَذْتُمُ الْعِجْلَ مِن بَعْدِهِ وَأَنتُمْ ظَالِمُونَ**۞
ငါသည် မူဆာအား[၅၉] ညဉ့်ပေါင်းလေးဆယ် တရားအားထုတ်ခိုင်းစဉ်၊[၆၀] သူ့နောက်ကွယ်၌ ဤနွားငယ်အား သင်တို့ အယူ ထားကြ၏။[၆၁]

---

**(၅၈)** ဓမ္မဟောင်းကျမ်း၏ ထွက်မြောက်ရာကျမ်း ၁၄း၂၂ တွင်ပါသော "၎င်းတို့ ဖြတ်သွားစဉ် ရေများသည် ဝဲမှ ယာမှ ကျောက်ထရံ ကဲ့သို့ ရှိနေ၏" ဟူသော အယူအဆကို ကိုးကားသော ဘာသာပြန်များ၏ အလိုသို့လိုက်၍ ပြုစုကြသော ဆရာတော်ကြီးများ၏ ဘာသာပြန်များတွင် ပင်လယ်ကြီးကို အမှန်တကယ် ခွဲပစ်ကြောင်း ဖွင့်ဆိုကြသည်။ ကုရ်အာန်ကျမ်းတော်တွင် ထိုကဲ့သို့ ဒဏ္ဍာရီဆန်သော အယူအဆမျိုး လုံးဝ မရှိပေ။ ဤသုတ်တော်တွင် ဖေါ်ပြထားသော ဘဟာရ် **بَحْرَ** ဆိုသည်မှာ "ပင်လယ်ပြင်" သို့မဟုတ် "ဒီရေ အတက်အကျရှိသော ပင်လယ်ဝ မြစ်ရေပြင်၊"ဟု အနက်ရပေသည်။ ဂျူးလူမျိုးများနှင့် ဖာရိုးမင်းဆက်တို့ အခင်းဖြစ်သော နေရာမှာ ပင်လယ်နီတွင် ဖြစ်သောကြောင့် ဤသုတ်တော်မှ **ဘဟာရ်** ကို ပင်လယ်သမုဒ္ဒရာ ရေပြင်ကြီးဟု ဘာသာပြန်၍ မဖြစ်နိုင်ပေ။ ပထဝီအနေ အထားအရ ဒီရေအတက်အကျ ရှိသော ပင်လယ်ဝ မြစ်ရေပြင် သာလျှင် ဖြစ်ပေသည်။ ထို့အပြင် ပထဝီပညာအရ ရှေးနှစ်ပေါင်းများစွာက ပင်လယ်နီတွင် ကျွန်းစုတန်းများစွာ ရှိနေခဲ့ပေသည်။ ပင်လယ်နီ၏ မြောက်ဘက်အစွန်ဆုံးအပိုင်း (အထက်ဖေါ်ပြပါ ဓမ္မဟောင်းကျမ်းချက်အရ အခင်းဖြစ်ရာ နေရာ) သည် ကျွန်းစုများကြားရှိ ရေလက်ကြား ဖြစ်၍ ရေနက်ပိုင်း မဟုတ်ခဲ့ပေ။ ဒီရေ ကျနေစဉ်တွင် ရေခမ်းနေပြီး၊ ဒီရေ တက်လာသောအခါမှသာ ရေပြည့်လျှံခြင်း ဖြစ်ပေသည်။ ကိုယ်တော်မူဆာ (မောရှေ) နှင့် နောက်လိုက်များ ဖြတ်သွားစဉ်တွင် ဒီရေကျ၍ ရေခမ်းနေခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ကျမ်းတော်၏ (၂၀း၇၇)တွင် သူတို့ ဖြတ်သွားသော လမ်းသည် "ခြောက်သွေ့သော လမ်းကြောင်း" **طَرِيقًا တွရီးကန်** ဟု အခိုင်အမာ ပြောထားပေသည်။ သူတို့၏နောက်မှ လိုက်လာသော ဖာရိုးနှင့် အပေါင်းပါများ ထိုနေရာသို့ ဖြတ်သန်းစဉ် ဒီရေ အတက်နှင့် ထိပ်ဆိုင်တိုးရခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ဤသုတ်တော်ရှိ ဖာရိုးမင်းဆက်အား နှစ် (နစ်စေ) ခဲ့ပြီ ဆိုသည့် စကားက ထောက်ပြနေပေသည်။ ဤကဲ့သို့ လျှပ်တပြက် ဒီရေတက်၍ လူအများ သေကြေရသည့် အဖြစ်မျိုးကို မြန်မာနိုင်ငံတွင် စစ်တောင်းမြစ်ဝ၌ မကြာခဏ ကြုံရတတ်ပေသည်။

**(၅၉)** မူဆာကို သမ္မာကျမ်းစာတွင် မောရှေဟု ရေးသား၍၊ အစ္စရေးလ်များအတွက် ပွင့်ပေါ်သော ဥာဏ်စဉ်ဆောင် တစ်ပါး ဖြစ်ပေသည်။ ဂျူး လူမျိုးများသည် ထိုစဉ်က ပါဠိဘာသာစကားဖြင့် "ဂေါဏ"ဟု ခေါ်သည့် နွားကို သရဏဂုံတင် ကိုးကွယ်နေခဲ့ပေသည်။ ထိုသို့သော ကိုးကွယ်မှုအား ပစ်ပါယ်၍ ပရမတ်ဘုရားရှင်ကိုသာ သဏရဂုံတည် ကိုးကွယ်ကြရန် ကိုယ်တော်က ဆောင်ကြဉ်းပေးခဲ့သည်။ ကိုယ်တော်မူဆာကို ဖာရိုး မင်းဆက်က မြစ်ထဲမှ ကောက်ယူမွေးစားသောကြောင့် ထီးနန်းတွင်းတွင် ကြီးပြင်းလာခဲ့သည်။ (၂၈း၈၉)။ ကိုယ်တော်မူဆာအား မြစ်ထဲရှိ သဖန်းပင် အနီးမှ ရရှိသဖြင့် ကိုယ်တော်၏ အမည်မှာ ဟီးဘရူး ဘာသာစကားဖြင့် **မူ** "ရေ" **ဆာ** "သဖန်းပင်"ဟု ဖြစ်၏။ (ဆရာတော်ဃာဇီဟာရှင်၏ ကုရ်အာန် အလင်းပြကျမ်း အတွဲ ၁)။ ဗုဒ္ဓဘာသာ တရားတော်တွင် ဖေါ်ပြသော ဘဒ္ဒကမ္ဘာ၌ ပွင့်ပေါ်ခဲ့သည် ဘုရားရှင်များတွင် ဂေါဏာဂုံ (ဂေါဏာဂုဏ်) ဘုရားရှင် သည်လည်း ရေသဖန်းပင်ကို ကိုယ်စားပြုသောကြောင့် စိတ်ဝင်စားဘွယ် တိုက်ဆိုင် နေပါသည်။ ကျွန်ုပ် အနေဖြင့် ဓေ့စုံလုံလောက်စွာ သုတေသန မပြုနိုင်သေးသောကြောင့် ကိုယ်တော်မူဆာအား ဂေါဏာဂုဏ် ဘုရားရှင် ဖြစ်သည်ဟု တိုက်ရိုက် ပြောဆိုနိုင်သော အင်အားမရှိပါ။ ဒဏ္ဍာရီ ဆန်ဆန် ဖြစ်နေသော ဇာတ်လမ်းများကို အမှန်တရား စင်မြင့်ပေါ်သို့ ပို့ဆောင်လိုသော နောင်လာ နောက်သား ပညာရှင်များအတွက် သုတေသနပြုလိုက ပြုနိုင်စေရန် ကျွန်ုပ်လေ့လာ ဖတ်ရှုခဲ့သမျှမှ လမ်းစရနိုင်မည့် အချက်အလက်များကို ဖေါ်ပြပေးခြင်းသာ ဖြစ်ပါသည်။
ထို့အပြင် (၁) ဗုဒ္ဓဘာသာတရားတော်တွင် ဖေါ်ပြသော ဘဒ္ဒကမ္ဘာ ဆိုသည်မှာ ဤလက်ရှိကမ္ဘာကိုသာ ခေါ်ခြင်း။ (၂) ဘုရားရှင် ဆိုသည်မှာ နိုင်ငံရေးခေါင်းဆောင် ဆိုသည်ထက် သာသနာ တစ်ခု၏ ခေါင်းဆောင်နာယက ဖြစ်ခြင်း။ (၃) ဗုဒ္ဓတရားတော်၌ ဤကမ္ဘာ၌ ဘုရားရှင်ပေါင်း မရေမတွက်နိုင်အောင် ပွင့်ပေါ်ခဲ့သော်လည်း ထင်ရှားသော ပင်မဘုရားကြီး ငါးဆူကိုသာ အဓိက ရည်ညွှန်းထား၍၊ လက်တွေ့ ဘဝတွင် ဤကမ္ဘာ၌ ဘာသာတရားပေါင်း ဂိုဏ်းပေါင်း မြောက်မြားစွာ ပေါ်ထွန်းခဲ့သော်လည်း ထင်ရှားသော ဘာသာတရားကြီးမှာ (ဟိန္ဒူ၊ ဂျူး၊ ဗုဒ္ဓ၊ ခရစ်ယာန်နှင့် အစ္စလာမ်) ငါးခုသာ ရှိခြင်း။ (၄) ကိုယ်တော်မူဆာ၏နောက်ပိုင်း သမ္မာကျမ်းစာ၏ ဓမ္မဟောင်းကျမ်းမှ ကျမ်းစာများကို မှတ်တမ်း တင်သော ကာလ (ဗုဒ္ဓမပွင့်မီ သို့မဟုတ် ပွင့်ပေါ်ဆဲနှင့် ခေတ်ပြိုင်) ကတည်းက အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယမှာ ဆက်စပ်မှုရှိနေခြင်း (ဓမ္မဟောင်းကျမ်း၏ သေတာဝတ္တု ၁း၁)နှင့် ဗုဒ္ဓကျမ်းစာတွင် ရေဝတီအမျိုးသမီးတစ်ဦး အကြောင်းကို ဖေါ်ပြထား၍ (ကထာဝတ္ထု) ထိုခေတ်ကပင် ဗုဒ္ဓဘာသာနှင့် ရေဝတီ (ဂျူး) ဘာသာမှာ ဆက်စပ်မှု ရှိနေကြောင်းတို့ ဖြစ်ပေသည်။။

**(၆၀)** ဤသုတ်တော်ရှိ **ﻻ٤اَ ၀အ၁ဒ** မှာ တရားအားထုတ်ရန် နေရာချထားသည်။ ချိန်းချက်သတ်မှတ်ထားသည် ဟု အနက်ပေးပေသည်။

**(၆၁)**"ဤနွားငယ်အား သင်တို့ အယူထားကြ၏" ဆိုသည်မှာ ဤနွားငယ်ရုပ်ကို ကိုးကွယ်ရာအဖြစ် အယူထားကြသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ သူတို့အတွက် ပွင့်ပေါ်သော ကိုယ်တော်မူဆာ (မောရှေ)၏ နောက်ကွယ်တွင် သူတို့သည် နွားကိုးကွယ်မှု အယူအား စွဲကိုင်ကြကြောင်းကို ကျမ်းတော်၏ (၂၀း၈၆–၉၇)တွင်ဖေါ်ပြထားပြီး။ ခရစ်ယာန်သမ္မာကျမ်းစာ၏ ထွက်မြောက်ရာကျမ်း အခန်း ၃၂ တွင်လည်း တွေ့နိုင်ပေသည်။ သို့သော် အစ္စလာမ်နှင့် ခရစ်ယာန်တို့၏ အရေးကြီးသော ကွဲလွဲချက်မှာ ခရစ်ယာန်တို့ကမူ အစ္စရေးလ် (ဂျူး)တို့၏ နွားကိုးကွယ်မှုမှာ သတင်းတော်ဆောင် ဟာရွန် (ကိုယ်တော်မူဆာ၏ အစ်ကိုဖြစ်ပြီး ကိုယ်တော်၏ ဘာသာရေး ဆောင်ရွက်မှုများအတွက် အရေးကြီးသော ကဏ္ဍမှ ကူညီသူ၊ ကိုယ်တော်မူဆာနှင့် ခေတ်ပြိုင်ပွင့်ပေါ်သော ပညတ်ဘုရားငယ်) နှင့်ပတ်သက်သည်ဟု ဆိုထား၍၊ အစ္စလာမ် သာသနာကမူ ဤသို့သော မဘွယ်မရာ ကိုးကွယ်မှုများသည်၊ ဉာဏ်စဉ်ဆောင်၊ သတင်းတော်ဆောင်များနှင့် လားလားမှ မပတ်သက်ချေဟု သွန်သင်ခြင်း ဖြစ်ပေသည်။ ထိုနွား ကိုးကွယ်မှုကို

၅၂။ ثُمَّ عَفَوْنَا عَنكُمِ مِّن بَعْدِ ذَلِكَ لَعَلَّكُمْ تَشْكُرُونَ۝

တဖန် ထို့နောက်တွင် သင်တို့အား လွှတ်ငြိမ်းစေခြင်းမှာ သင်တို့ ကျေးဇူးသိတတ်အံ့ငှာ လည်းကောင်း–

၅၃။ وَإِذْ آتَيْنَا مُوسَى الْكِتَابَ وَالْفُرْقَانَ لَعَلَّكُمْ تَهْتَدُونَ۝

မူဆာအား ကျမ်းတော်နှင့် စံချိန်ကို ပေးအပ်ခြင်းမှာ သင်တို့ လမ်းညွှန်ရအံ့ငှာ ဖြစ်၏။

၅၄။ وَإِذْ قَالَ مُوسَى لِقَوْمِهِ يَا قَوْمِ إِنَّكُمْ ظَلَمْتُمْ أَنفُسَكُمْ بِاتِّخَاذِكُمُ الْعِجْلَ فَتُوبُواْ إِلَى بَارِئِكُمْ فَاقْتُلُواْ أَنفُسَكُمْ
ذَلِكُمْ خَيْرٌ لَّكُمْ عِندَ بَارِئِكُمْ فَتَابَ عَلَيْكُمْ إِنَّهُ هُوَ التَّوَّابُ الرَّحِيمُ۝

မူဆာက သူ့လူမျိုးအား "အို– ကျွန်ုပ်၏ လူမျိုးတို့ သင်တို့သည် ထိုနွားငယ်ကို အယူပိုက်၍ သင်တို့စရိုက်ကို သင့်တို့ အမိုက်သင့်ကြပြီ၊ ထိုစရိုက်ကို သတ်၍ ကံကြမ္မာရှင်၌ ခဝါချကြလော့၊ ယင်းသည် သင်တို့အရှင်၏ထံ၌ သင်တို့အတွက် အကောင်းဆုံးပင် ဖြစ်၏၊ အရှင်သည် သင်တို့အပေါ်တွင် သင်ပုန်းချေတော်မူပြီ၊ အရှင်သည်ကား သင်ပုန်းချေသော အရှင် အကြင်နာရှင် ဖြစ်၏၊"ဟု ဆိုသောအခါ–

၅၅။ وَإِذْ قُلْتُمْ يَا مُوسَى لَن نُّؤْمِنَ لَكَ حَتَّى نَرَى اللَّهَ جَهْرَةً فَأَخَذَتْكُمُ الصَّاعِقَةُ وَأَنتُمْ تَنظُرُونَ۝

သင်တို့က "ဟေး–မူဆာ၊ ပရမတ်ဘုရားရှင်ကို ထင်ထင်ရှားရှား မမြင်တွေ့ရသ၍သင့်ကို ကျွန်ုပ်တို့ မယုံကြည်နိုင်ပါ၊" ဟု ဆိုသဖြင့်၊ သင်တို့ စောင့်စားနေစဉ်၌ တော်လည်းသံကြီးဖြင့်[၆၂] သင်တို့အား သုတ်ယူလေပြီ။

၅၆။ ثُمَّ بَعَثْنَاكُم مِّن بَعْدِ مَوْتِكُمْ لَعَلَّكُمْ تَشْكُرُونَ۝

တဖန် သင်တို့အား ဘဝသေနေရသည်မှ ရှင်သန်ဖွံ့ဖြိုးစေသည်မှာ[၆၃] သင်တို့ ကျေးဇူးသိတတ်အံ့ငှာ ဖြစ်၏။

၅၇။ وَظَلَّلْنَا عَلَيْكُمُ الْغَمَامَ وَأَنزَلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوَى كُلُواْ مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَمَا ظَلَمُونَا وَلَكِن كَانُواْ
أَنفُسَهُمْ يَظْلِمُونَ۝

ငါသည် သင်တို့အား တိမ်သားဖြင့် အရိပ်ပေးတော်မူ၏၊ သုဓာနှင့် ငုံးငှက်တို့ကို ချပေးတော်မူ၏၊[၆၄] ငါပေးသည့် ရိက္ခာများမှ စင်ကြယ်ရာကို စားသုံးကြလော့၊ ငါက သင်တို့အား အမိုက်သင့်စေသည် မဟုတ်၊ သို့ရာတွင် သူတို့၏စရိုက်ကို သူတို့ အဝိဇ္ဇာသင့်စေပြီ။

---

ဦးဆောင်သူမှာ **စာမရီ** ဖြစ်သည်ဟု ကျမ်းတော်၏ (၂၀း၈၆) တွင် ပြောထားပေသည်။ အစ္စရေးလ် (ဂျူး)တို့၏ နွားကိုးကွယ်မှု အယူမှာ သူတို့ကို ကျွန်ပြုခဲ့ရသော ရှေးဟောင်း အီဂျစ်တို့၏ အယူမှ ကူးစက်လာသည်ဟု သမ္မာကျမ်း ဆိုင်ရာ သုတစွယ်စုံ၌ ဖေါ်ပြထားပေသည်။ ရှေးဟောင်း အီဂျစ်တို့၏ အယူသည် အစ္စရေးလ်များသို့ သာမက အာရှတခွင်သို့ လည်းကောင်း၊ ဂရိ–ရောမတို့သို့လည်းကောင်း များစွာပင် ဩဇာ သက်ခဲ့ပေသည်။ မြန်မာနိုင်ငံတွင် လက်ရှိအထိ လူသားတို့၏ နှလုံးသားထဲ၌ နေရာယူထားသော ရုပ်ပွားတော် (ဥပမာ–မနုသီဟ) များမှာ ရှေး အီဂျစ်ယဉ်ကျေးမှု၏ အမွေအနှစ်များပင် ဖြစ်ပေသည်။

**(၆၂) ဆွာအိကတု** **الصَّاعِقَةُ** ကို မိုးကြိုး ဟုလည်းကောင်း မိုးချိန်းသံကြီး ဟု လည်းကောင်း မယူသင့်ပေ။ ၎င်းသည် မိုးအထိ မြည်ဟီးသော တော်လည်း သံကို ခေါ်ပေသည် (၇း၁၄၃)။ ဤသုတ်တော်တွင် ဖေါ်ပြသော တော်လည်းသံကြီး ဆိုသည်က အရေးအခင်း ဖြစ်ပွားသော ပွက်လောရိုက် သံကြီးကို ဆိုလိုခြင်း ဖြစ်ပေသည်။ သူတို့သည် ကိုယ်တော်မူဆာ၏ စကားကို နားမထောင်သောကြောင့် ဒုက္ခပင်လယ်ဝေနေရသည်၊ အချင်းချင်း ပဋိပက္ခ ဖြစ်နေရသည်၊ အရေးအခင်းကြီး ဖြစ်ပွားရ ဘဝဂ်ထိညံအောင် ဟစ်ကြွေးရသည်ကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ (၂း၅၉ အောက်ခြေတွင် ကြည့်ပါ)

**(၆၃)** သူ့ကျွန်ဘဝအောက်၌ အတွေးအခေါ်များ သေဆုံးနေရခြင်းကို ကိုယ်တော်မူဆာ(မောရှေ) ပွင့်ပေါ် ဦးဆောင်ခြင်းဖြင့် သူတို့၏ အတွေးအခေါ်များ ပြန်လည် ရှင်သန်လာခြင်းကို ဆိုလိုပေသည်။

**(၆၄) တိမ်သား** ဆိုသည်မှာ တရားဓမ္မကို ဆိုလိုသည်၊ ကျမ်းတော်တွင် ဉာဏ်စဉ်တော်၊ တရားဓမ္မကို ကောင်းကင်နှင့် မကြာခဏ တင်စားပြောဆို၏၊ (၂း၁၉)။ **မန္န** **الْمَنَّ** ဆိုသည်မှာ အလွယ်တကူရနိုင်သော အစားအစာ၊ အရသာအဟာရနှင့် ပြည့်စုံသာအစားအစာကို ခေါ်ပေသည်။ ထို့ကြောင့် **သုဓာ**ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ထိုစကားလုံးသည် **မင်းအာလိုင်းဟိ** "သူ့အား မျက်နှာသာပေးခဲ့သည်" ဟူသည့်စကား၏ အတိုကောက်

၅၈။ وَإِذْ قُلْنَا ادْخُلُواْ هَـذِهِ الْقَرْيَةَ فَكُلُواْ مِنْهَا حَيْثُ شِئْتُمْ رَغَداً وَادْخُلُواْ الْبَابَ سُجَّداً وَقُولُواْ حِطَّةٌ نَّغْفِرْ لَكُمْ خَطَايَاكُمْ وَسَنَزِيدُ الْمُحْسِنِينَ۞

ငါက သူတို့အား “ဤအရပ်သို့ ဝင်လော့၊ ဆန္ဒအလျောက် နေရာတိုင်း၌ စားသုံးလော့၊ တံခါးပေါက်၌ ဦးချလျက် ဝင်ကြလော့၊ အပြစ်မသင့်ရန် ခွင့်ပန်လော့၊ ငါသည် သင်တို့အား အမှားများမှ ကျွတ်လွတ်စေမည်၊ ကောင်းမွန်သူများအား တိုးပွားစေမည်၊”ဟု မိန့်မြွက်၏။[၆၅]

၅၉။ فَبَدَّلَ الَّذِينَ ظَلَمُواْ قَوْلاً غَيْرَ الَّذِي قِيلَ لَهُمْ فَأَنزَلْنَا عَلَى الَّذِينَ ظَلَمُواْ رِجْزاً مِّنَ السَّمَاء بِمَا كَانُواْ يَفْسُقُونَ۞

သို့သော် ထိုအမိုက်ကောင်များသည် သူတို့အား မိန့်ဆိုသည်ကို လွဲပြောင်း ပြောဆိုကြ၏၊ ငါသည် ထိုအမိုက်ကောင်များအတွက် ဆိုးကျိုးဆက်ကို ကောင်းကင်ယံမှ ချမှတ်တော်မူ၏၊[၆၆] သို့ဖြစ်ရခြင်းမှာ သူတို့၏ ယုတ်မာမှုများကြောင့်တည်း။

၆၀။ وَإِذِ اسْتَسْقَى مُوسَى لِقَوْمِهِ فَقُلْنَا اضْرِب بِّعَصَاكَ الْحَجَرَ فَانفَجَرَتْ مِنْهُ اثْنَتَا عَشْرَةَ عَيْناً قَدْ عَلِمَ كُلُّ أُنَاسٍ مَّشْرَبَهُمْ كُلُواْ وَاشْرَبُواْ مِن رِّزْقِ اللَّهِ وَلاَ تَعْثَوْاْ فِي الأَرْضِ مُفْسِدِينَ۞

မူဆာသည် သူ့လူမျိုးအတွက် သောက်ရေရရန် ဆုတောင်းသော်၊ ငါက “သင့်လက်ထောက်ကို ကျောက်တောင်သို့ သွားစေလော့၊”ဟု[၆၇] မိန့်၏၊ ထို၌ စိမ့်စမ်း ဆယ့်နှစ်သွယ် စီးထွက်၍ လူစုကိုယ်စီ[၆၈] သောက်ရေရှိရာကို သိကြပြီ၊ ပရမတ်ဘုရားရှင်၏ ရိက္ခာများမှ စားကြသောက်ကြလော့၊ ကမ္ဘာ၌ ညစ်ညမ်းစုတ်ပဲ့၊ အဖျက်အနှောင့်များ မပြုကြလင့်။

---

ဖြစ်သည်။ (**E.W Lane** အာရ်ဗီအင်္ဂလိပ် ဝေါဟာရကျမ်း)။ ထိုသုခေနှင့် ငုံးငှက် များသည် ကောင်းကင်မှ ကျလာသော အစားအစာများ မဟုတ်ပေ။ အာဒံခေတ်က ဥယျာဉ်စိုက်ပျိုးသည့် နည်းပညာများကို သွန်သင်ပေးသကဲ့သို့ ကိုယ်တော်မူဆာ၏ ခေတ်တွင် စားကောင်း သောက်ဖွယ် (သုခေ) ပြုလုပ်နည်းများ၊ ကြက်ငှက်မွေးမြူနည်းများကို သွန်သင်ပေးသည်ဟု ဆိုလိုပြီး၊ ထိုအစားအသောက်များမှ တရားတော်နှင့် ညီရာတို့ကို စားသုံးနိုင်ကြောင်း ခွင့်ပြုခြင်း ဖြစ်ပေသည်။

**(၆၅)** ဤသုတ်တော်မှ တံခါးပေါက်၌ ဦးချလျက် ဝင်ကြလော့ ဆိုသည်မှာ တံခါးပေါက်တွင် ဒူးထောက်လျက် ဦးချရှိခိုး ခိုင်းခြင်း မဟုတ်ပေ။ ဤဒေသ၏ စည်းကမ်းများကို လိုက်နာနေထိုင်ပါမည်ဟု နေရာဒေသ တစ်ခုသို့ အဝင်တွင် သစ္စာပြုခိုင်းခြင်း ဖြစ်ပေသည်။

**(၆၆)** ကောင်းကင်ယံမှ ဆိုးကျိုးဆက်များ ချတ်မှတ်သည်ဆိုခြင်းမှာ သူတို့၏ စိတ်တွင်းတွင် ဒေါသများ၊ အချင်းချင်း သည်းမခံနိုင်မှုများ ပေါ်ပေါက်စေခြင်း၍ ဘဝင်ထိညံ့သည့် အော်ဟစ်သံများဖြင့် (၂း၅၅) အရေးအခင်းကြီး ဖြစ်ရခြင်းကို ဆိုလိုပေသည်။ သို့ဖြင့် လူပေါင်းများစွာ သေကြေခဲ့ရလေသည်။ ယင်းကို ဓမ္မဟောင်းကျမ်း၏ တောလည် ရာကျမ်း ၂၅း၉ တွင် လူပေါင်း ၂၄၀၀၀ သေသည်ဟု ဆိုထားပေသည်။

**(၆၇)** ဤသုတ်တော်မှ **အိသသရိဗ်၊ ဗိအဆွာကလ် ဟဂျရ** **اضْرِب بِّعَصَاكَ الْحَجَرَ** ၏ တိုက်ရိုက် ဘာသာပြန်မှာ “သင့်တောင်ဝှေးဖြင့် ကျောက်တုံးကို ရိုက်လော့၊”ဟု ဖြစ်၍ “သင့်လက်ထောက်ကို ကျောက်တောင်သို့ သွားစေလော့၊”ဟုလည်း ဆိုလိုပေသည်။ ထို့အတွက် ဤဝါကျ၌ ပါဝင်သော စကားလုံး သုံးလုံးကို ရှင်းပြရန်လိုပေသည်။ ပထမအနေဖြင့် **ရိုက်လော့**ဟု အများက ဘာသာပြန်သည့် **အိသသရိဗ် اضْرِب၊** (မူရင်း **သဒွရဗ ضرب**) မှာ ရိုက်ခြင်း၊ ထိခိုက်ခြင်းဟူသော အဓိပ္ပါယ်ကိုသာ ပေးသည် မဟုတ်ပေ။ **ခရီးသွားသည်၊ သွားလာရှာဖွေသည်** ဟူသည့် အဓိပ္ပါယ်ကိုလည်း ပေးပေသည်။ ကျမ်းတော်၏ နေရာပေါင်းများစွာ၌ **သဒွရဗ အော့က်သ်။ သဒွရဗဖီးလ် အော့က်သ်** မြေပေါ်၌ ခရီးသွားလာခဲ့သည်၊ မြေအနှံ့ သွားလာခဲ့သည်ဟု ဆိုထားပေသည်။ ဤစကားလုံးနှင့် ဤအဓိပ္ပါယ်ကို၂း၂၇၃ တွင်လည်း ထင်ရှားစွာ တွေ့နိုင်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် **အိသသရိဗ်** (**သဒွရဗ**၏ စေခိုင်းခြင်းစကားလုံး)ကို သွားလာစေလော့၊ ခရီးနှင်စေလော့၊ လိုက်လံရှာဖွေ စေလော့ဟု အနက်ကို ပေးသည့် **“သွားစေလော့”** ဟု ဘာသာပြန်ခြင်း ဖြစ်သည်။ ဒုတိယ စကားလုံး **ဗိအဆွာက بِّعَصَاكَ** မှ **အဆွာ** ဆိုသည်မှာ တောင်ဝှေး၊ လက်ကိုင်တုတ် ဆိုသည့်အပြင် အားကိုးအားထားရသော လူ့အသိုင်းအဝိုင်း၊ လူ့အသိုက်အမြုံကို တင်စားပြောဆို ရာ၌လည်း သုံးပေသည်။ ဥပမာ ခိုင်မာသော လူ့အသိုင်းအဝိုင်းအား ဖီလာဆန့်ကျင်ပြုခြင်းကို **ရှာ့က်ကုလ် အဆွာ** ဟု ဆို၍ ဤစကား၌ **အဆွာ** ဆိုသည်မှာ လူ့အသိုင်းအဝိုင်းကို ဆိုပေသည်။ ထို့ကြောင့် ဤသုတ်တော်၌ လူကို ကိုယ်စားပြုသည့် **သင့်လက်ထောက်**ဟု (သင့်တောင်ဝှေးအစား) ဘာသာပြန်ခြင်း ဖြစ်၏။ **ဟဂျရ الْحَجَر** ဆိုသည်ကို အထူး ရှင်းနေရန် မလိုပါ။ ၎င်း၏ အဓိပ္ပါယ်ကိုယ်တိုင်က ကျောက်တောင်၊ ကျောက်ခဲဟု ဖြစ်ပေသည်။

| | |
|---|---|
| ၆၁။ | **وَإِذْ قُلْتُمْ يَا مُوسَى لَن نَّصْبِرَ عَلَىَ طَعَامٍ وَاحِدٍ فَادْعُ لَنَا رَبَّكَ يُخْرِجْ لَنَا مِمَّا تُنبِتُ الأَرْضُ مِن بَقْلِهَا وَقِثَّآئِهَا وَفُومِهَا وَعَدَسِهَا وَبَصَلِهَا قَالَ أَتَسْتَبْدِلُونَ الَّذِي هُوَ أَدْنَى بِالَّذِي هُوَ خَيْرٌ اهْبِطُواْ مِصْراً فَإِنَّ لَكُم مَّا سَأَلْتُمْ وَضُرِبَتْ عَلَيْهِمُ الذِّلَّةُ وَالْمَسْكَنَةُ وَبَآؤُوْاْ بِغَضَبٍ مِّنَ اللَّهِ ذَلِكَ بِأَنَّهُمْ كَانُواْ يَكْفُرُونَ بِآيَاتِ اللَّهِ وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ الْحَقِّ ذَلِكَ بِمَا عَصَواْ وَّكَانُواْ يَعْتَدُونَ ۞** |
| မရောင့်ရဲ | သင်တို့က “အို– မူဆာ၊ ကျွန်ုပ်တို့သည် အစာတစ်မျိုးတည်းနှင့် **သည်းမခံ**နိုင်ပါ၊ သင့်ကံကြမ္မာရှင်၌ ကျွန်ုပ်တို့အတို့ မြေမှ ဖွံ့သော ဟင်းသီး၊ သခွား၊ ဂျုံ၊ ပဲ၊ ကြက်သွန်များ ပေါက်ရောက်စေရန် ဆုတောင်းလော့၊”ဟု ဆိုသော် သူက သင်တို့သည် ကောင်းသောအရာကို ညံ့သောအရာဖြင့် ပြောင်းလဲကြမည်လော၊ မြို့ဘက်သို့[၆၉] ဆင်းသွားလော့၊ သို့မှသာ သင်တို့ တောင်းဆိုသည်ကို ရကောင်းနိုင်၏၊”ဟု ပြန်ပြော၏၊ ထို့နောက် သူတို့အား သိမ်ငယ်မှု နွမ်းပါးမှုတို့ ထိခိုက်စေပြီ၊ ပရမတ်ဘုရားရှင်၏ ထံတော်မှ ကံကြီးသင့်စေပြီ၊ ဤသည်မှာ ပရမတ်ဘုရားရှင်၏ သုတ္တန်များကို ဖုံးကွယ်ခြင်း၊ သတင်းတော်ဆောင်များကို[၇၀] သစ္စာမဲ့စွာ သတ်ဖြတ်ခြင်းတို့ကြောင့် ဖြစ်၏၊[၇၁] ယင်းမှာ သူတို့၏ အာခံမှုနှင့် စည်းဖောက်မှုပင် ဖြစ်၏။ |
| ၆၂။ | **إِنَّ الَّذِينَ آمَنُواْ وَالَّذِينَ هَادُواْ وَالنَّصَارَى وَالصَّابِئِينَ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الآخِرِ وَعَمِلَ صَالِحاً فَلَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ ۞**<br>ကေန်ပင်– ယုံကြည်သူ၊ ရေဝတီ၊ ခရစ်ယာန်နှင့် ရေသန့်အယူရှိသူများ၊[၇၂] မည်သူမဆို ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလကို ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှု ပြုသူတို့၏ ဆုလဒ်သည် ကံကြမ္မာရှင်၏ ထံ၌ရှိ၏။ သူတို့ ပူဆွေးရမည် မဟုတ်၊ သောကရောက်ရမည်လည်း မဟုတ်ချေ။ |

---

(၆၈) လူစုကိုယ်စီ ဆိုသည်မှာ လူမျိုးစုကိုယ်စီကို ဆိုလိုသည်။ ဤသုတ်တော်တွင် လူစုကိုယ်စီ စမ်းချောင်းရေ တစ်ခုစီ ရသည်ဟု ပြောသောကြောင့် စမ်းချောင်း ဆယ့်နှစ်သွယ်နှင့်အညီ လူမျိုးစု ဆယ်နှစ်စုရှိကြောင်းကို ဖေါ်ပြပေသည်။ ဓမ္မဟောင်းကျမ်း၏ ထွက်မြောက်ရာကျမ်း ၁၅း၂၇ တွင်လည်း ထိုလူမျိုးစု အရေအတွက်ကို ဖေါ်ပြထားပေသည်။

(၆၉) ခရစ်ယာန်ဆရာတော် ဆေးလ်၏ ဘာသာပြန်၌ **مِصْراً မိဆ်ရမ်** ကို အီဂျစ်ပြည်ဟု ပြန်ဆိုခြင်းမှာ မမှန်ပေ။ ဤနေရာ၌ ဖေါ်ပြသော **မိဆ်ရမ်** မှာ မည်သည့် မြို့ကို မဆို ကိုယ်စားပြုသော “မြို့” ဟူသည့် အများပိုင်နမ် ဖြစ်၏။

(၇၀) ဤဘာသာပြန်၌ **နဗီ** ကို ရှေးပေါရာဏ စကားလုံးအတိုင်း တမန်တော်ဟု ဘာသာမပြန်ဆိုဘဲ၊ သတင်းတော်ဆောင်ဟု ဘာသာပြန်ဆိုခြင်းမှာ၊ တမန်တော် ဆိုသော စကားလုံးသည် အစ္စလာမ်သာသနာဝင် မဟုတ်သည့် အင်္ဂလိပ် ဆရာတော်ကြီးများ၏ ဘာသာပြန်များကို မှီငြမ်းရာမှ ဖြစ်ပေါ်လာသော ဝေါဟာရ ဖြစ်သည်။ ထိုဆရာတော်ကြီးများက အစ္စလာမ်တို့ အထွင့်အမြတ်ထားသည့် ရစူလ်၊ နဗီများကို သူတို့၏ ကျမ်းစာ၌ အဆင့်နိမ့် (ယေရှုလောက် အဆင့်မမြင့်ဟု ခံစားကာ သုံးနှုန်းပြောဆိုသည့်) ပုဂ္ဂိုလ်မြတ်တို့အား သုံးနှုန်းသည့် Prophet ဟူသည့်စကားမှ ပြန်ဆိုခြင်း ဖြစ်ပေသည်။ အစ္စလာမ်ပညာရှင်များ ဘာသာပြန်ဆိုသည့် ကျမ်းများတွင် Prophet ဟု ဘာသာမပြန်ပေ၊ Messenger ဟုသာ ပြန်ဆိုပေသည်။ ကျွန်ုပ်၏ ဤဘာသာပြန်တွင် **နဗယ** (သတင်းကြီး)မှ ဆင့်ပွားလာသော **နဗီ** ကို **သတင်းတော်ဆောင်**ဟု ဘာသာပြန်၍ **ရဆလ** (စေလွှတ်ခြင်းခံရသည်) မှ ဆင့်ပွားလာသော **ရစူလ်** ဆိုသည်ကို လူသားများအတွက် တရားဓမ္မကို သဗ္ဗညုတဉာဏ်စဉ်တော် အားဖြင့် ဆောင်ကြဉ်းလာသောကြောင့် **ဉာဏ်စဉ်ဆောင်** ဟု ဘာသာပြန်ဆို ပေသည်။

(၇၁) ဂျူးတို့သည် သူတို့၏ အမျိုးသားရေးစိတ်ကို အကြောင်းပြကာ သူတို့လူမျိုးများအတွက် ပေါ်ထွန်းလာခဲ့သော ခေါင်းဆောင်ကောင်းများ၊ သူတော်စင် သူတော်ကောင်းများကို သတ်ပစ်လေ့ရှိပေသည်။ ထိုအကြောင်းကို ဓမ္မသစ်ကျမ်း၏ ရှင်မဿဲခရစ်ဝင် ၂၃း၃၅ တွင် “ဖြောင့်မတ်သော အာဗေလမှ စ၍–––ဗာခရိသား ဇာခရိ၏ အသွေးတိုင်အောင်၊”ဟု ဆိုထားပေသည်။ သူတို့သည် ယေရှုခရစ်တော်ကိုလည်း ကားစင်တင်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဂျူးတို့၏ နောက်ပိုင်းသမိုင်းများ အရ ဗတ္တိဇံဆရာ ယောဟန်ကိုလည်း သူတို့သတ်ခဲ့ကြောင်းကို အငြင်းမပွားဘဲ မှတ်တမ်းတင်ထားပေသည်။ သို့သော် လူတစ်စု၏ ဆိုးသွမ်းမှုကြောင့် ထိုလူမျိုးအားလုံးကို သိမ်းကြုံး၍ ဒုစရိုက်လူမျိုး၊ ငရဲပြည်သို့ လားရမည့်လူမျိုးဟု ကုရ်အာန်ကျမ်းတော်က လုံးဝ ဆိုမထားပေ။ ထိုအချက်ကို ဆက်လက်ဖေါ်ပြပါ သုတ်တော် (၆၂) က ထင်ရှား စေပေသည်။

(၇၂) ယုံကြည်သူ ဆိုသည်မှာ ဤကုရ်အာန် ကျမ်းတော်၏ အဆုံးအမများကို လက်ခံ ယုံကြည်သူများကို ရည်ညွှန်း၍။ ရေဝတီ ဆိုသည်မှာ ဂျူးလူမျိုးတို့ ကိုးကွယ်သော ဘာသာကို ခေါ်ပေသည်။ ခရစ်ယာန်နှင့် အတူတကွ ဖေါ်ပြသော **ဆာဘီးအီးန်** ဆိုသည်ကို ဗြိတိဋ္ဌိကာ ဗဟုသုတ ဟင်းလေးအိုးကြီး (Encyclopedia Britannica) တွင် ဗတ္တိဇံဆရာ ယောဟန်၏ ခရစ်ယာန်ဂိုဏ်း ဖြစ်သည်ဟု ယူဆထားပေသည်။ အဘယ်

| | |
|---|---|
| ၆၃။ | **وَإِذْ أَخَذْنَا مِيثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّورَ خُذُواْ مَا آتَيْنَاكُم بِقُوَّةٍ وَاذْكُرُواْ مَا فِيهِ لَعَلَّكُمْ تَتَّقُونَ**۞<br>ထို့ပြင် ငါသည် သင်တို့၏ အာမဘန္တေကိုယူ၍၊ သင်တို့အပေါ်၌ တောင်တော်ကို မြှောက်စားခဲ့ပြီ၊[၇၃] သင်တို့သည် စည်းစောင့်သူများ ဖြစ်ခြင်းငှာ ငါအရှင် ပေးအပ်ရာ၌ အယူမြဲကြလော့၊ ထို၌ သတိတရ ရှိကြလော့။ |
| ၆၄။ | **ثُمَّ تَوَلَّيْتُم مِّن بَعْدِ ذَلِكَ فَلَوْلاَ فَضْلُ اللّهِ عَلَيْكُمْ وَرَحْمَتُهُ لَكُنتُم مِّنَ الْخَاسِرِينَ**۞<br>တဖန် သည့်နောက်တွင်မှ သင်တို့ ပြန်လှည့်ခဲ့၏၊ သင်တို့အပေါ်သို့ ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာတော် မသက်ခဲ့လျှင် သင်တို့သည် ဆုံးရှုံးသူများမှ ဖြစ်ချေပြီ။ |
| ၆၅။<br>ဥပုသ်နေ့ | **وَلَقَدْ عَلِمْتُمُ الَّذِينَ اعْتَدَواْ مِنكُمْ فِي السَّبْتِ فَقُلْنَا لَهُمْ كُونُواْ قِرَدَةً خَاسِئِينَ**۞<br>ငါက သင်တို့မှ **သီတင်းနေ့၌** စည်းဖေါက်သောသူအား "သင်တို့သည် ရှက်ဘွယ်လိလိ မျောက်များ ဖြစ်ကြလော့၊"[၇၄] ဟု မိန့်ဆိုသည်ကို သင်တို့ သိကြ၏။ |
| ၆၆။ | **فَجَعَلْنَاهَا نَكَالاً لِّمَا بَيْنَ يَدَيْهَا وَمَا خَلْفَهَا وَمَوْعِظَةً لِّلْمُتَّقِينَ**۞<br>လက်တွေ့ကြုံသူများနှင့်၊ နောင်လာနောက်သားများ အတွက် နမူနာအဖြစ်၊ စည်းစောင့်သူများ အတွက် ဩဝါဒအဖြစ် ငါသည် ဤသို့ ပြုလုပ်တော်မူ၏။ |
| ၆၇။ | **وَإِذْ قَالَ مُوسَى لِقَوْمِهِ إِنَّ اللّهَ يَأْمُرُكُمْ أَنْ تَذْبَحُواْ بَقَرَةً قَالُواْ أَتَتَّخِذُنَا هُزُواً قَالَ أَعُوذُ بِاللّهِ أَنْ أَكُونَ مِنَ الْجَاهِلِينَ**۞<br>မူဆာက သူ့လူမျိုးတို့အား "သင်တို့သည် နွားပျိုမကို လှီးသတ်လော့၊"ဟု ပရမတ်ဘုရားရှင်၏ စီမံမိန့်ကို ပြောဆိုသော် "ကျွန်ုပ်တို့ကို နောက်ပြောင်နေသလော၊"ဟု ပြောကြ၏။ သူက "ကျွန်ုပ်သည် ပညာမဲ့တို့မှ မဖြစ်ရန် ပရမတ်ဘုရားရှင်အား ဆည်းကပ်ပါ၏၊"ဟု ပြန်ပြောသောအခါ။ |
| ၆၈။ | **قَالُواْ ادْعُ لَنَا رَبَّكَ يُبَيِّن لّنَا مَا هِيَ قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ لاَّ فَارِضٌ وَلاَ بِكْرٌ عَوَانٌ بَيْنَ ذَلِكَ فَافْعَلُواْ مَا تُؤْمَرونَ**۞<br>သူတို့က "အဘယ် **သူမ**နည်း၊ ကျွန်ုပ်တို့ ရှင်းရန် သင့်ကြမ္မာရှင်၌ ဆုတောင်းလော့၊"ဟု ပြောကြ၏။ သူက "အရှင် |

---

ကြောင့်ဆိုသော် ဘတ္တိဇ် ဆိုသည်မှာ ရေ (နှစ်ခြင်း) ဖြစ်သည်ဟု ဖွင့်ဆိုခြင်းကြောင့် ဖြစ်ပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်တွင် ခရစ်ယာန်ဘာသာဝင် အားလုံးကို မည်သည့် ဂိုဏ်းဖြစ်စေ ခရစ်ယာန် (အာရ်ဗီဖြင့် **နဆွရာ**) ဟုသာ ခေါ်ဆိုပြီး ဂိုဏ်းကွဲများကို သီးခြား ပြောဆိုခြင်း မရှိပေ။ ထို **ဆာဘီအီးန်** ဆိုသည့် ဝေါဟာရသည် ရှေ့ပေါရဏ ဘာသာစကား အာရာမစ် စကားလုံးမှ ဆင်းသက်လာ၍ အစ္စလာမ်သာ သသနာ မပေါ်မီ ကာလထက် အလွန်တရာ ရှေးကျနေကြောင်းကို ဖေါ်ပြပေသည်။ အာရာမစ် ဘာသာစကားအားဖြင့် ထိုစကား၏ အဓိပ္ပါယ်မှာ "သူတို့ကိုယ်သူတို့ ရေဖြင့်ဆေးကြော သန့်စင်သူများ"ဟု ဖြစ်ပေသည်။ ထို့ကြောင့် နှစ်ဟောင်းမှ အပြစ်များကို ရေဖြင့်ဆေးကြော သန့်စင်လေ့ ရှိသော ဟိန္ဒူ၊ ဗုဒ္ဓဘာသာမည်သူ့ကိုမဆို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ဟိန္ဒူတို့သည် ဂင်္ဂါမြစ်၌ ရေသန့် အပြစ်လျှော်လေ့ရှိပြီး၊ ဗုဒ္ဓဘာသာဝင်များသည် သင်္ကြန်ရေးဖြင့် အပြစ်များကို ဆေးကြောကြသည် ဆိုခြင်းမှာ ယခုအခါ ကမ္ဘာအဝှမ်းက သိနေပြီ ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေ ဤသုတ်တော်၏ အဓိက ဆိုလိုချက်မှာ အစ္စလာမ် ဘာသာဝင်များမှ မဟုတ် မည်သည့်ဘာသာဝင် ဖြစ်စေကာမူ ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလအား သက်ဝင်ယုံကြည်လျက် ရိုးရိုးသားသား ကျင့်ကြံသူများ ဖြစ်လျှင် ပူဆွေးရခြင်း သောကရောက်ရခြင်း ဆိုသည့် ဝေဲဘုံသို့ ရောက်မည် မဟုတ်ဟူသည်ပင်။

(၇၃)"တောင်တော်ကို မြှောက်စားခဲ့ပြီ၊" ဆိုသည်မှာ "သိနတောင်၏ အမည်အားဖြင့် သူတို့လူမျိုးစုအားလုံးကို ထင်ရှားစေခဲ့ပြီ၊"ဟု ဆိုခြင်း ဖြစ်သည်။ ဂျူးလူမျိုးများတွင် လူမျိုးစု ၁၂ စုရှိသည် (၂း၆၀)လူမျိုးစုများ စုပေါင်းနေထိုင်သော ဒေသတစ်ခုအား လူမျိုးတစ်မျိုး၏ အမည်ကို ပေးခြင်း ဖြင့်ကျန်လူမျိုးများက ကျေနပ်နိုင်မည် မဟုတ်ဘဲ စုစည်းညီညွတ်ခြင်းဆိုသည့် အင်အားသည်လည်း ဖြစ်လာမည် မဟုတ်တော့ပေ။ စုစည်းညီညွတ်မှု မရှိဘဲ တိုးတက်ဖွံ့ဖြိုး ဂုဏ်သတင်း ကျော်ဇောသော လူမျိုးလည်း ဖြစ်လာမည် မဟုတ်ပေ။ သိနတောင်သည် ဂျူးလူမျိုးများ စုပေါင်း၍ ပဋိညာဉ်ပြုကြသော နေရာ ဖြစ်သည်။ ကုရ်အာန် ကျမ်းတော်တွင် ကမ္ဘာ့ ဘာသာကြီးများကို နေရာဒေသ အားဖြင့် ခေါ်တွင် ပမာပေးလေ့ ရှိပေသည်။ (၉၅း၁–၃)

(၇၄) ဥပုသ်သီတင်းဖျက်သူများကို မျောက်များဖြစ်ကြကုန်လော့ ဆိုသည်မှာ လူစင်စစ်မှ မျောက်သတ္တဝါသို့ ရုပ်သဏ္ဍာန် ပြောင်းလဲသွားခြင်း မဟုတ်ပေ။ "သူတို့၏ စိတ်ဂဏာ မငြိမ်မှုကို" ဆိုလိုပေသည်၊ (အိဗနိဂျဗား)။ ၆၂း၅ တွင် "မြည်းကဲ့သို့"ဟု လည်းကောင်း၊ ၅း၆၀ တွင် "မျောက်များ၊ ဝက်များ"ဟုလည်းကောင်း၊ ၄း၄၇ တွင် "မျက်နှာကို ပြောင်းလဲပစ်မည်၊"ဟု လည်းကောင်း ဥပမာပေးခြင်းများကို တွေ့နိုင်ပေသည်။

| | |
|---|---|
| နွားပျိုမ | မိန့်သည်မှာ **သူမ**သည် အိုလွန်း ပျိုလွန်းခြင်းမရှိ ယင်းတို့ကြားမှ အရွယ်တန်ပင်၊ စီမံမိန့်အတိုင်း ဆောင်ရွက်ကြလော့၊''ဟု ပြန်ပြော၏။ |
| ၆၉။ | **قَالُواْ ادْعُ لَنَا رَبَّكَ يُبَيِّن لَّنَا مَا لَوْنُهَا قَالَ إِنَّهُ يَقُولُ إِنّهَا بَقَرَةٌ صَفْرَاء فَاقِعٌ لَّوْنُهَا تَسُرُّ النَّاظِرِينَ** ۞<br>သူတို့က ''အဘယ် အရောင်နည်း၊ ကျွန်ုပ်တို့ရှင်းရန် သင့်ကြမ္မာရှင်၌ ဆုတောင်းလော့၊''ဟု ပြောပြန်သော် ''အရှင်မိန့်သည်မှာ၊ ရှုစားသူတို့ ကြည်နူးကြသည့် ရွှေအိုရောင် နွားပျိုမပင်၊''ဟု ဆို၏။ |
| ၇၀။ | **قَالُواْ ادْعُ لَنَا رَبَّكَ يُبَيِّن لَّنَا مَا هِيَ إِنَّ البَقَرَ تَشَابَهَ عَلَيْنَا وَإِنَّآ إِن شَاء اللَّهُ لَمُهْتَدُونَ** ۞<br>''နွားပျိုမမှာ ကျွန်ုပ်တို့ အဘို့ ပုံစံတူများဖြစ်ပါ၏၊ အဘယ်သူမ ဖြစ်ကြောင်း ကျွန်ုပ်တို့ ရှင်းရန် ဆုတောင်းလော့၊ စံချိန်ပြည့်သော် ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား လမ်းမှန်ပေးနိုင်မည်၊''ဟု ဆိုကြ၏။[၇၅] |
| ၇၁။<br><br>**နွားပျိုမ** | **قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ لاَّ ذَلُولٌ تُثِيرُ الأَرْضَ وَلاَ تَسْقِي الْحَرْثَ مُسَلَّمَةٌ لاَّ شِيَةَ فِيهَا قَالُواْ الآنَ جِئْتَ بِالْحَقِّ فَذَبَحُوهَا وَمَا كَادُواْ يَفْعَلُونَ** ۞<br>သူက''အရှင်မိန့်သည်မှာ သူမသည် ထမ်းပိုးတင်ခြင်း၊ လယ်ထွန်ခြင်း၊ ရေသွင်းခြင်းမရှိ၊ မယိုမယွင်း အပြစ်အနာ ကင်းသော၊ နွားမပင်၊''ဟု ဆိုသောအခါ၊ ''သင်တို့သည် ယခုမှ အမှန်တရားကို ဆောင်ခဲ့ပြီ၊''ဟု ဆိုလျှက် **သူမ**ကို လှီးသတ်လိုက်၏၊ သို့သော် ဆောက်ရွက်လိုမှု မရှိချေ။[၇၆] |
| ၇၂။ | **وَإِذْ قَتَلْتُمْ نَفْساً فَادَّارَأْتُمْ فِيهَا وَاللّهُ مُخْرِجٌ مَّا كُنتُمْ تَكْتُمُونَ** ۞<br>သင်တို့သည် စရိုက်တစ်ခုကို သတ်ခဲ့၍၊ ၎င်း၌ သဘောထားကွဲနေကြ၏၊ ပရမတ်ဘုရားရှင်သည် သင်တို့၏ ထိန်ဝှက်ထားရာကို ဖေါ်ထုတ်ခဲ့လေပြီ။[၇၇] |

---

(၇၅) **အင်ရှာအလ္လာဟ်** ဆိုသော စကားကို ဆရာတော်ကြီးများက ''အလ္လာဟ် သဘောတူလျှင်၊ အလ္လာဟ် အလိုတော်ရှိလျှင်၊''ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ ဆိုလိုချက်မှာ ပရမတ်ဘုရားရှင်က အရာရာကို အတိုင်းအတာ စံချိန်ဖြင့် ပြဋ္ဌာန်းပြီးသား ရှိ၏။ ဥပမာအားဖြင့် ''ရေသည် မည်သည့် စံချိန်တွင် အေးခဲမည်။ မည်သည့်စံချိန်တွင် ဆူပွက်မည် ဟူသော သတ်မှတ်ချက် စံချိန်သည် ထိုရေ မခဲမီ၊ မဆူမီကပင် သတ်မှတ်ချက်၊ ကြိုတင်ပြဋ္ဌာန်းမှု ရှိပြီး ဖြစ်ပေသည်။ အလားတူပင် မည်သည့်အရာသည် မဆို သူ့စံချိန်ပြည့်သလောက် ဖြစ်တည်လာရပေသည်။ ထိုစကားကို အစ္စလာမ်ဘာသာရေး ဝေါဟာရတွင် ''အလ္လာဟ် အလိုတော်တူလျှင်၊''ဟု သုံးပေသည်။

(၇၆) သုတ်တော် ၆၇ မှ ၇၁ သည် ဂျူးလူမျိုးများ၏ နွားကိုးကွယ်မှု အစဉ်အလာအား ပယ်သတ်စေခိုင်းသော သွန်သင်ဆုံးမှု ဖြစ်သည်။ ဤသုတ်တော်များမှ ပြောသော နွားပျိုမမှာ သက်ရှိနွားမ မဟုတ်ပေ၊ သူတို့ ဆည်းကပ်ကိုးကွယ်သည့် နွားရုပ်ထုကို ဆိုခြင်း ဖြစ်ပေသည်။ ဤအချက်ကို ''အိုခြင်း၊ ပျိုခြင်း မရှိ၊ ရှုသူတို့ ကြည်နူးစေသည့် ရွှေအိုရောင်၊ ထမ်းပိုးတင်–လယ်ထွန်–ရေသွင်း–မရှိ၊ မယိုမယွင်း (ပုပ်သိုးဆွေးမြေ့ခြင်း မရှိ)၊'' ဆိုသည်များက ထင်ရှားစေသည်။ နွားကိုးကွယ်မှုအား ပါယ်သတ်ခိုင်းခြင်းမှာ ခရစ်ယာန် သမ္မာကျမ်းစာ၏ တရားဟောရာကျမ်း (၂၁း၁–၉)မှ ''မသေချာသော လူသတ်သမား အတွက် အလျှော်ပေးသောအားဖြင့် နွားမအား သတ်စေမှု''ကို လည်းကောင်း၊ တောလည်ရာကျမ်း ၁၉း၁–၁၉ မှ ''လူသေကောင်အား ထိမိသော မသန့်စင်သူအတွက် သန့်စင်သွားစေရန် နွားနီမကို သတ်၍ မီးရှို့ ပြာချကာ ထိုပြာဖြင့် ထိတို့ သန့်စင်စေသည်'' ဟူသည့် အယူကို လည်းကောင်း ကိုယ်စားမပြုပေ။ မိမိတို့မက်မောသော အရာများကို စွန့်လွှတ်ရမည့် အချိန်၌ မစွန့်လွှတ်လိုသောကြောင့် အမျိုးမျိုး စောဒကဝင်လေ့ ရှိကြောင်းကို ပမာဆောင်ခြင်းသာ ဖြစ်ပေသည်။

(၇၇) **နာဖ့်ဆ်** ဆိုသည်ကို ''ဉာဉ်စရိုက်'' ဟု ၂း၉ ၏ အောက်ခြေတွင် ရှင်းခဲ့ပေပြီ။ **နာဖ့်ဆ်** ကို လူ (ခန္ဓာကိုယ်)ဟု ဘာသာ ပြန်ဆိုကြသော ဆရာတော်ကြီးများက ''သင်တို့သည် လူတစ်ယောက်ကို သတ်ခဲ့၍၊''ဟု ပြန်ဆိုကြပြီး၊ ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်က ဂျူး တစ်ယောက်က မွတ်ဆလင် အမျိုးသမီး တစ်ဦးကို သတ်ခဲ့သည်ဟု၊ ဘိုခါရီကျမ်းတွင် ဖေါ်ပြသော အဖြစ်အပျက်ကို ထောက်၍ ဖွင့်ဆိုကြပေသည်။ အချို့ဆရာတော်များကလည်း မည်သည့် အထောက်ထေားမှ မရှိဘဲလျှက် ဂျူးတို့တွင် လူတစ်ယောက်က သူ၏ ဦးလေးကို သတ်မှု၌ လက်သည် မပေါ်သောကြောင့်၊ အထက် သုတ်တော်များတွင် ဖေါ်ပြသည့် သူတို့သတ်လိုက်သော နွားပျိုမ၏ အသားဖြင့် သတ်ခံရသော လူသေအလောင်းကို ရိုက်လိုက်ရာ (၂း၇၃) ထိုနွားသေက ထပြီး စကားပြောလျှက် လူသတ်တရားခံကို ဖေါ်ပေးသည်ဟု ဒဏ္ဍာရီမြောက်အောင် ဖွင့်ဆိုကြပေသည်။ အချို့အုပ်စုများကမူ၊ အထက်ပါ ရှင်းလင်းချက်များသည် ကျမ်းကိုး ကျမ်းကားအရ အလွန် အားနည်းကြောင်း၊ ဂျူးတို့၏ လောကတွင် အထင်ရှားဆုံးသော သမိုင်းတွင်သည့် လူသတ်မှုမှာ ယေရှုခရစ်အား သတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း သူတို့သည် ယေရှုအား သတ်၍ ကားစင်ပေါ်၌ ယေရှုသေသည် မသေသည်ကို အငြင်း ပွားခြင်း ဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်၏ ၄း၁၅၃–၁၅၇ ကို ထောက်ပြ၍ ရှင်းလင်းထားပေသည်။ ဤဘာသာပြန်၌မူ **နာဖ်ဆ်** ကို စရိုက်ဟု ဘာသာပြန်ဆိုပေသည်၊ မည်သည့် လူမျိုးမဆို မိမိတို့ ကျင့်သားရပြီး အလေ့အထတစ်ခု စိတ်စရိုက်တစ်ခုကို ပယ်သတ်၍ အခြားသော

| | |
|---|---|
| ၇၃။ | **فَقُلْنَا اضْرِبُوهُ بِبَعْضِهَا كَذَلِكَ يُحْيِي اللّهُ الْمَوْتَى وَيُرِيكُمْ آيَاتِهِ لَعَلَّكُمْ تَعْقِلُونَ۞**<br>သို့ဖြင့် ငါက "ထို–အချင်းချင်း နည်းလမ်းရှာလော့၊"ဟု[၇၈] မိန့်ခြွေ၏။ ဤသို့ ပရမတ်ဘုရားရှင်သည် သေနေရာမှ ရှင်ပြန်စေတော်မူပြီ၊ သင်တို့ အတွေးအခေါ် ရှိအံ့သောငှာ၊ သင်တို့အား အရှင်၏ သုတ်ဒေသနာများကို ပြသတော်မူ၏။ |
| ၇၄။<br><br><br>၂း၂၆ | **ثُمَّ قَسَتْ قُلُوبُكُم مِّن بَعْدِ ذَلِكَ فَهِيَ كَالْحِجَارَةِ أَوْ أَشَدُّ قَسْوَةً وَإِنَّ مِنَ الْحِجَارَةِ لَمَا يَتَفَجَّرُ مِنْهُ الأَنْهَارُ وَإِنَّ مِنْهَا لَمَا يَشَّقَّقُ فَيَخْرُجُ مِنْهُ الْمَاء وَإِنَّ مِنْهَا لَمَا يَهْبِطُ مِنْ خَشْيَةِ اللّهِ وَمَا اللّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞**<br>တဖန် ထို့နောက်တွင် သင်တို့၏နှလုံးသားများသည် ခက်ထန်လာ၏၊ ၎င်းသည် ကျောက်တုံးကဲ့သို့ သို့တည်းမဟုတ် ထို့ထက်ပင် မာကျောကြ၏။ ကျောက်ခဲများ၌ စမ်းချောင်း စီးထွက်သည်လည်း ရှိ၏၊ အက်ကွဲ၍ ရေများ စိမ့်ယိုသည်လည်း ရှိ၏၊ ပရမတ်ဘုရားရှင်အား ကြို့ငဲ့၍ ပြိုဆင်းသည်လည်း ရှိ၏။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ဆောင်လေသမျှကို မေ့လျော့ထားသည် မဟုတ်ချေ။ |
| ၇၅။ | **أَفَتَطْمَعُونَ أَن يُؤْمِنُواْ لَكُمْ وَقَدْ كَانَ فَرِيقٌ مِّنْهُمْ يَسْمَعُونَ كَلاَمَ اللّهِ ثُمَّ يُحَرِّفُونَهُ مِن بَعْدِ مَا عَقَلُوهُ وَهُمْ يَعْلَمُونَ۞**<br>သူတို့မှ တစ်ဖွဲ့သည် သင်တို့ကို ယုံကြည်လိမ့်မည်ဟု သင်တို့ ဘဝင်ကျနေသလော၊ သူတို့သည် ပရမတ်ဘုရားရှင်၏ စကားတော်များကို နာယူ၍၊ ပြီးနောက်မှ အတွေးအခေါ်ရှိပါလျက်၊ သိနေပါလျက် ၎င်းကို လှည့်ပြောင်းကြ၏။[၇၉] |
| ၇၆။ | **وَإِذَا لَقُواْ الَّذِينَ آمَنُواْ قَالُواْ آمَنَّا وَإِذَا خَلاَ بَعْضُهُمْ إِلَىَ بَعْضٍ قَالُواْ أَتُحَدِّثُونَهُم بِمَا فَتَحَ اللّهُ عَلَيْكُمْ لِيُحَآجُّوكُم بِهِ عِندَ رَبِّكُمْ أَفَلاَ تَعْقِلُونَ۞** |

---

အလေ့အထ တစ်ခုကို ကူးပြောင်းရသော "အကျင့်စရိုက် တော်လှန်ရေး" လုပ်ရသည့်အ ချိန်တွင် အချင်းချင်း အဘောထား ကွဲလွဲကြသည်မှာ ဓမ္မတာပင်။ ဂျူး လူမျိုးများသည်လည်း သူတို့မြတ်နိုးစွာ ကိုးကွယ်နေကြသော ရိုးရာဓလေ့တစ်ခု (စိတ် စရိုက်တစ်ခု)ကို ပယ်သတ်ရသည့်အခါ အချင်းချင်း သဘောထား ကွဲလွဲကြကြောင်းကို ဖော်ပြခြင်း ဖြစ်ပေသည်။ "သင်တို့၏ ထိန်ဖုံက်ထားရာကို ဖော်ထုတ်ခဲ့ပြီ၊" ဆိုသည်မှာ သူတို့သည် လုပ်ဆောင်လိုမှု မရှိဘဲ နွားပျိုမအား လှီးသတ်ခဲ့ရသည့် ဆန္ဒကို ဆိုလိုခြင်း ဖြစ်ပေသည်။

(၇၈) ရင်းမြစ် **ဗရာ ضـ သွရဗ** ၏ အမိန့်ပေးစကားလုံး **အိသ္ဗရိဗူဟို့ ضربوه** ကို ဆရာတော်ကြီးများက **ရိုက်ကြလော့** ဟု ဘာသာပြန်၍ "(နွားသေ၏) အစိတ်အပိုင်းအားဖြင့် (ထိုလူသေအား) ရိုက်လော့"ဟု။ ထိုသို့ နွားသေ၏ အစိတ်အပိုင်းဖြင့် ရိုက်ပုတ်ခံရသော လူသေသည် သေရာမှ ပြန်ရှင်လာသည် ဟု ဖွင့်ဆိုကြပေသည်။ ဤသို့ ဖွင့်ဆိုချက်များမှာ ယုတ္တိဗေဒနှင့် လွန်စွာကင်းကွာပြီး ကုရ်အာန်ကျမ်းတော်၏ သွန်သင်မှုနှင့် လားလားမှ မပတ်သက်ပေ။ **သွရဗ** သည် ရိုက်သည်ဟု အဓိပ္ပါယ် တစ်ခုတည်းကိုသာဆောင်ခြင်း မဟုတ်ဘဲ သွားလာသည်၊ လိုက်လုံစူးစမ်းသည် ဟုလည်း ဖြစ်၏၊ (၂း၆၀) ထို့ပြင် **သွရဗ**သည် "ဥပမာ"ဟုလည်း အဓိပ္ပါယ်ရပေသည်၊ (၁၄း၂၄)။ ဤနေရာ၌ ဘာသာပြန်ဆိုသော "အချင်းချင်း" ဆိုသည် မှာ **ဗအာသွ** (အစိတ် အပိုင်းချင်း၊ အခန်း ကဏ္ဍချင်း၊ လူလူချင်း၊ စိတ်စိတ်ချင်း) စသည်ဖြင့် **အချင်းချင်း**ကိုသာ ဆိုလိုပြီး "အစိတ်အပိုင်း၊ အပိုင်းအစ" ဟူသည့် ဒြပ်ဝတ္ထုကို မဆိုလိုပေ၊ ၎င်းကို ကျမ်းတော်၏ မြောက်များစွာသော နေရာများတွင် တွေ့နိုင်ပေသည်။ ထို့အပြင် **ဘိဗအာသွိဟာ بِبَعْضِهَا** မှ **هَا ဟာ** သည် လိင်မ (နွားမ)ကို ပြောသည် မဟုတ်ပေ၊ ပြုလုပ်သူ၏ လှုပ်ရှားမှု (Action) ကိုသာ ညွှန်းပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ဖော်ပြသော "ထို–အချင်းချင်း နည်းလမ်း ရှာကြလော့" ဆိုသည်မှာ မူလ မိရိုးဖလာ အစွဲ စရိုက်နှင့် ပြောင်းလဲ လက်ခံရမည့် စရိုက်သစ် (စိတ်ဓါတ် တော်လှန်ရေး) အတွက် စိတ်ဓါတ်ကို စိတ်ဓါတ်ချင်း၊ အတွေးအခေါ်ကို အတွေးအခေါ်ခြင်း အနှလုံ ပဋိလုံ အပြန်အလှန် သုံးသပ် ဆင်ခြင် နည်းလမ်း ရှာကြစေရန် သွန်သင်ခြင်းပင် ဖြစ်သည်။ သို့ဖြင့် သေနေသော ဘဝများမှာ ပြန်လည် ရှင်သန်ဖွံ့ဖြိုး လာစေခြင်း ဖြစ်ပေသည်။ ထိုအချင်း အရာကို ကျမ်းတော်၏ "လူမျိုးတစ်မျိုးသည် သူတို့၏ ဉာဉ်စရိုက်ကို မပြောင်းလဲသမျှ ပရမတ်ဘုရားရှင်က သူတို့အား ပြောင်းလဲပေးမည် မဟုတ်ပေ"ဟု ဆိုသည့် သုတ်တော်အားဖြင့် နားလည် နိုင်ပေသည်၊ (၁၃း၁၁)။

(၇၉) ဤသုတ်တော်က သူတစ်ပါး၏ဘက်မှ မှန်မှန် မမှန်မှန် လုံးဝလက်ခံ မည်မဟုတ်၊ ငါ့ဘက်ကိုသာ လက်ခံရမည်ဟု ယတိပြတ် ဆုံးဖြတ်ပြီးမှ မိမိအား လာရောက်တွေ့ဆုံသော သံတမန်များကို ဆိုလိုပေသည်။ ထိုကဲ့သို့ လူတန်းစားများကို "သူတို့တော့ အမှန်တရားကို လက်ခံနိုင်မှာပဲ၊" ဟု မယုံစားမိရန် လူထုအကျိုးဆောင် လူသားများအား သတိပေးထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ယုံကြည်သူများနှင့် တွေ့လျှင် “ကျွန်ုပ်တို့လည်း ယုံကြည်၏၊”ဟု ဆိုလျက် သူတို့အချင်းချင်း စုမိသော် “သင်တို့အား ပရမတ်ဘုရားရှင်က ဖေါ်ပြထားသည်ကို ဆင့်ပြန်လိုက်သလော၊ သူတို့က ၎င်းအားဖြင့် ကံကြမ္မာရှင်၏ရှေ့၌ သင်တို့ကို စောကြော နိုင်ရာ၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော၊”ဟု ပြောဆိုကြ၏။[၈၀] |
| ၇၇။ | أَوَلاَ يَعْلَمُونَ أَنَّ اللّهَ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ۞<br>ပရမတ်ဘုရားရှင်သည် သူတို့၏ လျှို့ဝှက်ရာ၊ ဝန်ခံရာတို့ကို ကုန်စင်သိတော်မူကြောင်း သူတို့ မသိကြသလော။ |
| ၇၈။ | وَمِنْهُمْ أُمِّيُّونَ لاَ يَعْلَمُونَ الْكِتَابَ إِلاَّ أَمَانِيَّ وَإِنْ هُمْ إِلاَّ يَظُنُّونَ ۞<br>သူတို့၌ ထင်မြင်ချက်၊ သုံးသပ်ချက်မှအပ ကျမ်းတော်ကို မသိကြသော စာမတတ်သူများရှိ၏။[၈၁] |
| ၇၉။ | فَوَيْلٌ لِّلَّذِينَ يَكْتُبُونَ الْكِتَابَ بِأَيْدِيهِمْ ثُمَّ يَقُولُونَ هَذَا مِنْ عِندِ اللّهِ لِيَشْتَرُواْ بِهِ ثَمَناً قَلِيلاً فَوَيْلٌ لَّهُم مِّمَّا كَتَبَتْ أَيْدِيهِمْ وَوَيْلٌ لَّهُمْ مِّمَّا يَكْسِبُونَ ۞<br>မဖြစ်စလောက်ဖြင့် ရောင်းစားရန်အလို့ငှာ သူတို့၏လက်ဖြင့် ရေးသော ကျမ်းစာကို “ဤသည် ပရမတ်ဘုရားရှင်၏ ထံမှတည်း၊”ဟု ပြောဆိုသော သူတို့သည်၊ ပျက်စီးရမည်သာတည်း။ သူတို့၏လက်ဖြင့် စီကုံးသောကြောင့် ပျက်စီးရမည်သာတည်း၊ သူတို့၏ ကျင့်ဆောင်မှုကြောင့် ပျက်စီးရမည်သာတည်း။ |
| ၈၀။<br>✡ ၂း၂၆ | وَقَالُواْ لَن تَمَسَّنَا النَّارُ إِلاَّ أَيَّاماً مَّعْدُودَةً قُلْ أَتَّخَذْتُمْ عِندَ اللّهِ عَهْدًا فَلَن يُخْلِفَ اللّهُ عَهْدَهُ أَمْ تَقُولُونَ عَلَى اللّهِ مَا لاَ تَعْلَمُونَ ۞<br>သူတို့က “အပူမီးသည်✡ ကျွန်ုပ်တို့အား ကာလ အရေအတွက်တစ်ခု မျှသာ ထိကပ်နိုင်မည်”ဟု[၈၂] ဆိုကြ၏။ သူတို့အား “ပရမတ်ဘုရားရှင်၏ ကတိကို သင်တို့ ရယူထားကြသလော၊ သို့ဖြစ်လျှင် ပရမတ်ဘုရားရှင်က ကတိတော်ကို ပေါ့ပျက်မည် မဟုတ်၊ သို့တည်းမဟုတ် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ သင်တို့မသိသည်ကို ပြောနေကြသလော၊” ဟု မေးမြန်းလော့။ |
| ၈၁။<br>☆ ၂း၃၉ | بَلَى مَن كَسَبَ سَيِّئَةً وَأَحَاطَتْ بِهِ خَطِيـئَتُهُ فَأُوْلَـئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُون ۞<br>အမှန်မှာ မကောင်းမှုကို ဆည်းပူးသူအား၊ သူ၏ အမှားက ဝိုင်းထားလေပြီ၊ သူတို့သည် အပူမီး၏ အဖေါ်များ ဖြစ်ကြ၏ ထို၌ ကာလမဲ့ခံစားရမည်ပင်။☆ |

---

**(၈၀)** ရုံဖန်ရံခါ အချင်းချင်း ဆွေးနွေးရင်း ပရမတ် အမှန်တရားများ ပါလာတတ်သည်။ ထိုအမှန်တရားအား ငြင်းနိုင်သူ မရှိပါ။ သို့သော် ထိုပရမတ် အမှန်တရားကို ဖုံးကွယ်ထားနိုင်ပေသည်။ မသမာသူများက မိမိတို့ပါးစပ်မှ မချော်လင့်ဘဲ ထွက်ဆိုမိသော အမှန်တရားကို အဘယ်ကြောင့် ထိန်ဝှက်မထားရလေသနည်း၊ သူတပါးက အကိုးအကားရသွားလိမ့်မည်ဟု အပြစ်တင်ကြောင်းကို ဖေါ်ပြထားခြင်း ဖြစ်ပေသည်။

**(၈၁)** ဤသုတ်တော်တွင် ဖေါ်ပြသော စာမတတ်သူများ ဆိုသည်မှာ ဂျူးလူမျိုး မဟုတ်သူများကို ဆိုလို၏ဟု ခရစ်ယာန် ဘုန်းတော်ကြီး ရော့ဒ်ဝဲလ် နှင့် လိန်းတို့က ဖွင့်ဆိုထားသည်။ ထိုအယူအဆမှာ လွန်စွာ မှားယွင်းပေသည်။ စာမတတ်သူများ ဆိုသည်မှာ လုံးဝမဖတ်တတ်၊ မရေးတတ်သော သူများကို ဆိုလိုခြင်း မဟုတ်ပေ။ ဗဟုသုတ မပြည့်စုံသူများကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ မြန်မာစကားတွင်လည်း ဗဟုသုတပြည့်စုံဘဲ ထင်ရာမြင်ရာဖြင့် ဝင်ရောက်စွက်ဖက် ပြောဆိုသောသူများကို “ဒီကောင် စာမတတ် ပေမတတ်ဘဲ ဘာတွေဝင်ပြော နေတာလဲ၊”ဟု ပြောဆိုမှုများ ရှိပေသည်။ ထို့ကြောင့် အကြောင်းအရာ တစ်ခုကို ပြည့်ပြည့်စုံစုံမသိဘဲ ထင်မြင်ယူဆချက်ဖြင့် ဝင်စွက်ဖက်တတ်သည့် မည့်သည့် လူသား၊ လူမျိုးကို မဆို ဆိုလိုခြင်း ဖြစ်သည်။ ဤအကြောင်းကို သုတ်တော် (၇၉)ပါ “သူတို့လက်ဖြင့် ရေးသော ကျမ်းစာ” ဆိုသည်က ခိုင်မာစွာ ထောက်ပြထားပေသည်။

**(၈၂)** ခရစ်ယာန် ဆရာတော် ဆေးလ်၏ အဆိုအရ ဂျူးလူမျိုးများသည် ထာဝရဘုရားနှင့် ငရဲပြည်တွင် ထွန့်ထွန့်လူးအောင် ခံစားရမည့် ဒါသမ်၊ အဘီရမ်ကို မယုံကြည်သူများမှအပ၊ ဂျူးဖြစ်လျှင် မည်မျှပင် ဆိုးသွမ်းစေ၊ မည်သည့် ဂိုဏ်းဝင်ဖြစ်စေ ငရဲပြည်၌ (၁၁) လ သို့မဟုတ် (၁)နှစ်နီးပါးသာ ခံစားရမည်ဟု အယူ ရှိကြပေသည်။ ဤအဆိုမျိုးကို အစ္စလာမ်ဘာသာက မသွန်သင်ကြောင်း ဤသုတ်တော်နှင့် အောက်ဖေါ်ပြပါ သုတ်တော်များ၌ ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

| | | |
|---|---|---|
| ၈၂။ | | وَالَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ أُولَئِكَ أَصْحَابُ الْجَنَّةِ هُمْ فِيهَا خَالِدُونَ۞<br>ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ပြုသူတို့သည်ကား သုခဘုံ၏ အဖော်များ ဖြစ်ကြ၏၊ ထိုဌ ကာလမဲ့စံစားရမည်ပင်။ |
| ၈၃။ | | وَإِذْ أَخَذْنَا مِيثَاقَ بَنِي إِسْرَائِيلَ لاَ تَعْبُدُونَ إِلاَّ اللّهَ وَبِالْوَالِدَيْنِ إِحْسَاناً وَذِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينِ وَقُولُواْ لِلنَّاسِ حُسْناً وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ ثُمَّ تَوَلَّيْتُمْ إِلاَّ قَلِيلاً مِّنكُمْ وَأَنتُم مِّعْرِضُونَ۞<br>ငါသည် ဂျူးတို့ထံမှ "ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ရန်၊ မွေးသမိဘများ၊ ဆွေမျိုးများ၊ မိဘမဲ့များနှင့် နွမ်းပါးသူများ အပေါ် ကောင်းမွန်ရန်၊ လူသားအပေါင်းအား ကောင်းမွန်စွာ ပြောဆိုကြရန်၊ စိတ်လေ့ကျင့်မှု မြဲကြရန်၊ လူမှုဖူလုံကြေး ပေးကြရန်" ပဋိညာဉ်ကို ယူခဲ့၏။ တဖန် သင်တို့အနက် အနည်းငယ်မှအပ လှည့်သွားကြလေပြီ၊ သင်တို့သည်ကား ဘက်ပြောင်းသူများ ဖြစ်ကြ၏။ |
| ၈၄။ | | وَإِذْ أَخَذْنَا مِيثَاقَكُمْ لاَ تَسْفِكُونَ دِمَاءكُمْ وَلاَ تُخْرِجُونَ أَنفُسَكُم مِّن دِيَارِكُمْ ثُمَّ أَقْرَرْتُمْ وَأَنتُمْ تَشْهَدُونَ۞<br>ငါသည် သင်တို့ထံမှ သွေးထွက်သံယို မပြုရန်၊ သင်တို့၏ စရိုက်များကို ဗိမာန်တော်မှ မောင်းမထုတ်ရန် ပဋိညာဉ်ကို ယူခဲ့ပြီ၊[၈၃] သင်တို့နေထိုင်ခဲ့သည်မှာ သင်တို့ကိုယ်တိုင် သက်သေပင်။ |
| ၈၅၊ | ☆၂း၁၇၄ | ثُمَّ أَنتُمْ هَؤُلاء تَقْتُلُونَ أَنفُسَكُمْ وَتُخْرِجُونَ فَرِيقاً مِّنكُم مِّن دِيَارِهِمْ تَظَاهَرُونَ عَلَيْهِم بِالإِثْمِ وَالْعُدْوَانِ وَإِن يَأتُوكُمْ أُسَارَى تُفَادُوهُمْ وَهُوَ مُحَرَّمٌ عَلَيْكُمْ إِخْرَاجُهُمْ أَفَتُؤْمِنُونَ بِبَعْضِ الْكِتَابِ وَتَكْفُرُونَ بِبَعْضٍ فَمَا جَزَاء مَن يَفْعَلُ ذَلِكَ مِنكُمْ إِلاَّ خِزْيٌ فِي الْحَيَاةِ الدُّنْيَا وَيَوْمَ الْقِيَامَةِ يُرَدُّونَ إِلَى أَشَدِّ الْعَذَابِ وَمَا اللّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞<br>တဖန် သင်တို့သည် စရိုက်ကောင်းများကို သုတ်သင်ပစ်၏၊ သင်တို့မှ အုပ်စုတစ်စုကို သူတို့၏ ဗိမာန်များမှ နှင်ထုတ်ကြ၏၊ မကောင်းမှုနှင့် စည်းဖေါက်မှုဌ ကျောထောက်နောက်ခံ ပြုကြ၏။ သင်တို့ထံသို့ သုံ့ပန်းများ ရောက်လာလျှင် သူတို့ကို ရွေးယူသင့်၏၊ သူတို့အား မောင်းထုတ်ခြင်းမှာ သင်တို့အတွက် တရားမဝင်ပေ။ သင်တို့သည် ကျမ်းတော်မှ တစ်ချို့ကို ယုံကြည်၍ တစ်ချို့ကို ဖုံးကွယ် ကြသလော၊ သင်တို့ဌ ထိုသို့ကျင့်သူ၏ ရလဒ်မှာ လောကီသက်တမ်းဌ အရှက်ရစေ၍၊ ရပ်တည်မြဲမြံသောကာလဌ☆ ပြင်းထန်သော ဝဋ်ကြွေးဆီသို့ ပို့ခံရစေမည်။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။ |
| ၈၆၊ | | أُولَئِكَ الَّذِينَ اشْتَرَوُاْ الْحَيَاةَ الدُّنْيَا بِالآَخِرَةِ فَلاَ يُخَفَّفُ عَنْهُمُ الْعَذَابُ وَلاَ هُمْ يُنصَرُونَ۞<br>နောင်ဘဝအား လောကီဘဝဖြင့် ရောင်းစားသူတို့၊ ထိုသူတို့နှင့်စပ်လျဉ်းသည့် ဝဋ်ကြွေးကို ပေါ့ပါးစေမည် မဟုတ်၊ သူတို့သည် ကူညီ ခံရမည်လည်း မဟုတ်ချေ။ |
| ၈၇။ | | وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ وَقَفَّيْنَا مِن بَعْدِهِ بِالرُّسُلِ وَآتَيْنَا عِيسَى ابْنَ مَرْيَمَ الْبَيِّنَاتِ وَأَيَّدْنَاهُ بِرُوحِ الْقُدُسِ أَفَكُلَّمَا جَاءكُمْ رَسُولٌ بِمَا لاَ تَهْوَى أَنفُسُكُمُ اسْتَكْبَرْتُمْ فَفَرِيقاً كَذَّبْتُمْ وَفَرِيقاً تَقْتُلُونَ۞ |

---

(၈၃) သင်တို့၏စရိုက်များကို ဗိမာန်တော်မှ မထုတ်ပစ်ရန် ဆိုသည်ကို ဆရာတော်ကြီးများက **နာ့ဖ်ဆ်**ကို လူ (ခန္ဓာ)ဟု ယူဆလျှက် သင်တို့၏ လူမျိုးများကို နေအိမ်များမှ မထုတ်ပစ်ရန်ဟု ဘာသာပြန်ဆို ကြပေသည်။ **နာ့ဖ်ဆ်**ကို ဉာဉ်စရိုက်ဟု ကျွန်ုပ်အနေဖြင့် ဘာသာပြန်ကြောင်း ရှင်းပြပြီး ဖြစ်သည်၊ (၂း၉)။ ထို့အပြင် ရင်းမြစ် **ဒဝရ** မှဆင့်ပွားလာသော **ဒိယားရိ** သည် လွှတ်တော် (အစိုးရအဆောက်အဦး အိမ်တော်)၊ ထည်ဝါသည့် အိမ်တော်၊ လူမျိုးစု၊ ခရိုင်၊ လွှတ်တော်(အမတ်)နေရာ ဟူ၍ အဓိပ္ပါယ်ကိုပေးပေသည်။ သာယာအေးချမ်းသော နေရာထိုင်ခင်းများကိုသာ ကိုယ်စားပြုပေသည်။ ထို့ကြောင့် အစ္စလာမ် သာသနာဝင်များက အေးချမ်းသာယာသော မြို့တော်များကို **ဒါရုလ်ဆလာမ်** ဟု ခေါ်လေ့ရှိပေသည်။ ဤသုတ်တော်က မိမိ၏စရိုက် မိမိ၏ဓလေ့များအား ပဋိပက္ခ (သွေးထွက်သံယို) မှုများကို လိုလားသော သွေးဆာနေသည့် အကျင့်စရိုက် အဖြစ် မမွေးမြူကြရန် သို့မဟုတ် အေးချမ်းသာယာသော အခြေအနေမှ မိမိကိုယ်မိမိ မောင်းနှင် ထုတ်ပစ်သလို မပြုလုပ်ကြရန် သွန်သင်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၂း၈၇ | ကေန်မှုချ၊ ငါသည် မူဆာအား ကျမ်းတော် ပေးအပ်ခဲ့၏၊[၈၄] သူ၏နောက် ဥဏ်စဉ်ဆောင်များကို စဉ်ဆက် ဆက်ခံစေတော်မူပြီ၊ မာရိ၏သား ယေရှုကိုလည်း ရှင်းလင်းချက်များ ပေးအပ်၍ မြတ်သော ဥဏ်စဉ်တော်ဖြင့်[၈၅] အားဖြည့်ပေးတော်မူ၏၊ ဥဏ်စဉ်ဆောင်တစ်ပါးသည် သင်တို့၏ စရိုက်လိုဘ မပြည့်ရာနှင့် သင်တို့ထံသို့ ရောက်လာတိုင်း သင်တို့ မာနတက်နေကြသည် မဟုတ်လော၊ သင်တို့သည် တစ်စုကို ငြင်းဆန်ပြီး၊ တစ်စုကို **သတ်ခဲ့ကြချေပြီ**။ |
| ၈၈။ | وَقَالُواْ قُلُوبُنَا غُلْفٌ بَل لَّعَنَهُمُ اللَّه بِكُفْرِهِمْ فَقَلِيلاً مَّا يُؤْمِنُونَ ۞<br>သူတို့က "ကျွန်ုပ်တို့၏ နှလုံးသားကို ပိတ်ထားပြီးပြီ၊"ဟု[၈၆] ဆိုကြ၏၊ အမှန်မှာ သူတို့၏ ဖုံးကွယ်မှုနှင့် အနည်းငယ်မျှပင် မယုံကြည်မှုတို့ကြောင့် ပရမတ်ဘုရားရှင်က သူတို့အား မေတ္တာဝေးကွာစေ၏။ |
| ၈၉။ | وَلَمَّا جَاءهُمْ كِتَابٌ مِّنْ عِندِ اللّهِ مُصَدِّقٌ لِّمَا مَعَهُمْ وَكَانُواْ مِن قَبْلُ يَسْتَفْتِحُونَ عَلَى الَّذِينَ كَفَرُواْ فَلَمَّا جَاءهُم مَّا عَرَفُواْ كَفَرُواْ بِهِ فَلَعْنَةُ اللَّه عَلَى الْكَافِرِينَ ۞<br>သူတို့ထံ၌ရှိရာကို ဖြောင့်မှန်စေသည့် ကျမ်းတော်တစ်ပါးသည် ပရမတ်ဘုရားရှင်ထံမှ သူတို့ထံသို့ ရောက်လာပြီ၊ ရှေးယခင်က ဖုံးကွယ်သူတို့အား သူတို့ အနိုင်လိုချင်ကြ၏၊ သို့သော် သူတို့ အသိအမှတ်ပြုသော အရာ ရောက်လာသောအခါ ၎င်းကို သူတို့ကိုယ်တိုင် ဖုံးကွယ်ကြ၏၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်သည် ထိုဖုံးကွယ်သူတို့အား မေတ္တာဝေးစေပြီ။[၈၇] |

---

**(၈၄)** ကိုယ်တော်မူဆာ (မေရှေ) ထံတော်သို့ ကိန်းဝပ်သည့် ဥဏ်စဉ်အား မှတ်တမ်းတင်ထားသည့် ကျမ်းတော်မှာ တောင်ရတ် (တိုရာဟ်) ကျမ်းတော် ဖြစ်၍ (၃း၃၊ ၅း၄၅း ၆း ၁၁၅) ကျောက်ထက် အက္ခရာ တင်ထားခဲ့ခြင်း ဖြစ်သည်၊ (၇း၁၄၅)။ ယခုအခါ၌ မူရင်း မရှိတော့ပြီ။

**(၈၅)** ဤသုတ်တော်တွင်ဖော်ပြသော **ရူးဟိကုဒုဆ်** رُوحِ الْقُدُسِ ကို ခရစ်ယာန်ဆရာတော် ဆေးလ်က ခရစ်ယာန် အသုံးအနှုန်းအတိုင်းပင် Holy Gost သန့်ရှင်းသော ဝိဉာဉ်တော်ဟု လည်းကောင်း အချို့သော ဆရာတော်ကြီးများက "ကောင်းကင်တမန်မင်းကြီး"ဟု လည်းကောင်း ပြန်ဆို ကြပေသည်။ ထိုသို့ ဘာသာပြန်ဆို ကြခြင်းမှာ **ရူးဟ်** ၏ ပကတိ ဆိုလိုချက်ကို မရောက်နိုင်ပေ၊ ဝိဉာဉ်ဆိုသည်မှာ သက်ရှိဖြစ်တည်ရန် အတွက် မရှိမဖြစ် လိုအပ်သော အရာဟု မြန်မာတို့က သတ်မှတ်ထားပြီး၊ ပိုဆိုးသည်က သန့်ရှင်းသော ဝိဉာဉ်တော်ဟု ဆိုလိုက်လျှင် တစ်စုံတစ်ဦးက ခန္ဓာကြွေပြီး မကျွတ်မလွတ်သော ဝိဉာဉ်ဟု နားလည်မိခြင်းပင်။ တဖန် ကောင်းကင်တမန်မင်းကြီးဟု ဘာသာပြန်ခြင်းသည်လည်း နတ်ဒေဝါကဲ့သို့ ခံစားရခြင်းပင်။ **ရူးဟ်** မှာ သက်ရှိ ဖြစ်တည်ရန် အတွက် မရှိမဖြစ် လိုအပ်သော ဝိဉာဉ် မဟုတ်ပေ။ ကျမ်းမြတ်ကုရ်အာန် အရ ကမ္ဘာပေါ်ရှိ အရာ အားလုံးသည် အသက် ရှိနေပေသည်။ နောက်ဆုံး ကမ္ဘာမြေသည်ပင် အသက်ရှိသည်ဟု မိုးရေအားဖြင့် သေနေသော ကမ္ဘာ မြေကို ပြန်ရှင်စေသည် (၂း၁၆၄) ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ သက်ရှိတိုင်းတွင် အသက် ဖြစ်တည်ရန် ဝိဉာဉ် ကိုယ်စီ ရှိနေသော်လည်း **ရူးဟ်** ကို လူသားမှအပ အခြား သက်ရှိသတ္တဝါများအား ပေးအပ်သည်ဟူ၍ ကျမ်းတော်၌ လုံးဝ မဖော်ပြပေ။ လူသား ကိုယ်တိုင်လည်း သက်ရှိဖြစ်ရန် ရရှိခြင်း မဟုတ်ဘဲ၊ သန္ဓေသား ဘဝ ပြီးပြည့်စုံပြီး တနည်းအားဖြင့် အသက်ဝင်ပြီးမှ ကြားတတ်၊ မြင်တတ်၊ နားလည် ခံစားတတ်စေရန် **ရူးဟ်** ကို ချီးမြှင့်ခြင်းခံရသည်ဟု (၃၂း၉)တွင် ဆိုပေသည်။ ထို့အပြင် **ရူးဟ်** ကို ကျမ်းတော်မှ တိုက်ရိုက် ဖွင့်ဆိုသည်မှာ "ငါ ကြမ္မာရှင်၏ အသိ ကွန်ခြာတော်မှ သင်တို့ကို ချီးမြှင့်သည့် အနည်းငယ်မျှသောအရာ၊"ဟု ဆိုပေသည်၊ (၁၇း၈၅) ထို့ကြောင့် **ရူးဟ်** ဆိုသည်မှ "ဥဏ်၊ အသိဥဏ်" သို့မဟုတ် အသိဥဏ်ရသော လူသား၏ ဘွဲ့ကို ခေါ်ပေသည်။ လူသားထံ၌ ကိန်းဝပ်ခံရသော **ရူးဟ်** ကို မည်သည့် နည်းနှင့်မှ ကောင်းကင်တမန် မင်းကြီးဟု မှတ်ယူ၍ မဖြစ်နိုင်ပေ။ လူသား၏ အထဲသို့ ကောင်းကင်တမန်မင်းကြီးကို မှုတ်သွင်းခြင်း မဟုတ်ချေ။

**(၈၆) ဂိုလ်ဖွန်** غُلْفٌ ပိတ်ထားပြီးပြီ ဆိုသည်မှာ အရာတစ်ခုအား အဖုံးအပိတ်တစ်ခု အတွင်း၌ လုံခြုံစွာ ပိတ်၍ သိမ်းထားသည်ဟု ဖြစ်ပေသည်။ ပုလင်း တစ်လုံးထဲ၌ အရာတစ်ခုကို ထည့်ထားသကဲ့သို့ပင်။ ပညာဗဟုသုတတည်း ဟူသော ပြင်ပ အတွေ့အကြုံများ၊ လောက ယုတ္တိဗေဒများဖြင့် ပြင်ပ သဏ္ဌာန်ကို လူကြီးလူကောင်းဖြစ်ရန် မွမ်းမံနေသော်လည်း ပုလင်းကို အပြင်မှ ဆေးကြောသန့်စင်သကဲ့သို့ပင်၊ သူတို့၏ နှလုံးသားထဲမှ သိမ်းဆည်းထားသော အစွဲကို မည်သည့်နည်းနှင့်မျှ ယုတ္တိဗေဒဖြင့် ဆေးကြောခြင်း ပြုမည် မဟုတ်ပေ။

**(၈၇)** ဖုံးကွယ်သူ သို့မဟုတ် သိနေလျှက်နှင့် လက်မခံသူ ဆိုသည်များမှာ ခေတ်တိုင်းခေတ်တိုင်းတွင် ရှိနေပေသည်။ သူတို့ (အစ္စလာမ် မတိုင်မီ ရှေးသူများ)၏ ခေတ်တွင်လည်း သာသနာတော်များ ပေါ်ထွန်းခဲ့ပြီး ထိုခေတ်ထိုအချိန်က ထိုအမှန်တရားကို ငြင်းဆန် ဖုံးကွယ်ခဲ့သူများ ရှိနေပေသည်။ ရှေးသာသနာဝင်တို့သည် ထိုဖုံးကွယ်သူများကို အနိုင်လိုချင်ကြ၏၊ သူတို့လက်ခံယုံကြည်သော ကျမ်းစာများကို ဘုရားဟော ကျမ်းစာ အဖြစ် မြတ်မြတ်နိုးနိုး သက်ဝင်ကြလေ၏၊ ထိုကျမ်းစာတိုင်း၌ ဤဘဒ္ဒကမ္ဘာတွင် နောက်ဆုံး ပညတ်ဘုရားတစ်ပါး (ဥဏ်စဉ်ဆောင်တစ်ပါး) ပွင့်ပေါ် ဦးမည်ဟု အသိအမှတ်ပြုထားကြောင်းကိုလည်း ယုံကြည်ခဲ့ကြလေ၏၊ သို့သော် ထိုရည်ညွှန်းခဲ့ရာ ဥဏ်စဉ်ဆောင်ပွင့်ပေါ်၍ ထိုကိုယ်တော် အားဖြင့် ယခင် မူလဘူတကျမ်းတော်များကို လူ့လက်ရာ ဖြည့်စွက်ထားမှုများမှ ကင်းစင် (ဖြောင့်မှန်)စေသည့် ကျမ်းတော်တစ်ပါး ရောက်ရှိ လာသောအခါ သူတို့ ကိုယ်တိုင်က ငြင်းပယ်ဖုံးကွယ် နေကြလေပြီဟု ဤသုတ်တော်က တင်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၉၀။ | **بِئْسَمَا اشْتَرَوْاْ بِهِ أَنفُسَهُمْ أَن يَكْفُرُواْ بِمَا أنَزَلَ اللّهُ بَغْياً أَن يُنَزِّلُ اللّهُ مِن فَضْلِهِ عَلَى مَن يَشَاء مِنْ عِبَادِهِ فَبَآؤُواْ بِغَضَبٍ عَلَى غَضَبٍ وَلِلْكَافِرِينَ عَذَابٌ مُّهِينٌ۞**<br>သူတို့သည် ပရမတ်ဘုရားရှင် ချမှတ်သည်ကို ဖုံးကွယ်ခြင်း၊ ပရမတ်ဘုရားရှင်က စံချိန်ပြည့် အမှုတော်ဆောင်များအား သိက္ခာပေးခြင်းကို မရှုစိမ့်ဖြစ်သည့် ယုတ်ညံ့မှုများဖြင့် သူတို့၏ စရိုက်ကို ရောင်းစားကြပြီ၊ အပါယ်ပေါ် အပါယ်ဆင့်ရန် ဆွဲယူနေကြပြီ၊ ထို့ကြောင့် ဖုံးကွယ်သူများအတွက် မသတီဘွယ် ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၉၁။<br><br>၂း၆၁ | **وَإِذَا قِيلَ لَهُمْ آمِنُواْ بِمَا أَنزَلَ اللّهُ قَالُواْ نُؤْمِنُ بِمَآ أُنزِلَ عَلَيْنَا وَيَكْفُرونَ بِمَا وَرَاءهُ وَهُوَ الْحَقُّ مُصَدِّقاً لِّمَا مَعَهُمْ قُلْ فَلِمَ تَقْتُلُونَ أَنبِيَاء اللّهِ مِن قَبْلُ إِن كُنتُم مُّؤْمِنِينَ۞**<br>"ပရမတ်ဘုရားရှင် ချမှတ်ရာ၌ ယုံကြည်ကြလော့၊"ဟု ဆိုသောအခါ၊ "ကျွန်ုပ်တို့အား ချမှတ်ခဲ့သည်ကိုသာ ယုံကြည်ပေပြီ၊"ဟု ပြန်ပြောကြလျှက်၊ သူတို့၌ ရှိသည်ကို ဖြောင့်မှန်စေသည့် သစ္စာတရားအား ဖုံးကွယ်၍ နောက်သို့ပစ်လိုက် သူတို့အား "သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်၏ ယခင်က သတင်းတော်ဆောင်များကို အဘယ့်ကြောင့် **သတ်ခဲ့**လေသနည်း၊"ဟု မေးမြန်းလော့။ |
| ၉၂။ | **وَلَقَدْ جَاءكُم مُّوسَى بِالْبَيِّنَاتِ ثُمَّ اتَّخَذْتُمُ الْعِجْلَ مِن بَعْدِهِ وَأَنتُمْ ظَالِمُونَ۞**<br>သင်တို့ထံသို့ မူဆာသည် ရှင်းလင်းချက်များဖြင့် မုချ ရောက်ရှိခဲ့ပြီ၊ တဖန် သူ့နောက်တွင်မှ သင်တို့သည် နွားငယ်ကို အယူထားလျှက် အမိုက်ကောင်များ ဖြစ်ကြပြီ။ |
| ၉၃။ | **وَإِذْ أَخَذْنَا مِيثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّورَ خُذُواْ مَا آتَيْنَاكُم بِقُوَّةٍ وَاسْمَعُواْ قَالُواْ سَمِعْنَا وَعَصَيْنَا وَأُشْرِبُواْ فِي قُلُوبِهِمُ الْعِجْلَ بِكُفْرِهِمْ قُلْ بِئْسَمَا يَأْمُرُكُمْ بِهِ إِيمَانُكُمْ إِن كُنتُمْ مُّؤْمِنِينَ۞**<br>ထို့ပြင် ငါသည် သင်တို့၏ အာမဘန္ဓေကို ယူ၍၊ သင်တို့အပေါ်၌ တောင်တော်ကို မြှောက်စားခဲ့ပြီ၊ "ငါ ပေးအပ်ရာ၌ အယူမြဲကြလော့၊ နာယူကြလော့၊"ဟု ဆိုသောအခါ၊ "တပည့်တော်တို့ နားထောင်ပါ၏၊ မနာခံနိုင်ပါ၊"ဟု ဆိုကြ၏၊ ထိုသို့ သူတို့၏ ဖုံးကွယ်မှုများကြောင့် ထိုနွားငယ်က သူတို့၏ နှလုံးသွေးကို စုပ်လေပြီ၊ "သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် သင်တို့၏ ယုံကြည်မှုက သင်တို့အား မကောင်းမှုကို စီမံချက်ချထားပြီ၊"ဟု ဟောပြောလော့။ |
| ၉၄။ | **قُلْ إِن كَانَتْ لَكُمُ الدَّارُ الآَخِرَةُ عِندَ اللّهِ خَالِصَةً مِّن دُونِ النَّاسِ فَتَمَنَّوُاْ الْمَوْتَ إِن كُنتُمْ صَادِقِينَ۞**<br>"ပရမတ်ဘုရားရှင်၏ အပါးတော်၌ရှိသော နောက်ဆုံးစွန် ဗိမာန်သည် လူသားအပေါင်းကို ကြဉ်၍ သင်တို့အတွက် သီးသန့်ဖြစ်သော်၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သေလိုသည့်ဇောရှိကြကုန်၊"ဟု ကြွေကြော်လော့။ |
| ၉၅။ | **وَلَن يَتَمَنَّوْهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ وَاللّهُ عَلِيمٌ بِالظَّالِمينَ۞**<br>သူတို့၏ ကြိုပို့ထားသော လက်ရာများကြောင့် မည်သည့်ခါမှ သေလိုသည့်ဇော မရှိကြပေ၊ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များကို သိနေတော်မူ၏။ |
| ၉၆။ | **وَلَتَجِدَنَّهُمْ أَحْرَصَ النَّاسِ عَلَى حَيَاةٍ وَمِنَ الَّذِينَ أَشْرَكُواْ يَوَدُّ أَحَدُهُمْ لَوْ يُعَمَّرُ أَلْفَ سَنَةٍ وَمَا هُوَ بِمُزَحْزِحِهِ مِنَ الْعَذَابِ أَن يُعَمَّرَ وَاللّهُ بَصِيرٌ بِمَا يَعْمَلُونَ۞**<br>သူတို့သည် ရောပြွန်းကိုးကွယ်သူများထက်ပင်[၈၈] အသက်ကို ဖက်တွယ်သော လူသားများ ဖြစ်ကြောင်း သင် တွေ့ရလိမ့်မည်၊ သူတို့ တစ်ယောက်ချင်းစီ နှစ်တစ်ထောင် အသက်တာကို လိုချင်ကြ၏၊ ထိုသို့ အသက်တာကို ရငြားသော်လည်း ဝဋ်ကြွေးမှ ပလပ်ခံရမည် မဟုတ်ပေ။ ပရမတ်ဘုရားရှင်သည် သူတို့၏ ကျင့်ကြံလေသမျှကို မြင်တွေ့နေ၏။ |

**(၈၈)** ရောပြွန်းကိုးကွယ်သူများဆိုသည်မှာ **မုရှရိက်ခ်**ကို ပြန်ဆိုခြင်း ဖြစ်ပေသည်။ ဆရာတော်ကြီးများက ထိုစကားလုံးကို ရုပ်ပွား ကိုးကွယ်သူများဟု ဘာသာပြန်ကြပေသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ဘုရားတစ်ဆူတည်း သီးသန့် ကိုးကွယ်မှု၏ ဆန့်ကျင်ဘက်၊ ဘုရားအများ ကိုးကွယ်မှု၊

၉၇။ قُلْ مَن كَانَ عَدُوًّا لِّجِبْرِيلَ فَإِنَّهُ نَزَّلَهُ عَلَى قَلْبِكَ بِإِذْنِ اللّهِ مُصَدِّقاً لِّمَا بَيْنَ يَدَيْهِ وَهُدًى وَبُشْرَى لِلْمُؤْمِنِينَ۞

ကုရ်အံ

ဟောပြောလော့ "ပရမတ်ဉာဏ်စဉ်၏[၈၉] ပြိုင်ဘက်သည် မည်သူနည်း၊" သူသည် ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် သင်၏ နှလုံးသား၌ **၎င်း**ကို ချမှတ်ပေး၏၊ **၎င်း**သည် လက်ရှိ– ရှိသည်များကို ဖြောင့်မှန်စေ၍၊ ယုံကြည်သူများအတွက် လမ်းညွှန်မှန်နှင့် သတင်းကောင်းပင် ဖြစ်၏။

၉၈။ مَن كَانَ عَدُوًّا لِّلّهِ وَمَلآئِكَتِهِ وَرُسُلِهِ وَجِبْرِيلَ وَمِيكَالَ فَإِنَّ اللّهَ عَدُوٌّ لِّلْكَافِرِينَ۞

မည်သူမဆို ပရမတ်ဘုရားရှင်၊ အရှင်၏နိမိတ်ဆောင်များ၊ အရှင်၏ဉာဏ်စဉ်ဆောင်များ၊ ပရမတ်ဉာဏ်စဉ်နှင့် လောကပါလဓမ္မ[၉၀] တို့၏ ပြိုင်ဘက်များဖြစ်အံ့– ကေန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူများ၏ ပြိုင်ဘက် ဖြစ်လေပြီ။

၉၉။ وَلَقَدْ أَنزَلْنَآ إِلَيْكَ آيَاتٍ بَيِّنَاتٍ وَمَا يَكْفُرُ بِهَا إِلاَّ الْفَاسِقُونَ۞

---

ဘုရားကို ကိုးကွယ်သည့်အပြင် အခြားသော ကောင်းနိုးရာရာ နတ်များကိုပါ ကိုးကွယ်မှု၊ ပရမတ်ဘုရားအပြင် လူသားအား ဘုရား၏ သားတော်ဟုလည်းကောင်း၊ ပရမတ်ဘုရား၏ ကိုယ်စားဟု လည်းကောင်း ခံယူ၍ ပရမတ်ဘုရားနှင့် လူသားနာယကများအား တွဲဘက်ကိုးကွယ်မှု အားလုံးကို ဆိုလိုပေသည်။ အစ္စလာမ်ဘာသာတွင် ပန်းချီ ပန်းပု မထုလုပ်ရဟု လည်းကောင်း၊ အမှတ်တရ ရုပ်ပုံများ မပြုလုပ်ရဟု လည်းကောင်း တားမြစ်ထားခြင်း မရှိပေ။ သို့သော် ထိုထုဆစ်ထားသော ရုပ်ပွားများကို အမှတ်တရအဖြစ်မှ လွဲ၍ ကိုးကွယ်ယုံကြည်မှု၌ မတည်ထားရဟူ၍သာ တားမြစ်ထားပေသည်။ ရုပ်ပွားဆင်းထု မထားရှိသည့်တိုင် ဘိုးတော် (ဘာဘာကြီး)များအား ဘုရားကဲ့သို့ ဆည်းကပ်ပူဇော်သူများလည်း ရောပြွန်းကိုးကွယ်သူများ၌ အကြုံးဝင်ပေသည်။

**(၈၉)** ဤသုတ်တော်မှ **ဂျီဗရာအီးလ်** **جِبْرِيل** သည် **မလာအိကာဟ်** ဖြစ်သည်ဟု ယူဆ ရာမှ ဆရာတော်ကြီးများ ကောင်းကင်တမန်မင်းကြီးဟု၊ ဘာသာပြန်ကြပေသည်။။ ထိုအယူအဆမှာ ဓမ္မဟောင်းကျမ်းစာ၏ ဒံယေလအနာဂတ္တိကျမ်း ၈း၁၆ ပါ "အခြားသော သူက၊ အို**ဂေါဗြေလ**၊ ထိုသူသည် ယခုမြင်သော ဗျာဒိတ်ရူပါရုံကို နားလည်စေခြင်းငှာ အနက်ကို ပြန်ပြောလော့၊––" ဟူသော သွန်သင်ချက်၏ သြဇာမကင်းပေ။ သမ္မာကျမ်းစာပါ ဤသွန်သင်ချက်သည် ထာဝရဘုရား၏ ဗျာဒိတ်တော်ကို **ဂေါဗြေလ** (အာရဗီအသံထွက်–**ဂျီဗရာအီးလ်**)က တဆင့် ဉာဏ်စဉ်ရသော လူသားကို ပြန်လည် ရှင်းပြရသည်ဟု ဆိုလိုပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဤအယူအဆမျိုး လုံး၀ မဖေါ်ပြပေ။ **မလာအိကာဟ်**သည် ကောင်းကင်တမန် (နတ်ဒေ၀ါ)များ မဟုတ်ကြောင်းကို အောက်ခြေအမှတ် (၂း၃၀)တွင် ဖေါ်ပြပြီး ဖြစ်ပေသည်။ ထိုထက်ပို၍ ခိုင်မာသည်က၊ ဆရာတော်ကြီးများ ယူဆသကဲ့သို့ **ဂျီဗရာအီးလ်** သည် **မလာအိကာဟ်** ဖြစ်သည်ဟု ကုရ်အာန်ကျမ်းတော်၏ မည်သည့်နေရာတွင်မှ ဆိုမထားခြင်းပင်။ ထို့အပြင် **ဂျီဗရာအီးလ်** ဆိုသည်မှာ အာရဗီစကား မဟုတ်ပေ။ ၎င်းသည် ဟီးဗရူး စကားဖြစ်၍ ဂျူးလူမျိုးများကို ဟောကြားသောအခါ ထိုဂျူး လူမျိုးများ အလွယ်တကူ နားလည်စေရန် သူတို့ နားယဉ်သည့် သူတို့၏ ဘာသာစကားဖြင့် ပြောလေ့ရှိပေသည်။ **ဂျီဗရာအီးလ်** ကို ကုရ်အာန်ကျမ်းတော်တွင်(၂း၉၇၊၉၈နှင့် ၆၆း၄) ၌ သုံးကြိမ် ဖေါ်ပြ၍ ထိုစကား၏ အဓိပ္ပါယ်ကို အာရဗီစကားဖြင့် **ရူးဟို့အမီးန်** ပရမတ်ဉာဏ်စဉ်ဟု ကျမ်းတော်၏ ၂၆း၁၉၃ တွင် ဖေါ်ပြထားပေ သည်။ ထို့ကြောင့် ဤသုတ်တော်၌ ၎င်းကို ပရမတ်ဉာဏ်စဉ် ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

**(၉၀)** နိမိတ်ဆောင်များ ဆိုသည်ကို ၂း၃၀ တွင် ကြည့်ပါ။ ၎င်းတို့သည် ခေတ်ကာလတိုင်းတွင် ရှိနေမည် ဖြစ်သည်၊ သတင်းတော်ဆောင်၊ ဉာဏ်စဉ်ဆောင်များ ပွင့်ပေါ်သော ခေတ်တွင်လည်း ထိုကိုယ်တော်များ၏ လက်အောက်တွင် လည်းကောင်း၊ ထိုကိုယ်တော်များနှင့် အလှမ်းဝေးသော အရပ်များတွင်လည်းကောင်း ရှိနေမည် ဖြစ်၍၊ ထိုကိုယ်တော်များ၏ နောက်ပိုင်း ကာလများတွင်လည်း နေရာဒေသ အသီးသီး၌ ရှိနေမည် ဖြစ်သည်။ ဤသုတ်တော်တွင် ဖေါ်ပြသော ပရမတ်ဉာဏ်စဉ် ဆိုသည်ကို အထက်တွင် ရှင်းပြပြီး ဖြစ်သည်၊ ဤသုတ်တော်မှ **လောကပါလဓမ္မ** ဆိုသည်မှာ **မီကိုင်းလ်** **مِيكَال** ကိုဘာသာပြန်ခြင်း ဖြစ်ပေသည်။ ၎င်းကို ဆရာတော်ကြီးများက **ဂျီဗရာအီးလ်** ကဲ့သို့ပင် ကောင်းကင်တမန် မင်းကြီးတစ်ပါးဟု အယူရှိကြပေသည်။ သို့သော် ကုရ်အာန်ကျမ်းတွင် ၎င်းကို ဤတစ်ကြိမ် တည်းသာ ဖေါ်ပြ၍ ဆရာတော်ကြီးများ ယူဆ သကဲ့သို့ **မလာအိကာဟ်** ဟု လုံး၀ ပြောမထားပေ။ ၎င်းသည်လည်း အာရဗီစကား မဟုတ်ဘဲ ဟီးဗရူးစကား သာလျှင် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ၎င်းကို "လောကအပေါင်းအား စောင့်ရှောက်သော မင်းကြီး" ဟု ခရစ်ယာန် သမ္မာကျမ်းစာကရော ဆရာတော်ကြီးများပါ လက်ခံ ထားသောကြောင့် သူတို့နားလည်ထားသော နတ်မင်းကြီး ဆိုသည့် အယူကို ပါယ်လိုက်လျှင် ၎င်းသည် လောကအပေါင်းအား စောင့်ရှောက်သော အရာဆိုသည်မှာ ထင်ရှားပေသည်၊ ထို့ကြောင့် ဤသုတ်တော်၌ လောကပါလဓမ္မဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။ ထို့အပြင် အစ္စလာမ်သာသနာဝင် အများစုက ကမ္ဘာကြီး ပျက်ချိန်တန်လျှင် လောကသား အပေါင်းတို့အား တံပိုးခရာမှုတ်၍ အသိပေးမည်ဆိုသည့် **အီဆရာဖီးလ်**၊ သတ္တဝါတို့၏ အသက်ဝိဉာဉ်ကို နှုတ်ယူမည့် **အီးစရာအီးလ်** ဆိုသည့် ကောင်းကင်တမန်မင်းကြီးများ ရှိသည်ဟု ဆရာတော်ကြီးများ၏ ပုံတိုပတ်စ သွန်သင်မှုများအတိုင်း ယုံကြည် လက်ခံထားကြပေသည်။ ဝမ်းနည်းစရာ ကောင်းသည်မှာ ထို အမည်များ ဖြစ်သည့် **အီစရာအီးလ်**နှင့် **အီစရာဖီးလ်** ဆိုသည်များကို ကုရ်အာန်ကျမ်းတော်တွင် ဖေါ်ပြထားခြင်း လုံး၀ မရှိသည့်အပြင် ထိုအယူအဆမျိုးကို သွန်သင်ထားခြင်းလည်း မရှိပေ။

| | |
|---|---|
| | ငါသည် သင့်အား ရှင်းလင်းသော သုတ်ဒေသနာများကို ချမှတ်ပေးတော်မူပြီ၊ ယုတ်မာသူများသည်သာ ၎င်းကို ဖုံးကွယ်ကြလိမ့်မည်။ |
| ၁၀၀။ | أَوَكُلَّمَا عَاهَدُواْ عَهْداً نَّبَذَهُ فَرِيقٌ مِّنْهُم بَلْ أَكْثَرُهُمْ لاَ يُؤْمِنُونَ۞<br>ကတိပြု ကတိဆိုလေတိုင်း သူတို့မှ အုပ်စုတစ်စုသည် ယင်းကို လှီးလွှဲကြသည် မဟုတ်လော၊ အမှန်မှာ သူတို့မှ အများစုသည် ယုံကြည်မှု မရှိကြပေ။ |
| ၁၀၁။ | وَلَمَّا جَاءهُمْ رَسُولٌ مِّنْ عِندِ اللّهِ مُصَدِّقٌ لِّمَا مَعَهُمْ نَبَذَ فَرِيقٌ مِّنَ الَّذِينَ أُوتُواْ الْكِتَابَ كِتَابَ اللّهِ وَرَاء ظُهُورِهِمْ كَأَنَّهُمْ لاَ يَعْلَمُونَ۞<br>သူတို့၌ ရှိရာကို ဖြောင့်မှန်စေသည့် ပရမတ်ဘုရားရှင်၏ထံမှ ဥာဏ်စဉ်ဆောင်တစ်ပါး သူတို့ထံသို့ ရောက်ရှိလာစဉ် ကျမ်းပေးခံရသူများမှ တစ်စုသည် လွှဲရှောင်ကြလျက်၊ ပရမတ်ဘုရားရှင်၏ ကျမ်းတော်ဟု မသိသယောင် ကျောခိုင်းပစ်ကြကုန်၏။ |
| ၁၀၂။<br><br>☆၅၁း၄၉၊ ၂း၃၅၊ ၃၃း၃၇ ဂိုဏ်းခွဲခြင်း | وَاتَّبَعُواْ مَا تَتْلُواْ الشَّيَاطِينُ عَلَى مُلْكِ سُلَيْمَانَ وَمَا كَفَرَ سُلَيْمَانُ وَلَكِنَّ الشَّيْاطِينَ كَفَرُواْ يُعَلِّمُونَ النَّاسَ السِّحْرَ وَمَا أُنزِلَ عَلَى الْمَلَكَيْنِ بِبَابِلَ هَارُوتَ وَمَارُوتَ وَمَا يُعَلِّمَانِ مِنْ أَحَدٍ حَتَّى يَقُولاَ إِنَّمَا نَحْنُ فِتْنَةٌ فَلاَ تَكْفُرْ فَيَتَعَلَّمُونَ مِنْهُمَا مَا يُفَرِّقُونَ بِهِ بَيْنَ الْمَرْءِ وَزَوْجِهِ وَمَا هُم بِضَآرِّينَ بِهِ مِنْ أَحَدٍ إِلاَّ بِإِذْنِ اللّهِ وَيَتَعَلَّمُونَ مَا يَضُرُّهُمْ وَلاَ يَنفَعُهُمْ وَلَقَدْ عَلِمُواْ لَمَنِ اشْتَرَاهُ مَا لَهُ فِي الآخِرَةِ مِنْ خَلاَقٍ وَلَبِئْسَ مَا شَرَوْاْ بِهِ أَنفُسَهُمْ لَوْ كَانُواْ يَعْلَمُونَ۞<br>သူတို့သည် ဆိုလိုင်မံ၏ သြဇာအာဏာကို ကျော်၍ မကောင်းဆိုးဝါးတို့ ရွတ်ဖတ်ရာကိုသာ လိုက်နာကြ၏၊ ဆိုလိုင်မံသည် ဖုံးကွယ်သူမဟုတ်၊ သို့သော် မကောင်းဆိုးဝါးတို့သည်သာ ဖုံးကွယ်သူများ ဖြစ်ကြ၏၊ သူတို့သည် လူသားတို့အား ပရောဂပညာနှင့် ဘောဘီလုံ နိမိတ်ဆောင် နှစ်ဦးဖြစ်သော ဟာရူးတ်နှင့် မာရူးတ်တို့ထံသို့ ချမှတ်ပေးရာကို သင်ယူကြ၏၊ သူတို့က "ကျွန်ုပ်တို့သည် ညှို့စားတတ်သူများ ဖြစ်၏၊ ဖုံးကွယ်သူများ မဟုတ်ပါ၊"ဟု မပြောဘဲ တစ်ဦး တစ်ယောက်ကိုမှ သင်မပေးခဲ့ချေ၊ ၎င်းတို့သည် သူတို့နှစ်ဦးထံမှ စုဖွဲ့မှု☆ ခွဲခြင်းကိုသာ သင်ယူကြ၏၊ သူတို့သည် ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ တစ်စုံတစ်ယောက်ကိုမှ မနစ်နာစေနိုင်ပေ၊ သူတို့ကိုယ်သာ နစ်နာစေမည့် အကျိုးမရှိရာကို သင်ယူကြလေပြီ၊ ထိုအရာကို ကူသန်းသူတို့အတွက် နောင်ဘဝ၌ ဝေစုမရှိကြောင်း သူတို့ မုချ သိကြကုန်၏၊ သူတို့၏ စရိုက်များကို ယုတ်ညံ့မှုဖြင့် ရောင်းကြပြီ၊ သူတို့ သိကြပါလေစ။ |
| ၁၀၃။ | وَلَوْ أَنَّهُمْ آمَنُواْ واتَّقَوْا لَمَثُوبَةٌ مِّنْ عِندِ اللَّه خَيْرٌ لَّوْ كَانُواْ يَعْلَمُونَ۞<br>အကယ်၍ သူတို့သည် သက်ဝင်ယုံကြည်လျက် စည်းစောင့်ကြလျှင် ပရမတ်ဘုရားရှင်၏ထံမှ ဆုလဒ်သည် ကောင်းမြတ်လှ၏၊ သူတို့ သိကြပါလေစ။ |
| ၁၀၄။ | يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَقُولُواْ رَاعِنَا وَقُولُواْ انظُرْنَا وَاسْمَعُوا ْ وَلِلكَافِرِينَ عَذَابٌ أَلِيمٌ۞<br>အို-ယုံကြည်သူတို့ "ကျွန်ုပ်တို့ကို ထောက်ထားပါ၊"ဟု[၆၁] မဆိုကြနှင့်၊ "ကျွန်ုပ်တို့ဘက်သို့ ရှုပါ၊"ဟု ဆိုကြလေ့၊ကြားနာကြလေ့ ဖုံးကွယ်သူများအတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |

(၆၁) **ရာအိနာ** رَاعِنَا ဟူသောစကားမှာ "ထောက်ထားစာနာ ကြည့်ရှုမှု"ဟု အဓိပ္ပါယ်ရပေသည်၊ သို့သော် ဆန့်ကျင်ဘက် အုပ်စုများက **ရာအိနာ** မှ "အိ" ကို လျှာလိပ်ခေါက် အသံဖျက်လျက် "အီ" ဟု ပြောင်းလိုက်လျှင် **ဆိတ်ကျောင်းသမား** ဟုလည်းကောင်း "ရာ" ကို "ရ"ဟု ဆိုလိုက်လျှင် ပြောဆိုသူအား **အရူး၊ အပေါ** ဟုလည်းကောင်း အဓိပ္ပါယ်သက်ရောက်ပေသည်။ မြန်မာစကားလုံး **ထောက်ထားပါ** ဆိုသည်မှာလည်း လွဲမှားသော အဓိပ္ပါယ်များကို ကောက်ယူနိုင်ပေသည်။ ထို့ကြောင့် "ရာအိနာ"ကို **ထောက်ထားပါ** ဝေါဟာရ ဖလှယ်ခြင်း ဖြစ်ပေသည်။ အစ္စလာမ် သာသနာတွင် တစ်ဦးနှင့်တစ်ဦး အသံဖျက်၍ အသရေဖျက်ခြင်း၊ နာမည်ပျက် ခေါ်ခြင်းများကို ပိတ်ပင်ထားပေသည်၊ မလေးမစား မအပ်မရာ နောက်ပြောင်ခြင်းကို

| | |
|---|---|
| ၁၀၅။<br><br>☆<br>၂း၇၀ | مَّا يَوَدُّ الَّذِينَ كَفَرُواْ مِنْ أَهْلِ الْكِتَابِ وَلاَ الْمُشْرِكِينَ أَن يُنَزَّلَ عَلَيْكُم مِّنْ خَيْرٍ مِّن رَّبِّكُمْ وَاللّهُ يَخْتَصُّ بِرَحْمَتِهِ مَن يَشَاء وَاللّهُ ذُو الْفَضْلِ الْعَظِيمِ۞<br>ကျမ်းစာဝိုင်းသားများမှ ဖုံးကွယ်သူနှင့် ရောပြွန်းကိုးကွယ်သူများသည်၊ သင်တို့အား ကံကြမ္မာရှင်ထံမှ ကောင်းမြတ်မှုကို မလိုလားကြပေ၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ ကရုဏာဖြင့် ရွေးကောက်တော်မူ၏၊ ပရမတ်ဘုရားရှင်သည် ကြီးကျယ်စွာ သိက္ခာပေးသောအရှင် ဖြစ်၏။ |
| ၁၀၆။ | مَا نَنسَخْ مِنْ آيَةٍ أَوْ نُنسِهَا نَأْتِ بِخَيْرٍ مِّنْهَا أَوْ مِثْلِهَا أَلَمْ تَعْلَمْ أَنَّ اللّهَ عَلَىَ كُلِّ شَيْءٍ قَدِيرٌ۞<br>ငါသည် မည်သည့် သုတ်ဒေသနာကိုမဆို ရုပ်သိမ်းသည်ဖြစ်စေ၊ ပယ်ဖျက်စေသည်ဖြစ်စေ ထို့ထက်ကောင်းမြတ်ရာ သို့မဟုတ် ပမာတူရာကို ပေးအပ်တော်မူ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ပြဋ္ဌာန်းတော်မူကြောင်း သင်တို့ မသိကြလေသလော။[၉၂] |
| ၁၀၇။ | أَلَمْ تَعْلَمْ أَنَّ اللّهَ لَهُ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَمَا لَكُم مِّن دُونِ اللّهِ مِن وَلِيٍّ وَلاَ نَصِيرٍ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်များနှင့် မြေတို့၏ အရှင်သခင် ဖြစ်ကြောင်း သင်တို့ မသိကြသလော၊ ပရမတ်ဘုရားရှင်နှင့် တုပြိုင်လျှက် ကွပ်ကဲသူ၊ ကူညီသူ ဟူ၍ သင်တို့အတွက် မရှိပေ။ |
| ၁၀၈။ | أَمْ تُرِيدُونَ أَن تَسْأَلُواْ رَسُولَكُمْ كَمَا سُئِلَ مُوسَى مِن قَبْلُ وَمَن يَتَبَدَّلِ الْكُفْرَ بِالإِيمَانِ فَقَدْ ضَلَّ سَوَاء السَّبِيلِ۞<br>သို့တည်းမဟုတ်၊ သင်တို့အတွက် ပွင့်ပေါ်သော ဉာဏ်စဉ်ဆောင်အား ရှေးယခင်က မူဆာအား ခွန်းတုံ့ပြန်သကဲ့သို့ ခွန်းတုံ့ပြန်ကြမည်လော၊ လမ်းမှန်တရားအား ဖုံးကွယ်ခြင်းဖြင့် လဲလှယ်သောသူအတွက် မုချ ပကတိ လမ်းစဉ်ဆိုးသာ ရှိနေ၏။[၉၃] |

---

ပညာမဲ့တို့၏ အကျင့်စရိုက်ဟု အစ္စလာမ် သွန်သင်ပေသည်။ ထိုကြောင့် ထိုသို့သောစကားလုံးများကို လူမှု ဆက်ဆံရေး နယ်ပယ်၌ မပြောဆိုရန် တားမြစ်ပေသည်။

(၉၂) ပုံတိုပတ်စများ၏ နောက်သို့လိုက်ရင်း ဤသုတ်တော်အား အချို့ဆရာတော်ကြီးများ၏ ဖွင့်ဆိုချက်မှာ လွန်စွာ ဝမ်းနည်းဘွယ်ရာ ဖြစ်သည်။ ၎င်းတို့က ကုရ်အာန်ကျမ်းတော်မှ သုတ်တော် ၅ ပါးထက်မနည်း၊ သို့မဟုတ် အချို့က သုတ်တော်ပေါင်း ၁၀၀ မကကို ပယ်ဖျက်ထားပြီး ဖြစ်၍ အတည် ယူရန် မလိုဟု ဆိုသည်။ ထိုအဆိုမှာ လုံးဝ အမှားတရား သာလျှင် ဖြစ်သည်။ မည်သည့် ကျမ်းချက်တော်ကို ပယ်ဖျက်ထား သနည်းဟု မေးလိုက်လျှင် ၎င်းတို့ကိုယ်တိုင် ဝေဝေဝါးဝါးပင် အတိအကျ မသိကြပေ။ ဤအဆိုကို ကျမ်းမြတ် ကုရ်အာန် ကိုယ်တိုင်က လုံးဝ ဆိုမထားသည့် အပြင် ကိုယ်တော် မုဟမ္မဒ် ကိုယ်တိုင်လည်း လုံးဝ ပြောမထားပေ။ ဤသုတ်တော်ပါ "သုတ်ဒေသနာများအား ရုပ်သိမ်းသည်၊-ပယ်ဖျက်စေသည်၊" ဆိုခြင်းမှာ၊ ကိုယ်တော်မုဟမ္မဒ်၏ အလျှင် ဉာဏ်စဉ်ဆောင်များမှ တဆင့် ချမှတ်ပေးသည့် ဥပဒေများ၊ ရှေးကျမ်းများမှ အချို့သုတ်တော်များကို ဆိုခြင်း ဖြစ်ပေသည်။ ၎င်းကို ၂း၉၀ တွင် သုတ်တော်များအား သူတို့ဖာသာ သူတို့ ဖုံးကွယ်ကြသည်ဟု ဆိုထားပြီး၊ ၂း၉၁ တွင် သူတို့အား သုတ်တော်သစ် (အစားထိုး လိုက်သော ဥပဒေ)ကို လိုက်နာရန် ဖိတ်ခေါ်သောအခါ၊ သူတို့က ဥပဒေဟောင်းကိုသာ ယုံကြည်ကြောင်း၊ ၂း၁၀၅ တွင် သင်တို့အား **ကောင်းမြတ်မှုကို မလိုလားကြ** ဆိုသည်မှာ သင်ထံသို့ ဉာဏ်စဉ်တော်အားဖြင့် ဥပဒေသစ်များ (ပရမတ္ထသစ္စာ) ချီးမြှင့်ခံရသည်ကို မလိုလားကြကြောင်း စသည့် သုတ်တော်များက ထောက်ပြထားပေသည်။ ကျမ်းတော်ပါ သုတ်တော် တစ်ချို့အား ပယ်ဖျက်လိုက်ပြီဟု ယုံကြည်သော သူများမှာ ကုရ်အာန်ကျမ်းတော်၌ သူတို့၏ ယုံကြည်မှုမှာ ၁၀၀ ရာနှုန်း ပြည့်တော့မည် မဟုတ်ပေ။ ကျမ်းတော်မှ သူတို့ယုံကြည်သလို ပယ်ဖျက်သော ကျမ်းချက်များအား နှုတ်ပစ်ရမည် ဖြစ်တော့သည်။ ထို့ကြောင့် မိမိကိုယ် မိမိ အစ္စလာမ် သာသနာဝင် ဖြစ်ပါသည်ဟု ခံယူသော သူများ အနေဖြင့် မည်သည့် ယုံကြည်ချက်အား မဆို ဤကုရ်အာန်ကျမ်းတော်ဖြင့် စစ်ဆေးတိုက်ဆိုင်ကြည့်ရမည်မှာ အရေးကြီးလှပေသည်။

(၉၃) ဤသုတ်တော်မှ ပေးသော ဥပမာသည် လွန်စွာရိုးရှင်းသော ဥပမာ ဖြစ်ပေသည်၊ မည်သည့် လူမျိုး မည့်သည့် အရပ်ကပင်ဖြစ်စေ ဉာဏ်စဉ်ဆောင် ပုဂ္ဂိုလ်တစ်ပါး ပွင့်ပေါ်ခဲ့သည်နှင့် သူ့ကို အဓိက ပြဿနာရှာသူများမှာ သူ့လူမျိုးများ ကိုယ်တိုင်ပင် ဖြစ်ပေသည်။ ယခု နောက်ဆုံး ပွင့်ပေါ်လာသော ကိုယ်တော်မုဟမ္မဒ်နှင့် ပတ်သက်၍ စောဒကတက်ကြသည်မှာ အသစ်အဆန်း မဟုတ်တော့ပေ၊ ကိုယ့်တော် အလျှင်က ဉာဏ်စဉ်ဆောင် (ပညတ်ဘုရားများ) အားလုံးသည်လည်း ဤကဲ့သို့ စောဒကတက်ခံ ခဲ့ကြရသည်ပင်။ ထိုသို့ဖြစ်ရခြင်းမှာ မနာလို ဝန်တိုမှုကြောင့် ဖြစ်သည် ဟု သုတ်တော် (၁၀၉)တွင် ထောက်ပြထားပေသည်။

| | |
|---|---|
| ၁၀၉။ | وَدَّ كَثِيرٌ مِّنْ أَهْلِ الْكِتَابِ لَوْ يَرُدُّونَكُم مِّن بَعْدِ إِيمَانِكُمْ كُفَّاراً حَسَدًا مِّنْ عِنْدِ أَنفُسِهِم مِّن بَعْدِ مَا تَبَيَّنَ لَهُمُ الْحَقُّ فَاعْفُواْ وَاصْفَحُواْ حَتَّى يَأْتِيَ اللّهُ بِأَمْرِهِ إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ ۝<br>ကျမ်းစာဝိုင်းသားများမှ အများစုသည် သူတို့အတွက် သစ္စာတရားကို ရှင်းလင်းစေပြီးမှ သူတို့ စရိုက်၏ ဝန်တိုမှုများကြောင့် သင်တို့အား ယုံကြည်ခြင်းမှ ဖုံးကွယ်သူအဖြစ် ပြောင်းစေလိုကြ၏၊ ပရမတ်ဘုရားရှင်၏ စီမံချက် ပေးရောက်သည့်တိုင် ခွင့်လွှတ် စိတ်ရှည်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ပြဋ္ဌာန်းတော်မူ၏။ |
| ၁၁၀။ | وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ وَمَا تُقَدِّمُواْ لأَنفُسِكُم مِّنْ خَيْرٍ تَجِدُوهُ عِندَ اللّهِ إِنَّ اللّهَ بِمَا تَعْمَلُونَ بَصِيرٌ ۝<br>စိတ်လေ့ကျင့်မှု မြဲကြလော့၊ လူမှုဖူလုံကြေး ပေးကြလော့။ သင်တို့၏ စရိုက်အတွက် တင်ကြိုပို့သော ကောင်းမှုတို့အား ပရမတ်ဘုရားရှင်၏ အထံ၌ တွေ့ရလတ္တံ့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်သိနေတော်မူ၏။ |
| ၁၁၁။ | وَقَالُواْ لَن يَدْخُلَ الْجَنَّةَ إِلاَّ مَن كَانَ هُوداً أَوْ نَصَارَى تِلْكَ أَمَانِيُّهُمْ قُلْ هَاتُواْ بُرْهَانَكُمْ إِن كُنتُمْ صَادِقِينَ ۝<br>"ရေဝတီ သို့မဟုတ် ခရစ်ယာန် မဟုတ်သူသည် သုခဘုံသို့ မဝင်ရ၊"ဟု ပြောကြသူတို့ ရှိ၏၊[၉၄] ၎င်းသည် သူတို့၏ ဇောဆန္ဒပေတည်း၊ "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် အထောက်အထား ပြကြ၊"ဟု တောင်းဆိုလော့။ |
| ၁၁၂။ | بَلَى مَنْ أَسْلَمَ وَجْهَهُ لِلّهِ وَهُوَ مُحْسِنٌ فَلَهُ أَجْرُهُ عِندَ رَبِّهِ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ ۝<br>အမှန်မှာ ပရမတ်ဘုရားရှင်အား ရှေ့ရှု၍ ငြိမ်းချမ်းရေးပြုသော– ထိုသူမွန်အတွက် ဆုလဒ်မှာ ကံကြမ္မာရှင်၏ အပါး၌ ရှိနေပြီ၊ သူတို့သည် ပူဆွေးရမည်မဟုတ် သောကဖြစ်ရမည်လည်း မဟုတ်ပေ။ |
| ၁၁၃။<br><br>☆၂း၁၇၄ | وَقَالَتِ الْيَهُودُ لَيْسَتِ النَّصَارَى عَلَىَ شَيْءٍ وَقَالَتِ النَّصَارَى لَيْسَتِ الْيَهُودُ عَلَى شَيْءٍ وَهُمْ يَتْلُونَ الْكِتَابَ كَذَلِكَ قَالَ الَّذِينَ لاَ يَعْلَمُونَ مِثْلَ قَوْلِهِمْ فَاللّهُ يَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُواْ فِيهِ يَخْتَلِفُونَ ۝<br>ရေဝတီတို့က ခရစ်ယာန်တို့အား "အချည်းနှီးပင်၊"ဟု ဆိုကြ၍၊ ခရစ်ယာန်တို့ကလည်း ရေဝတီတို့ကို "အချည်းနှီးပင်၊"ဟု ဆိုကြ၏၊ သူတို့သည် ကျမ်းစာကို ရွတ်ဖတ်နေကြလျက် ဤသို့ ပညာမရှိသူများ ပြောသည့်ပမာ ပြောဆို နေကြ၏၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်သည် သူတို့၏ ကွဲလွဲချက်များကို ရပ်တည်မြဲမြံသောနေ့၌☆ စီရင်ချက် ချတော်မူမည်။ |
| ၁၁၄။ | وَمَنْ أَظْلَمُ مِمَّن مَّنَعَ مَسَاجِدَ اللّهِ أَن يُذْكَرَ فِيهَا اسْمُهُ وَسَعَى فِي خَرَابِهَا أُوْلَئِكَ مَا كَانَ لَهُمْ أَن يَدْخُلُوهَا إِلاَّ خَآئِفِينَ لهُمْ فِي الدُّنْيَا خِزْيٌ وَلَهُمْ فِي الآخِرَةِ عَذَابٌ عَظِيمٌ ۝<br>အရှင်၏ ဂုဏ်တော်များအား သတိယူသောသူများကို ပရမတ်ဘုရားရှင်၏ ဝတ်ကျောင်းတော်မှ ပိတ်ပင်၍၊ သူတို့အား ဖြိုဖျက်ရန် ကြိုပမ်းသူထက် အဘယ်သူက အမိုက်ပိုစီး ဦးမည်နည်း၊ သူတို့ကိုယ်တိုင် ကြောင့်ကြကြီးစွာ ဝင်လာသူများ ဖြစ်သင့်၏၊ သူတို့အတွက် လောကီ၌ အရှက်ရခြင်းနှင့် နောင်ဘဝ၌ ဝဋ်ကြွေး ကြီးကြီး ရှိနေ၏။ |
| ၁၁၅။ | وَلِلّهِ الْمَشْرِقُ وَالْمَغْرِبُ فَأَيْنَمَا تُوَلُّواْ فَثَمَّ وَجْهُ اللّهِ إِنَّ اللّهَ وَاسِعٌ عَلِيمٌ ۝<br>နေထွက်ရာ၊ နေဝင်ရာတိုင်းသည် ပရမတ်ဘုရားရှင်၏အချုပ်အခြာ၌ ရှိ၏၊ သင်တို့၏ လှည့်ရာဘက်တိုင်းသည် ပရမတ်ဘုရားရှင်၏ မျက်မှောက်တော်ဖြစ်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဥဇ္ဇာစေစားနေ၏[၉၅] သိနေတော်မူ၏၊ |

(၉၄) မည်သည့် ဘာသာကို ကိုးကွယ်၍ ငရဲကျမည်ဟူသော အယူအား အစ္စလာမ်သာသနာက လုံးဝ လက်မခံပေ၊ ဘာသာတရား၏ ခေါင်းစဉ်ထက် လူတစ်ဦးချင်းစီ၏ အကျင့်စရိုက်က အဓိကကျသည် ဟုသာ သွန်သင်ပေသည်။ ၎င်းကို သုတ်တော် (၂း၆၂) ရှင်းလင်းစွာ ပြောထားပေသည်။

| | |
|---|---|
| ၁၁၆။ | وَقَالُواْ اتَّخَذَ اللهُ وَلَدًا سُبْحَانَهُ بَل لَّهُ مَا فِي السَّمَاوَاتِ وَالأَرْضِ كُلٌّ لَّهُ قَانِتُونَ۞<br>“ပရမတ်ဘုရားရှင်သည် ကိုယ်ပွား ထားရှိ၏၊”ဟု[၉၆] ဆိုကြ၏။ အမှန်မှာ အရှင်သည် အတုမဲ့ ဖြစ်၏၊ မိုးမြေ၌ ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ခပ်သိမ်းကုန်သည် အရှင့်အား ကျိုးနွံနေရ၏။ |
| ၁၁၇။ | بَدِيعُ السَّمَاوَاتِ وَالأَرْضِ وَإِذَا قَضَى أَمْراً فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ۞<br>မိုးမြေတို့ကို စတည်စေသော[၉၇]အရှင်၏ အတည်ပြု စီမံချက် “ဖြစ်၊”ဟု မိန့်ဆိုသော် သို့ဖြင့် ဖြစ်လာရမည်ပင်။[၉၈] |
| ၁၁၈။<br><br>✡ ၂း၄ | وَقَالَ الَّذِينَ لاَ يَعْلَمُونَ لَوْلاَ يُكَلِّمُنَا اللهُ أَوْ تَأْتِينَا آيَةٌ كَذَلِكَ قَالَ الَّذِينَ مِن قَبْلِهِم مِّثْلَ قَوْلِهِمْ تَشَابَهَتْ قُلُوبُهُمْ قَدْ بَيَّنَّا الآيَاتِ لِقَوْمٍ يُوقِنُونَ۞<br>အသိမဲ့သူများက “ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား မုက္ခပါတ်တော် သို့မဟုတ် သုတ်ဒေသနာ အဘယ်ကြောင့် မပေးသနည်း၊”ဟု ဆိုကြ၍[၉၉] ရှေး သူတို့လည်း ဤအတိုင်းပင် ပြောခဲ့ပြီ၊ သူတို့၏ နှလုံးသားမှာ အတူတူပင်၊ ငါသည် အကြွင်းမဲ့ယုံသော✡ လူမျိုးအတွက် သုတ်ဒေသနာတော်များကို ရှင်းလင်းထားပြီး ဖြစ်၏။ |

---

(၉၅) ဝါးဆေအွန် **وَاسِعٌ** ဆိုသည်မှာ ပတ်လည်ဝိုင်းထားသည်၊ ပတ်ပတ်လည်တွင် တည်ရှိသည်ဟု ဖြစ်၍ ဉာဏ်စေစားနေသည် ဟုလည်း ဖြစ်သောကြောင့် ဤသုတ်တော်မှ “သိနေတော်မူ၏” ဆိုသည့် စကားလုံးက ထိုသို့ ပြန်ဆိုရန် အကိုက်ညီဆုံး ဖြစ်ပေသည်။

(၉၆) ကိုယ်ပွားဟု ဘာသာပြန်သော **ဝ လ ဒန် وَلَدًا** မှာ တိုက်ရိုက် အဓိပ္ပါယ်အားဖြင့် ‘သားတော်’ဟု ဖြစ်ပေသည်။ သို့သော် သူတို့ဆိုလိုသော သားတော် ဆိုသည်မှာ ပရမတ်ဘုရားရှင်၏ ကိုယ်စားလောက၌ ပွင့်ပေါ်ရသော သားတော်ဟု ဖြစ်သောကြောင့် ကိုယ်ပွားဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ သားသမီးရတနာကိုလည်း ကိုယ်ပွားများဟု ဆိုသောကြောင့် ဘာသာပြန်ဆိုမှုမှာ လုံးဝမှားယွင်းခြင်း မရှိပေ။ အစ္စလာမ်သာသနာက ပရမတ်ဘုရားရှင်၌ ကိုယ်ပွားရှိသည် ဆိုသည့် အယူအဆကို လုံးဝ လက်ခံပေ။ ထိုကိုယ်ပွားဟု ဂုဏ်ပုဒ်တပ်ခံရသူများ၊ ဉာဏ်စဉ်ဆောင်များ အပါအဝင် လောက၌ ရှိလေသမျှသော အရာများသည် အရှင့်အား ကျိုးနွံနာခံ နေရသည်ဟု ပွင့်ပွင့်လင်းလင်းပင် ဆိုထားပေသည်။

(၉၇) **ဗဒီ بَدِيع** ဆိုသည်မှာ မရှိရာမှ ရှိရာသို့ဖြစ်လာသည်ဟု အနက်ပေးပေသည်။ ပရမတ်ဘုရားရှင်သည် လောကအပေါင်း ဖြစ်တည်လာစေရန် စီစဉ်မှု၌ ရုပ်ပြောင်းဖန်ဆင်းခြင်း မဟုတ်ကြောင်းကို (၂း၂၁)တွင် ရှင်းပြပြီးဖြစ်သည်။ အရှင်၏ ဆန္ဒတော်ကသာ စကြာဝဠာ အပေါင်း ဖြစ်တည်လာခြင်း အတွက် အခရာဖြစ်ပေသည်။ ဤရှင်းလင်းချက်ကဲ့သို့ ပိဋကတ်တော်၏ သံယုတ်ပါဠိ၊ သဂါထာဝဂ္ဂ၌ “စိတ္တေန၊ နီယျတိ၊ လောကော၊ စိတ္တေန၊ ပရိကဿတိ၊ စိတ္တဿ၊ ဧကဓမ္မဿ၊ သဗ္ဗေဝ အန္တဂူ။” **လောကော လောကကို၊ စိတ္တေန စိတ်သည်၊ နိယိတိ ဖြစ်အောင်ဆောင်အပ်၏၊ နိယျတိ ဖျက်လည်းဖျက်ဆီးအပ်၏၊ လောကော လောကကို၊ စိတ္တေန စိတ်သည်၊ ပရိကဿတိ ပြုပြင်၏၊ စိတ္တဿ စိတ်ဟုဆိုအပ်သော၊ ဧကဓမ္မဿ တစ်ခုတည်းသော တရား၏၊ ဝသံ အလိုသို့၊ သဗ္ဗေဝ အလုံးစုံသောတရားတို့သည်ပင်၊ အန္တဂူ အစဉ်လိုက်ကြရကုန်၏၊** ဟု ဖေါ်ပြထားသည်ကို တွေ့ရပေသည်။ ထို့ကြောင့် အစ္စလာမ်ဘာသာက ပြဆိုသော လောကအပေါင်းအား ဖြစ်တည်မှုသည် မြန်မာ ဗုဒ္ဓဘာသာဝင်များအတွက် အလွန်တရာ အလှမ်းဝေးနေသည် မဟုတ်ပေ။

(၉၈) **كُنْ فَيَكُونُ ကွန်း၊ ဖ–ယကူးန**၊ ဖြစ်ဟုဆိုလျှင် ဖြစ်ရမည်တည်း၊ ဆိုသည်မှာ ဖြစ်ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဝုန်း ဒိုင်း ဖြစ်လာသည် မဟုတ်ပေ။ စီမံကိန်းတစ်ခုကို တည်ဆောက် ဖြစ်တည်စေသည့် ပုံစံပင် ဖြစ်ပေသည်။ ထိုအချက်ကို အတည်ပြု စီမံချက်ဟု ဆိုသော စကားလုံး **قَضَى ကဿွာ** က ထောက်ပြထားပေသည်။ **ကဿွာ** ဆိုသည်မှာ ပြန်လည် ဖြည့်စွက်သည်ဟု အနက်ပေးသောကြောင့် အစ္စလာမ် ဘာသာဝင်များက စိတ်လေ့ကျင့်မှု (ဆွလတ်) ငါးကြိမ်မှ ပျက်ကွက်သော အကြိမ်များကို ပြန်လည် ဖြည့်စွပ်ခြင်းကို **ကဿွာ** ဖြည့်သည်ဟု ဆိုကြပေသည်။ ဖြစ်တည်ရန် လိုအပ်ချက်များကို ဖြည့်ဆီးလျှက် လောက စကြာဝဠာအပေါင်းအား ဖြစ်တည်လာစေခြင်း ဖြစ်ပေသည်။ ထို့အတွက် အခြား အထောက်အထားမှာ ချက်ခြင်း ဖြစ်တည်ခြင်း မဟုတ်သော **“ဖယကူးန”** သို့ပြီးနောက် အဆင့်ဆင့်ဖြစ်လာမည်ဟု အနာဂါတ်ပြ ကြိယာကို သုံးထားခြင်း ဖြစ်သည်။ ဤစကားလုံးကို ကိုယ်တော်ယေရှုအား ဖြစ်တည်စေမှု၌လည်း တွေ့ရပေသည်၊ (၃း၄၇)။ သို့သော် “ဖြစ်၊”ဟု ပြောလိုက်သည်နှင့် ကိုယ်တော်ယေရှုမှာ မိခင်မာရိ၏ ရှေ့၌ ဝုန်းကနဲ ပေါ်လာခြင်း မဟုတ်ပေ။ သူ့အား ကိုယ်ဝန် ဆောင်ရသည်။ မွေးဘွားရသည်၊ ယံရာမှ ကြီးပြင်းရသည် (၁၉း၂၂–၃၂) စသည်ဖြင့် အဆင့်ဆင့် ဖြစ်ရလာရခြင်း ဖြစ်ပေသည်။

(၉၉) ကိုယ်တော် မုဟမ္မဒ် ပွင့်ပေါ်လာသောအခါ မလိုသူများက မိမိထံ၌ အဘယ်ကြောင့် ဉာဏ်စဉ်တော် မကိန်းဝပ်လေသနည်း၊ မိမိ၏ အမျိုးသားချင်းထဲမှ အဘယ်ကြောင့် ဉာဏ်စဉ်ဆောင် မပွင့်ပေါ်လေသနည်းဟု စောဒက တက်ကြပေသည်။ ပညတ်ဘုရားရှင် (ဉာဏ်စဉ်ဆောင်) ဖြစ်ခွင့်ကို မူပိုင်ဆွဲထား၍ မရပေ။ အထုံပါရမီသာလျှင် အဓိက ဖြစ်ပေသည်။ မည်သို့ဆိုစေ ပညတ်ဘုရားရှင် (ဉာဏ်စဉ်ဆောင်) ဆိုသည်မှာ လမ်းပြခေါင်းဆောင် တစ်ပါး ဖြစ်၍ လူမျိုးမှာ အဓိကမဟုတ်၊ ထိုကိုယ်တော် ညွှန်ကြားပြသသော လမ်းစဉ်သည်သာ အဓိကဖြစ်ကြောင်းကို နားလည် သင့်ပေသည်။

| | |
|---|---|
| ၁၁၉။<br><br>စေလွှတ်<br>☆ ၉း၃၃ | إِنَّا أَرْسَلْنَاكَ بِالْحَقِّ بَشِيرًا وَنَذِيرًا وَلاَ تُسْأَلُ عَنْ أَصْحَابِ الْجَحِيمِ۞<br>ငါသည် သင့်အား သစ္စာတရားအားဖြင့် သတင်းကောင်းပါးသူ၊ သတိပေးသူအဖြစ် **စေစား**တော်မူ၏၊☆ ငရဲကောင်များ နှင့် စပ်လျဉ်း၍ သင့်အား စစ်ကြောမည် မဟုတ်ပေ။ |
| ၁၂၀။ | وَلَن تَرْضَى عَنكَ الْيَهُودُ وَلاَ النَّصَارَى حَتَّى تَتَّبِعَ مِلَّتَهُمْ قُلْ إِنَّ هُدَى اللّهِ هُوَ الْهُدَى وَلَئِنِ اتَّبَعْتَ أَهْوَاءهُم بَعْدَ الَّذِي جَاءكَ مِنَ الْعِلْمِ مَا لَكَ مِنَ اللّهِ مِن وَلِيٍّ وَلاَ نَصِيرٍ۞<br>ရေဝတီများ ခရစ်ယာန်များက သူတို့၏ ကျင့်စဉ်ကို မလိုက်နာသရွေ့ သင့်အား ကျေနပ်မည် မဟုတ်ပေ။ "ပရမတ်ဘုရားရှင်၏ လမ်းညွှန်မှုသည်သာ လမ်းညွှန်မှန် ဖြစ်၏၊"ဟု ဟောပြောလော့၊ သင့်ထံသို့ အသိပညာရောက်ရှိပြီးမှ သူတို့၏ လိုဘများကို လိုက်နာလျှင် ပရမတ်ဘုရားရှင်၏ ကွပ်ကဲမှု၊ ကူညီမှုသည် သင့်အတွက် မရှိပြီ။ |
| ၁၂၁။ | الَّذِينَ آتَيْنَاهُمُ الْكِتَابَ يَتْلُونَهُ حَقَّ تِلاَوَتِهِ أُوْلَئِكَ يُؤْمِنُونَ بِهِ وَمن يَكْفُرْ بِهِ فَأُوْلَئِكَ هُمُ الْخَاسِرُونَ۞<br>ငါက ကျမ်းစာပေးသောသူများသည်၊ ၎င်းကို မှန်မှန်ကန်ကန် ဖတ်ခြင်းဖြင့် ရွတ်ဖတ်ကြသော် ယင်း၌ ယုံကြည်သူများ ဖြစ်ကြ၏၊ ၎င်းကို ဖုံးကွယ်သောသူများသည် ဆုံးရှုံးသူများ ဖြစ်ချေပြီ။ |
| ၁၂၂။<br><br>၂း၄၇ | يَا بَنِي إِسْرَائِيلَ اذْكُرُواْ نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَنِّي فَضَّلْتُكُمْ عَلَى الْعَالَمِينَ۞<br>အိုဂျူးလူမျိုးတို့ သင်တို့အား ငါ ဂုဏ်ပေးသည့် ဂုဏ်ပုဒ်များကို သတိရကြလော့၊ ငါသည် သင်တို့ကို ကပ်ကမ္ဘာ အပေါင်းထက် သိက္ခာပေးခဲ့ပြီ။ |
| ၁၂၃။<br><br>၂း၄၈ | وَاتَّقُواْ يَوْماً لاَّ تَجْزِي نَفْسٌ عَن نَّفْسٍ شَيْئاً وَلاَ يُقْبَلُ مِنْهَا عَدْلٌ وَلاَ تَنفَعُهَا شَفَاعَةٌ وَلاَ هُمْ يُنصَرُونَ۞<br>ဉာဉ်တစ်ခုက ဉာဉ်တစ်ခုအတွက် အကျိုးလုံးဝမပေးသော၊ အမျှဝေ၍ မပြည့်သော၊ အလျှော်အစားကို လက်မခံသော၊ ကူညီမှုများ ကင်းမဲ့သော ကာလအတွက် စည်းစောင့်ကြလော့။ |
| ၁၂၄။ | وَإِذِ ابْتَلَى إِبْرَاهِيمَ رَبُّهُ بِكَلِمَاتٍ فَأَتَمَّهُنَّ قَالَ إِنِّي جَاعِلُكَ لِلنَّاسِ إِمَامًا قَالَ وَمِن ذُرِّيَّتِي قَالَ لاَ يَنَالُ عَهْدِي الظَّالِمِينَ۞<br>အီဗရာဟီးမ်အား[100] ကံကြမ္မာရှင်က မုက္ခပါတ်တော်ဖြင့် စုံစမ်းသောအခါ သူသည် ကျေပွန်ခဲ့၏။ အရှင်က "ငါသည် သင့်အား လူသားတို့၏ ရှေ့ဆောင်အဖြစ် ခန့်တော်မူပြီ၊"ဟု မိန့်ဆိုသော်၊ သူက "တပည့်တော်၏ သားမြေးများမှ ကော၊"ဟု ပြန်လျှောက်၏၊ "ငါ၏ ကတိတော်သည် အမိုက်ကောင်များနှင့် မဆိုင်ပေ၊"ဟု မိန့်တော်မူ၏။ |

**(၁၀၀)** အီဗရာဟီးမ် ဆိုသည်မှာ လူမျိုးများ၏ ဖခင်ဟု အနက်ရပေသည် (ဓမ္မဟောင်းကျမ်း၏ ကမ္ဘာဦးကျမ်း ၁၇း ၆)။ ဤသုတ်တော်တွင် ဆိုသည့် "အမိုက်ကောင်များနှင့် မဆိုင်ပေ" ဆိုသည်မှာ သူ့မျိုးနွယ်အားလုံးကို ဆိုလိုခြင်း မဟုတ်ပေ၊ သူမျိုးနွယ်ထဲမှ မကောင်းမှုဆောင်သူ၊ အဝိဇ္ဇာစီးသူများကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ နောက်ဆုံးပွင့် ဥဇ္ဇာစဉ်ဆောင် ကိုယ်တော်မုဟမ္မဒ်သည် သူ၏မျိုးနွယ်ထဲမှ ဖြစ်ပေသည်။ ဤနေရာ၌ အလျှဉ်းသင့်၍ တင်ပြစရာ အနည်းငယ် ရှိပေသည်။ မြန်မာ ဗုဒ္ဓဘာသာများ အနေဖြင့်လည်း ဤဘဒ္ဒကမ္ဘာ၌ နောက်ဆုံးပွင့် ပညတ်ဘုရား တစ်ပါး ပွင့်ပေါ်ရန် ရှိပေသည်။ ထို ကိုယ်တော်၏ အလျှင် စကြာဝတေးမင်းကြီး သင်္ခါ ပွင့်ပေါ်လာမည်ဟု ပိဋကတ်တော် စက္ကဝတ္တိသုတ်၌ ဆိုထားပေသည်။ ထိုမင်းကြီးတွင် အခြွေအရံ မိဘုရားများနှင့် ပြည့်စုံသည့်အပြင် အဖိုးထိုက်လှသော သားဦးရတနာနှင့် သားသမီးများ အထောင်အသောင်း ရှိလိမ့်မည်ဟု ဆိုထားပေသည်၊ (စက္ကဝတ္တိသုတ် ၁၀၆)။ ပိဋကတ်တော်တွင် ဖေါ်ပြသော စကားလုံးများအား ရှေးသုံး ပေါရာဏ ဝေါဟာရများနှင့် မကောက်ယူခဲ့သော် မင်းကြီး သင်္ခါ၏ သမိုင်းသည် အီးဗရာဟီးမ်၏ သမိုင်းနှင့် လွန်စွာ နီးကပ်မှု ရှိလှပေသည်။ ထိုသုတ်နံပါတ်၌ မင်းကြီးပေါ်ထွန်းမည့် အရပ်သည် **ဇမ္ဗူဒီပါကျွန်း**ဟု ဆိုထားပြီး၊ **ထိုကျွန်းသည် ကျူပင် မြက်ပင်နှင့်တောတောင် ထူထပ်မှုတို့ကင်းသည့် လူအများနေထိုင်ရာ အရပ်**ဟု ဆိုထားသဖြင့် ထိုအရပ်သည် တောတောင်များ အလွန်ထူပြောသည့် ဟိမဝန္တာနှင့် နီးစပ်သည့် အရပ်ဒေသ မဖြစ်နိုင်ပေ။ ကျွန်းဆွယ် တစ်ခုခုသာ ဖြစ်နိုင်စရာရှိပေသည်။ ထိုအချက်ကို အဆိုပါသုတ်တော်၏ ဖေါ်ပြချက်အရ **ပင်လယ်လေးတန်နှင့် ဝန်းရံလျှက်ရှိသည်** ဆိုသည်က ခိုင်မာစေပေသည်။ တဖန် **မင်းကြီးတွင် သားသမီး အထောင်အသောင်းရှိမည်** ဟူသော အချက်မှာလည်း၊ **အီဗရာဟီးမ်အား ကောင်းကင်မှ ကြယ်များ၏ အရေအတွက်ကို မရေတွက်နိုင်သကဲ့သို့ သားသမီးမျိုးနွယ် များပြားစေမည်** (ဓမ္မဟောင်း၊ ကမ္ဘာဦး ၁၅း၅ နှင့်) ကိုက်ညီ နေပြန်သည်။ **မင်းကြီးတွင် အဖိုးထိုက်တန်သော**

| | |
|---|---|
| ၁၂၅။<br><br>ပြသဒ် | **وَإِذْ جَعَلْنَا الْبَيْتَ مَثَابَةً لِّلنَّاسِ وَأَمْناً وَاتَّخِذُواْ مِن مَّقَامِ إِبْرَاهِيمَ مُصَلًّى وَعَهِدْنَا إِلَى إِبْرَاهِيمَ وَإِسْمَاعِيلَ أَن طَهِّرَا بَيْتِيَ لِلطَّائِفِينَ وَالْعَاكِفِينَ وَالرُّكَّعِ السُّجُودِ ۞**<br>ငါသည် **အိမ်တော်**အား လူသားအပေါင်း ဆုံဆည်းရာ၊ ဘေးကင်းရာအဖြစ် လုပ်ပေးတော်မူ၏၊ အီဗရာဟီးမ်၏ ရပ်တည်ချက်အား စိတ်သင်တန်း ဆောက်တည်ရာအဖြစ် ယူမှတ်ကြလော့၊ ငါသည် အီဗရာဟီးမ်နှင့် အီစ္စမာအီးလ်တို့အား "လှည့်လည်သူ၊ တရားထိုင်သူ၊ ဦးညွတ်သူ၊ ဦးချသူတို့အတွက် ငါ၏ **အိမ်တော်**ကို သန့်စင်စေကြလော့၊"ဟု[၁၀၁] ကတိ ထားတော်မူ၏။ |
| ၁၂၆။<br><br>၂း၂၄ | **وَإِذْ قَالَ إِبْرَاهِيمُ رَبِّ اجْعَلْ هَذَا بَلَدًا آمِنًا وَارْزُقْ أَهْلَهُ مِنَ الثَّمَرَاتِ مَنْ آمَنَ مِنْهُم بِاللّهِ وَالْيَوْمِ الآخِرِ قَالَ وَمَن كَفَرَ فَأُمَتِّعُهُ قَلِيلاً ثُمَّ أَضْطَرُّهُ إِلَى عَذَابِ النَّارِ وَبِئْسَ الْمَصِيرُ ۞**<br>အီဗရာဟီးမ်က "အို–ကံကြမ္မာရှင် ဤမြို့တော်အား ဘေးကင်းစေရန် လုပ်ပေးတော်မူပါ၊ ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူတို့အား သီးနှံရိက္ခာ ပြည့်စေတော်မူပါ၊"ဟု လျှောက်တင်သော်၊ အရှင်က "ဖုံးကွယ်သူတို့လည်း အငွေ့အသက်မျှ ရရှိစေမည်၊ ထို့နောက် အယုတ်ညံ့ဆုံး ပန်းတိုင်ဖြစ်သည့် **စစ်မီး** ဝဋ်ကြွေးသို့ မောင်းထည့်တော်မူမည်၊"ဟု မိန့်လေ၏။ |
| ၁၂၇။<br><br>ပြသဒ် | **وَإِذْ يَرْفَعُ إِبْرَاهِيمُ الْقَوَاعِدَ مِنَ الْبَيْتِ وَإِسْمَاعِيلُ رَبَّنَا تَقَبَّلْ مِنَّا إِنَّكَ أَنتَ السَّمِيعُ الْعَلِيمُ ۞**<br>အီဗရာဟီးမ်နှင့် အီစ္စမာအီးလ်တို့သည် **အိမ်တော်**၏ အုပ်မြစ်ကို မြှင့်တင်သောအခါ[၁၀၂] "အို ကံကြမ္မာရှင် တပည့်တော်တို့အား ဆန္ဒပြည့်စေတော်မူပါ၊ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်ပါ၏၊"– |
| ၁၂၈။ | **رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِن ذُرِّيَّتِنَا أُمَّةً مُّسْلِمَةً لَّكَ وَأَرِنَا مَنَاسِكَنَا وَتُبْ عَلَيْنَآ إِنَّكَ أَنتَ التَّوَّابُ الرَّحِيمُ ۞**<br>"အို–ကံကြမ္မာရှင် တပည့်တော်တို့အား ငြိမ်းချမ်းရေးပြုသူများ အဖြစ်၊ တပည့်တော်တို့၏ သားမြေးတို့အား ငြိမ်းချမ်းရေးပြုသူ အသိုင်းအဝိုင်းအဖြစ် ပြုလုပ်ပေးပါ၊ တပည့်တော်တို့၏ ပဋိပါတ်ကျင့်စဉ်ကို ပြသပေးပါ၊ တပည့်တော်တို့အား သင်ပုန်းချေပေးတော်မူပါ၊ အရှင်သည် သင်ပုန်းချေသော၊ ကရုဏာသက်သော အရှင် ဖြစ်ပါ၏၊" |

---

**သားဦး ရတနာရှိလိမ့်မည်** ဟူသော အချက်မှာလည်း၊ **အီဗရာဟီးမ်တွင် တန်ဘိုး မဖြတ်နိုင်သော သားဦးရတနာ အီစ္စမာအီးလ်**(ကုရ်အာန် ၂း၁၂၇) ရှိခြင်းနှင့် တိုက်ဆိုင်ပြန်ပါသည်။ **မင်းကြီးမှာ ထိုဇဗ္ဗူဒီပါကျွန်းမှ ကေတုမတီမည်သော နေပြည်တော်မှ ပြည့်ရှင်မင်း ဖြစ်မည်** ဟူသော အချက်ကိုလည်း ဤသုတ်တော်ပါ **သင့်အား လူသားတို့၏ ရှေ့ဆောင်အဖြစ် ခန့်အပ်တော်မူပြီ** ဟူသော အချက်နှင့် **သူပြန်လည် ထူထောင်ခဲ့သော မက္ကာဟ်မြို့မှာ မြို့ရွာတို့၏ မိခင်**ဟု ကုရ်အာန်ကျမ်းတော်က ဆိုပေသည်၊ (၆း၉၂)။ **မင်းကြီးသည် စကြာဝတေးမင်းကြီး** ဖြစ်သည် ဆိုခြင်းကို **သင့်အား လူမျိုးကြီး ဖြစ်စေမည်၊ သင်၏ နာမကို ကြီးမြတ်စေတော်မူမည်** (ဓမ္မဟောင်း၊ ကမ္ဘာဦးကျမ်း ၁၂း၂) နှင့် **ခါနန်ပြည် (ယခု အာရဗ်ကမ္ဘာ) ကို သင်၏ မျိုးနွယ်အား အစဉ်အမြဲ အပိုင်ပေးမည်၊** (ကမ္ဘာဦး ၁၇း၁၀) ဟူ၍ တိုက်ဆိုင် ပြန်သည်။ အံ့သြစရာကောင်းသည်က **မင်းကြီးသခင်သည် ရှေးရှေးက မင်းကြီး မဟာပန်နဒ အတွက် တည်ဆောက်ခဲ့သော အဆောက်အဦးတော် (ပြသဒ်)ကို ပြန်လည် မြှင့်တင်တော်မူလိမ့်မည်** ဟူသော အချက်ပင်တည်း၊ **အီဗရာဟီးမ်သည် သူ၏ သားဦးရတနာ နှင့်အတူ ရှေးဟောင်း လူသားတို့ အမြတ်တနိုးထားသော အဆောက်အဦး (အိမ်တော်)ကို ပြန်လည် မြှင့်တင်တော်မူခဲ့သည်** ဆိုသော တိုက်ဆိုင်မှုပင်ဖြစ်၏။ (၂း၁၂၇)

**(၁၀၁)** အိမ်တော် (ပြသဒ်) ဆိုသည်မှာ မက္ကာဟ်မြို့ရှိ **ကာအ်ဘာ** ဝတ်ကျောင်းတော်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ အိမ်တော်ကို သန့်စင်စေသည် ဆိုသည်မှာ ပရမတ်ဘုရားရှင်အား တုဘက်၍ သို့မဟုတ် ဂုဏ်တော်ပွား၊ ဓါတ်တော်ပွားဟု ယူဆ၍ ထုဆစ်ထားသော ရုပ်ပွား ဆင်းတုများကို ကင်းသန့်ပစ်ခြင်း ဖြစ်ပေသည်။ ထိုရပ်တည်ချက်အား လူသားများ၏ စိတ်၌ စွဲကပ်စေရန် စိတ်လေ့ကျင့်မှု ပြုလုပ်ရန် သွန်သင်သည်။
**(၁၀၂)** သတင်းတော်ဆောင် အီဗရာဟီးမ်နှင့် သားတော် အီစ္စမာအီလ်တို့သည် **ကာအ်ဘာ** ဝတ်ကျောင်းတော်ကို စတင် တည်ဆောက်သူများ မဟုတ်ပေ။ ထိုကျောင်းတော်ကြီးသည် ရှေးယခင်ကပင် လူသားတို့ အမြတ်တနိုးထား ဘုရားဝတ်ပြုရာ အဖြစ် တည်ရှိနေခဲ့သော ရှေးဟောင်း အိမ်တော်ကြီး ဖြစ်ပေသည် (၃း၉၅)။ ကိုယ်တော်တို့သားအဖသည် ထိုကျောင်းတော်ကြီးအား ပြန်လည်မွန်းမံ မြှင့်တင်ခြင်းသာ ဖြစ်ပေသည်။

၁၂၉။ رَبَّنَا وَابْعَثْ فِيهِمْ رَسُولاً مِّنْهُمْ يَتْلُو عَلَيْهِمْ آيَاتِكَ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَيُزَكِّيهِمْ إِنَّكَ أَنتَ العَزِيزُ الحَكِيمُ ۝

"အို–ကံကြမ္မာရှင် သူတို့အား အရှင်၏ သုတ်ဒေသနာများကို ရွတ်ဖတ်ပြရန်၊ ကျမ်းတော်နှင့် ဥပဒေကို သင်ကြားပေးရန်၊ အယူစင်ကြယ်စေရန်အတွက် ဥဏ်စဉ်ဆောင်တစ်ပါးကို သူတို့အထဲမှပင် ပွင့်ပေါ်စေတော်မူပါ၊ အရှင်သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်ပါ၏၊"ဟု လျှောက်ထားကြ၏။[၁၀၂]

၁၃၀။ وَمَن يَرْغَبُ عَن مِّلَّةِ إِبْرَاهِيمَ إِلاَّ مَن سَفِهَ نَفْسَهُ وَلَقَدِ اصْطَفَيْنَاهُ فِي الدُّنْيَا وَإِنَّهُ فِي الآخِرَةِ لَمِنَ الصَّالِحِينَ ۝

စရိုက်ပျက်ရူးသွပ်သူသည်သာ အီဗရာဟီးမ်၏ ကျင့်စဉ်တော်ကို ပျက်ကွက်၏၊ ငါသည် သူ့အား ဤဘဝ၌ ရွေးကောက်၍ နောင်ဘဝအတွက် ပြုပြင်ပြောင်းလဲသူများ၏ အနက်မှ ဖြစ်စေတော်မူမည်။

၁၃၁။ إِذْ قَالَ لَهُ رَبُّهُ أَسْلِمْ قَالَ أَسْلَمْتُ لِرَبِّ الْعَالَمِينَ ۝

သူ့အား ကံကြမ္မာရှင်က "ငြိမ်းချမ်းစေလော့၊"ဟု မိန့်သောအခါ၊ "လောကအပေါင်း၏ ကံကြမ္မာရှင်အတွက် ငြိမ်းချမ်းမှုကို ပြုနေကြောင်းပါ၊"ဟု သူက လျှောက်ထား၏။

၁၃၂။ وَوَصَّى بِهَا إِبْرَاهِيمُ بَنِيهِ وَيَعْقُوبُ يَا بَنِيَّ إِنَّ اللهَ اصْطَفَى لَكُمُ الدِّينَ فَلاَ تَمُوتُنَّ إَلاَّ وَأَنتُم مُّسْلِمُونَ ۝

---

**(၁၀၂)** ဤသုတ်တော်တွင် ကိုယ်တော်တို့သားအဖသည် သူတို့၏ သားစဉ်မြေးဆက်ထဲမှ ဥဏ်စဉ်ဆောင်တစ်ပါး ပွင့်ပေါ်စေရန် ဆုတောင်းပတ္ထနာပြုခဲ့၏။ နောက်ဆုံးပွင့် ဥဏ်စဉ်ဆောင် ကိုယ်တော် မုဟမ္မဒ် ပွင့်ပေါ်ခြင်းဖြင့် သူတို့၏ ဆုတောင်း ပြည့်ခဲ့ပေသည်၊ (၃၃း၄၀)။ ကိုယ်တော်မုဟမ္မဒ် အမည်၏ အဓိပ္ပါယ်မှာ ချီးမွမ်းတသ ခံထိုက်သူ၊ မေတ္တာပို့ခြင်း ခံထိုက်သူဟူ၍ ဖြစ်ပြီး၊ လောကအပေါင်း၏ မေတ္တာတော်ရှင် ဟူသော ဘွဲ့တော်ကိုလည်း ချီမြှင့်ခံရသူ ဖြစ်ပေသည်၊ (၂၁း၁၀၇)။ ထိုအဓိပ္ပါယ်မှာ ပါဠိစာပေလာ "မေတ္တေယျ" ဆိုသည်နှင့် လွန်စွာ တူညီနေပေသည်။ အစ္စလာမ် သာသနာဝင်တို့သည် ပညတ်ဘုရား(လူသားမှ ပွင့်ပေါ်သော ဘုရား) များကို **ရစူလ်** ဥဏ်စဉ်ဆောင် ဟုသာ ခေါ်ကြောင်း (၂း၆၁) ၏ အောက်ခြေတွင် ရှင်းပြပြီး ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ်ပွင့်ပေါ် ခြင်းကြောင့် အီဗရာဟီးမ်၏ သွေးသားများသည် အကူအညီမဲ့သူများကို စောင့်ရှောက်သော၊ ခရီးသည်များကို ကူညီသော နွမ်းပါးသူများကို ပေးကမ်းသော လူသားများ ဖြစ်လာကြကြောင်း ကုရ်အာန်ကျမ်းတော်၏ နေရာပေါင်း မြောက်များစွာတွင် ဖော်ပြ ထားပေရာ၊ ပိဋကတ်တော်လာ စက္ကဝတ္တိသုတ် (၁၀၈)တွင်ဖော်ပြသော မေတ္တေယျနှင့် တူညီနေကြောင်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပေသည်။ ပိုမို၍ တိုက်ဆိုင်နေသည်မှာ ဤဘဒ္ဒကမ္ဘာတွင် ထင်ရှားသော ဘာသာကြီးများ အားလုံး၏ ကျမ်းတော်များက လောက၌ ပညတ်ဘုရားရှင် (ဥဏ်စဉ်ဆောင်) နောက်ထပ်တစ်ပါး ပွင့်ဦးမည်ဟု ဟောခဲ့ခြင်းပင်၊ ထိုဘာသာတရားများမှ ဘုရားရှင်များသည် တိုင်ပင်နှီးနှော၍ တစ်သံတည်း ထွက်ခဲ့ခြင်း မဟုတ်ပေ။ ဟိန္ဒူဘာသာ၏ အယူ၌ လောကတွင် ဘုရား ဆယ်ပါး ပွင့်ပေါ်မည် ဖြစ်ပြီး ကိုးပါးမြောက် ပွင့်ပေါ်ပြီး ဖြစ်သည်၊ ကျန်တစ်ပါးမှာ ကလ္လကိ မည်သော ဘုရားရှင် ဖြစ်သည်၊ (ကလ္လကိ ပုရဏ်ကျမ်း၊ ဟတ္တျူမက ဝတရကျမ်း)။ ရေဝတီ (ဂျူး) ဘာသာကလည်း မောရှေနှင့်တူသော ပရောဖက် တစ်ပါး ပွင့်ပေါ်ဦးမည်ဟု ကြေငြာခဲ့ပေသည်၊ (ဓမ္မဟောင်းကျမ်း၏ တရားဟောရာကျမ်း ၁၈း၁၈)။ ခရစ်ယာန်ဘာသာ၌လည်း ငါ၏ဘုန်းကို ထင်ရှားစေမည့် ဥပဇ္ဈာယ်ဆရာသည် သင်တို့ထံသို့ ရောက်လာလိမ့်မည်ဟု ဆိုပေသည်၊ (ဓမ္မသစ်၊ ရှင်ယောဟန် ၁၆း၇–၁၅)။ ဗုဒ္ဓဘာသာ၌ လောက၌ ဘုရားရှင် လေးပါးပွင့်ပြီးပြီ ဖြစ်ကြောင်း (ဝေပုလ္လသုတ်)၊ နောက်ဆုံးတစ်ပါး ပွင့်ပေါ် ဦးမည် ဖြစ်ကြောင်း (စက္ကဝတ္တိသုတ်) ဆိုထားပေသည်။ ဤကမ္ဘာ၌ ရှိသော ဘာသာတရားများတွင် ဦးဆောင်ဦးရွက် လူသားဘုရားများမှ ကိုယ်တော် မုဟမ္မဒ် တစ်ပါးတည်းသာလျှင် "နောက်ဆုံးပွင့်ပေါ်သော ဥဏ်စဉ်ဆောင် ဖြစ်သည်"ဟု ကြေငြာထားသည်ကို တွေ့ရပေသည် (၃၃း၄၀)။ ဆက်လက်၍ ကျမ်းတော်အရ လူသားအပေါင်းက မျှော်လင့်နေသူ ပွင့်မလာပြီ တကားဟု စောဒက မတက်နိုင်ရန် ပွင့်ပေါ်လာခြင်း ဖြစ်သည်ဟု ဆိုထားပေသည်၊ (၅း၁၉)။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ အနေဖြင့်မူ ရိုးသားဖြူစင်သော နှလုံးသားကို ထား၍ နောင်လာနောက်သားများ၏ အကျိုးကို မျှော်ကိုးကာ ပေါရာဏ ဝေါဟာရများကို ပါယ်လျှက် သုတေသန လုပ်သင့်သော အချက်ဖြစ်ပေသည်။ ထိုကိုယ်တော်နှစ်ဦး၏ အယူတူညီမှု– သခ်ီသည် ကိုယ်တော် မေတ္တေယျ၏ ရှေ့ပြေး နိမိတ်သဖွယ် ဖြစ်မှု (တနည်းအားဖြင့် မေတ္တေယျ ပွင့်ပေါ်စေမည့် အရပ်ဒေသ၏ စကြာဝတေးမင်း ဖြစ်နေမှု) နေရာဒေသ တူညီမှုများမှာ တစ်ထပ်တည်း တူညီနေပေသည်။ သို့သော် ပိဋကတ်တော်နှင့် ကုရ်အာန်ကျမ်းစာအား ယေဘုယျသာ ဖတ်သူတို့က ပိဋကတ်တော်တွင် မင်းကြီး သခ်ီနှင့် မေတ္တေယျသည် ခတ်ပြိုင် ပွင့်ပေါ်ခဲ့၍၊ ကုရ်အာန်ကျမ်းတော်တွင် အီဗရာဟီးမ်နှင့် မုဟမ္မဒ်တို့မှာ ခေတ်ကာလ ကွာခြားနေသည်ဟု ထောက်ပြနိုင်ပေသည်။သို့သော် ပိဋကတ်တော်အရ မေတ္တေယျ ပွင့်ပေါ်မည့် ကာလသည် လူ့သက်တမ်း တစ်သောင်း ဖြစ်သည်ဟု ဆိုထားပေသည်။ ကုရ်အာန်ကျမ်းတော်နှင့် ခိုင်လုံသော သမိုင်းများအရ ကိုယ်တော် အီဗရာဟီးမ်နှင့် ကိုယ်တော်မုဟမ္မဒ်တို့မှာ နှစ် ၁၅၀၀ ခန့်မျှသာ ကွာခြားနေပေသည်။ ပိဋကတ်တော်က တင်စားသုံးနှုန်း သော သက်တမ်းအရ ကြည့်လျှင် ခေတ်ကွာခြားနေသည်ဟု ပြော၍ မသင့်တော်ချေ။

| | |
|---|---|
| | အီဗရာဟီးမ်နှင့် ယာကုဗ်တို့က[၁၀၃] သားမြေးတို့အား "အို–သားမြေးတို့၊ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် သာသနာတော်ကို ရွေးထားပေပြီ၊ သင်တို့သည် ငြိမ်းချမ်းရေးပြုသူ အဖြစ်မှအပ ဘဝမပြောင်းကြစေလင့်၊"ဟု မှာကြား၏။ |
| ၁၃၃။ | أَمْ كُنتُمْ شُهَدَاء إِذْ حَضَرَ يَعْقُوبَ الْمَوْتُ إِذْ قَالَ لِبَنِيهِ مَا تَعْبُدُونَ مِن بَعْدِي قَالُواْ نَعْبُدُ إِلَـهَكَ وَإِلَـهَ آبَائِكَ إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ إِلَـهًا وَاحِدًا وَنَحْنُ لَهُ مُسْلِمُونَ ۞<br>သို့တည်းမဟုတ် ယာကုဗ်၏ အာယုသင်္ခါရလွှတ်ချိန်၌ သင်တို့သည် မျက်မြင်သက်သေ ဖြစ်ကြသလော၊ သားမြေးတို့အား "ကျွန်ုပ်၏နောက်၌ မည်သူ့အား သင်တို့ ကိုးကွယ်ကြမည်နည်း၊"ဟု သူကမေးသော်၊ "ကိုယ်တော်၏ ဘုရားရှင်၊ အီဗရာဟီးမ်၊ အီစ္စမာအီလ်၊ အီစ္စဟာ့က်တို့၏ တစ်ပါးတည်း ဘုရားရှင်ကိုသာ ကိုးကွယ်ကြပါမည်၊ ကျွန်ုပ်တို့သည် အရှင့် အတွက် ငြိမ်းချမ်းရေးပြုသူများ ဖြစ်ပါ၏၊"ဟု ဆိုကြပြီ။ |
| ၁၃၄။ | تِلْكَ أُمَّةٌ قَدْ خَلَتْ لَهَا مَا كَسَبَتْ وَلَكُم مَّا كَسَبْتُمْ وَلاَ تُسْأَلُونَ عَمَّا كَانُوا يَعْمَلُونَ ۞<br>ဤအသိုင်းအဝိုင်းသည် လွန်ခဲ့လေပြီ၊ သူတို့၏ ကျင့်ဆောင်မှုသည် သူတို့အတွက်၊ သင်တို့၏ ကျင့်ဆောင်မှုသည် သင်တို့ အတွက်ပင် ဖြစ်၏၊ သူတို့၏ ကျင့်ကြံမှုများကြောင့် သင်တို့အား စစ်ကြောမည် မဟုတ်ပေ။ |
| ၁၃၅။<br>၂း၉၆ | وَقَالُواْ كُونُواْ هُودًا أَوْ نَصَارَى تَهْتَدُواْ قُلْ بَلْ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ ۞<br>သူတို့က "လမ်းမှန်သို့ရောက်ရန် ရေဝတီ သို့မဟုတ် ခရစ်ယာန်များ ဖြစ်ကြလော့၊"ဟု ဆိုကြ၏၊ ပြန်ပြောလော့ "အီဗရာဟီးမ် ကျင့်စဉ်သည် ကေန်ပင် အယူသန့်၏၊ သူသည် **ရောပြွန်းကိုးကွယ်သူ**မှ ကင်း၏။" |
| ၁၃၆။ | قُولُواْ آمَنَّا بِاللّهِ وَمَآ أُنزِلَ إِلَيْنَا وَمَا أُنزِلَ إِلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ وَالأسْبَاطِ وَمَا أُوتِيَ مُوسَى وَعِيسَى وَمَا أُوتِيَ النَّبِيُّونَ مِن رَّبِّهِمْ لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ وَنَحْنُ لَهُ مُسْلِمُونَ ۞<br>"ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၊ ကျွန်ုပ်တို့ထံသို့ ချမှတ်ပေးရာ၊ အီဗရာဟီးမ်၊ အီစ္စမာအီလ်၊ အီစ္စဟာ့က်၊ ယာကုဗ်နှင့် လူမျိုးစုများထံသို့ ချမှတ်ပေးရာ၊ မူဆာနှင့် ယေရှုတို့ထံသို့ ပေးအပ်ရာနှင့် သတင်းတော်ဆောင်တိုင်းအား ကံကြမ္မာရှင်၏ထံမှ ပေးအပ်ရာတို့ကို ယုံကြည်ကြ၏၊ ထိုကိုယ်တော်များအား တစ်ပါးနှင့် တစ်ပါး ခွဲခြားမှု မပြုပါ၊ ကျွန်ုပ်တို့သည် အရှင့်အတွက် ငြိမ်းချမ်းရေးပြုသူများ ဖြစ်ကြ၏၊"ဟု ပြောဦးလော့။ |
| ၁၃၇။ | فَإِنْ آمَنُواْ بِمِثْلِ مَا آمَنتُم بِهِ فَقَدِ اهْتَدَواْ وَّإِن تَوَلَّوْاْ فَإِنَّمَا هُمْ فِي شِقَاقٍ فَسَيَكْفِيكَهُمُ اللّهُ وَهُوَ السَّمِيعُ الْعَلِيمُ ۞<br>သူတို့သည် သင်တို့ယုံကြည်သကဲ့သို့ ယုံကြည်ကြလေလျှင် လမ်းညွှန်တရားကို မုချ ရပေအံ့၊ အကယ်၍ လှည့်သွားကြလေလျှင် ဂိုဏ်းခွဲသူများမှ ဖြစ်ကြ၏၊ သူတို့နှင့်ပတ်သက်၍ ပရမတ်ဘုရားရှင်သည် လုံလောက်တော်မူ၏၊ အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။ |
| ၁၃၈။ | صِبْغَةَ اللّهِ وَمَنْ أَحْسَنُ مِنَ اللّهِ صِبْغَةً وَنَحْنُ لَهُ عَابِدونَ ۞<br>"ပရမတ်ဘုရားရှင်၏ ဓါတ်တော်အား ကူးကြလော့[၁၀၄] ဓါတ်တော်ကူးပေးရာ၌ ပရမတ်ဘုရားရှင်ထက် မည်သူက ပိုမိုကောင်းပေအံ့နည်း၊ ကျွန်ုပ်တို့သည်ကား အရှင့်ကိုသာ ကိုးကွယ်ကြ၏။" |

(၁၀၃) ယာကုဗ်သည် အီဗရာဟီးမ်၏ ဒုတိယသား အီစ္စဟာ့က်မှ မွေးသောသားဖြစ်၍ သူ့အမည်မှာ "ပရိယာယ် ကြွယ်သူ"ဟု အနက်ရပေသည်၊ ဖခင်အားလှည့်စားပြီး အမွေဆက်ခံခဲ့သည် သို့မဟုတ် လှည့်စား၍ အစ်ကို ဧသော ရမည့် အရိုက်အရာကို ယူခဲ့သည်ဟု ဓမ္မဟောင်းကျမ်း၏ ကမ္ဘာဦးကျမ်း အခန်း ၂၇ ပါ အဆိုကို ထောက်ခံအတည်ပြုသည့် အချက်အလက်များ ကျမ်းမြတ်ကုရ်အာန်တွင် ဖော်ပြထားခြင်း မရှိပေ။

| | |
|---|---|
| ၁၃၉။ | قُلْ أَتُحَآجُّونَنَا فِي اللهِ وَهُوَ رَبُّنَا وَرَبُّكُمْ وَلَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ وَنَحْنُ لَهُ مُخْلِصُونَ۞<br>“ပရမတ်ဘုရားရှင်၊”ဟု ဟော၍ ကျွန်ုပ်အား စောဒက တက်ကြသလော၊ အရှင်သည် သင်တို့၏ ကံကြမ္မာရှင်၊ ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏၊ သင်တို့ ကျင့်ကြံမှုသည် သင်တို့အတွက် ကျွန်ုပ် ကျင့်ကြံမှုသည် ကျွန်ုပ်အတွက်ပင် ဖြစ်၏၊ ကျွန်ုပ်တို့သည် အရှင့်ကိုသာ သန့်သန့်ထား ကိုးကွယ်ပါ၏။ |
| ၁၄၀။ | أَمْ تَقُولُونَ إِنَّ إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ وَالأَسْبَاطَ كَانُواْ هُودًا أَوْ نَصَارَى قُلْ أَأَنتُمْ أَعْلَمُ أَمِ اللهُ وَمَنْ أَظْلَمُ مِمَّن كَتَمَ شَهَادَةً عِندَهُ مِنَ اللهِ وَمَا اللهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞<br>“သို့တည်းမဟုတ် အီးဗရာဟီးမ်၊ အီစ္စမာအီးလ်၊ အီစ္စဟာ့က်၊ ယာကုဗ်နှင့် လူမျိုးစုတို့သည် ရေဝတီသို့မဟုတ် ခရစ်ယာန်များ ဖြစ်ကြ၏ဟု ဆိုကြသလော၊ သင်တို့သည် ပရမတ်ဘုရားရှင်ထက် ပို၍သိကြကုန်သလော၊” ပရမတ်ဘုရားရှင်၏ သက်သေတော်များ ရှိနေလျှက် ဖုံးဖိထားသူထက် မည်သူသည် အမိုက်စီးဦးမည်နည်း၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။ |
| ၁၄၁။ | تِلْكَ أُمَّةٌ قَدْ خَلَتْ لَهَا مَا كَسَبَتْ وَلَكُم مَّا كَسَبْتُمْ وَلاَ تُسْأَلُونَ عَمَّا كَانُواْ يَعْمَلُونَ۞<br>ဤအသိုင်းအဝိုင်းသည် လွန်ခဲ့လေပြီ၊ သူတို့၏ ကျင့်ဆောင်မှုသည် သူတို့အတွက်၊ သင်တို့၏ ကျင့်ဆောင်မှုသည် သင်တို့ အတွက်ပင် ဖြစ်၏၊ သူတို့၏ ကျင့်ကြံမှုများကြောင့် သင်တို့အား စစ်ကြောမည် မဟုတ်ပေ။ |
| ၁၄၂။ | سَيَقُولُ السُّفَهَاء مِنَ النَّاسِ مَا وَلاَّهُمْ عَن قِبْلَتِهِمُ الَّتِي كَانُواْ عَلَيْهَا قُل لِّلّهِ الْمَشْرِقُ وَالْمَغْرِبُ يَهْدِي مَن يَشَاء إِلَى صِرَاطٍ مُّسْتَقِيمٍ۞<br>လူသားတို့အနက် တုံးအသူများက “သူတို့၏ ဦးတည်မှုကို ဘယ်အရာက လှည့်ပြောင်းစေသနည်း၊”ဟု မေးကြလတ္တံ့၊ ဟောပြောလော့ “နေထွက်ရာ နေဝင်ရာတိုင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာဖြစ်၏၊ စံချိန်ပြည့်သူအား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူသတည်း။” |
| ၁၄၃။ | وَكَذَلِكَ جَعَلْنَاكُمْ أُمَّةً وَسَطًا لِّتَكُونُواْ شُهَدَاء عَلَى النَّاسِ وَيَكُونَ الرَّسُولُ عَلَيْكُمْ شَهِيدًا وَمَا جَعَلْنَا الْقِبْلَةَ الَّتِي كُنتَ عَلَيْهَا إِلاَّ لِنَعْلَمَ مَن يَتَّبِعُ الرَّسُولَ مِمَّن يَنقَلِبُ عَلَى عَقِبَيْهِ وَإِن كَانَتْ لَكَبِيرَةً إِلاَّ عَلَى الَّذِينَ هَدَى اللهُ وَمَا كَانَ اللهُ لِيُضِيعَ إِيمَانَكُمْ إِنَّ اللهَ بِالنَّاسِ لَرَؤُوفٌ رَّحِيمٌ۞<br>ငါသည် သင်တို့အား ဤသို့ တော်ဝင်[၁၀၆] အသိုင်းအဝိုင်း ဖြစ်စေခြင်းမှာ သင်တို့သည် လူသားတို့ အပေါ်၌ သက်သေ ဖြစ်အံ့သောငှာ၊ ဉာဏ်စဉ်ဆောင်သည် သင်တို့ အပေါ်၌ သက်သေ ဖြစ်အံ့သောငှာ ဖြစ်၏။ သင်တို့၏ ယခင်က ဦး |

---

(၁၀၅) **ဆွိဗ်ဂါတ်** **صِبْغَةَ** ဆိုသည်မှာ အရောင်ဆိုးခြင်း ဟု တိုက်ရိုက် အဓိပ္ပါယ်ရပေသည်၊ ရွှေရည်၊ ငွေရည်စိမ်သောအခါ စိမ်မည့် အရာအား ရွှေရည် ငွေရည်ထဲ၌ နှစ်မြှုပ်ထားခြင်းကိုလည်း ခေါ်ပေသည်။ သူတော်စင် သူတော်ကောင်း တစ်ဦးဖြစ်ရန် မိမိ၏ အကျင့် စရိုက်၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များကို တပ်ဆင်ခြင်း၊ ပရမတ်ဘုရားရှင်၏ ဥပဒေသ အတိုင်း ကျင့်ကြံ နေထိုင်ခြင်းကို ဆိုပေသည်။ ဉာဏ်စဉ်ဆောင်များ အပါအဝင် မည်သည့် လူသား တစ်ဦး၏ ဂုဏ်နာမည်၏ အောက်၌ အရောင်တင်ခြင်း၊ နှစ်ခြင်းခံခြင်း၊ ဓါတ်တော်ကူးခြင်းများသည် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုနှင့်၊ ဂိုဏ်းဃန ကွဲပြားစေခြင်းကိုသာ ဦးတည်စေမည်ဖြစ်ပြီး တူညီသည့် အောင်လံအောက်၌ စုစည်းမိမည် မဟုတ်ပေ။ အသားအရောင် အမျိုးအနွယ် ဂုဏ်ဒြဗ်တို့ မတူညီကြသည့် လူသားများ စုပေါင်းနေထိုင်ရမည့် အနာဂါတ် ကမ္ဘာကြီးသည် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု၊ အယူသည်းလွန်းသော ဂိုဏ်းဃန ကွဲပြားမှုများ ကင်းစင်မှသာလျှင် ပကတိငြိမ်းချမ်းမှုကို ရရှိနိုင်မည် ဖြစ်ပေသည်။ ပရမတ်ဘုရားရှင် ဆိုသည်မှာ သိပြီးသူရော၊ မသိသေးသူပါ မကျန်၊ ယုံကြည်သူ၊ မယုံကြည်သေးသူ အားလုံး၏ ဘုံဘုရားရှင် ဖြစ်သောကြောင့် ပရမတ်ဘုရားရှင်၏ အရောင်ကိုဆိုးခြင်း (ဓါတ်တော်ကူးခြင်း)သည် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကို ပယ်သတ်နိုင်မည် ဖြစ်ပြီး ဘာသာရေး အငြင်းပွားမှုများလည်း ကင်းစင်နိုင်တော့မည် ဖြစ်သည်။ ပရမတ်ဘုရားရှင်ကို မည်သည့် ဘာသာကမှ မူပိုင်ဆွဲထား၍ မရပေ။

(၁၀၆) **وَسَطًا ဝဆတန်** ဆိုသည်မှာ “အလယ်အလတ်ကျသော (မဇ္ဈိမပဋိပဒါကျသော)၊ မြင့်မြတ်ကောင်းမွန်သော” ဟု ဖြစ်ပေသည်။ စံဖြစ်သော လူ့အသိုင်းအဝိုင်းဟု ဖြစ်ပေသည်၊ ထို့ကြောင့် ဤနေရာ၌ အဓိပ္ပါယ် ငုံမိစေရန် တော်ဝင်အသိုင်းအဝိုင်း ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ သို့သော်

| | |
|---|---|
| | တည်မှုကို ငါ စီမံခဲ့သည်မဟုတ်၊ သို့သော် မည်သူသည် ဥာဏ်စဉ်ဆောင်အား နာခံ၍ မည်သူသည် နောက်ပြန်လှည့်ကြသည်ကို သိနိုင်ရန် ဖြစ်၏၊ အမှန်သော် ပရမတ်ဘုရားရှင်၏ လမ်းညွှန်ခံရသူ၏ အတွက်မှအပ ဝန်ကြီးလှပေ၏။ ပရမတ်ဘုရားရှင်သည် သင်တို့၏ ယုံကြည်ချက်ကို အကျိုးမဲ့ မဖြစ်စေပေ။ ပရမတ်ဘုရားရှင်သည် လူသားတို့ အပေါ်၌ ညှာတာသောအရှင်၊ ကြင်နာသောအရှင် ဖြစ်၏။ |
| ၁၄၄။<br>☆မြင့်မြတ်ခြင်းသို့ | **قَدْ نَرَى تَقَلُّبَ وَجْهِكَ فِي السَّمَاء فَلَنُوَلِّيَنَّكَ قِبْلَةً تَرْضَاهَا فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ وَحَيْثُ مَا كُنتُمْ فَوَلُّواْ وُجُوِهَكُمْ شَطْرَهُ وَإِنَّ الَّذِينَ أُوْتُواْ الْكِتَابَ لَيَعْلَمُونَ أَنَّهُ الْحَقُّ مِن رَّبِّهِمْ وَمَا اللّهُ بِغَافِلٍ عَمَّا يَعْمَلُونَ۞**<br>သင်သည် ကောင်းကင်ယံသို့☆ ရှေးရှုမျှော်ကိုးနေသည်ကို ငါတွေ့တော်မူ၏၊ သို့ဖြင့် သင်အလိုတူရာသို့ ငါ ဦးတည်စေတော်မူပြီ၊ "ဘေးမဲ့ဝတ်ကျောင်းတော် ဘက်သို့ ဦးတည်လော့၊ သင်တို့သည် မည်သည့်အရပ်၌ ရှိစေ ထိုဘက်သို့ ဦးတည်လော့၊ ကျမ်းစာပေးခံရသူတို့က ယင်းသည် ကံကြမ္မာရှင်၏ ထံမှ သစ္စာတရား ဖြစ်သည်ဟု ကေန် သိကြလတ္တံ့၊" ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ပေ။[၁၀၇] |
| ၁၄၅။ | **وَلَئِنْ أَتَيْتَ الَّذِينَ أُوْتُواْ الْكِتَابَ بِكُلِّ آيَةٍ مَّا تَبِعُواْ قِبْلَتَكَ وَمَا أَنتَ بِتَابِعٍ قِبْلَتَهُمْ وَمَا بَعْضُهُم بِتَابِعٍ قِبْلَةَ بَعْضٍ وَلَئِنِ اتَّبَعْتَ أَهْوَاءهُم مِّن بَعْدِ مَا جَاءكَ مِنَ الْعِلْمِ إِنَّكَ إِذَاً لَّمِنَ الظَّالِمِينَ۞**<br>သင်သည် ကျမ်းပေးခံရသူတို့ ထံသို့ ရှိသမျှ နိမိတ်လက္ခဏာများကို ယူဆောင်ခဲ့သော်လည်း သင်၏ ဦးတည်ရာသို့ သူတို့ လိုက်ကြမည် မဟုတ်ချေ၊ သင်လည်း သူတို့၏ ဦးတည်ရာကို လိုက်နာနိုင်မည် မဟုတ်ပေ။ သူတို့သည်ပင် အချင်းချင်း၏ ဦးတည်မှုများကို လိုက်နာကြမည် မဟုတ်ပေ၊ သင့်ထံသို့ အသိတရား ရောက်ရှိပြီးမှ သူတို့၏ အလိုသို့ လိုက်လေလျှင် သင်သည် အမိုက်စီးသူတို့မှ ဖြစ်ချေပြီ။ |
| ၁၄၆။<br>ကိုယ်တော့အား | **الَّذِينَ آتَيْنَاهُمُ الْكِتَابَ يَعْرِفُونَهُ كَمَا يَعْرِفُونَ أَبْنَاءهُمْ وَإِنَّ فَرِيقاً مِّنْهُمْ لَيَكْتُمُونَ الْحَقَّ وَهُمْ يَعْلَمُونَ۞**<br>ကျမ်းပေးခံရသူတို့သည် သူတို့၏သားမြေးများကို အသိအမှတ်ပြုသကဲ့သို့ **သူ့အား** အသိအမှတ်ပြုသင့်၏၊ သူတို့မှ |

---

မဟာလူမျိုးကြီး ဝါဒကို ကိုယ်စားပြုသော အသိုင်းအဝိုင်း မဟုတ်ချေ။ အစ္စလာမ်သည် ကမ္ဘာ့သမိုင်းတွင် လူမျိုးနွယ်၊ အသားအရောင် များခွဲခြားခြင်းများကို နိဂုံးချုပ်စေသည့် ပထမဆုံးစံပြ လူ့အသိုင်းအဝိုင်းကို တည်ဆောက် ခဲ့နိုင်ကြောင်း အနောက်နိုင်ငံ ပညာရှင်များကပင် လက်ခံထားရပေသည်။ ကိုယ်တော်မုဟမ္မဒ်၏ ဦးဆောင်မှု သွန်သင်မှုကို လိုက်နာကြသူများတွင် အကျိုးစီးပွားလိုလားသူ၊ မျိုးရိုးဂုဏ်ကို ထိမ်းသိမ်းလိုသူများ ပါဝင်နေခဲ့ပေသည်။ ပရမတ်ဘုရားရှင်က သုတ်ဥပဒေ တစ်ခုစီ ပြဌာန်းတိုင်း၊ ထိုအပါ၌ ရိုးသားစွာပင် လိုက်နာကျင့်ကြံသူ၊ လိုက်နာကျင့်ကြံနိုင်ရန် ကြိုးစားသူနှင့် မိရိုးဖလာကို အလိုလိုက်၍ "ဤဥပဒေသည် ငါတို့ မိရိုးဖလာနှင့် မကိုက်ညီဘူး၍" လိုက်နာလိုစိတ် မရှိသူ ဟူ၍ ကွဲပြားစွာရှိသည်မှာ သဘာဝပင်၊ ဘေးမဲ့ ဝတ်ကျောင်းတော်ဘက်သို့ ဦးတည်ကြရန် ပြဌာန်းသောအခါ၌လည်း ဤအတိုင်းပင် ဖြစ်ကြောင်း ဤသုတ်တော်၌ ဖေါ်ပြထားခြင်း ဖြစ်သည်။

**(၁၀၇)** ဤသုတ်တော်သည် အစ္စလာမ်သာသနာဝင်များအား စိတ်လေ့ကျင့်မှု ပြုသောအခါ ဘေးမဲ့ဝတ်ကျောင်းတော်အား ဗဟိုထား မျက်နှာမူ၍ လေ့ကျင့်ကြရန် ပညတ်တော်မူသည်ဟု ဆရာတော်ကြီး အများစုက ဖွင့်ဆိုကြပေသည်။ ဤဖွင့်ဆိုချက်မှာ ရုပ်ပိုင်းဆိုင်ရာအတွက် အကြွင်းမဲ့ မှန်ကန်သော ဖွင့်ဆိုချက် ဖြစ်သည့် အပြင် မည်သူမျှ မငြင်းနိုင်သော၊ ဘုံသဘောတူညီချက် ဖြစ်သည်။ ၎င်းကို ဝိပဿနာ ရှုဒေါင့်မှ နားလည်မှု တချို့လည်း ရှိပေသည်။ ၎င်းမှာ အစ္စလာမ်များ ကမ္ဘာနှင့်အဝှမ်း ရုပ်သဏ္ဍာန် ညီညွတ်မှု ရှိရန် ဘေးမဲ့ဝတ်ကျောင်းတော်ဘက်သို့ ရှေ့ရှု ဗဟိုပြု၍ စိတ်လေ့ကျင့်မှု ပြုရမည်၊ သို့သော် သူတို့၏ နှလုံးသားများ ကိုယ်တိုင်က သူတို့၏ ဘေးမဲ့ ဝတ်ကျောင်းတော်များ ဖြစ်အောင် ကျင့်ကြံသင့်သည်၊ သူတော်စင်တို့၏ နှလုံးသားသည် ပရမတ်ဘုရားရှင် ကိန်းဝပ်စံမြန်းရာ ပလ္လင်တော် ဖြစ်သည်၊ ထို့ကြောင့် ရုပ်သဏ္ဍာန်အားဖြင့် ဝတ်ကျောင်းတော် ဘက်သို့ လှည့်နေယုံမျှဖြင့် မပြီးပေ၊ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုသည်လည်း အရေးကြီးလှသည်၊ ထိုအတွက် မိမိ၏ နာမ်ပိုင်းဆိုင်ရာ မြင့်မားအောင်လည်း လေ့ကျင့်ရမည်ဟု အစ္စလာမ်ဝိပဿနာ ဆရာတော်ကြီးများက ဆိုကြပေသည်။ ဤအချက်ကို သုတ် နံပါတ် (၁၇၇)ကလည်း "အရှေ့၊ အနောက် အရပ်များသို့ ရှေ့ရှုခြင်းဖြင့် သင်တို့အတွက် သီလရှိသည် မမည်သေး။ ပရမတ်ဘုရားရှင်၊ နောက်ဘဝကာလ၊ နိမိတ်ဆောင်များ၊ ကျမ်းတော်နှင့် သတင်းတော်ဆောင်များကို ယုံကြည်သူ၊ မိမိ မြတ်နိုးပါလျက် ဥစ္စာပစ္စည်းကို ဆွေမျိုး၊ မိဘမဲ့၊ နွမ်းပါးသူ၊ ခရီးသည်၊ သူတောင်စားနှင့် လွတ်မြောက်လိုသူတို့ အတွက် သုံးစွဲသူ၊ စိတ်သင်တန်း၌မြဲ၍ ထောက်ပံ့ဒါနပြုသူ၊ ကတိပြုမှု၌ ကတိတည်ကြည်သူ၊ စိတ်ကျဉ်းကျပ်မှု ရောဂဘယဖြစ်မှု ပဋိပက္ခနှင့် ကြုံမှုတို့၌ သည်းခံပါရမီ ရှိသူသည်သာ သီလရှိသူ မည်၏။"ဟု ထောက်ပြထားပေသည်။

| | |
|---|---|
| | တစ်စုသည် အမှန်တရားကို သိနေလျှက်နှင့် ကေန် ထိန်ဝှက်နေကြ၏။ |
| ၁၄၇။ | الْحَقُّ مِن رَّبِّكَ فَلاَ تَكُونَنَّ مِنَ الْمُمْتَرِينَ۞<br>အမှန်တရားသည် သင်၏ ကံကြမ္မာရှင်ထံမှဖြစ်၏၊ သို့ဖြစ်၍ သင်တို့သည် အငြင်းသန်သူတို့၏ အနက်မှ မဖြစ်သင့်ပေ။ |
| ၁၄၈။ | وَلِكُلٍّ وِجْهَةٌ هُوَ مُوَلِّيهَا فَاسْتَبِقُواْ الْخَيْرَاتِ أَيْنَ مَا تَكُونُواْ يَأْتِ بِكُمُ اللّهُ جَمِيعًا إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞<br>ဦးတည် ရှေ့ရှုမှုကိုယ်စီ ရှိကြ၏၊ သို့ဖြစ်ရာ ကောင်းမှုများ၌ သတ်မှတ်ကြလော့၊ သင်တို့သည် မည်သည့် နေရာ၌ရှိစေ ပရမတ်ဘုရားရှင်က သင်တို့အားလုံးကို စုပေါင်းစေမည်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံကို စည်းချိန် ပြဋ္ဌာန်းတော်မူ၏။[၁၀၈] |
| ၁၄၉။ | وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ وَإِنَّهُ لَلْحَقُّ مِن رَّبِّكَ وَمَا اللّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞<br>မည်သည့်နေရာသို့ ထွက်ခွာသည်ဖြစ်စေ သင်တို့သည် ဘေးမဲ့ ဝတ်ကျောင်းတော်ဘက်သို့ ရှေ့ရှုလော့၊ မှတ်သားလော့ အမှန်တရားသည် ကံကြမ္မာရှင်၏ထံမှ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မေ့လျှော့ထားသည် မဟုတ်ပေ။ |
| ၁၅၀။ | وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ وَحَيْثُ مَا كُنتُمْ فَوَلُّواْ وُجُوهَكُمْ شَطْرَهُ لِئَلاَّ يَكُونَ لِلنَّاسِ عَلَيْكُمْ حُجَّةٌ إِلاَّ الَّذِينَ ظَلَمُواْ مِنْهُمْ فَلاَ تَخْشَوْهُمْ وَاخْشَوْنِي وَلأُتِمَّ نِعْمَتِي عَلَيْكُمْ وَلَعَلَّكُمْ تَهْتَدُونَ۞<br>မည်သည့်နေရာသို့ ထွက်ခွာသည်ဖြစ်စေ သင်တို့သည် ဘေးမဲ့ဝတ်ကျောင်းတော် ဘက်သို့ ရှေ့ရှုလော့၊ မည်သည့် နေရာ၌ ရှိသည်ဖြစ်စေ ထိုဘက်သို့ ဦးတည်ကြလော့၊ သို့မှသာ လူသားတို့က သင်တို့ကို မငြင်းနိုင်ရန် ဖြစ်၏၊ သူတို့မှ တစ်ချို့က မိုက်ကန်းနိုင်၏၊ သူတို့အား မကြောက်ကြလင့် ငါ့ကိုသာ ကြောက်ကြလော့၊ ငါသည် သင်တို့အား ဂုဏ်ပုဒ် နှင့် ပြည့်စုံစေမည်၊ သင်တို့သည် လမ်းမှန်ကို ရကောင်းအံ့ငှာ ဖြစ်၏။[၁၀၉] |
| ၁၅၁။<br>☆၉း၃၃<br>ကိုယ်<br>တော်<br>သည် | كَمَا أَرْسَلْنَا فِيكُمْ رَسُولاً مِّنكُمْ يَتْلُو عَلَيْكُمْ آيَاتِنَا وَيُزَكِّيكُمْ وَيُعَلِّمُكُمُ الْكِتَابَ وَالْحِكْمَةَ وَيُعَلِّمُكُم مَّا لَمْ تَكُونُواْ تَعْلَمُونَ۞<br>သင်တို့၏အနက်မှ ဥဏ်စဉ်ဆောင် တစ်ပါးအား **စေစား**☆သကဲ့သို့ပင်၊ **သူသည်** ငါ၏ သုတ္တန်များကို သင်တို့အား ရွတ်အံ့ပြ၏၊ သင်တို့အား သန့်စင်စေ၏၊ ကျမ်းတော်နှင့် ဥပဒေကို သင်ကြားပေး၏၊ သင်တို့ မသိခဲ့သည်များကို သွန် သင်ပြ၏။ |

**(၁၀၈)** လူအများ လိုက်နာဆောင်ရွက်နိုင်သော ဘုံ ရှေ့ရှုဦးတည်မှုကို သတ်မှတ်သော်လည်း ဆန့်ကျင်ဘက် အင်အားစု ဆိုသည်မှာ ရှိနေမည်ပင်၊ သို့သော် ထိုဆန့်ကျင်ဘက် အင်အားစုများကို ရန်သူ အဖြစ် အစ္စလာမ်က မသတ်မှတ်ပေ၊ ၎င်းကို လောကဓမ္မတာဟု သတ်မှတ်ယုံမျှမက သူ့ ထက်ငါ လောကအကျိုးပြု လုပ်ငန်းများ၌ ပြိုင်ဆိုင် လုပ်ကိုင်ရန် လေ့ကျင့်ဘက်များဟု သတ်မှတ်ပေသည်၊ အချင်းချင်း ခိုက်ရန် ဒေါသဖြစ်မှု၊ စောင်း မြောင်း ပြောဆိုမှု၊ ပုတ်ခတ်ဝေဖန်မှုများ ဟူသည့် မကောင်းမှု၌ အားမထုတ်ကြရန်၊ ကောင်းမှုများ၌သာ အချင်းချင်း ပြိုင်ဆိုင်ကြရန် ဤသုတ်တော်မှ ရိုးရှင်းစွာ သွန်သင်ထားပေသည်။

**(၁၀၉)** ဤသုတ်တော်များတွင် မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ ဘေးမဲ့ဝတ်ကျောင်းတော်ဘက်သို့ ရှေ့ရှုလော့ဟု ထပ်ခါထပ်ခါ သတိပေးထား ခြင်းမှာ၊ ဘေးမဲ့ဝတ်ကျောင်းတော် သို့မဟုတ် (ကအ်ဘာ)တွင် ထိုစဉ်က ရုပ်ပွားဆင်းထုများ များစွာ ရှိနေခဲ့ပေသည်၊ ထိုဆင်းတုရုပ်ပွားကို ရှင်းလင်း ပယ်ဖျက်ပစ်ရမည် ဖြစ်ကြောင်း ကြိုတင် နိမိတ်ပေးခြင်းမှာ သံသယ မဖြစ်နိုင်ပေ။ ထို့အပြင် ဤသုတ်တော်က ပေးသော ဒသန အရ လူအများသည် မိမိတို့လွတ်မြောက်ကောင်းစားသော အခါတွင် မိမိတို့၏ အရပ်ဒေသ၊ မိခင်ဇာတိနယ်မြေ၌ ကျန်နေရစ်သော လူသားများ၏ နိမ့်ကျနေသော ဘဝ အား ကူညီကယ်တင်ရမည် ဖြစ်သည်။ မိမိတို့သာ လွတ်မြောက်ကောင်းစားနေခြင်းသည် အဓိပ္ပါယ်ရှိသော လွတ်မြောက်မှု မဟုတ်ချေ။

| | |
|---|---|
| ၁၅၂။ | **فَاذْكُرُونِي أَذْكُرْكُمْ وَاشْكُرُواْ لِي وَلاَ تَكْفُرُونِ۝**<br>ငါ့ကိုသာ အာရုံပြုလော့၊ ငါသည် သင်တို့အား အာရုံပြုတော်မူမည်၊ ကျေးဇူးသိကြကုန်လော့၊ မဖုံးကွယ်ကြကုန်လင့်။ |
| ၁၅၃။ | **يَا أَيُّهَا الَّذِينَ آمَنُواْ اسْتَعِينُواْ بِالصَّبْرِ وَالصَّلاَةِ إِنَّ اللّهَ مَعَ الصَّابِرِينَ۝**<br>အို–ယုံကြည်သူတို့၊ အကူအညီကို စိတ်လေ့ကျင့်မှုမြဲခြင်း၊ ခန္တီပါရမီထားခြင်းများဖြင့် ရှားမီးကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခန္တီပါရမီရှင်တို့နှင့် အတူတကွ ရှိတော်မူ၏။ |
| ၁၅၄။ | **وَلاَ تَقُولُواْ لِمَنْ يُقْتَلُ فِي سَبيلِ اللّهِ أَمْوَاتٌ بَلْ أَحْيَاء وَلَكِن لاَّ تَشْعُرُونَ۝**<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌[၁၁၀] လုပ်ကြံခံရသူများအား သေကြပြီဟု မပြောဆိုနှင့်၊ သူတို့သည် ရှင်နေလျှက်ပင် သို့သော် သင်တို့ သတိမမူနိုင်ကြပေ။ |
| ၁၅၅။ | **وَلَنَبْلُوَنَّكُمْ بِشَيْءٍ مِّنَ الْخَوفْ وَالْجُوعِ وَنَقْصٍ مِّنَ الأَمَوَالِ وَالأنفُسِ وَالثَّمَرَاتِ وَبَشِّرِ الصَّابِرِينَ۝**<br>ငါသည် သင်တို့အား ကြောက်ရွံ့ရမှု၊ ငတ်မွတ်ရမှု၊ ဥစ္စာပစ္စည်း ဉာဉ်စရိုက် ကောက်ပဲသီးနှံများ စွန့်လွှတ်ရမှုများဖြင့် စုံစမ်းတော်မူမည်၊ ခန္တီပါရမီရှင်တို့အား သတင်းကောင်းပါးလော့။[၁၁၁] |
| ၁၅၆။ | **الَّذِينَ إِذَا أَصَابَتْهُم مُّصِيبَةٌ قَالُواْ إِنَّا لِلّهِ وَإِنَّـا إِلَيْهِ رَاجِعونَ۝**<br>သူတို့အား တစ်စုံတရာ အနစ်နာခံစေသော်၊ သူတို့က“ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင် အတွက်ပင်၊ အရှင့်ထံ သို့သာ ကျွန်ုပ်တို့ ဦးလှည့်ရမည် သာတည်း၊”ဟု ရင့်ကျူးကြ၏။ |
| ၁၅၇။ | **أُولَـئِكَ عَلَيْهِمْ صَلَوَاتٌ مِّن رَّبِّهِمْ وَرَحْمَةٌ وَأُولَـئِكَ هُمُ الْمُهْتَدُونَ۝**<br>သူတို့အပေါ်သို့ ကံကြမ္မာရှင်၏ မေတ္တာတော်နှင့် ကရုဏာတော်သည် သက်၏၊ သူတို့သည် လမ်းညွှန်မှုန်၌ ရှိကြ၏။ |
| ၁၅၈။ | **إِنَّ الصَّفَا وَالْمَرْوَةَ مِن شَعَآئِرِ اللّهِ فَمَنْ حَجَّ الْبَيْتَ أَوِ اعْتَمَرَ فَلاَ جُنَاحَ عَلَيْهِ أَن يَطَّوَّفَ بِهِمَا وَمَن تَطَوَّعَ خَيْرًا فَإِنَّ اللّهَ شَاكِرٌ عَلِيمٌ۝**<br>ကေန်ပင် ဆွဖာရ်နှင့် မရ်ဝါတို့သည်[၁၁၂] ပရမတ်ဘုရားရှင် သတ်မှတ်သည့် အမှတ်အသားများမှ ဖြစ်၏၊ မည်သူမဆို ဝတ်ကျောင်းတော်၌ ကံဆောင်ပရိဝုံသ်ပြုသော်၊[၁၁၃] သို့မဟုတ် လည်ပတ်သော်[၁၁၄] ထိုအရာတို့အား လှည့်လည်ခြင်း |

**(၁၁၀)** ကျမ်းတော်တွင် မကြာခဏဖော်ပြသော “ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော် **ဖီးဆဗီးလ်လိလာဟ် فِي سَبيلِ اللّهِ**” ဆိုသည်မှာ “မိစ္ဆာလမ်းစဉ် **ဖီးဆဗီးလ် တွာဂု(တ်) فِي سَبِيلِ الطَّاغُوتِ** (၄း၇၆)” ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် **သမ္မာလမ်းစဉ်** သို့မဟုတ် **သစ္စာလမ်းစဉ်**ဟု အဓိပ္ပါယ်ကို ပေးပေသည်။ အစ္စလာမ် သာသနာသည် အမှန်တရားအတွက်၊ တရားမျှတမှုအတွက်၊ လူ့အခွင့်အရေး အတွက် တော်လှန်ရမှုကို ခွင့်ပြုပေသည်။ သို့သော် ဤစကားလုံး “ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌” ဆိုသည်ကို ကောက်ကြောင်းဆွဲ၍ အစ္စလာမ် မဟုတ်သူ သာသနာပြု ဆရာတော် ဆေးလ်က “ထိုစကားလုံး၏ ဆိုလိုချက်မှာ မဟာမေဒင် ဘာသာကို ဖြန့်ချီရာ၌ မယုံကြည်သူများအား တိုက်သောစစ်”ဟု စွပ်စွဲ ထားပေသည်။ ထို စွပ်စွဲမှုမှာ ရိုးသားမှုမပါ ဝင်ပေ၊ ထိုစွပ်စွဲချက်အား ကျမ်းတော်၏(၂း၂၅၆)ပါ “သာသနာရေး၌ အတင်းအဓမ္မမှုမရှိ” ဟူသော စကားက ယတိပြတ် ငြင်းပယ်ထားပေသည်။

**(၁၁၁)** ကျူးကျော်သူများက မတရားသဖြင့် အနိုင်ကျင့်သောအခါ ပြန်လည် တော်လှန်ရပေမည်၊ ထိုအချိန်ကာလများတွင် ကျူးကျော်သူများဘက်မှ အင်အားသာပါက တော်လှန်ရေးသမားများကို ထောက်ခံသော အင်အားစုများ၊ ရွာသူရွာသားများကို ကျူးကျော်သူများဘက်မှ အကြောင်းပြချက် မျိုးစုံဖြင့် အနိုင်ကျင့်မည်၊ သူတို့၏ ရိက္ခာ ဆန်ရေများကို သိမ်းပိုက်မည်၊ ဥစ္စာပစ္စည်း ကောက်ပဲသီးနှံများကို ဖျက်ဆီးကြပေမည်၊ လူထုအား ထိုသို့ ဖိနှိပ်ခြင်းဖြင့် တော်လှန်ရေးသမားတို့အား ပိတ်ဆို့ ချိနဲ့အောင် ပြုလုပ်ကြပေမည်၊ ထိုအခါ စိတ်ဓါတ် မခိုင်မာသောသူများက သစ္စာဖောက်ကြပေ တော့မည်၊ ထိုသူများအတွက် သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် အကြောင်း မရှိချေ။ အကျပ်အတည်းပေါင်းများစွာကို ကြံ့ကြံ့ ခံနိုင်သော စိတ်ဓါတ် ခိုင် မာသည့် ခန္တီပါရမီရှိသူများ အတွက်သာ အောင်ပွဲခံခွင့်၊ သူ့ကျွန်ဘဝမှ လွတ်မြောက်ခွင့် သတင်းကောင်းများ ရှိသည်ဟု ဤသုတ်တော်မှ သွန်သင် ပေသည်။

| | |
|---|---|
| | ကြောင့် အပြစ်မထိုက်ပေ၊ မည်သူမဆို စိတ်ပြတ်စွာဖြင့် ကောင်းမှုပြုလျှင်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျေးဇူး ပြန်သော အရှင်၊ သိနေသောအရှင် ဖြစ်၏။ |
| ၁၅၉။ | إِنَّ الَّذِينَ يَكْتُمُونَ مَا أَنزَلْنَا مِنَ الْبَيِّنَاتِ وَالْهُدَى مِن بَعْدِ مَا بَيَّنَّاهُ لِلنَّاسِ فِي الْكِتَابِ أُولَـئِكَ يَلعَنُهُمُ اللّهُ وَيَلْعَنُهُمُ اللَّاعِنُونَ ۞<br>ရှင်းလင်းသော လမ်းညွှန်များကို ငါ ချမှတ်ပေးပြီးနောက်၊ လူသားတို့အတွက် ကျမ်းစာမှ ရှင်းလင်းချက်များကို ထိန် ဝှက်ထားသူတို့၏ အပေါ်သို့ ပရမတ်ဘုရားရှင်၏ မေတ္တာဝေးကွာရခြင်း၊ မေတ္တာပျက်သင့်သူတို့၏ မေတ္တာပျက်ခြင်းများ ခံရလိမ့်မည်။[၁၁၅] |
| ၁၆၀။ | إِلاَّ الَّذِينَ تَابُواْ وَأَصْلَحُواْ وَبَيَّنُواْ فَأُوْلَـئِكَ أَتُوبُ عَلَيْهِمْ وَأَنَا التَّوَّابُ الرَّحِيمُ ۞<br>ခဝါချ၊ ပြုပြင်၊ ပွင့်လင်းကြသော သူတို့အပေါ် ပြစ်မှုများ လျှော်ပေးမည်၊ ငါသည် သင်ပုန်းချေသော အရှင် အကြင်နာ ရှင် ဖြစ်၏။ |
| ၁၆၁။ | إِنَّ الَّذِينَ كَفَرُوا وَمَاتُوا وَهُمْ كُفَّارٌ أُولَئِكَ عَلَيْهِمْ لَعْنَةُ اللهِ وَالْمَلآئِكَةِ وَالنَّاسِ أَجْمَعِينَ ۞<br>ဖုံးကွယ်သောသူ၊ ထိုဖုံးသွယ်သူ အဖြစ်နှင့်ပင် ဘဝပြောင်း၏ ထိုသူတို့ပေါ်သို့ ပရမတ်ဘုရားရှင်၊ နိမိတ်ဆောင်များနှင့် လူသား အပေါင်းတို့၏ မေတ္တာ ဝေးကွာမှုများ စုပေါင်းကျရောက်ပြီ။ |

---

(၁၁၂) **ဆွဖာရ်၊ မရ်ဝါ** ဆိုသည်မှာ ဘေးမဲ့ဝတ်ကျောင်းတော် အနီးရှိ တောင်ပူစာနှစ်ခု၏ အမည် ဖြစ်သည်။ အစ္စလာမ်သာသနာဝင် အပေါင်းသည် ကံဆောင်ပရိဝုဲသ်ပြုကြသောအခါ ထိုတောင်ပူစာများသို့ သွားရောက် လှည့်ပတ် ကြည့်ကြသည်ကို လောကီစိတ် မပြတ်ဟု ဤသုတ်တော်အား မပြဌာန်းပေးမီက ဥပဒါန်စွဲနေ ကြပေသည်၊ ဤသည်ကို ပရမတ်ဘုရားရှင်က ထိုသို့သော အပြုအမူအတွက် အပြစ်မထိုက်ဟု လူသားများ စိတ်၌ ရှင်းလင်း ပေ့ါပါးသွားစေရန် ပညတ်ထားခြင်း ဖြစ်ပေသည်။

**(၁၁၃)** ဤဘာသာပြန်၌ အစ္စလာမ် သာသနာဝင်တို့၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် **ဟာ့ဂျ်** ကို **ကံဆောင်ပရိဝုဲသ်ပြုခြင်း** ဟု ပြန်ဆိုခြင်းမှာ၊ ဟာ့ဂျ်၏ ကျင့်စဥ်များ၊ စည်းကမ်းဝိနည်းများသည် ဗုဒ္ဓရဟန်းခံများ ကံဆောင် ပရိဝုဲသ်ပြုခြင်းနှင့် ပုံစံတူသောကြောင့် ဖြစ်သည်၊ ကံဆောင်ရမည်မှာ ဟာ့ဂျ် ပြုသူသည်၊ ဆံပါယ်ရမည်၊ မေထုံမှု ရှောင်ကြဉ်ရမည်၊ (၂း၁၉၆) ဝတ်ကြောင် စွန့်ရမည် (၅း၁)၊ ဒေါသဖြစ်စေသော၊ ညစ်ညမ်းသော၊ ကာမကို နှိုးဆွ သော ဝစီကံများကို ရှောင်ကြဉ်ရမည် (၂း၁၉၅)၊ အသက်သတ်ခြင်း အမဲလိုက် ခြင်းကို ရှောင်ရမည် (၅း၁) လောကုတ္တရာ၌ ရှုသော စိတ်ကို ပွား များရမည် ဖြစ်သည်။ ပရိဝုဲသ်ပြုရာသို့ အခြားသူများ ဝင်ရောက်စွပ်ဖက်ခွင့် မရှိသကဲ့သို့၌ ဟာ့ဂျ်သို့ အစ္စလာမ်သာသနာဝင်များမှ အပ အခြားသူ များ ဝင်ရောက်စွပ်ဖက်ခွင့် မရှိချေ။ ထိုစုပေါင်းပြုလုပ်သော ပွဲတော်သို့ လာရောက်သူများအား ရက်ရောစွာ အလှူအဒါန်းကြီး ပြုလုပ် ကျွေးမွေး ရမည် ဖြစ်သည်။

**(၁၁၄)** လည်ပတ်ခြင်း (လည်ပတ်သော်–ဂါယာပြုသော်) ဆိုသည်မှာ အွမ္မရာ ကိုဘာသာပြန်ခြင်း ဖြစ်ပေသည်။ ကံဆောင် ပရိဝုဲသ်ပြုမှု အသေးစား ဟု သတ်မှတ်ကြပေသည်၊ သို့သော် ထိုလည်ပတ်မှုတွင် ပရိဝုဲသ်ပြုခြင်းကဲ့သို့ ကျင့်ဝတ်ဝိနည်း မများပေ။ ထိုသို့ လည်ပတ်ခြင်းနှင့် ပရိဝုဲသ်ပြုမှုကြီး ကို တစ်ပြိုင်နက် ပြုနိုင်ပေသည်။ ထိုပုဂ္ဂိုလ်သည် ဥပုသ် (၁၀)ရက်ဆောက်တည်ရပေမည်။

**(၁၁၅) لَعَن လအန** ကို ဆရာတော်ကြီးများက ကျိန်ဆဲသည်ဟု ဘာသာပြန် ကြပေသည်။ ဤသို့ ဘာသာပြန်ခြင်းမှာ ခရစ်ယာန်နှင့် (ဂျူး) ရေဝတီ ဘာသာတို့၏ ကျမ်းစာများ၏ အသုံးအနှုန်းကို လိုက်၍ ဘာသာပြန်ခြင်း ဖြစ်ပေသည်။ အစ္စလာမ်သာသနာဝင်တို့ ကိုးကွယ်ယုံကြည်သော ပရမတ် ဘုရားရှင် (အလ္လာဟ်) ဆိုသည်မှာ လူပုဂ္ဂိုလ်သတ္တဝါ (အတ္တ) မဟုတ်ပေ၊ သမ္မာကျမ်းစာ၏ ပုံဖော် နားလည်ထားမှုနှင့် လုံးဝ မအပ်စပ်ကြောင်းကို ဤဘာသာပြန်၏ ရှင်းချက်ပေါင်းများစွာ၌ ရှင်းပြထားပါသည်၊ ထိုပရမတ်ဘုရားရှင်(အလ္လာဟ်)သည် ကရုဏာရှင်၊ အကြင်နာရှင် ဖြစ်ကြောင်း ကျမ်း တော်၏ ပထမဦးဆုံး သုတ်တော်တွင် ဆိုထားပြီး ဖြစ်သည်။ ထို့အပြင် ကျမ်းတော်၏ (၆း၁၂)တွင် “အရှင်သည် မိမိ၏ ဥဉ်တော်အား ကရုဏာ အဖြစ် ပြဌာန်းထားတော်မူ၏။”ဟု ရှင်းရှင်းလင်းလင်း ဆိုထားသည်။ အရှင် ပြဌာန်းထားသော ကရုဏာတော် မေတ္တာတော် ဆိုသည်မှာ ပရမတ် ဖြစ်၍ လူသားသည် မိမိ၏ ကျင့်ဆောင်အားထုတ်မှု အလျောက် မေတ္တာတော်အား ပို၍နီးစပ်ခြင်းနှင့် မေတ္တာတော်နှင့် ဖြေးဖြေး ဝေးကွာခြင်း များကို ခံစားခွင့် ရှိပေသည်။ အရှင်၏ မေတ္တာတော်မှာ ပြောင်းလဲခြင်း မရှိချေ။ အလားတူပင် လူသားတို့သည်လည်း ဗီဇအားဖြင့် သနားကြင်နာ တတ်သော သဘောရှိသည်၊ အခြားသူတစ်ဦး၏ ပြုလုပ်ကျင့်ဆောင်မှု ပေါ်မူတည်၍ မိမိ၏ မေတ္တာသက်မှု၊ မေတ္တာမဲ့မှုများ ဖြစ်ပေါ် လေ့ရှိပေသည်။ မေတ္တာရှိမှု၊ မေတ္တာမဲ့မှုမှာ ထိုမေတ္တာရှိခံရသူ၊ မေတ္တာမဲ့ခံရသူ၏ထံမှ ရိုက်ခတ်လာသော အပြုအမူကြောင့် တန်ပြန်သက်ရောက်မှု သာဖြစ်၍ လူသား၏ စိတ်သဏ္ဍာန်၌ မွေးရာပါ ကိန်းဝပ်လာသော စရိုက် မဟုတ်ချေ။ အာရ်ဗီစကား **လအာနတ်** (**လအန**) ဆိုသည်မှာ အဆိုးပြု လုပ်သူ ထံသို့ တန်ပြန် သက်ရောက်သော အဆိုးတရားဟု ဖြစ်သောကြောင့် ဤနေရာ၌ မေတ္တာဝေးကွာမှုဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၆၂။<br>☆၂း၃၉ | **خَالِدِينَ فِيهَا لاَ يُخَفَّفُ عَنْهُمُ الْعَذَابُ وَلاَ هُمْ يُنظَرُونَ۞**<br>ယင်း၌ ကာလမဲ့ ဖြစ်၏၊☆ သူတို့အတွက်ဝဋ်ကြွေးမှာ ပေါ့ပါးစေမည်မဟုတ်၊ ဆိုင်းငံ့မည်လည်း မဟုတ်ပေ။ |
| ၁၆၃။ | **وَإِلَـهُكُمْ إِلَهٌ وَاحِدٌ لاَّ إِلَهَ إِلاَّ هُوَ الرَّحْمَنُ الرَّحِيمُ۞**<br>သင်တို့၏ဘုရားရှင်မှာ တစ်ဆူတည်းသာ ဖြစ်၏၊ ထိုကရုဏာရှင် အကြင်နာရှင်မှ အပ အခြားဘုရားဟူ၍ မရှိပြီ။ |
| ၁၆၄။ | **إِنَّ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ وَاخْتِلاَفِ اللَّيْلِ وَالنَّهَارِ وَالْفُلْكِ الَّتِي تَجْرِي فِي الْبَحْرِ بِمَا يَنفَعُ النَّاسَ وَمَا أَنزَلَ اللّهُ مِنَ السَّمَاء مِن مَّاء فَأَحْيَا بِهِ الأرْضَ بَعْدَ مَوْتِهَا وَبَثَّ فِيهَا مِن كُلِّ دَآبَّةٍ وَتَصْرِيفِ الرِّيَاحِ وَالسَّحَابِ الْمُسَخِّرِ بَيْنَ السَّمَاء وَالأَرْضِ لآيَاتٍ لِّقَوْمٍ يَعْقِلُونَ۞**<br>မိုးမြေများကို ဖြစ်တည်စေခြင်း၊ နေ့ညများကို လှည့်ပြောင်းစေခြင်း၊ လူသားတို့အကျိုးငှာ ရေယာဉ်များကို ပင်လယ်ပြင်၌ ပြေးလွှားစေခြင်း၊ မိုးတိမ်သားမှ ပရမတ်ဘုရားရှင်က သွန်းဖြိုးစေသည့် ရေအားဖြင့် သေနေသော မြေကမ္ဘာအားရှင်သန်စေကာ သတ္တဝါမျိုးစုံ ပျံ့ပွားစေခြင်း၊ လေလမ်းကြောင်းများ ပြောင်းစေခြင်းနှင့် မိုးမြေစပ်ကြား ရှိသမျှသည် လွှန်ဆန်နိုင်မှု မရှိခြင်းတို့မှာ အတွေးအခေါ် ရှိသောလူမျိုးအတွက် လက္ခဏာရပ်များပင် ဖြစ်ချေ၏။ |
| ၁၆၅။ | **وَمِنَ النَّاسِ مَن يَتَّخِذُ مِن دُونِ اللّهِ أَندَاداً يُحِبُّونَهُمْ كَحُبِّ اللّهِ وَالَّذِينَ آمَنُواْ أَشَدُّ حُبًّا لِّلّهِ وَلَوْ يَرَى الَّذِينَ ظَلَمُواْ إِذْ يَرَوْنَ الْعَذَابَ أَنَّ الْقُوَّةَ لِلّهِ جَمِيعاً وَأَنَّ اللّهَ شَدِيدُ الْعَذَابِ۞**<br>လူသားတို့အနက် ပရမတ်ဘုရားရှင်အား တုပြိုင်လျက် အခြားကိုးကွယ်ရာများကို အယူထားသူတို့ ရှိ၏၊ သူတို့အား ပရမတ်ဘုရားရှင်အား မြတ်နိုးသလို မြတ်နိုးနေကြ၏၊ ယုံကြည်သူတို့သည်ကား ပရမတ်ဘုရားရှင်၌ မြတ်နိုးမှုမှာ ပြတ်သားလှချေ၏၊ ဝဋ်ကြွေးကို မြင်တွေ့ရသောအခါ၊ အစွမ်းသတ္တိအပေါင်းသည် ပရမတ်ဘုရားရှင်၌သာ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ ဝဋ်ဒဏ်သင့်စေ၏ဟု အမိုက်ကောင်တို့ မြင်တွေ့ရပေမည်။[၁၁၆] |

---

(၁၁၆) ဤသုတ်တော်က ပုဂ္ဂိုလ်ရေးကိုးကွယ်မှုများ၏ အကျိုး မရှိမှုများကို သွန်သင်ပေသည်၊ ပိဋကတ်တော်တွင်လည်း ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုသည် အရာမထင်ကြောင်းကို ရှင်ဝက္ကလိက ကိုယ်တော်ဂေါတမ၏ ရုပ်ပုံတော် (အဆင်း)၌ မွေ့လျော်ခြင်းကို သိ၍ ကိုယ်တော်က **"ဝက္ကလိ၊ မသင့်လျော်၊ သူမိုက်တို့သာ နှက်သက်အပ်သော ရုပ်အဆင်း၌ သင်သည် အဘယ်ကြောင့် မွေ့လျော်ဘိသနည်း၊ ပညာရှိသော အကြင်သူသည် သူတော်ကောင်းတရားကို မြင်၏ ထိုသူသည် ငါ့ကို မြင်သည်သာတည်း သူတော်ကောင်းတရားကို မမြင်သောသူသည် ငါ့ကိုမြင်သော်လည်း မမြင်သည် မည်၏၊ ကိုယ်ခန္ဓာသည် အဆုံးအပိုင်းအခြား မရှိသော အပြစ်ရှိပေ၏၊ အဆိပ်ပင်နှင့်တူသော ဥပမာရှိ၏၊ အလုံးစုံသော ရောဂါတို့၏ တည်ရာဖြစ်၏၊ အလုံးစုံသော ဆင်းရဲခြင်း၏ အစုအပုံ ဖြစ်၏၊"ဟု ဆိုထားပေသည်၊ (ထေရာအပါဒါန် ၅၃၊ ၅၅)။** အစ္စလာမ် ဘာသာကမူ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ဤထက်ပင် ပြတ်သားစွာ တားမြစ်ပေသည်။ ရှေ့ဆောင်ဓမ္မဆရာများ၊ ဘုန်းတော်ကြီးများသည် နောက်လိုက်ဒကာတို့အား နိဗ္ဗာန်သို့ ပို့နိုင်သူများ မဟုတ်၊ ငရဲသို့ ဆွဲချနိုင်သူများ မဟုတ်ပေ။ သူတို့လေ့လာထားသော ဘုရားဟောကျမ်းဂန်များမှ ကောင်းနိုးရာရာများကိုသာ ဟောကြားသူများ ဖြစ်၏၊ သူတို့သည်ပင် ဂိုဏ်းကန အစွဲမကင်းကြပေ၊ ပရမတ်ဘုရားရှင်၏ တရားတော်စစ် ဆိုသည်ထက် မိမိအားသန်ရာ ဂိုဏ်းအယူကိုသာ မှန်သည်ဟု ယူဆသူများ ဖြစ်ကြပေသည်။ လူသားများက သူတို့အား ကိုးကွယ်ရာ အဖြစ် မယူဆမိသော် သူတို့၏ ယုံကြည်ယူဆမှုမှာ ပြဿနာ မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင် ပုတုဇဉ်များ ဖြစ်သောကြောင့် ဖြစ်၏၊ သူတို့အား ကိုးကွယ်ရာ အဖြစ် ယူဆမိသည်နှင့် သူတို့၏ ပုတုဇဉ်သဘာဝ အမှားများမှာ မိမိတို့၏ သန့်စင်သော ယုံကြည်မှုထဲသို့ ဝင်ရောက်၍ မလာနိုင်ဟု အာမခံနိုင်သူ မရှိပေ။ မိမိ၏ ကောင်းဆိုး လုပ်ပိုင်ခွင့် သက်တမ်း ကုန်လွန်သောအခါမှ အမှားတရားကို သိကြရလျှင် ပြန်ပြင်ရန် နောက်ကျလွန်းနေပြီ ဖြစ်ကြောင်း သုတ်နံပါတ် ၁၆၆ နှင့် ၁၆၇ တို့က ရှင်းပြထားပေသည်။ သို့သော် မိဘဆရာသမားများအား မလေးစား မကြည်ညိုရဟု ကျမ်းတော်က မသွန်သင်ပေ။ ကြည်ညို လေးစားခြင်းနှင့် ကိုးကွယ်ဆည်းကပ်ခြင်း ဆိုသည်ကို ခွဲခြားသိနိုင်ရန်သာ အရေးကြီးပေသည်။

| | |
|---|---|
| ၁၆၆။ | **إِذْ تَبَرَّأَ الَّذِينَ اتُّبِعُواْ مِنَ الَّذِينَ اتَّبَعُواْ وَرَأَوُاْ الْعَذَابَ وَتَقَطَّعَتْ بِهِمُ الأَسْبَابُ۞**<br>မြှောက်စားခံရသူများက[၁၁၇] တပည့်ဒကာတို့အား[၁၁၈] စွန့်ပစ်ခဲ့ကုန်အံ့၊ ဝဋ်ကြွေးကို မြင်တွေ့ရကုန်အံ့၊ ထိုအခါ သူတို့၏ နှောင်ကြိုးများ ပြတ်တောက်သွားလတ္တံ့။ |
| ၁၆၇။ | **وَقَالَ الَّذِينَ اتَّبَعُواْ لَوْ أَنَّ لَنَا كَرَّةً فَنَتَبَرَّأَ مِنْهُمْ كَمَا تَبَرَّؤُواْ مِنَّا كَذَلِكَ يُرِيهِمُ اللّهُ أَعْمَالَهُمْ حَسَرَاتٍ عَلَيْهِمْ وَمَا هُم بِخَارِجِينَ مِنَ النَّارِ۞**<br>ဒကာအပေါင်းက "အကယ်၍သာ ကျွန်ုပ်တို့အဘို့ တစ်ခေါက်ပြန်ခွင့်ရလျှင် ကျွန်ုပ်တို့အား စွန့်ပစ်ခဲ့သလို သူတို့ကို စွန့်ပစ်ကြမည်၊"ဟု ပြောဆိုလတ္တံ့၊ ပရမတ်ဘုရားရှင်သည် သူတို့၏ ကျင့်ကြံခဲ့ရာမှာ သူတို့အတွက် ကြေကွဲဘွယ်ရာ ဖြစ်ကြောင်း မြင်တွေ့စေမည်၊ သူတို့သည် အပူမီးမှ ထွက်ကြရမည့် သူများ မဟုတ်ပေ။ |
| ၁၆၈။<br>၂း၁၇၂<br>☆၂း၁၄ | **يَا أَيُّهَا النَّاسُ كُلُواْ مِمَّا فِي الأَرْضِ حَلاَلاً طَيِّباً وَلاَ تَتَّبِعُواْ خُطُوَاتِ الشَّيْطَانِ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۞**<br>အို၊ လူသားအပေါင်းတို့–မြေကမ္ဘာ၌ **တရားဝင်သန့်စင်ရာကို** စားသုံးကြလော့၊ မကောင်းဆိုးဝါး၏☆ ခြေရာနောက်သို့ မလိုက်ကြနှင့်၊ သူသည် သင်တို့အတွက် ထင်ရှားသော ပြိုင်ဘက် ဖြစ်၏။ |
| ၁၆၉။ | **إِنَّمَا يَأْمُرُكُمْ بِالسُّوءِ وَالْفَحْشَاء وَأَن تَقُولُواْ عَلَى اللّهِ مَا لاَ تَعْلَمُونَ۞**<br>သူသည် သင်တို့အား ဒုစရိုက်မှု၊ အကုသိုလ်မှုနှင့် ပရမတ်ဘုရားရှင်အပေါ် သင်တို့မသိသည်များကို ပြောဆိုရန် ညွှန်ကြားလိမ့်မည်။ |
| ၁၇၀။ | **وَإِذَا قِيلَ لَهُمُ اتَّبِعُوا مَا أَنزَلَ اللّهُ قَالُواْ بَلْ نَتَّبِعُ مَا أَلْفَيْنَا عَلَيْهِ آبَاءنَا أَوَلَوْ كَانَ آبَاؤُهُمْ لاَ يَعْقِلُونَ شَيْئاً وَلاَ يَهْتَدُونَ۞**<br>သူတို့အား "ပရမတ်ဘုရားရှင် ချမှတ်ပေးသည်ကို လိုက်နာကြလော့၊"ဟု ပြောသောအခါ၊ "ကျွန်ုပ်တို့တွေ့ရှိရာ မိရိုးဖလာကို လိုက်နာပါပြီ၊"ဟု ပြန်ပြောကြ၏၊ အမှန်မှာ သူတို့၏ ဘဘိုးများသည် အတွေးအခေါ် တစ်စုံတစ်ရာနှင့် လမ်းညွှန်မှုန်၌ မရှိချေ။ |
| ၁၇၁။ | **وَمَثَلُ الَّذِينَ كَفَرُواْ كَمَثَلِ الَّذِي يَنْعِقُ بِمَا لاَ يَسْمَعُ إِلاَّ دُعَاء وَنِدَاء صُمٌّ بُكْمٌ عُمْيٌ فَهُمْ لاَ يَعْقِلُونَ۞**<br>ဖုံးကွယ်သူများအတွက် ဥပမာကား ခေါ်သံ အော်သံမှအပ ကြားနိုင်စွမ်း မရှိသူ ပမာ ဖြစ်၏၊ ပင်းသူ၊ အသူ၊ ကန်းသူ ထိုသူတို့သည် တွေးခေါ်နိုင်ကြမည် မဟုတ်ချေ။ |
| ၁၇၂။ | **يَا أَيُّهَا الَّذِينَ آمَنُواْ كُلُواْ مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَاشْكُرُواْ لِلّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ۞**<br>အို–ယုံကြည်သူတို့၊ သင်တို့အား ငါပေးရာ ရိက္ခာမှ သန့်စင်ရာကို[၁၁၉] စားသုံးကြလော့၊ သင်တို့သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလျှင် အရှင့်အား ကျေးဇူးသိကြကုန်လော့။ |

(၁၁၇) **اتُّبِعُواْ တုဗေအူး** ဆိုသော စကားလုံးသည် နောက်လိုက်သည်၊ နာခံသည် ဟု အနက်ပေးသည့် "**တဗအ**"၏ လူသားကို ပြသည့် ကံပုဒ် ဖြစ်သည်၊ အင်္ဂလိပ်သဒ္ဒါတွင် Passive ဖြစ်၍ နောက်လိုက်ခြင်းကို ခံရသူ (ရှေ့ဆောင်)ဟု ဖြစ်သည်၊ သို့သော် အာရဗီစကားတွင် ရှေ့ဆောင်၊ ရှေ့ရပ်ကို အေမန်ဟု ခေါ်သဖြင့် ၎င်းနှင့် အဓိပ္ပါယ် ကွဲပြားပြန်သည်။ တဖန် လူသားများ ရွေးချယ် တင်မြှောက်သော သူလည်း မဟုတ်ပေ။ အများသဘောတူ ရွေးချယ်တင်မြှောက်မှု၊ ရွေးကောက်မှုကို **ကဖိုင်း**ဟု ခေါ်ပေသည်။ လူတစ်စုက သို့မဟုတ် ဂိုဏ်းတစ်ဂိုဏ်းက မိမိတို့၏ ဆရာတော်အား ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ခံရသူအား ခေါ်ပေသည်။ ကျမ်းတော်က **ပုဂ္ဂိုလ်ကိုးကွယ်ခြင်းသည်** ကိုးကွယ်သူများ ကိုယ်တိုင်က မဆင်မခြင် မြှောက်စားခြင်းမှ အခြေခံသည်ဟု ဆိုပေသည်။

(၁၁၈) **اتَّبَعُواْ တဗေအူး** ဆိုသည်မှာ နာခံသူ၊ လိုက်နာသူဟူ၍ ဖြစ်သည်။ ထို့ကြောင့်ဤနေရာတွင် တပည့်ဒကာများဟု ဘာသာပြန်ခြင်း ဖြစ်သည်။

| | |
|---|---|
| ၁၇၃။ | إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالدَّمَ وَلَحْمَ الْخِنزِيرِ وَمَا أُهِلَّ بِهِ لِغَيْرِ اللّهِ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلاَ عَادٍ فَلا إِثْمَ عَلَيْهِ إِنَّ اللّهَ غَفُورٌ رَّحِيمٌ ۞<br>အရှင် ခွင့်မပြုသည်မှာ အသေသား၊ သွေး၊ ဝက်သား၊ ပရမတ်ဘုရားရှင်အား မတိုင်တည်ဘဲ လှီးသတ်သော အသားတို့ ဖြစ်၏၊ သို့သော် အကျဉ်းအကျပ်၌ ဆန္ဒမရှိဘဲ၊ တရားမဖျက်လိုဘဲ သုံးဆောင်ရလျှင် သူ့အတွက် မကောင်းမှု မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၁၂၀] |
| ၁၇၄။ | إِنَّ الَّذِينَ يَكْتُمُونَ مَا أَنزَلَ اللّهُ مِنَ الْكِتَابِ وَيَشْتَرُونَ بِهِ ثَمَنًا قَلِيلاً أُولَـئِكَ مَا يَأْكُلُونَ فِي بُطُونِهِمْ إِلاَّ النَّارَ وَلاَ يُكَلِّمُهُمُ اللّهُ يَوْمَ الْقِيَامَةِ وَلاَ يُزَكِّيهِمْ وَلَهُمْ عَذَابٌ أَلِيمٌ ۞<br>ပရမတ်ဘုရားရှင် ချမှတ်ခဲ့သော ကျမ်းတော်မှ တစ်စိတ်တစ်ပိုင်းကို ထိန်ချန်လျှက် ၎င်းကို မဖြစ်စလောက်ဖြင့် ရောင်းစား သူတို့သည် သူတို့၏ ဝမ်းပိုက်တွင်းသို့ မီးကိုသာ စားမြိုခြင်း မည်၏၊ ရပ်တည်မြဲမြံသောနေ့၌[၁၂၁] ပရမတ် ဘုရားရှင်က ဗျာဒိတ်တော်ပေးမည် မဟုတ် သန့်စင်စေမည်လည်း မဟုတ်ပေ။ သူတို့အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိ၏။ |
| ၁၇၅။ | أُولَـئِكَ الَّذِينَ اشْتَرَوُاْ الضَّلاَلَةَ بِالْهُدَى وَالْعَذَابَ بِالْمَغْفِرَةِ فَمَآ أَصْبَرَهُمْ عَلَى النَّارِ ۞<br>လမ်းမှားကို လမ်းမှန်ဖြင့်၊ ဝဋ်ဒဏ်ကို လွတ်ငြိမ်းခြင်းဖြင့် ဝယ်သူတို့သည် မည်သို့မည်ပုံ အပူမီး၌ ကြံ့ကြံ့ခံနိုင်အံ့နည်း။ |
| ၁၇၆။ | ذَلِكَ بِأَنَّ اللّهَ نَزَّلَ الْكِتَابَ بِالْحَقِّ وَإِنَّ الَّذِينَ اخْتَلَفُواْ فِي الْكِتَابِ لَفِي شِقَاقٍ بَعِيدٍ ۞<br>ဤသည်မှာ ပရမတ်ဘုရားရှင်သည် သစ္စာတရားအားဖြင့် ကျမ်းတော်အား ချမှတ်ပေးသောကြောင့်တည်း၊ ကွဲလွဲ ဆန့် |

---

**(၁၁၉)** သန့်စင်ရာ ဆိုသည်မှာ ကျမ္မာရေးကို ထိခိုက်နိုင်သည့် မသန့်ရှင်းသော အရာများ၏ ဆန့်ကျင်ဘက်ကို ဆိုပေသည်။ ထိုကြောင့် ကုရ်အာန်ကျမ်းတော်တွင် အမည်နာမဖြင့် တိုက်ရိုက်ပြောထားခြင်း မရှိသော်လည်း လူသားတို့၏ ကျမ္မာရေးကို ထိခိုက်နိုင်သည့် အရာ အားလုံးသည်လည်း အစ္စလာမ် ဘာသာဝင်များအတွက် စားသုံးရန် တရားဝင်ခြင်း မရှိချေ။

**(၁၂၀)** ဗုဒ္ဓဘာသာ ရဟန်းတော်များအတွက် လူ၊ ဆင်၊ မြင်း၊ ကျား၊ ခြင်္သေ့၊ ခွေး၊ ဝံ၊ သစ်၊ အောင်း၊ မြွေ ကို တားမြစ် ထားသကဲ့သို့ (မဟာဝဂ္ဂ–၂၈၀၊၂၈၁)၊ ဘာသာတရားတိုင်းတွင် မစားသင့် မစားထိုက်သော **အကပ္ပိယ** အသားများကို တားမြစ်ထားပေသည်၊ အစ္စလာမ် သာသနာဝင်များအတွက် ဝက်သားကို တားမြစ်ထားသော်လည်း ဝက်သည် အလွန်ရွံရှာ ဘွယ်ကောင်းသော သတ္တဝါ ဖြစ်သည်၊ မကိုင်ရ မတို့ရ၊ အသေကောင်ကိုပင် မထိတို့ရဟူသော ဓမ္မဟောင်းကျမ်း၏ ဝတ်ပြုရာကျမ်း ၁၁း၈ တွင် သွန်သင်သကဲ့သို့ ကုရ်အာန်ကျမ်းတော်တွင် သွန်သင်ထားခြင်း မရှိပေ။ မိမိသာသနာ၏ စောင့်စည်းရမည့် သီလအရ မစားသုံးရသော်လည်း သူတစ်ပါးစားသုံးသည်ကို ရွံရှာဘွယ်ကောင်းသည် စက်ဆုတ်ဘွယ် ကောင်းသည်ဟု ကျမ်းတော်က မသွန်သင်ပေ။

**(၁၂၁) ယောင်းမွန်လ်ကီးယာမတ်** ကို ဆရာတော်ကြီးများက ရှင်ပြန်ထမြောက်ရမည့်နေ့ဟု ဘာသာပြန်ဆို ကြပေသည်။ အစ္စလာမ် သာသနာဝင်အများစုကမူ ကမ္ဘာကြီးပျက်မည့်နေ့ဟု အစဉ်အလာအတိုင်း ယုံကြည်ထား ကြပေသည်၊ ထိုစကားလုံး၏ မူရင်း အဓိပ္ပါယ်မှာ ရပ်တည်သည်၊ ခိုင်မာစွာရပ်တည်သည်၊ လည်ပတ်နေသော သံသရာ ခိုင်မာစွာ ရပ်တည်သွားသောနေ့ (ချုပ်ငြိမ်းသောနေ့) ဟူ၍ ဖြစ်ပေသည်။ ဝိဥာဉ်တိုင်း အတွက် ကျင့်ဆောင်ခဲ့ရာကို စီရင်ချက်ချသောနေ့ (ယောင်းမွန်လ်ဒီးန်) (မိမိ၏ ကျင့်ဆောင်ခဲ့ရာများက မိမိအား စီရင်ချက်ချခြင်း ဖြစ်သည်)၊ ဝိဥာဉ်တိုင်း အတွက် နောက်ဆုံးနေ့ (ယောင်းမွန်လ် အာခီရ်) နှင့် ဘဝသံသရာ ချုပ်ငြိမ်းသောနေ့ (ယောင်းမွန်လ်ကီးယာမတ်) ဟု ရှိကြောင်း ကျမ်းတော်က မကြာခဏ ဖေါ်ပြပေသည်။ ထို နေ့သုံးနေ့မှာ အပေါ်ယံ အဓိပ္ပါယ်အားဖြင့် တူညီသော်လည်း လေးနက်သော အနက်တွင်မူ ကွဲပြားပေသည်။ "စီရင်ချက်ချသောနေ့" ဆိုသည်မှာ တရားပေါက်မြောက် အောင်မြင်မှုပေါ် မူတည်၍ လောကီသက်တမ်း သက်ရှိထင်ရှား ရှိနေစဉ်ပင် ကြုံရနိုင်ပေသည်။ အကယ်၍ တရားသဘောကို ထိုးထွင်း မသိခဲ့လျှင်မူ သက်တမ်းကုန်သောနေ့တွင် ကျင့်ဆောင်ခဲ့မှုအတိုင်း စီရင်ချက် ချခံရမည်ဟု ဖြစ်ပေသည်။ "နောက်ဆုံးနေ့" ဆိုသည်မှာ လက်ရှိသက်တမ်း ကုန်လွန်သောနေ့ကို ဆိုလိုခြင်း ဖြစ်သည်။ အာခီရတ် ဆိုသည်မှာ လက်ရှိပစ္စုပ္ပန်ကာလ၏ နောက်ပိုင်း အနာဂါတ် အားလုံးကိုလည်း ခေါ်ပေသည်။ ထို့ကြောင့် နောက်စက္ကန့်တိုင်းသည် အာခီရတ် ဖြစ်ပေသည် မြဲမြံသောနေ့" ဆိုသည်မှာ ဘဝသံသရာ လည်ပတ်ခြင်းများ လုံးဝရပ်တန့် ချုပ်ငြိမ်းသော နေ့ကို ဆိုလိုသည့် အပြင် မိမိ၏ မိရိုးဖလာ အမှောင်မှ တရားအလင်းရောင် ပေါက်သွားသော၊ လူတစ်ဦး၊ လူမျိုးတစ်စု၊ တိုင်းပြည်တစ်ပြည်၏ ခေတ်ပြောင်းလဲသွားခြင်းကိုလည်း ခေါ်ပေသည်။ ဆိုလိုသည်မှာ ထိုလူ၊ လူမျိုး၊ တိုင်းသူ ပြည်သားများသည် ခေတ်ဟောင်း အတွေးအခေါ်များကို ရပ်တန့်ပစ်လိုက်၍ ခေတ်သစ် အတွေးအခေါ်များ၌ ရပ်တည်ခြင်းဟု ဖြစ်သည်။ တဖန် အစဉ်အလာ အတိုင်း ယုံကြည်ထားသော **ကီယာမတ်** ဆိုသည်မှာ ကမ္ဘာကြီးပျက်သောနေ့ဟု ဖြစ်ပေသည်။ သို့သော် ဆင်ခြင်ရန်မှာ ဤကမ္ဘာကြီး ပျက်သွားသောကြောင့် သက်ရှိမျိုးဆက်များ အကုန် နိဗ္ဗိတံသွားခြင်း မဟုတ်ချေ။ ကျမ်းတော်က ဤကမ္ဘာကြီးသည် ပျက်ရမည်၊ ပျက်ရမည် ဟု မကြာခဏ သတိပေးခြင်းမှာ နောက်ကမ္ဘာတစ်ခုသို့ ပြောင်းရွှေ့သွားနိုင်ရန် ကြိုတင် သတိပေးနေခြင်းသာ ဖြစ်ပေသည်။ (၁၄း၄၈ ကိုကြည့်ပါ။)

| | |
|---|---|
| | ကျင်သူတို့အတွက် ကျမ်းတော်သည် အဓိက ဆန့်ကျင်ဘက်ပင် ဖြစ်၏။ |
| ၁၇၇။ | **لَّيْسَ الْبِرَّ أَن تُوَلُّواْ وُجُوهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلَـكِنَّ الْبِرَّ مَنْ آمَنَ بِاللّهِ وَالْيَوْمِ الآخِرِ وَالْمَلآئِكَةِ وَالْكِتَابِ وَالنَّبِيِّينَ وَآتَى الْمَالَ عَلَى حُبِّهِ ذَوِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينَ وَابْنَ السَّبِيلِ وَالسَّآئِلِينَ وَفِي الرِّقَابِ وَأَقَامَ الصَّلاةَ وَآتَى الزَّكَاةَ وَالْمُوفُونَ بِعَهْدِهِمْ إِذَا عَاهَدُواْ وَالصَّابِرِينَ فِي الْبَأْسَاء والضَّرَّاء وَحِينَ الْبَأْسِ أُولَـئِكَ الَّذِينَ صَدَقُوا وَأُولَـئِكَ هُمُ الْمُتَّقُونَ۞**<br>အရှေ့၊ အနောက် အရပ်များသို့ ရှေ့ရှုခြင်းဖြင့် သင်တို့အတွက် သီလရှိသူ မမည်သေး။ ပရမတ်ဘုရားရှင်၊ နောင်ဘဝကာလ၊ နိမိတ်ဆောင်များ၊ ကျမ်းတော်နှင့် သတင်းတော်ဆောင်များကို ယုံကြည်သူ၊ မိမိ မြတ်နိုးပါလျှက် ဥစ္စာပစ္စည်းကို ဆွေမျိုး၊ မိဘမဲ့၊ နွမ်းပါးသူ၊ ခရီးသည်၊ သူတောင်စားနှင့် လွတ်မြောက်လိုသူတို့အတွက် သုံးစွဲသူ၊ စိတ်သင်တန်း၌မြဲ၍ ထောက်ပံ့ဒါနပြုသူ၊ ကတိပြုမှု၌ ကတိတည်ကြည်သူ၊ စိတ်ကျဉ်းကျပ်မှု ရောဂဘယဖြစ်မှု ပဋိပက္ခနှင့်ကြုံမှုတို့၌ သည်းခံပါရမီရှိသူတို့သည်သာ သီလရှိသူ မည်၏။ သူတို့သည်ကား ဖြောင့်မတ်ကြ၏၊ သူတို့သည်ကား စည်းစောင့်ကြ၏။ |
| ၁၇၈။ | **يَا أَيُّهَا الَّذِينَ آمَنُواْ كُتِبَ عَلَيْكُمُ الْقِصَاصُ فِي الْقَتْلَى الْحُرُّ بِالْحُرِّ وَالْعَبْدُ بِالْعَبْدِ وَالأُنثَى بِالأُنثَى فَمَنْ عُفِيَ لَهُ مِنْ أَخِيهِ شَيْءٌ فَاتِّبَاعٌ بِالْمَعْرُوفِ وَأَدَاء إِلَيْهِ بِإِحْسَانٍ ذَلِكَ تَخْفِيفٌ مِّن رَّبِّكُمْ وَرَحْمَةٌ فَمَنِ اعْتَدَى بَعْدَ ذَلِكَ فَلَهُ عَذَابٌ أَلِيمٌ۞**<br>အို–ယုံကြည်သူတို့၊ လူသတ်မှုများ၌ အရေးယူမှုမှာ လူလွတ်အတွက် လူလွတ်၊ ဝန်ထမ်းအတွက် ဝန်ထမ်း၊ လိင်မအတွက် လိင်မဟူ၍ သင်တို့အား ပြဋ္ဌာန်းပြီ။ သို့သော် ခံရသူ၏ သားချင်းများက လျော်ကြေး တစ်စုံတစ်ရာဖြင့် ကျေအေးရန် ကမ်းလှမ်းလျှင် မျှတစွာ ပေးဆောင်၍ ရည်ငံစွာ ဆက်ဆံရမည်။ ဤသည် ကံကြမ္မာရှင်၏ထံမှ ပေါ့ပါးစေခြင်းနှင့် အကြင်နာသက်ခြင်းပင် ဖြစ်၏၊ မည်သူမဆို နောက်ထပ်တဖန် ကျူးလွန်သူအတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိ၏။ [၁၂၂] |
| ၁၇၉။ | **وَلَكُمْ فِي الْقِصَاصِ حَيَاةٌ يَاْ أُولِيْ الأَلْبَابِ لَعَلَّكُمْ تَتَّقُونَ۞**<br>အရေးယူခြင်း၌ သင်တို့အတွက် အသက်ဆက်ခွင့်ရှိ၏။ အို–ပညာရှင်အပေါင်းတို့ သို့မှသာ စည်းစောင့်သူများ ဖြစ်နိုင်ကောင်း၏။ |
| ၁၈၀။ | **كُتِبَ عَلَيْكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ إِن تَرَكَ خَيْرًا الْوَصِيَّةُ لِلْوَالِدَيْنِ وَالأقْرَبِينَ بِالْمَعْرُوفِ حَقًّا عَلَى الْمُتَّقِينَ۞**<br>သင်တို့မှ တစ်စုံတစ်ဦးသည် အနိစ္စရောက်ချိန်တန်၍၊ သူက မိဘ၊ ဆွေမျိုးတို့အတွက် ဥစ္စာပစ္စည်းကို နည်းလမ်းတကျ |

---

(၁၂၂) **الْقِصَاصُ ကီဆွာဆို့** ကို ဆရာတော်ကြီးများက ရှေးဝေါဟာရအတိုင်း လက်စားချေမှုဟု ဘာသာပြန်ဆိုသော်လည်း **ကီဆွာဆို့**၏ အနက်မှာ အရေးယူမှုကို ခေါ်ပေသည်။ အရေးယူမှုကို ဒေါသအလျောက် ဖြေရှင်းခွင့် မရှိပေ၊ ဥပဒေ အတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်သည်။ ဤသုတ်တော်တွင် ''လူသတ်မှုများ၌ အရေးယူမှုကို လူလွတ်ကို လူလွတ် ဝန်ထမ်းကို ဝန်ထမ်း လိင်မကို လိင်မ၊'' ဟူ၍သာ ပြောထားပြီး၊ ''သတ်စေ''ဟု လုံးဝ ဆိုမထားပေ။ အချို့ဆရာတော်များက အစ္စလာမ်သာသနာအား မှိုင်းတိုက်ကျမ်းများကို မစီစစ်ဘဲ ထိုကျမ်းများ၏ အလိုအတိုင်း လိုက်၍ ဘာသာ ပြန်ဆိုမိရာမှ အစ္စလာမ်သာသနာတွင် လူသတ်မှု၌ သတ်သူကို ပြန်သတ်စေရန် ဥပဒေရှိသည် ဟူ၍ ဖြစ်လာပေတော့သည်၊ ဤအယူအဆမှာ သုတ်နံပါတ် (၁၇၉) ''အရေးယူခြင်း၌ အသက်ဆက်ခွင့် ရှိသည်၊''ဟူသည့် အမိန့်တော်ကို တိုက်ရိုက် ဆန့်ကျင်ပေသည်။ ကျမ်းတော်တွင် မပါဝင်သည့် ''သတ်စေ'' ဆိုသည့် စကားလုံးကို အစာသွပ်ပြီး၊ ကျမ်းတော်တွင် သွန်သင်သည့် ''အသက်ဆက်ခွင့် ရှိသည်'' ဆိုသောစကားလုံးကို ထိန်ချန်ထားခြင်းမှာ ရိုးသားမှု မရှိပေ။ ဤသုတ်တော်တွင် ပြောသော ''လူလွတ်ကို လူလွတ်၊ ဝန်ထမ်းကို ဝန်ထမ်း၊ လိင်မကို လိင်မ'' ဆိုသည်မှာ အမှု ကျူးလွန်သော သူကိုသာ အရေးယူရန် ဆိုခြင်းဖြစ်၍ ထိုပြစ်မှုကျူးလွန်သူ၏ မျိုးရိုး၊ ကိုးကွယ်ရာဘာသာ၊ ယုံကြည်ရာဝါဒ အားလုံးကို ပညာမဲ့စွာဖြင့် ယမယ်ရှာခြင်းကို အစ္စလာမ်ဘာသာက တားမြစ်ထားခြင်း ဖြစ်ပေသည်။ လူသတ်မှုကို စီရင်ချက်ချသော တရားသူကြီးသည် စီရင်ခွင့် အာဏာကို အလွဲသုံးစား လုပ်၍ အခြားသူတို့အား နစ်နာအောင် လုပ်ဆောင်ခွင့် မရှိချေ၊ (၁၇း၃၃)။

| | |
|---|---|
| | ထားရှိခဲ့သော် စည်းစောင့်သူတို့၏ ဝတ္တရားမှန်ဖြစ်သည့် မှာတမ်းစာရေးရန် သင်တို့အား ပြဌာန်းလေပြီ။ |
| ၁၈၁။ | فَمَن بَدَّلَهُ بَعْدَمَا سَمِعَهُ فَإِنَّمَا إِثْمُهُ عَلَى الَّذِينَ يُبَدِّلُونَهُ إِنَّ اللّهَ سَمِيعٌ عَلِيمٌ ۞<br>မည်သူမဆို ၎င်းကို ကြားနာပြီးမှ ပြောင်းလွဲခဲ့သော် ထိုပြောင်းလွဲခြင်း၏ မကောင်းမှုသည် သူ့အတွက်ပင် ဖြစ်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်ပေ၏။ |
| ၁၈၂။ | فَمَنْ خَافَ مِن مُّوصٍ جَنَفًا أَوْ إِثْمًا فَأَصْلَحَ بَيْنَهُمْ فَلاَ إِثْمَ عَلَيْهِ إِنَّ اللّهَ غَفُورٌ رَّحِيمٌ ۞<br>သို့သော် မှာတမ်းစာရေးသူ၏ ချွတ်ချော်မှု သို့မဟုတ် မကောင်းမှုကို စိုးရိမ်၍ သူတို့၏အကြား ပြုပြင်လိုသောသူသည် မကောင်းမှု မဟုတ်ချေ။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၁၈၃။ | يَا أَيُّهَا الَّذِينَ آمَنُواْ كُتِبَ عَلَيْكُمُ الصِّيَامُ كَمَا كُتِبَ عَلَى الَّذِينَ مِن قَبْلِكُمْ لَعَلَّكُمْ تَتَّقُونَ ۞<br>အို–ယုံကြည်သူတို့၊ သင်တို့၏ ရှေး မျိုးဆက်များအား ပြဌာန်းသကဲ့သို့ သင်တို့အပေါ်၌ ဥပုသ်စောင့်ရန် ပြဌာန်းတော်မူပြီ၊ သင်တို့ စည်းစောင့်အံ့ငှာ ဖြစ်၏။ |
| ၁၈၄။ | أَيَّامًا مَّعْدُودَاتٍ فَمَن كَانَ مِنكُم مَّرِيضًا أَوْ عَلَى سَفَرٍ فَعِدَّةٌ مِّنْ أَيَّامٍ أُخَرَ وَعَلَى الَّذِينَ يُطِيقُونَهُ فِدْيَةٌ طَعَامُ مِسْكِينٍ فَمَن تَطَوَّعَ خَيْرًا فَهُوَ خَيْرٌ لَّهُ وَأَن تَصُومُواْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ۞<br>တွက်ချက်ထားသော ရက်များပင်။[၁၂၃] အကြင်သူသည် ဖျားနာနေ သို့မဟုတ် ခရီး၌ရှိနေလျှင် နောင်၌ တွက်ချက် ရက်ဖြည့်ရမည်၊ မစွမ်းဆောင်နိုင်သူ၏ အပေါ်၌ သူဆင်းရဲအား ကျွေးမွေးဖြည့်ဆီးစေနိုင်သည်၊ စေတနာ အလျှောက် ကောင်းမှု ပြုသူ၏– ထိုကောင်းမှုသည် သူ့အတွက်ပင် ဖြစ်၏၊ ဥပုသ်စောင့်ခြင်းသည် သာ၍ ကောင်းမြတ်၏ သင်တို့ သိကြပါလေစ။ |
| ၁၈၅။ | شَهْرُ رَمَضَانَ الَّذِيَ أُنزِلَ فِيهِ الْقُرْآنُ هُدًى لِّلنَّاسِ وَبَيِّنَاتٍ مِّنَ الْهُدَى وَالْفُرْقَانِ فَمَن شَهِدَ مِنكُمُ الشَّهْرَ فَلْيَصُمْهُ وَمَن كَانَ مَرِيضًا أَوْ عَلَى سَفَرٍ فَعِدَّةٌ مِّنْ أَيَّامٍ أُخَرَ يُرِيدُ اللّهُ بِكُمُ الْيُسْرَ وَلاَ يُرِيدُ بِكُمُ الْعُسْرَ وَلِتُكْمِلُواْ الْعِدَّةَ وَلِتُكَبِّرُواْ اللّهَ عَلَى مَا هَدَاكُمْ وَلَعَلَّكُمْ تَشْكُرُونَ ۞<br>ရမ်သွန်လ၊ ထိုလ၌ လူသားတို့အား လမ်းညွှန်ချက်၊ လမ်းညွှန်တော်မှ ရှင်းလင်းချက်များနှင့် စံနှုန်းတော်ဖြစ်သည့် ကုရ်အာန်ကျမ်းတော်အား ချမှတ်ပေးတော်မူ၏၊ သင်တို့အနက် ထိုလအား မျက်မှောက်သက်သေ ရှိသူသည် ဥပုသ်စောင့်ရမည်၊ အကြင်သူသည် ဖျားနာနေ သို့မဟုတ် ခရီး၌ရှိနေလျှင် နောင်၌ တွက်ချက် ရက်ဖြည့်ရမည်၊ ပရမတ်ဘုရားရှင်သည် သင်တို့အား လွယ်ကူစေလို၍ သင်တို့အတွက် ခက်ခဲစေလိုတော် မမူခြင်းမှာ သင်တို့သည် တွက်ချက်ဖြည့်ဆီးနိုင်ရန်၊ ပရမတ်ဘုရားရှင်– ကြီးမြတ်ကြောင်းကို မှတ်နိုင်ရန်၊ သင်တို့လမ်းမှန်ရနိုင်ရန်နှင့် ကျေးဇူးသိတတ်အံ့ငှာ ဖြစ်၏။ |
| ၁၈၆။ | وَإِذَا سَأَلَكَ عِبَادِي عَنِّي فَإِنِّي قَرِيبٌ أُجِيبُ دَعْوَةَ الدَّاعِ إِذَا دَعَانِ فَلْيَسْتَجِيبُواْ لِي وَلْيُؤْمِنُواْ بِي لَعَلَّهُمْ يَرْشُدُونَ ۞ |

(၁၂၃) တွက်ချက်ထားသော ရက် ဆိုသည်မှာ ရမ်သွန်လကို ဆိုခြင်း ဖြစ်သည် (သုတ်နံပါတ် ၁၈၅)။ အစ္စလာမ် သာသနာသည် ခုနှစ် သက္ကရာဇ်ကို အာရ်ဗီလ၊ နှစ်အားဖြင့် သတ်မှတ်၍၊ အာရ်ဗီလသည် မြန်မာလများကဲ့သို့ လ ကို အခြေပြု ရေတွက် သတ်မှတ်ခြင်း ဖြစ်ကြောင်း သုတ်နံပတ် (၁၈၉) တွင် ဖေါ်ပြထားပေသည်။ (အင်္ဂလိပ်လများမှာ နေကို အခြေပြုရေတွက် သတ်မှတ်ကြသည်)။ ထို့ကြောင့် အချို့လသည် ၂၉ ရက်ရှိ၍ အချို့လသည် ရက် ၃၀ ရှိပေသည်။ သို့သော် အာရ်ဗီလသည် မြန်မာလများကဲ့သို့ ဝါထပ်ခြင်းဖြင့် ခုနှစ်အား ပြန်လည် ညှိယူခြင်း မရှိပေ။ ထို့ကြောင့် အာရ်ဗီလများသည် တစ်နှစ်လျှင် (၁၀) ရက်မျှ ရွှေ့နေပေသည်။ ဝါဝင်၊ ဝါထွက်များကို “လ”ကြည့်၍ ဆောင်ရွက်နေခြင်းမှာ မတိကျနိုင်ကြောင်း ရက်လများကို တွက်ချက်သတ်မှတ်ရမည် ဖြစ်ကြောင်း ဤသုတ်တော်ပါ “တွက်ချက်ထားသော ရက်များ”ဆိုသည်က ထောက်ပြနေပေသည်။

| | |
|---|---|
| | ငါနှင့် ပတ်သက်၍ ငါ၏ အမှုတော်ဆောင်ထံ၌ သင်တို့မေးမြန်းကြပြီ၊ ငါသည်ကား နီးကပ်စွာရှိ၏၊ ငါ့အား တသ၍ တသ ဆုတောင်းသူ၏ တသခြင်းကို ငါ ပြည့်စေတော်မူ၏၊ သူတို့သည် ငါ့အား ဝတ်ဖြည့်၍ ယုံကြည်သင့်၏၊ သူတို့သည် ဖြောင့်မှန်မှုကို ရကောင်းအံ့ငှာ ဖြစ်၏။ |
| ၁၈၇။ | أُحِلَّ لَكُمْ لَيْلَةَ الصِّيَامِ الرَّفَثُ إِلَى نِسَآئِكُمْ هُنَّ لِبَاسٌ لَّكُمْ وَأَنتُمْ لِبَاسٌ لَّهُنَّ عَلِمَ اللّهُ أَنَّكُمْ كُنتُمْ تَخْتانُونَ أَنفُسَكُمْ فَتَابَ عَلَيْكُمْ وَعَفَا عَنكُمْ فَالآنَ بَاشِرُوهُنَّ وَابْتَغُواْ مَا كَتَبَ اللّهُ لَكُمْ وَكُلُواْ وَاشْرَبُواْ حَتَّى يَتَبَيَّنَ لَكُمُ الْخَيْطُ الأَبْيَضُ مِنَ الْخَيْطِ الأَسْوَدِ مِنَ الْفَجْرِ ثُمَّ أَتِمُّواْ الصِّيَامَ إِلَى الَّليْلِ وَلاَ تُبَاشِرُوهُنَّ وَأَنتُمْ عَاكِفُونَ فِي الْمَسَاجِدِ تِلْكَ حُدُودُ اللّهِ فَلاَ تَقْرَبُوهَا كَذَلِكَ يُبَيِّنُ اللّهُ آيَاتِهِ لِلنَّاسِ لَعَلَّهُمْ يَتَّقُونَ ۞<br>ဥပုသ်ညများ၌ သင်တို့၏ အမျိုးသမီးများထံ သွားလာမှုကို သင်တို့အဘို့ ခွင့်ပြု၏၊[၁၂၄] သူတို့သည် သင်တို့အတွက် ဝတ်ရုံ၊ သင်တို့သည် သူတို့အတွက် ဝတ်ရုံပင် ဖြစ်၏၊ သင်တို့၏ညဉ့်၌ မချင့်မရဲ ဖြစ်ခဲ့ရသည်ကို ပရမတ်ဘုရားရှင် သိတော်မူ၍ သင်တို့အား သင်ပုန်းချေတော်မူပြီ၊ သင်တို့အတွက် ကင်းလွတ်စေတော်မူပြီ၊ သို့ဖြစ်၍ သူမတို့နှင့် ပေါင်းသင်းနိုင်၏၊ သင်တို့အတွက် ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသည်ကို ဆည်းပူးကြလော့၊ အဖြူမျှင်သည် အမည်းမျှင်မှ[၁၂၅] သဲကွဲထင်ရှားသည့် ဖြာထွက်ချိန် အထိ စားသောက်ကြကုန်လော့၊ ထို့နောက် ညသို့တိုင်[၁၂၆] ဥပုသ်သီလ ဆောက်တည်ကြလော့၊ သင်တို့သည် ဝတ်ကျောင်းတော်များ၌ ဇဗီပိတ်ကျင့်နေစဉ်[၁၂၇] သူမတို့နှင့် မပေါင်းသင်းရ၊ ယင်းသည် ပရမတ်ဘုရားရှင်၏ ပရဝုဏ်ဖြစ်၍ ထိုအပါးသို့ မချဉ်းကပ်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် လူသားတို့ အတွက် သုတ်တော်များကို ဤကဲ့သို့ ရှင်းလင်းထားခြင်းမှာ သူတို့ စည်းစောင့်နိုင်အံ့ငှာ ဖြစ်၏။ |
| ၁၈၈။ | وَلاَ تَأْكُلُواْ أَمْوَالَكُم بَيْنَكُم بِالْبَاطِلِ وَتُدْلُواْ بِهَا إِلَى الْحُكَّامِ لِتَأْكُلُواْ فَرِيقًا مِّنْ أَمْوَالِ النَّاسِ بِالإِثْمِ وَأَنتُمْ |

(၁၂၄) အစ္စလာမ်သာသနာသည် တရားဝင် အိမ်ထောင်ပြုခြင်းကို ခွင့်ပြုပေသည်၊ သဘာဝတရား အတိုင်း တရားဝင် ဖိုမ ပေါင်းသင်းခြင်းကို မသတီ ဘွယ်ရာ အညစ်အကြေးဟု သွန်သင်ခြင်း မရှိပေ၊ သို့သော် ဥပုသ်သီလဆောက်တည် နေသောကာလ (နံနက်မှ ညအထိ နေ့ပိုင်း)၊ ဇဗီပိတ် ကျင့်ကြံနေသော ကာလ၊ ကံဆောင်ပရိဝုဒ်ပြုသောကာလ၊ ဘေးမဲ့ကျောင်းတော်သို့ လည်ပတ်စဉ်ကာလနှင့် အမျိုးသမီးများ၏ ဓမ္မတာကာလများတွင် မေထုံမှုကို တားမြစ်ထားပေသည်၊ သဘာဝတရားမှ ကျော်လွန်သော မဘွယ်မရာ သွားလာခြင်းများကိုလည်း တားမြစ်ထားပေသည်၊

(၁၂၅) အဖြူမျှင် အမည်းမျှင် ဆိုသည်ကို ဆရာတော်ကြီးများက အပ်ချည်ကြိုး အဖြူမျှင်၊ အပ်ချည်ကြိုး အမည်းမျှင်ဟု ဘာသာပြန်ဆိုသည်ကို တွေ့ရပေသည်၊ ဤနေရာ၌ အပ်ချည်ကြိုး ဆိုသည်မှာ နားလည်လွယ်ရန် ဖြည့်စွက်ထားသော ဘာသာပြန်ဆိုချက်သာ ဖြစ်ပေသည်၊ မူရင်း အာရဗီ စကားတွင် အမျှင် ဟုသာသုံး၍ အပ်ချည်ကြိုး၊ ဆံပင်ချည် စသည်ဖြင့် မပါဝင်ပေ၊ အလင်းသည်လည်း အမျှင်တန်းပင် ဖြစ်သည်။

(၁၂၆) ဥပုသ်ဆောက်တည်ရမည့် အချိန်ကာလမှာ အလင်း ဖြာထွက်ချိန်မှ ညသို့တိုင်အောင်ဟု ဆိုထားသည်၊ အာရဗီစကား **ဖ"ဂျ်ရိ** ဆိုသည်မှာ ဖတ်ကနဲ ဟ သွားခြင်း ကွဲသွားခြင်းကို ဆိုလိုသည်။ စက်ဝိုင်းခြမ်းပုံသဏ္ဍာန်ရှိသော ဂုံးခွံနှစ်ခြမ်း ဆတ်ကနဲ ကွဲသွားခြင်းမျိုးကို ဆိုလို၍ **အေလာ လိုင်း** ညဆီသို့ ဆိုသည်မှာ ည ဟု ဆိုအပ်သော အချိန်ဆီသို့ ကျရောက်လာသည့် အချိန်အတွင်းကိုသာ ဆိုလိုပေသည်။ ထို့အပြင် အလင်း တစ်လှည့် အမှောင် တစ်လှည့် တစ်ပတ်ပတ်မိလျှင် တစ်ရက်ဟု သတ်မှတ်စေခြင်း မရှိချေ။ ကျမ်းတော်က ပြဋ္ဌာန်းသည့် နိယာမမှာ ရက်၊ လ၊ နှစ်ကို သတ်မှတ်စေရာ၌ ကမ္ဘာနှင့် လ၏ လည်ပတ်သည့် ဟန်ချက်ပေါ်၌ တည်၍သာ သတ်မှတ်စေပေသည်။ ၂း၁၈၉၊ ၉း၃၆။ ထို့နောက် ဥပုပ်သီလ စောင့်တည်ရမည့် အချိန်ကိုလည်း နေထွက် **မာ့ချ်ရိဗ်** နေဝင်ခြင်း **မာ့ဂ်ရိဗ်** များဖြင့် မသတ်မှတ်ပေ။ လုံးနေသော အရာတစ်ခုအား ထိပ်ဆုံးမှ ဖတ်ကနဲ ခွဲ လိုက်သည်နှင့် အလင်းမျှင်တို့သည် အနားအထိ ဖြာထွက် သွားသကဲ့သို့ အမှောင်နှင့် အလင်းကို ဖတ်ကနဲ ခွဲလိုက်သည့် အချိန် **ဖ"ဂျ်ရ်** သည် နေပတ် လမ်းကြောင်းအား ဗဟိုပြုနေပေသည်။ တနည်းအားဖြင့် ကီကွေတာ မျဉ်းပေါ်၌သာ စံချိန်ယူ သတ်မှတ်ရသည်။ နေထွက် နေဝင် နောက်ကျသော သို့မဟုတ် မြန်သော တောင်၊ မြောက် ဝန်ရိုးစွန်းနိုင်ငံများနှင့် အီကွေတာ မျဉ်းပေါ်မှ နိုင်ငံများသည် ဥပုပ်ဝင်၊ ဥပုပ်ထွက် အချိန်အတူတူပင် ဖြစ်သည်။

(၁၂၇) **عَاكِفُونَ အာကိဖူးန်** ဆိုသည်မှာ စကားပြောဆိုခြင်း မပြုရဘဲ ကျင့်ဆောင်ရသည် (အီတီကာ့ဖ်) ကိုခေါ်ပေသည်။ ဤကျင့်ဆောင်မှုကို ဝတ်ကျောင်းတော်၌ သို့မဟုတ် သင့်လျော်သောနေရာ၌ သီးခြားနေရာပြုလုပ်၍ စကားပြောဆိုရခြင်းမှ ရှောင်ကြဉ်ကာ အကျင့်ဘာဝနာ ကျင့်ဆောင်ရသော ကျင့်စဉ် ဖြစ်ပေသည်။ ၎င်းကို ဆရာတော်ကြီးများက ဘာသာမပြန်ဘဲ **အီတီကာ့ဖ်** ကျင့်သည်ဟုသာ ရေးသားပြောဆို ကြပေသည်။ **အီတီကာ့ဖ်** ကျင့်ဆောင်စဉ်တွင် စကားပြောဆိုခြင်းကို ရှောင်ကြဉ်ရသောကြောင့် ဇဗီပိတ်ကျင့်စဉ်ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ အချို့ ရိုးရာကိုးကွယ်မှုများသည် မည်မျှပင် မှားယွင်းနေ၍ အများသူငါက မည်မျှပင် ထောက်ပြ ပြောဆိုစေကာမူ ကြိတ်မှိတ်၍ (ပြန်မပြော နားမထောင်ဘဲ) အယူစွဲခြင်းကိုလည်း **အာကီဖူးန်** ဟု သုံးပေသည်၊ (၂၀း၉၁)။

| | |
|---|---|
| | تَعْلَمُونَ۞<br>သင်တို့ချင်းကြား ဥစ္စာပစ္စည်းများကို မတော်မလျော် မစားသုံးကြနှင့်၊ လူသားတို့၏ ဥစ္စာဝေစုဟု[၁၂၈] သိနေပါလျက် မကောင်းမှုဖြင့် စားသုံးရန် ဆုံးဖြတ်သူတို့အား[၁၂၉] လာဘ်လာဘများ မထိုးကြနှင့်။ |
| ၁၈၉။ | يَسْأَلُونَكَ عَنِ الأهِلَّةِ قُلْ هِيَ مَوَاقِيتُ لِلنَّاسِ وَالْحَجِّ وَلَيْسَ الْبِرُّ بِأَنْ تَأْتُوْاْ الْبُيُوتَ مِن ظُهُورِهَا وَلَكِنَّ الْبِرَّ مَنِ اتَّقَى وَأْتُواْ الْبُيُوتَ مِنْ أَبْوَابِهَا وَاتَّقُواْ اللّهَ لَعَلَّكُمْ تُفْلِحُونَ۞<br>လဆန်းပက္ခများနှင့်စပ်လျဉ်း၍ မေးကြသူတို့အား၊ ပြောလော့ "၎င်းတို့သည် လူသားတို့အတွက် အချိန်ကို ရေတွက်ရန်နှင့် ကံဆောင်ပရိဝုါသ် အတွက် ဖြစ်၏""အိမ်များကို နောက်ပေါက်မှ ဝင်ထွက်ခြင်းသည် ဖြူစင်မှု မဟုတ်ချေ၊ သို့သော် စည်းစောင့်ခြင်းသည်သာ ဖြူစင်မှု ဖြစ်၏၊ အိမ်များကို တံခါးပေါက်များမှ ဝင်ထွက်ကြလော့၊ အောင်မြင်ပေါက်မြောက်သူများ ဖြစ်အံ့သောငှာ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။"[၁၃၀] |
| ၁၉၀။<br>☆၂း၁၅၄ | وَقَاتِلُواْ فِي سَبِيلِ اللّهِ الَّذِينَ يُقَاتِلُونَكُمْ وَلاَ تَعْتَدُواْ إِنَّ اللّهَ لاَ يُحِبِّ الْمُعْتَدِينَ۞<br>သင်တို့အား တိုက်ခိုက်သူတို့ကို ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌☆ တော်လှန်ကြလော့၊ သို့သော် မကျူးကျော်ကြနှင့်၊ ပရမတ်ဘုရားရှင်သည် ကျူးကျော်သူတို့အား နှစ်သက်တော်မမူချေ။[၁၃၁] |
| ၁၉၁။ | وَاقْتُلُوهُمْ حَيْثُ ثَقِفْتُمُوهُمْ وَأَخْرِجُوهُم مِّنْ حَيْثُ أَخْرَجُوكُمْ وَالْفِتْنَةُ أَشَدُّ مِنَ الْقَتْلِ وَلاَ تُقَاتِلُوهُمْ عِندَ الْمَسْجِدِ الْحَرَامِ حَتَّى يُقَاتِلُوكُمْ فِيهِ فَإِن قَاتَلُوكُمْ فَاقْتُلُوهُمْ كَذَلِكَ جَزَاء الْكَافِرِينَ۞<br>သူတို့အား ထိပ်ဆိုင်တိုးရာနေရာတိုင်း၌ တော်လှန်ကြလော့၊[၁၃၂] သင်တို့အား နှင်ထုတ်သောနေရာများမှ သူတို့အား နှင်ထုတ်ကြလော့၊ ညှင်းပန်းခြင်းသည် သတ်ဖြတ်ခြင်းထက် ပို၍ ပြင်းထန်၏၊ ဘေးမဲ့ဝတ်ကျောင်းတော်၏ အပါး၌ |

---

(၁၂၈) လူသားတို့၏ ဥစ္စာဝေစု ဆိုသည်မှာ ဤသုတ်တော်ပါ အာရ်ဗီစကားလုံး၏ အဓိပ္ပါယ်ကို တိုက်ရိုက် ပြန်ဆိုခြင်းဖြစ်၍ ၎င်းကို ဆရာတော်ကြီးများက သူတပါးတို့၏ ဥစ္စာပစ္စည်းများဟု ဘာသာ ပြန်ဆိုကြပေသည်။ ဤစကားလုံး၏ အဓိပ္ပါယ်၌ ပြည်သူပိုင် ပစ္စည်းများသည်လည်း အကြုံးဝင်ပေသည်။

(၁၂၉) ဆုံးဖြတ်သူများ ဆိုသည်မှာ အာဏာပိုင်များ၊ တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များကို ဆိုလိုသည်။ အရေးကိစ္စတစ်ခုအား ကိုင်တွယ် ဆောင်ရွက် ခွင့်ရှိသူ၊ လုပ်ငန်းတစ်ခုအား လုပ်ပိုင်ခွင့် ပေးပိုင်ခွင့်ရှိသူ၊ ထိုသူများကို လာဘ်ထိုး၍ မမှန်ကန်သောနည်းဖြင့် စီးပွားရှာခွင့်ကို အစ္စလာမ် သာသနာ၌ ခွင့်မပြုပေ။

(၁၃၀) အစ္စလာမ်သာသနာ၏ အစပိုင်း ရှေးလူကြီးများသည် ကံဆောင်ပရိဝုါသ်ပြုစဉ် (အဟ်ရမ်ဝတ်ရုံ) သင်္ကန်းဝတ်ရုံဖြင့် အကြောင်းအားလျော်စွာ မိမိအိမ်သို့ သွားလာကြစဉ် လူအများ ကဲ့ရဲ့ ရှုံ့ချမည်ကို စိုးရိမ်၍ အိမ်၏ နောက်ဘေးပေါက်များမှ တိတ်တဆိတ် ဝင်ထွက်ကြလေသည်။ အစ္စလာမ် သာသနာသည် မပွင့်မလင်း ခိုးကြောင်ခိုးဝှက် လုပ်ဆောင်ခြင်းကို ခွင့်မပြုပေ၊ ထိုအချင်းအရာအား မရိုးသား မဖြူစင်ဟု သတ်မှတ်ပေသည်။ ထို့ကြောင့် အစ္စလာမ် သာသနာဝင်တို့အား သင်္ကန်းရုံထားလင့်ကစား အကြောင်းရှိ၍ မိမိအိမ်သို့ ဝင်ထွက်လိုလျှင် ပွင့်ပွင့်လင်းလင်းပင် ဝင်ထွက် နိုင်ကြောင်း စည်းစောင့်မှုသည်သာ ဖြူစင်ရိုးသားမှု ဖြစ်ကြောင်းကို ဤသုတ်တော်က သွန်သင်ထားခြင်း ဖြစ်ပေသည်။

(၁၃၁) ဤသုတ်တော်က အစ္စလာမ် သာသနာဝင်တို့အား မတော်မတရား ကျူးကျော်တိုက်ခိုက်သူတို့အား ပြန်လည် တော်လှန်နိုင်ခွင့် ရှိကြောင်း မိန့်ဆိုထားခြင်း ဖြစ်ပေသည်။ ထိုသို့တော်လှန်ရေးဆင်နွှဲရာ၌ မတရားသဖြင့် မိမိဘက်မှ မကျူးလွန်ကြရန် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်လော့ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အစ္စလာမ်သာသာနာအား နာမည် ဖျက်လိုသူများက ဤစကားတော်ကို ကောက်ယူလျက် အစ္စလာမ် သာသာနာပြုရန် အစ္စလာမ် သာသနာအား လက်မခံသော သူများအား တိုက်ခိုက်ချေမှုန်းရန် မိန့်ဆိုထားကြောင်း လှည့်ပတ်ရေးသား ဝါဒဖြန့်ကြပေသည်။ ထိုသူတို့၏ ဝါဒဖြန့်ချိမှုမှာ မမှန်ကန်ကြောင်းကို သုတ်နံပတ် ၁၉၀ မှ ၁၉၄ အထိ သေချာစွာ ဖတ်ရှုသူများနှင့် စာတတ်သူများ အဘို့ လုံလောက်ပေသည်။ ထို့အပြင် ဥပုသ်သီလဆောက်တည်မှု၊ ကံဆောင်ပရိဝုါသ်ပြုမှုနှင့် တော်လှန်ရေးလုပ်မှုများမှာ ရောထွေးနေသည်ဟု ကျမ်းတော်ကို မကျေညက်သူများက ဝေဖန်ပုတ်ခတ်ရန် ဆန္ဒစောလျှက် ရှိပေသည်။ ဤပုဂ္ဂိုလ်များအနေဖြင့် ကျမ်းတော်၌ ဆက်တိုက်ဖေါ်ပြသော သုတ်တော်များကို အမှတ်စဉ် မကျော်ဘဲ စေ့စေ့စပ်စပ် လေ့လာသင့်ပါသည်။

(၁၃၂) သူတို့အား ဆုံသော ထိပ်ဆိုင်တိုးရာတိုင်း၌ တော်လှန်ကြလော့ ဆိုသည်မှာ အစ္စလာမ်သာသနာအား လက်မခံသူအားလုံးကို တိုက်ခိုက်ချေမှုန်းရမည်ဟု လုံးဝ မဆိုလိုပေ။ သုတ်နံပတ် ၁၉၀ တွင်ဆိုထားသော "သင်တို့အား တိုက်ခိုက်လာသူများ" ကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်။ သင်တို့အား နှင်ထုတ်သော နေရာများမှ ပြန်နှင်ထုတ်ကြလော့ ဆိုသည်မှာလည်း အစ္စလာမ် မဟုတ်သူ အားလုံးအား ပြန်နှင်ထုတ် ခိုင်းခြင်း မဟုတ်ပေ၊ "သင်တို့ အား နှင်ထုတ်ခဲ့သူများ" ကိုသာ ပြန်နှင်ထုတ်ခိုင်းခြင်း ဖြစ်ပေသည်။ အပြစ်မဲ့ပြည်သူများနှင့် လားလားမှ မပတ်သက်ချေ။

| | |
|---|---|
| ရန်သူ | သူတို့က မတိုက်ခိုက်လေလျှင် သူတို့အား မတိုက်ခိုက်ကြလင့်၊ သို့သော် သူတို့က တိုက်ခိုက်လာလျှင် သူတို့အား တော်လှန်ကြလော့၊ ဤသည်မှာ **ဖုံးကွယ်သူ**များအတွက် အစားပေးခြင်း ဖြစ်၏။ |
| ၁၉၂။ | **فَإِنِ انتَهَوْاْ فَإِنَّ اللّهَ غَفُورٌ رَّحِيمٌ۞**<br>သို့သော် သူတို့ဘက်က ရပ်စဲကြလျှင်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခွင့်လွှတ်သောအရှင် အကြင်နာရှင် ဖြစ်၏။[၁၃၃] |
| ၁၉၃။ | **وَقَاتِلُوهُمْ حَتَّى لاَ تَكُونَ فِتْنَةٌ وَيَكُونَ الدِّينُ لِلّهِ فَإِنِ انتَهَواْ فَلاَ عُدْوَانَ إِلاَّ عَلَى الظَّالِمِينَ۞**<br>ညှင်းပန်းမှု ပပျောက်သည့်တိုင်အောင် သူတို့အား တော်လှန်ကြလော့၊ ဘာသာတရားသည် ပရမတ်ဘုရားရှင်အတွက်သာဖြစ်သင့်၏၊ သို့သော် သူတို့ဘက်က ရပ်စဲကြသော်၊ အမိုက်စီးသူများ၏ အပေါ်မှလွဲ၍ ကျူးကျော်ရန် အကြောင်း မရှိချေ။[၁၃၄] |
| ၁၉၄။ | **الشَّهْرُ الْحَرَامُ بِالشَّهْرِ الْحَرَامِ وَالْحُرُمَاتُ قِصَاصٌ فَمَنِ اعْتَدَى عَلَيْكُمْ فَاعْتَدُواْ عَلَيْهِ بِمِثْلِ مَا اعْتَدَى عَلَيْكُمْ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ مَعَ الْمُتَّقِينَ۞**<br>ဘေးမဲ့လများသည် ဘေးမဲ့လများနှင့် အခြားသော ဘေးမဲ့ပေးထားသည့် အရေးယူမှုများ အတွက် ဖြစ်၏၊ သင်တို့ ထိခိုက်စေသော သူအား သင်တို့အား ထိခိုက်စေမှုနှင့် အလားတူ ပြန်လည် ထိခိုက်စေနိုင်၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့၊ သိကြကုန်လော့ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများနှင့် အတူ ရှိတော်မူ၏။ |
| ၁၉၅။ | **وَأَنفِقُواْ فِي سَبِيلِ اللّهِ وَلاَ تُلْقُواْ بِأَيْدِيكُمْ إِلَى التَّهْلُكَةِ وَأَحْسِنُوَاْ إِنَّ اللّهَ يُحِبُّ الْمُحْسِنِينَ۞**<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ ပေးဝေကြလော့၊ သင်တို့လက်ဖြင့် သင်တို့ကို တိမ်ကောမှုထဲသို့ မပစ်ချကြလင့်၊ ကောင်းမွန်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းမွန်သူများအား နှစ်သက်တော်မူ၏။ |
| ၁၉၆။ | **وَأَتِمُّواْ الْحَجَّ وَالْعُمْرَةَ لِلّهِ فَإِنْ أُحْصِرْتُمْ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ وَلاَ تَحْلِقُواْ رُؤُوسَكُمْ حَتَّى يَبْلُغَ الْهَدْيُ مَحِلَّهُ فَمَن كَانَ مِنكُم مَّرِيضاً أَوْ بِهِ أَذًى مِّن رَّأْسِهِ فَفِدْيَةٌ مِّن صِيَامٍ أَوْ صَدَقَةٍ أَوْ نُسُكٍ فَإِذَا أَمِنتُمْ فَمَن تَمَتَّعَ بِالْعُمْرَةِ إِلَى الْحَجِّ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ فَمَن لَّمْ يَجِدْ فَصِيَامُ ثَلاثَةِ أَيَّامٍ فِي الْحَجِّ وَسَبْعَةٍ إِذَا رَجَعْتُمْ تِلْكَ عَشَرَةٌ كَامِلَةٌ ذَلِكَ لِمَن لَّمْ يَكُنْ أَهْلُهُ حَاضِرِي الْمَسْجِدِ الْحَرَامِ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ شَدِيدُ الْعِقَابِ۞**<br>ကံဆောင်ပရိဝုဒ်နှင့် လည်ပတ် ဂါယာပြုမှုကို ပရမတ်ဘုရားရှင်အတွက် ဝတ်ကျေကြလော့၊[၁၃၅] သို့သော် သင်တို့ သွားနိုင်ခွင့် မရှိလျှင် လွယ်ကူသော အလှူဝတ္ထုကို ပို့လော့၊ အလှူဝတ္ထုများ ရည်မှန်းရာသို့ မရောက်မီ ဆံမချကြနှင့်၊ |

(၁၃၃) ဤသုတ်တော်က အစ္စလာမ်သာသနာသည် ပြည်တွင်းစစ်၊ ဝါဒကွဲပြားမှုကြောင့် ဖြစ်ရသောစစ်၊ မည်သည့် စစ်ပွဲကိုမဆို စတင်ကျူးကျော်တိုက်ခိုက်သူ မဟုတ်သလို ကျူးကျော်သူဘက်မှ စစ်ပွဲရပ်စဲလိုလျှင်လည်း မည်သည့် အခြေအနေ၌ မဆို ချွင်းချက်မရှိ လက်ခံ သဘောတူကြောင်းကို ကြေငြာထားပေသည်။

(၁၃၄) ဤသုတ်တော်သည် အစ္စလာမ်သာသနာဝင်တို့ အဘယ်ကြောင့် စစ်ပွဲထဲ၌ ပါဝင်ရသည်ကို ရှင်းလင်းစွာ ဖွင့်ဆိုထားသော သုတ်တော်များ အနက်မှ သုတ်တော် တစ်ပါး ဖြစ်သည်၊ "ညှင်းပန်းမှု ပပျောက်သည့်တိုင်အောင် တော်လှန်ကြလော့၊""ညှင်းပန်းခြင်းသည် သတ်ဖြတ်ခြင်းထက် ပို၍ ပြင်းထန် (ဆိုးဝါး)၏" (သုတ်–၁၉၁) ဆိုသော စကားများက အစ္စလာမ်တို့ စစ်ပွဲ၌ ပါဝင်ပတ်သက်ရမှု၊ အသက်ပေး၍ တော်လှန်ရေး ဆင်နွှဲကြမှုများကို နားလည်ရန် လုံလောက်ပေသည်။ အကယ်၍ ရန်သူသည် စစ်ပြေငြိမ်းလိုလျှင် အစ္စလာမ် သာသနာဘက်မှ စစ်ပြေငြိမ်းရန် အဆင်သင့်ပင်၊ သို့သော် စစ်ပြေငြိမ်းစကား ဆို၍ စည်းဖေါက်သူတို့အား ပြန်လည်တိုက်ခိုက် ခွင့်ရှိပေသည်၊ ၎င်းကို "အမိုက်စီးသူများ၏ အပေါ်မှလွဲ၍ ကျူးကျော်ရန် အကြောင်း မရှိချေ။"ဟု ဆိုထားပေသည်၊ အဓိပ္ပါယ်မှာ အမိုက်စီးသူ စည်းကမ်းဖေါက်သူကို ပြန်လည် တုံ့ပြန်ခွင့်ရှိသည်ဟု ဆိုခြင်း ဖြစ်ပေသည်။ "ဘာသာတရားသည် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်သင့်၏၊"ဟု ဆိုခြင်းမှာ လူသားအားလုံး အစ္စလာမ် ခေါင်းစဉ်အောက်သို့ ဝင်ရမည်ဟု ဆိုလိုခြင်း လုံးဝ မဟုတ်ချေ။ ၂၊၄၀ ၌ ဘာသာတရားများ အကြောင်းကို ပြည့်စုံစွာ ထောက်ပြထားပေသည်။

| | |
|---|---|
| | သင်တို့မှ ဖျားနာသူ၊ ခေါင်းနာနေသူတို့သည် ဥပုသ်စောင့်ခြင်း၊ အလှူပေးခြင်း၊ သားကောင်လှူခြင်းများဖြင့် အစားပေးနိုင်၏၊ သင်တို့အတွက် လုံခြုံ စိတ်ချရသောအခါ၊ လှည့်ပတ်ဂါယာပြုရင်း ပရိဂ္ဂါသ်ပြုသူသည် လွယ်ကူသော ဝတ္ထုကိုလှူလော့၊ သူ့အတွက် မရနိုင်လျှင် ပရိဂ္ဂါသ်အတွင်း ဥပုသ် သုံးရက်၊ ပြန်ထွက်သောအခါ ခုနစ်ရက် စုပေါင်း ဆယ်ရက်ပြည့် စောင့်ရမည်၊ ၎င်းသည် ဘေးမဲ့ကျောင်းတော် နယ်မြေ၌ မနေထိုင်သူတို့အတွက် ဖြစ်၏၊[၁၃၆] ပရမတ်ဘုရားရှင်အားစည်းစောင့်ကြလော့၊ သိကြကုန်လော့ ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ တန်ပြန်စေတော်မူ၏။ |
| ၁၉၇။ | الْحَجُّ أَشْهُرٌ مَّعْلُومَاتٌ فَمَن فَرَضَ فِيهِنَّ الْحَجَّ فَلاَ رَفَثَ وَلاَ فُسُوقَ وَلاَ جِدَالَ فِي الْحَجِّ وَمَا تَفْعَلُواْ مِنْ خَيْرٍ يَعْلَمْهُ اللّهُ وَتَزَوَّدُواْ فَإِنَّ خَيْرَ الزَّادِ التَّقْوَى وَاتَّقُونِ يَا أُوْلِي الأَلْبَابِ ۞<br>ကံဆောင်ပရိဂ္ဂါသ်ပြုရန် လများမှာ သတ်မှတ်သိရှိပြီး ဖြစ်၏၊[၁၃၇] ထိုလများ၌ ကံဆောင်ပရိဂ္ဂါသ်ပြုရန် စိတ်ပြဋ္ဌာန်းသူသည် ပရိဂ္ဂါသ်တွင်း၌ မေထုံမှု၊ ယုတ်ညံ့မှု၊ ခိုက်ရန်ငြင်းခုံမှုများ မပြောဆိုရ။ မည်သည့် ကောင်းမှုကိုမဆို ပြုအံ့၊ ပရမတ်ဘုရားရှင်က သိနေတော်မူ၏၊ ပြင်ဆင်စီမံကြလော့၊ အကောင်းဆုံး စီမံမှုမှာ စည်းစောင့်မှုပင် ဖြစ်၏၊ အိုပညာရှင် အပေါင်းတို့၊ ငါ့အား စည်းစောင့်ကြကုန်လော့။ |
| ၁၉၈။ | لَيْسَ عَلَيْكُمْ جُنَاحٌ أَن تَبْتَغُواْ فَضْلاً مِّن رَّبِّكُمْ فَإِذَا أَفَضْتُم مِّنْ عَرَفَاتٍ فَاذْكُرُواْ اللّهَ عِندَ الْمَشْعَرِ الْحَرَامِ وَاذْكُرُوهُ كَمَا هَدَاكُمْ وَإِن كُنتُم مِّن قَبْلِهِ لَمِنَ الضَّآلِّينَ ۞<br>သင်တို့၏ ကံကြမ္မာရှင်ထံမှ သိက္ခာရမှုကို ရှာဖွေသူအား အပြစ်မထိုက်ပေ။ အာရာဖတ်မှ[၁၃၈] စုပြန်လာစဉ် ဘေးမဲ့မှတ်တိုင်၌[၁၃၉] ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ကြလော့၊ သင်တို့အား လမ်းညွှန်ထားသည့်အတိုင်း အရှင့်အား သတိရကြလော့၊ ရှေးယခင်က သင်တို့သည် လွဲမှားခြင်း၌ ရှိခဲ့၏၊ |
| ၁၉၉။ | ثُمَّ أَفِيضُواْ مِنْ حَيْثُ أَفَاضَ النَّاسُ وَاسْتَغْفِرُواْ اللّهَ إِنَّ اللّهَ غَفُورٌ رَّحِيمٌ ۞<br>တဖန် လူအများ စုပြန်လာသော နေရာမှ စုပြန်လာကြ၍ ပရမတ်ဘုရားရှင်၏ထံ၌ လွတ်ငြိမ်းဆုကို ပန်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၀၀။ | فَإِذَا قَضَيْتُم مَّنَاسِكَكُمْ فَاذْكُرُواْ اللّهَ كَذِكْرِكُمْ آبَاءكُمْ أَوْ أَشَدَّ ذِكْرًا فَمِنَ النَّاسِ مَن يَقُولُ رَبَّنَا آتِنَا فِي |

**(၁၃၅)** အစ္စလာမ့်သာသနာ၏ သာသနာရေး ဆောင်ရွက်ဖြည့်ဆည်းမှုများကို "စုရုံးကျင်းပသော ပျော်ပွဲရွှင်ပွဲ ပွဲလမ်းသဘင်၊" အဖြစ်လည်းကောင်း၊ "ပွဲတော်ကျင်းပကာ စီးပွားကူးသန်းခြင်း၊" အဖြစ်သို့ လည်းကောင်း မကူးပြောင်းရစေရန် ပရမတ်ဘုရားရှင်အတွက် ဝတ်ကျေကြလော့ဟု မိန့်ဆိုထားခြင်း ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ကျင်းပသော ကမ္ဘာ့အကြီးဆုံးနှင့် ရက်အကြာဆုံး ဘာသာရေး ပွဲတော်ကြီး ဖြစ်သည့် အစ္စလာမ့် ကံဆောင်ပရိဂ္ဂါသ်ပြုပွဲ (ဟဇ္ဇ်)တွင် မတော်တဆ ထိခိုက်နာကျင် ပျက်စီးရမှုမှ လွဲ၍ ပျော်ပါးသောက်စားကာ ခိုက်ရန်ဖြစ်ပွားလျှက် ထိခိုက်သေကြေကြသည်ဟု လုံးဝမရှိပေ။

**(၁၃၆)** ခေါင်းနာနေသူ ဆိုသည်မှာ ဦးခေါင်း၌ အနာရောဂါ တစ်ခုခု ဖြစ်နေ၍ ဆံချရန် အခက်အခဲရှိသူကို ဆိုလိုသည်။ လှည့်ပတ် ဂါယာပြုရင်း ပရိဂ္ဂါသ်ပြုခြင်းကို ဘေးမဲ့ဝတ်ကျောင်းတော်၏ အနီးအနားတွင် နေထိုင်သူတို့အား ခွင့်မပြုပေ။ သူတို့ အနေဖြင့် ထိုဝတ်ကျောင်းတော်သို့ အချိန်မရွေး သွားလာ လှည့်ပတ် ဂါယာပြုနိုင်သောကြောင့် ပရိဂ္ဂါသ်ပြုစဉ် အတွင်း၌ လှည့်ပတ်ဂါယာပြုနေရန် မလိုချေ။ ထို့ကြောင့် ကံဆောင်ပရိဂ္ဂါသ် ပြုမှု တစ်ခုတည်း အတွက် ဥပုသ်ဆယ်ရက် စောင့်ရန် မလိုချေ။

**(၁၃၇)** သတ်မှတ်သိရှိပြီး လများ ဆိုသည်မှာ ရှောင်ဝါလ်လ သူလ်ကအ်ဒါဟ်လ နှင့်သူလ်ဟဇ္ဇ်လ၏လဆန်း ၉ ရက်နေ့ အထိဖြစ်သည်။

**(၁၃၈) အာရဖတ်** ဆိုသည်မှာ အစ္စလာမ်ဘာသာဝင်များ ကံဆောင်ပါရိဂ္ဂါသ်ပြုရာ ဘေးမဲ့ဝတ်ကျောင်းတော် (ကအ်ဘာ)၏ အရှေ့ဘက် ၁၂ မိုင်ခန့် အကွာတွင် ရှိသော **အာရာဖတ်** ဟုခေါ်သည့် တောင်ပူစာကို အစွဲပြုကာ ခေါ်တွင်သော ကွင်းပြင်ကြီး၏ အမည်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ကံဆောင်ပရိဂ္ဂါသ် ပြုရန် လာကြသော အစ္စလာမ်ဘာသာဝင်များမှာ ထိုအရပ်၌ လာရောက် တည်းခို စုဆုံကြပေသည်။

**(၁၃၉)** ဘေးမဲ့မှတ်တိုင် ဆိုသည်မှာ အာရာဖတ်နှင့် ဘေးမဲ့ကျောင်းတော်၏ ခရီးတစ်ဝက် ကျောင်းတော်၏ အရှေ့ဘက် (၆)မိုင်ခန့်အကွာတွင် ရှိသည်။ ကံဆောင်ပုဂ္ဂိုလ်များ ထိုနေရာ၌ ခရီးတစ်ထောက်နား၍ တည်းခိုကြသည်၊ ထိုအချိန်တွင် ပေါ့ပေါ့လျော့လျော့မနေဘဲ ပရမတ်ဘုရားရှင်အား အောင့်မေ့ရှုမှတ်ခြင်းဖြင့် ဘာဝနာပွားနေကြရန် သွန်သင်ထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | الدُّنْيَا وَمَا لَهُ فِي الآخِرَةِ مِنْ خَلاَقٍ۝<br>သင်တို့၏ကျင့်စဉ်များကို ဖြည့်ဆည်းပြီးနောက် ပရမတ်ဘုရားရှင်အား သင်တို့၏ ဖခင်များကို သတိရသကဲ့သို့ သတိရကြလော့၊ သို့မဟုတ် ထို့ထက် ပြတ်သားစွာ သတိရကြလော့။ လူသားတို့အနက် "အို-ကံကြမ္မာရှင် တပည့်တော်တို့အား လောကီဆုကိုသာပေးပါ"ဟု တောင်းဆိုသူများ အတွက်၊ နောင်ဘဝ၌ ဝေစု မရှိပေ။[190] |
| ၂၀၁။ | ومِنْهُم مَّن يَقُولُ رَبَّنَا آتِنَا فِي الدُّنْيَا حَسَنَةً وَفِي الآخِرَةِ حَسَنَةً وَقِنَا عَذَابَ النَّارِ۝<br>သူတို့မှ "အို-ကံကြမ္မာရှင် တပည့်တော်တို့အား လောကီ၌ ကောင်းမွန်စေတော်မူပါ၊ နောင်ဘဝ၌လည်း ကောင်းမွန်စေတော်မူပါ၊ အပူမီး ဝဋ်ကြွေးမှ ကယ်တင်တော်မူပါ"ဟု ဆုတောင်းသူတို့ ရှိ၏။ |
| ၂၀၂။ | أُولَئِكَ لَهُمْ نَصِيبٌ مِّمَّا كَسَبُواْ وَاللهُ سَرِيعُ الْحِسَابِ۝<br>ထိုသူများအတို့ သူတို့ကျင့်ဆောင်ခဲ့ရာ၏ ခွဲတမ်းသည် ရှိနေ၏၊ ပရတ်ဘုရားရှင်သည် ချက်ချင်းလက်ငင်း စာရင်းရှင်းတော်မူသော အရှင် ဖြစ်၏။ |
| ၂၀၃။ | وَاذْكُرُواْ اللهَ فِي أَيَّامٍ مَّعْدُودَاتٍ فَمَن تَعَجَّلَ فِي يَوْمَيْنِ فَلاَ إِثْمَ عَلَيْهِ وَمَن تَأَخَّرَ فَلا إِثْمَ عَلَيْهِ لِمَنِ اتَّقَى وَاتَّقُواْ اللهَ وَاعْلَمُوا أَنَّكُمْ إِلَيْهِ تُحْشَرُونَ۝<br>တွက်ချက်ထားသော ရက်များတွင် ပရမတ်ဘုရားရှင်အား သတိတရရှိလော့၊ စည်းစောင့်သူဖြစ်လျှင် နှစ်ရက် စော၍ ပြန်သူအတွက် မကောင်းမှု မဟုတ်ပေ၊ နောက်ကျသူအတွက်လည်း မကောင်းမှု မဟုတ်ပေ။ |
| ၂၀၄။ | وَمِنَ النَّاسِ مَن يُعْجِبُكَ قَوْلُهُ فِي الْحَيَاةِ الدُّنْيَا وَيُشْهِدُ اللهَ عَلَى مَا فِي قَلْبِهِ وَهُوَ أَلَدُّ الْخِصَامِ۝<br>လူတို့အနက် သင်တို့အား လောကီသက်တမ်း၌ နှစ်သိမ့်စေရန် ပြောဆို၍ သူ၏နှလုံးသားကိုပင် ပရမတ်ဘုရားရှင်အား သက်သေထားပြသူ ရှိ၏၊ သူသည် အပြင်းထန်ဆုံးသော ဆန့်ကျင်ဘက် ဖြစ်၏။ |
| ၂၀၅။ | وَإِذَا تَوَلَّى سَعَى فِي الأَرْضِ لِيُفْسِدَ فِيِهَا وَيُهْلِكَ الْحَرْثَ وَالنَّسْلَ وَاللهُ لاَ يُحِبُّ الفَسَادَ۝<br>သူသည် အလှည့်ပေးသောခါ[191] နယ်မြေတလျှောက် အဖျက်အနှောင့်ကို အားစိုက်၏၊ စိုက်ပျိုးမြေများ၊ စုဆောင်းထားရာများကို[192] ဖျက်ဆီး၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်အနှောင့်ပြုခြင်းကို နှစ်သက်တော်မမူပေ။ |

---

**(၁၉၀)** ဤသုတ်တော်မှ ပြောဆိုသော သင်တို့၏ ဖခင်များ ဆိုသည်မှာ အတိတ်ကာလမှ သူတို့ ဆည်းကပ်ကိုးကွယ်ခဲ့သော သူတို့ သတ်မှတ်သည့် ဘုရားများကို ဆိုခြင်း ဖြစ်သည်။ သူတို့သည် သူတို့ကိုယ်သူတို့ ဘုရား၏ သားတော်များဟု ဘွဲ့ခံယူ လေ့ရှိပေသည်။ အတိတ် ဘာသာများအနက် အချို့က သူတို့ကိုးကွယ်ဆည်းကပ်သည့် ဘုရားအား သူတို့အား သာသနာ့ အမွေပေးသည့် အမွေတော်ပေး ဖခင်ဟု လည်းကောင်း၊ အချို့က သူတို့ ယုံကြည်လက်ခံသော ဘာသာရေးဦးသျှောင်သည် ထာဝရဘုရားသခင်၏သားတော် (တနည်းအားဖြင့် သူတို့၏ ဘုရားသည် ဖခမည်းတော်) ဟု လည်းကောင်း သတ်မှတ်ခဲ့ကြပေသည်။ ထို့ကြောင့် အစ္စလာမ်သာသနာသို့ ယုံကြည်လက်ခံ လာသော သူများအား ပရမတ်ဘုရားရှင်အား မည်သို့ မည်ပုံ အောင့်မေ့ရှုမှတ် ဘာဝနာပွားရမည်ကို သွန်သင်သောအခါ ထိုလူသစ်များအတွက် လွယ်ကူစွာ နားလည် နိုင်ရန် ဤသုတ်တော်က သင်တို့၏ ဖခင်များကို အောင့်မေ့ ရှုမှတ် သကဲ့သို့ဟု ဥပမာ အလင်္ကာဖြင့် တင်ပြထားခြင်း ဖြစ်ပေသည်။ အစ္စလာမ်သာသနာကမူ မိမိတို့၏ ဘာသာရေး ဦးသျှောင်အား ဖခင်ဟုလည်းကောင်း၊ မိမိတို့ကိုယ် မိမိတို့သာသနာ့ အမွေခံ သားတော်များဟုလည်းကောင်း ခံယူခွင့် မရှိပေ။ အစ္စလာမ် သာသနာ၏ ဦးသျှောင် ကိုယ်တော်မုဟမ္မဒ်ကိုပင် "မုဟမ္မဒ်သည် မည်သူ၏ ဖခင်မှ မဟုတ်၊"ဟု ယတိပြတ် ပြောဆိုထားပေသည်၊ (၃၃း၄၀)။

**(၁၉၁) تَوَلَّى တဝလ္လီ**ဟူသည် "လှည့်ပြန်သည်၊ အာဏာရသည်" ဟူသော အနက် နှစ်ခုကို ဆောင်ပေသည်၊ (ရှုးဟုလ် ဗယာန်)။ ဘာသာပြန် အများစုက "သူသည် လှည့်ပြန်သောအခါ၊"ဟု ဘာသာပြန်ဆို ကြပေသည်။ လှည့်ပြန်သူတစ်ဦး အနေဖြင့် လူသားတို့၏ စိုက်ပျိုးမြေများ၊ စုဆောင်းထားရာများကို ဖျက်ဆီးနိုင်ခြင်းမှာ အာဏာရှိသူထက် အခွင့်အရေး နည်းလှပေသည်။ ထို့ကြောင့် ဤနေရာ၌ အာဏာရှိလာခြင်းနှင့် အနက်တူညီသော "အလှည့်ပေးသောခါ၊"ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

**(၁၉၂) النَّسْلَ နၥ္စလ** ဆိုသည်မှာ စုဆောင်းထားသော ကျွဲ၊ နွားတိရိစ္ဆာန်များ၊ အစုရှယ်ရာများကို ခေါ်ပေသည်။

| | |
|---|---|
| ၂၀၆။ | وَإِذَا قِيلَ لَهُ اتَّقِ اللّهَ أَخَذَتْهُ الْعِزَّةُ بِالإِثْمِ فَحَسْبُهُ جَهَنَّمُ وَلَبِئْسَ الْمِهَادُ۞<br>သူ့အား ပရမတ်ဘုရားရှင်အား စည်းစောင့်ရန် ပြောဆိုသောအခါ၊ သူ၏ ဘုန်းတန်ခိုးက သူ့အား မကောင်းမှုဘက်သို့ ဆွဲယူသွား၏၊ သူ့အတွက် အကုသိုလ် နေရာဖြစ်သည့် ငရဲဘုံသည် လုံလောက်ပေပြီ။[၁၉၃] |
| ၂၀၇။ | وَمِنَ النَّاسِ مَن يَشْرِي نَفْسَهُ ابْتِغَاء مَرْضَاتِ اللّهِ وَاللّهُ رَؤُوفٌ بِالْعِبَادِ۞<br>လူတို့အနက် မိမိ၏ဥဉ်စရိုက်အား ပရမတ်ဘုရားရှင်၏ နှစ်သက်မှုကို ဆည်းပူးရန် ရောင်းချသူ ရှိ၏၊ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအတွက် သနားတော်မူသော အရှင် ဖြစ်၏။[၁၉၄] |
| ၂၀၈။ | يَا أَيُّهَا الَّذِينَ آمَنُواْ ادْخُلُواْ فِي السِّلْمِ كَآفَّةً وَلاَ تَتَّبِعُواْ خُطُوَاتِ الشَّيْطَانِ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۞<br>အို–ယုံကြည်သူတို့ အစ္စလာမ်သာသနာတွင်းသို့ ယတိပြတ် ဝင်ကြကုန်လော့၊ မကောင်းဆိုးဝါး၏ ခြေရာကို မလိုက်ကြလင့်၊ သူသည် သင်တို့အတွက် ရှင်းလင်းထင်ရှားသော ပြိုင်ဘက်ပင် ဖြစ်၏။[၁၉၅] |
| ၂၀၉။ | فَإِن زَلَلْتُمْ مِّن بَعْدِ مَا جَاءتْكُمُ الْبَيِّنَاتُ فَاعْلَمُواْ أَنَّ اللّهَ عَزِيزٌ حَكِيمٌ۞<br>သင်တို့၏ထံသို့ ရှင်းလင်းချက်များ ပေးရောက်ပြီး နောက်မှ သင်တို့ ယိမ်းယိုင်ခဲ့သော်၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်ကြောင်းကို သိကြကုန်လော့။ |
| ၂၁၀။ | هَلْ يَنظُرُونَ إِلاَّ أَن يَأْتِيَهُمُ اللّهُ فِي ظُلَلٍ مِّنَ الْغَمَامِ وَالْمَلآئِكَةُ وَقُضِيَ الأَمْرُ وَإِلَى اللّهِ تُرْجَعُ الأمُورُ۞<br>ပရမတ်ဘုရားရှင်သည် **နတ်ဒေဝါများ**ခြံရံလျက် မိုးတိမ်ရိပ်မှ သူတို့ထံသို့ ကြွရောက်လာပြီး စီမံချက်များ စီရင်ပေးရန် စောင့်မျှော်နေကြ၏၊ အမှန်မှာ စီမံချက်အပေါင်းသည် ပရမတ်ဘုရားရှင်၏ ထံသို့သာ ဦးလှည့်ရမည်သာတည်း။[၁၉၆] |

---

(၁၉၃) ဤသုတ်တော်က– လူသားတို့သည် မိမိဆည်းပူးသော ပညာ၊ အတွေ့အကြုံ၊ ယုတ္တိဗေဒအရ၊ ကိုက်ညီသော အမှန်တရားကို စိတ်ထဲမှ မည်မျှပင် သိလာစေကာမူ၊ မိရိုးဖလာအသိုင်းအဝိုင်းတွင် မိမိ၏ ဂုဏ်သိက္ခာ ထိခိုက်မည်ကို စိုးရိမ်၍ ထိုသိနေသော အမှန်တရားအား လက်ခံယုံကြည်ရန် ခက်ခဲမှု၊ ဂုဏ်သိက္ခာ ဘုန်းတန်ခိုး ဆိုသော မာယာအား မလွန်ဆန်နိုင်မှုများကို ပွင့်ပွင့်လင်းလင်း သွန်သင်ထားပေသည်။ ထို့အပြင် ထိုဂုဏ်သိက္ခာ ဘုန်းတန်ခိုးသည် အမှန်တရားကို လက်ကိုင် မပြုသော ဂုဏ်သိက္ခာ ဖြစ်ခြင်းကြောင့် အကုသိုလ်သင့်သော ဂုဏ်သိက္ခာဟု ဆိုပေသည်။

(၁၉၄) ဤသုတ်တော်သည် အထက်ပါသုတ်တော် (၂၀၆)တွင် ဖော်ပြသော လူသားနှင့် ဆန့်ကျင်ဘက် စိတ်ဓါတ်ရှိသူတို့ အကြောင်းကို ဖော်ပြသည်၊ လူတစ်ဦးတစ်ယောက်သည် မိမိ၏ စိတ်မှ မဆောင်ရွက်လိုသော်လည်း မိမိ၏ ဆန္ဒအလိုကို စတေးလျက် မာယာဂုဏ်သိက္ခာကို ရောင်းချ၍၊ အမှန်တရားကို လက်ခံနိုင်ရန် ကြိုးစားအားထုတ်ခြင်း ဖြစ်သည်။

(၁၉၅) ဤသုတ်တော်က ပရမတ်ဘုရားရှင် (အလ္လာဟ်)မှလွဲ၍ ကိုးကွယ်ရာဟူ၍မရှိ၊ ကိုယ်တော်မိုဟမ္မဒ်သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်ဖြစ်၏ ဟု ယုံကြည်လက်ခံသူများသည်ပင် ၎င်းတို့၏ မိရိုးဖလာ အစွဲများဖြင့် ကျမ်းတော်ပါ သုတ္တန်တော်များကို ဘက်ဆွဲမှု၊ အစာသွပ် ဘာသာ ပြန်ယူမှု၊ တိုက်ရိုက်ရှင်းလင်းပြီးသား သုတ်တော်ကိုပင် ဤသုတ်တော်၏ အလိုသဘောက ဤသို့ ဖြစ်၏ဟု မိမိ၏ စိတ်ဆန္ဒအား အလိုလိုက်မှု ရှိကြောင်းကို ဝက်ဝုတ္တိအလင်္ကာဖြင့် တင်ပြထားပြီး၊ အစ္စလာမ်သာသနာ၏ သွန်သင်ချက် အစစ်အမှန် ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်အား ယတိပြတ်လိုက်နာရန်၊ အစ္စလာမ်သာသာဝင်ဟု အမည်ခံထားပြီး၊ ကျမ်းတော်၏ သွန်သင်ချက်ကို ဇဝေဇဝါ မဖြစ်ရန် ထင်ထင်ရှားရှား ဆုံးမခြင်း ဖြစ်သည်။

(၁၉၆) ဤနေရာ၌ **မလာအိကဟ်**ကို နတ်ဒေဝါဟု ဘာသာ ပြန်ဆိုခြင်းမှာ၊ ဤသုတ်တော်သည် အစ္စလာမ်ဘာသာဝင်များ၏ ယုံကြည်ချက်အား ပြောဆိုနေခြင်း မဟုတ်ပေ၊ အစ္စလာမ်သာသနာ မတိုင်မီမှ လူမျိုးတို့၏ ယုံကြည် စောင့်မျှော်နေမှုကို သူတို့၏ ခံစားချက်အတိုင်း ပြန်လည် ဖော်ပြ ပြောဆိုခြင်း ဖြစ်ပေသည်။ သူတို့သည် ဘုရားရှင် ဆိုသည်ကိုလည်း လူပုဂ္ဂိုလ်ကဲ့သို့ နားလည်ခံစားသည့်အပြင် သူတို့ ယုံကြည်နေသော နတ်ဒေဝါများ ဆိုသည်မှာလည်း ဘုရားရှင်၏ အခြွေအရံများဟု လက်ခံထားပေသည်။ ထို့အပြင် တချိန်ချိန်တွင် ဘုရားရှင်သည် မိုးတိမ်မိုးသားကို စီးကာ နတ်ဒေဝတာခြံရံလျက် သူတို့ထံသို့ ကြွလာမည်ဟု မျှော်လင့်နေကြပေသည်၊ ဤအယူအဆမျိုးကို ခရစ်ယာန်နှင့် ရေဝတီ (ဂျူး)များ၏ ယုံကြည်ချက်တွင် တွေ့နိုင်ပေသည်။ (ဆာလံ ၁၀၄း၂–၃။ ဟေရှာယ ၁၉း၁။ ယေဇကျေလ ၁၀း၄)။ အစ္စလာမ်များက ပရမတ်ဘုရားရှင် ဟူသည် အနာဒိကော အစမရှိ၊ အနန္တကော အဆုံး မရှိ၊ အတုလော အတုမရှိ၊ အစိန္တေယျော မကြံစည်အပ်သော အရှင်ဖြစ်သည်ဟု အကြွင်းမဲ့ လက်ခံယုံကြည် ပြီးသား ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်အား အတ္တ ကိုယ်ထည် အဖြစ် အစ္စလာမ်က မယုံကြည်သည့် အပြင် ထိုကဲ့သို့ ဒဏ္ဍာရီများကိုလည်း မယုံကြည်ပေ။ ထို့ကြောင့် ဤသုတ်တော်က ထိုကဲ့သို့ ယုံကြည်စောင့်မျှော်နေခြင်းသည် လုံးဝ ဖြစ်လာမည် မဟုတ်ဟု ပြောထားခြင်း ဖြစ်ကြောင်း သေချာစွာ ဖတ်သူများ အတွက် နားလည်နိုင်ပေသည်။ အစ္စလာမ်တို့လက်ခံယုံကြည်သော **မလာအိကာဟ်**ကို (၂း၃၀)တွင်ကြည့်ပါ။

၂၁၁။ سَلْ بَنِي إِسْرَائِيلَ كَمْ آتَيْنَاهُم مِّنْ آيَةٍ بَيِّنَةٍ وَمَن يُبَدِّلْ نِعْمَةَ اللّهِ مِن بَعْدِ مَا جَاءتْهُ فَإِنَّ اللّهَ شَدِيدُ الْعِقَابِ۞

ဂျူးလူမျိုးတို့အား ရှင်းလင်းသော သုတ္တန်များမှ သူတို့အား မည်၍မည်မျှ ပေးအပ်ခဲ့သည်ကို သင် မေးမြန်းလော့၊ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှု ရောက်ရှိပြီးမှ မည်သူမဆို ၎င်းကို ပြောင်းလွဲခဲ့သော် ကေန်ပင် ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ တန်ပြန်စေသော အရှင် ဖြစ်၏။

၂၁၂။ زُيِّنَ لِلَّذِينَ كَفَرُواْ الْحَيَاةُ الدُّنْيَا وَيَسْخَرُونَ مِنَ الَّذِينَ آمَنُواْ وَالَّذِينَ اتَّقَواْ فَوْقَهُمْ يَوْمَ الْقِيَامَةِ وَاللّهُ يَرْزُقُ مَن يَشَاء بِغَيْرِ حِسَابٍ۞

လောကီသက်တမ်း၏ ဖမ်းစားခံထားရသော[၁၆၇] ဖုံးကွယ်သူတို့က ယုံကြည်သူတို့အား ပျက်ရယ်ပြုကြ၏၊ ရပ်တည် မြဲမြံ
☆ ၂း၁၇၄ သော နေ့ကာလတွင်☆ စည်းစောင့်သူတို့သည် အသာစီးရမည်ပင်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူ
✡ ၂း၇၀ အား✡ စာရင်းမရှိ ရိက္ခာထောက်တော်မူ၏။

၂၁၃။ كَانَ النَّاسُ أُمَّةً وَاحِدَةً فَبَعَثَ اللّهُ النَّبِيِّينَ مُبَشِّرِينَ وَمُنذِرِينَ وَأَنزَلَ مَعَهُمُ الْكِتَابَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيمَا اخْتَلَفُواْ فِيهِ وَمَا اخْتَلَفَ فِيهِ إِلاَّ الَّذِينَ أُوتُوهُ مِن بَعْدِ مَا جَاءتْهُمُ الْبَيِّنَاتُ بَغْيًا بَيْنَهُمْ فَهَدَى اللّهُ الَّذِينَ آمَنُواْ لِمَا اخْتَلَفُواْ فِيهِ مِنَ الْحَقِّ بِإِذْنِهِ وَاللّهُ يَهْدِي مَن يَشَاء إِلَى صِرَاطٍ مُّسْتَقِيمٍ۞

လူသည် အသိုင်းအဝိုင်း တစ်ခုတည်းမှ ဖြစ်၏၊[၁၆၈] ပရမတ်ဘုရားရှင်သည် သတင်းတော်ဆောင်များကို သတင်းကောင်းပို့သူ သတိပေးသူ အဖြစ် ပွင့်ပေါ်စေတော်မူ၏။ လူသားတို့အကြား ကွဲလွဲမှုများကို စီရင်ထုံးချနိုင်ရန် အလို့ငှာ ထိုကိုယ်တော်များဖြင့် သစ္စာဓမ္မကျမ်းတော်ကို ကိန်းဝပ် ချမှတ်ပေးတော်မူ၏၊ ယင်း၌ ကွဲလွဲမှု အလျှဉ်းမရှိ၊ ပေးအပ်ခံရသူတို့ ထံသို့ ရှင်းလင်းချက်တော်များ ရောက်ရှိပြီးနောက်မှ ၎င်းတို့အကြား မနာလိုမှုပွားကြ၏၊ ပရမတ်ဘုရားရှင်သည် ကွဲလွဲမှုများနှင့် စပ်လျဉ်း၍ ယုံကြည်သူတို့အား သစ္စာတရားကို မိမိ၏ အမိန့်တော်ဖြင့် လမ်းညွှန်တော်မူပြီ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား ဖြောင့်မှန်သော လမ်းစဉ်သို့ ညွှန်တော်မူပေသတည်း။

၂၁၄။ أَمْ حَسِبْتُمْ أَن تَدْخُلُواْ الْجَنَّةَ وَلَمَّا يَأْتِكُم مَّثَلُ الَّذِينَ خَلَوْاْ مِن قَبْلِكُم مَّسَّتْهُمُ الْبَأْسَاء وَالضَّرَّاء وَزُلْزِلُواْ حَتَّى يَقُولَ الرَّسُولُ وَالَّذِينَ آمَنُواْ مَعَهُ مَتَى نَصْرُ اللّهِ أَلا إِنَّ نَصْرَ اللّهِ قَرِيبٌ۞

သင်တို့သည် သုခဘုံသို့ ဝင်ရလိမ့်မည်ဟု စိတ်ကူးယဉ်နေကြ၏၊ အမှန်မှာ လွန်ခဲ့သော သင်တို့အလျှင်လူများထံသို့ ထိသက်သော ဆင်းရဲကျပ်တည်းမှု၊ ဥပါဒ်တွေ့မှု၊ တုန်လှုပ်ရမှုမျိုး သင်တို့ထံသို့ မရောက်သေးပေ၊ ဉာဏ်စဉ်ဆောင်နှင့် အပါးတော်မှ ယုံကြည်သူအပေါင်းသည်ပင် “ပရမတ်ဘုရားရှင်၏ ကူညီစောင်မမှု မည်သည့်အခါ ရအံ့နည်း၊”ဟု တသခဲ့ရ၏၊ ယခုမူ– ကေန်ပင် ပရမတ်ဘုရားရှင်၏ ကူညီစောင်မမှုမှာ နီးကပ်လျက်ပင် ရှိချေပြီ။

၂၁၅။ يَسْأَلُونَكَ مَاذَا يُنفِقُونَ قُلْ مَا أَنفَقْتُم مِّنْ خَيْرٍ فَلِلْوَالِدَيْنِ وَالأَقْرَبِينَ وَالْيَتَامَى وَالْمَسَاكِينِ وَابْنِ السَّبِيلِ وَمَا تَفْعَلُواْ مِنْ خَيْرٍ فَإِنَّ اللّهَ بِهِ عَلِيمٌ۞

“မည်သည့်အရာအား ပေးဝေရမည်နည်း၊”ဟု မေးကြသူတို့အား “ကောင်းမွန်ရာမှ မည်သည့်အရာကိုမဆို မိဘများ၊

---

(၁၆၇) **زُيِّنَ ဇု(ယီး)ယီးင်န** ၏ အနက်မှာ “လှပတင့်တယ်သည်ဟု ထင်မှတ်သည်၊ ထို၌သာယာနေသည်၊”ဟု ဖြစ်ပေသည်၊ ထိုအရာ၌ သာယာနေသည်ကို ပိုမိုလေးနက်စေရန် “ဖမ်းစားခံထားရသည်”၏ နာမဝိသေသန စကားလုံး “ဖမ်းစားခံထားရသော”ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

(၁၆၈) အာရ်ဗီစကားတွင် **ကာန كَانَ** ကို ဖြစ်ခဲ့သည် ဟု အတိတ်ကာလပြ ကြိယာဖြင့် ယေဘုယျ ဘာသာပြန်သော်လည်း “လူသည် အသိုင်းအဝိုင်း တစ်ခုတည်းမှ ဖြစ်၏၊”ဟု အဓိပ္ပါယ်ကိုပေးသော **ကာနန်နားဆု အုမ္မတ်တောင်ဝ် ဝဟိဒတန်** မှ **ကာန** သည် ဖြစ်ခဲ့သည်ဟု အနက်ကို မပေးပေ၊ အာရ်ဗီစကားတွင် သော်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်တွင် သော်လည်းကောင်း **ကာန** ကို အမြဲအမှန်တရား အတွက် နေရာပေါင်းများစွာ၌ သုံးစွဲပေသည်။

| | |
|---|---|
| | ဆွေမျိုးနီးစပ်များ၊ မိဘမဲ့များ၊ သူဆင်းရဲများ၊ ခရီးသည်များအား ပေးဝေလော့၊ ကျင့်ကြံသော ကောင်းမှုများကို ပရမတ်ဘုရားရှင်က ကေန်မုချ သိနေတော်မူ၏၊’’ဟု ဟောကြားလော့။ |
| ၂၁၆။ | **كُتِبَ عَلَيْكُمُ الْقِتَالُ وَهُوَ كُرْهٌ لَّكُمْ وَعَسَى أَن تَكْرَهُواْ شَيْئًا وَهُوَ خَيْرٌ لَّكُمْ وَعَسَى أَن تُحِبُّواْ شَيْئًا وَهُوَ شَرٌّ لَّكُمْ وَاللّهُ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ** ۞<br>သင်တို့ မကြိုက်သော်လည်း ခုခံစစ်ဆင်နွှဲရန် သင်တို့အား ပြဋ္ဌာန်းတော်မူပြီ၊ သင်တို့ အော့နှလုံးနာသော အရာသည် သင်တို့အတွက် အကောင်းဖြစ်နိုင်၍ သင်တို့ မြတ်နိုးသော အရာသည် သင်တို့အတွက် အဆိုးဖြစ်နိုင်၏၊ ပရမတ်ဘုရားရှင်သည် ကုန်စင်သိတော်မူ၏၊ သင်တို့သည်ကား သိနိုင်ကြသည် မဟုတ်ချေ။[၁၄၉] |
| ၂၁၇။ | **يَسْأَلُونَكَ عَنِ الشَّهْرِ الْحَرَامِ قِتَالٍ فِيهِ قُلْ قِتَالٌ فِيهِ كَبِيرٌ وَصَدٌّ عَن سَبِيلِ اللّهِ وَكُفْرٌ بِهِ وَالْمَسْجِدِ الْحَرَامِ وَإِخْرَاجُ أَهْلِهِ مِنْهُ أَكْبَرُ عِندَ اللّهِ وَالْفِتْنَةُ أَكْبَرُ مِنَ الْقَتْلِ وَلاَ يَزَالُونَ يُقَاتِلُونَكُمْ حَتَّىَ يَرُدُّوكُمْ عَن دِينِكُمْ إِنِ اسْتَطَاعُواْ وَمَن يَرْتَدِدْ مِنكُمْ عَن دِينِهِ فَيَمُتْ وَهُوَ كَافِرٌ فَأُوْلَـئِكَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالآخِرَةِ وَأُوْلَـئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ** ۞<br>ဘေးမဲ့လများ၌ စစ်ခံတိုက်ခြင်းနှင့် ပတ်သက်၍ မေးလာသူတို့အား၊ ဟောပြောလော့ ‘‘၎င်းသည် ကြီးလေးလှ၏၊ သို့ရာတွင် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ တားဆီးခြင်း၊ ၎င်းကို ဖုံးကွယ်ခြင်း၊ ဘေးမဲ့ဝတ်ကျောင်းတော်မှ ကျောင်းတော်သားများကို မောင်းထုတ်ခြင်းများသည် ပမတ်ဘုရားရှင်၏ ထံတော်၌ ပို၍ ကြီးလေးလှချေ၏၊ နှိပ်စက်ခြင်းသည် သတ်ဖြတ်ခြင်းထက် ပို၍ ကြီးလေး၏၊ တတ်နိုင်လျှင် သင်တို့သည် သင်တို့၏သာသာနာမှ မဖေါက်ပြန်သ၍ သူတို့၏ တိုက်ခိုက်ခြင်းကို ရပ်ကြမည် မဟုတ်ချေ။ သင်တို့အနက် သာသာနာတော်မှ ဖေါက်ပြန်၍ ဖုံးကွယ်သူ အဖြစ်ဖြင့် အနိစ္စရောက်သော သူသည်  သူတို့၏ ကျင့်ကြံခဲ့သမျှမှာ ဤဘဝ နောင်ဘဝအတွက် ဗလာသက်သက်ပင် ဖြစ်၏၊ သူတို့သည် အပူမီး၏ အဖေါ်များ ဖြစ်ကြ၍ ယင်း၌ အခြေချရမည်ပင်။’’ |
| ၂၁၈။ | **إِنَّ الَّذِينَ آمَنُواْ وَالَّذِينَ هَاجَرُواْ وَجَاهَدُواْ فِي سَبِيلِ اللّهِ أُوْلَـئِكَ يَرْجُونَ رَحْمَتَ اللّهِ وَاللّهُ غَفُورٌ رَّحِيمٌ** ۞<br>ကေန်ပင် ယုံကြည်သူ၊ ထို့နောက် ထွက်ခွာခဲ့ရ၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ စွမ်းစွမ်းတမံ ရုန်းကန်သူတို့သည်[၁၅၀] ပရမတ်ဘုရားရှင်၏ ကရုဏာတော်ကို မျှော်လင့်ကြကုန်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |

---

**(၁၄၉)** အစ္စလာမ်သာသနာအား စစ်သွေးကြွသော ဘာသာဟု ဝါဒဖြန့်ချိ သူတို့အား ဤသုတ်တော်က ယတိပြတ် ငြင်းဆို ထားပေသည်၊ စစ်တိုက်ရခြင်းကို မည်သူမှ မနှစ်သက်ကြပေ။ သို့သော် အခြေအနေ တရပ်၌ သူရဲဘောကြောင်နေပါကလည်း၊ သေရသည်ထက်ပို၍ ဆိုးဝါးသော သူ့ကျွန်ဘဝအောက်၌ လူမျိုးဆက်လိုက် ဘဝများ သေကြေရ ပေတော့မည်၊ ထို့ကြောင့် ‘‘သင်တို့ မကြိုက်သော်လည်း ခုခံစစ် ဆင်နွှဲရန် သင်တို့အား ပြဋ္ဌာန်းတော်မူပြီ၊’’ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အကြောင်းမဲ့ အချည်းနှီး မည်သူကမှ စစ်မတိုက်ချင်ကြပေ၊ ထို့ကြောင့် လူသား၏ ပင်ကိုယ် သဘာဝကို ‘‘သင်တို့ မကြိုက်သော်လည်း’’ဟု ပွင့်လင်းစွာ ဆိုထားပေသည်။ ‘‘ဘယ်သူသေသေ ငတေမာပြီးရော’’ ဆိုသည့် တခဏ ကောင်းစားမှုကို လူသားတိုင်း၏ ပင်ကိုယ်သဘာဝ၌ ခုံမင်ကြပေသည်၊ သို့သော် ထိုစိတ်အလိုကို မြတ်နိုးမိခြင်းသည်၊ မိမိနိုင်ငံအတွက် မိမိလူမျိုးအတွက်၊ တိုင်းသူ ပြည်သားများအတွက် အကောင်းတရား ဟုတ်ချင်မှ ဟုတ်ပေမည်၊ အနစ်နာခံရမည့် အချိန်အခါမျိုးတွင် မိမိတို့၏ တကိုယ်ကောင်း အတ္တစိတ်ကို ပါယ်သတ်ကြရန် သွန်သင်ခြင်းသာ ဖြစ်ပေသည်။

**(၁၅၀)** **جَاهَدُواْ** (ဂျာဟဒူး) ဂျီဟဒ်–၏ ပကတိ အဓိပ္ပါယ်မှာ ‘‘မဆုတ်မနစ်သောဇွဲ’’ ‘‘ရုန်းကန်လှုပ်ရှားမှု’’ဟု ဖြစ်ပေသည်။ ၎င်းကို အစ္စလာမ် ဆန့်ကျင်ရေး ဆရာတော်ကြီးများက ‘‘သာသနာပြုစစ်’’ဟု ဘာသာပြန်ဆို ဝါဒဖြန့်ချိ ကြပေသည်၊ ထိုဘာသာပြန်ကို မှီငြမ်းမိ၍ သို့မဟုတ် ထိုစာပေများ၏ ဩဇာမိ၍ ကျမ်းတော်အား ဘာသာပြန်ဆိုကြသော အစ္စလာမ်သာသနာဝင် ဆရာတော်ကြီး တချို့ကလည်း သာသနာပြုမှ ‘‘ပြု’’ကို ဖြုတ်၍‘‘သာသနာ့ စစ်’’ဟု ဘာသာပြန်ဆို ထားကြောင်း ဝမ်းနည်းစွာ တွေ့ရပေသည် (၅း၃၅ တွင် ကြည့်ပါ)။ ဂျီဟဒ် ဆိုသော အသုံးအနှုန်းသည် အစ္စလာမ် သာသနာ စတင်ချိန် အေဒီ ၅၇၀– ၆၀၀ ကတည်းက ကျမ်းတော်တွင် ပါရှိပြီး ဖြစ်သော်လည်း ဤစကားလုံး၏ အဓိပ္ပါယ်အား ‘‘သာသနာပြုစစ်၊ သို့မဟုတ် သာသနာ့စစ်၊’’ဟု နားလည်ခံစားမှုမှာ အေဒီ ၈၀၀ကျော် ပထမ ကရူးဆိတ် စစ်ပွဲကာလတွင်မှ စတင်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုခေတ် ထိုအခါက အစ္စလမ်တို့အား တိုက်ခိုက်ခဲ့သူများ၏ ဘက်မှ ‘‘ကရူးဆိတ်’’ (သာသနာပြုခြင်း)ဟု ကြေငြာကာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်၍ ထိုစစ်ပွဲ

| | |
|---|---|
| ၂၁၉။ | **يَسْأَلُونَكَ عَنِ الْخَمْرِ وَالْمَيْسِرِ قُلْ فِيهِمَا إِثْمٌ كَبِيرٌ وَمَنَافِعُ لِلنَّاسِ وَإِثْمُهُمَآ أَكْبَرُ مِن نَّفْعِهِمَا وَيَسْأَلُونَكَ مَاذَا يُنفِقُونَ قُلِ الْعَفْوَ كَذَلِكَ يُبيِّنُ اللّهُ لَكُمُ الآيَاتِ لَعَلَّكُمْ تَتَفَكَّرُونَ ۞**<br>ယစ်မူးခြင်းနှင့် လောင်းကစားခြင်း အကြောင်းကို မေးကြသူတို့အား၊ ဟောပြောလော့ "ထိုနှစ်မျိုးလုံးတွင် ကြီးသော မကောင်းမှုရှိ၏၊ လူသားတို့အတွက် အကျိုးရှိသော်လည်း၊[၁၅၁] ၎င်းတို့၏ မကောင်းမှုမှာ အကျိုးတရားထက် ပို၍ ကြီး၏၊" "မည်သည့် အရာအား ပေးဝေရမည်နည်း၊"ဟု မေးလာသူတို့အား၊ "အပိုအလျှံကို၊"ဟု ပြန်ပြောလော့။ ဤသို့ပင် ပရမတ်ဘုရားရှင်သည် သင်တို့ စဉ်းစားသုံးသပ်နိုင်ရန် အလို့ငှာ သုတ်တော်များကို ရှင်းလင်းထင်ရှားစေ၏။ |
| ၂၂၀။ | **فِي الدُّنْيَا وَالآخِرَةِ وَيَسْأَلُونَكَ عَنِ الْيَتَامَى قُلْ إِصْلاَحٌ لَّهُمْ خَيْرٌ وَإِنْ تُخَالِطُوهُمْ فَإِخْوَانُكُمْ وَاللّهُ يَعْلَمُ الْمُفْسِدَ مِنَ الْمُصْلِحِ وَلَوْ شَاء اللّهُ لأعْنَتَكُمْ إِنَّ اللّهَ عَزِيزٌ حَكِيمٌ ۞**<br>ပစ္စုပ္ပန် အနာဂါတ်၌။ မိဘမဲ့တို့နှင့် စပ်လျဉ်း၍ မေးကြသူတို့အား၊ ဟောပြောလော့ "သူတို့အတွက် ပြုပြင်ပေးခြင်းသည် ကောင်းမြတ်၏၊ သူတို့နှင့် ပူးပေါင်းကြလျှင် သင်တို့၏ သားချင်းများ ဖြစ်ကြ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်ကောင်နှင့် ပြုပြင်သူများကို သိနေတော်မူ၏၊ ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်၏။" |
| ၂၂၁။ | **وَلاَ تَنكِحُواْ الْمُشْرِكَاتِ حَتَّى يُؤْمِنَّ وَلأَمَةٌ مُّؤْمِنَةٌ خَيْرٌ مِّن مُّشْرِكَةٍ وَلَوْ أَعْجَبَتْكُمْ وَلاَ تُنكِحُواْ الْمُشِرِكِينَ حَتَّى يُؤْمِنُواْ وَلَعَبْدٌ مُّؤْمِنٌ خَيْرٌ مِّن مُّشْرِكٍ وَلَوْ أَعْجَبَكُمْ أُوْلَئِكَ يَدْعُونَ إِلَى النَّارِ وَاللّهُ يَدْعُوَ إِلَى الْجَنَّةِ وَالْمَغْفِرَةِ بِإِذْنِهِ وَيُبَيِّنُ آيَاتِهِ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُونَ ۞**<br>ရောပြွန်းကိုးကွယ်သောသူမအား ယုံကြည်သူ မဖြစ်သ၍ မသိမ်းဆည်း ကြကုန်လင့်၊ သင်တို့ သဘောကျသော်လည်း ယုံကြည်သူ လုံမသည် ရောပြွန်းကိုးကွယ် သူမထက် ပို၍ ကောင်းမြတ်၏၊ ရောပြွန်းကိုးကွယ်သောသူဖြင့်– သူသည် ယုံကြည်သူ မဖြစ်သ၍ မသိမ်းဆည်းစေလင့်၊ သင်တို့သဘောကျသော်လည်း ယုံကြည်သူ **အိမ်ဖော်**သည် ရောပြွန်းကိုးကွယ် သူထက် ပို၍ ကောင်းမြတ်၏၊ သူတို့သည် အပူမီးထဲသို့ ဖိတ်ခေါ်နေကြ၏၊ ပရမတ်ဘုရားရှင်သည်ကား အလိုတော်အားဖြင့် သုခဘုံနှင့် လွတ်ငြိမ်းမှုဆီသို့ ဖိတ်ခေါ်နေ၏၊ လူသားတို့အတွက် သတိရစေအံ့ငှာ သုတ်တော်များကို ရှင်းလင်းစေတော်မူပြီ။[၁၅၂] |

---

တွင် လက်နက်အင်အား လူအင်အား၊ ငွေကြေးအင်အား၊ နည်းပညာအင်အား မမျှသော ရန်သူများကို အစ္စလာမ် သာသနာဝင်များက "မဆုတ်မနစ် ဇွဲလုံ့လ (ဂျီဟဒ်)" ဖြင့် ပြန်လည် ခုခံရခြင်းသာ ဖြစ်ပေသည်။ ကျူးကျော်သူများ၏ ဘက်မှ ဝါဒဖြန့်ချိမှု အားကောင်းသောကြောင့် သူတို့ စကားလုံး ကရူးဆိတ် (သာသနာပြုခြင်း)ကို ကမ္ဘာက မသိခဲ့ဘဲ၊ အစ္စလာမ်တို့၏ စကားလုံး မဆုတ်မနစ် (သောဇွဲ) ဂျီဟဒ်ကိုသာ သာသနာပြု စစ်ဟု ပြောင်းပြန် နားလည်ထားကြသည်မှာ ဝမ်းနည်းစရာပင်။ မည်သို့ပင် ဖြစ်စေ ယခုခေတ်တိုင် သူတို့၏ သာသနာပြု အစုအဖွဲ့ လေးများ၏ လှည့်လည် သာသနာပြုခြင်း၊ သာသနာသင်ယူခြင်းကို **ကရူးဆိတ်**ဟု ခေါ်နေသေး၏ ဆိုသည်မှာ ထိန်ဝှက် ထား၍မရပေ။

**(၁၅၁)** အစ္စလာမ်သာသနာ၏ ပညတ်တော်တိုင်းသည် ယုတ္တိဗေဒ ရှိပြီး၊ ပေပြစ်သော အဓိပ္ပါယ်ကို ဆောင်လျှက်ရှိပေသည်။ ယစ်မူးခြင်းနှင့် လောင်းကစားမှုများကို မသုံးဆောင် မမှီဝဲရဟု ပညတ်ထားသည်တွင်ပင်၊ ထိုအရာများ၌ အဆိုးတရားချည်း သက်သက်ရှိနေသည်ဟု တဖက်သတ်ပြောမထားချေ။ ထိုအရာများ၌ အကျိုးတရား ရှိနေ၏၊ သို့သော် အဆိုးတရား (အကုသိုလ်)က ပို၍ကြီးမား၏ ဟုသာ ဆိုထားပေသည်။ ပညာရှင်များ အနေဖြင့် ဤဉပဒေ၏ လှပမှုကို နားလည်နိုင်ပေသည်။

**(၁၅၂)** အစ္စလာမ်သာသနာ၌ အိမ်ထောင်ဘက် ပေါင်းသင်းခွင့် ဖြစ်သော ဤသုတ်တော်ကို ဘာသာတရားတို့၌ မနှံ့စပ်သူများက အစ္စလာမ် သာသနာဝင်တို့သည် လူမျိုးရေး ခွဲခြားသည် အယူသည်းကြသည်ဟု စွပ်စွဲပြစ်တင် ကြပေသည်။ အစ္စလာမ်သည် လူသားချင်း အကြား ပဋိပက္ခကို အတတ်နိုင်ဆုံး ရှောင်ကြဉ်စေပေသည်။ အယူအဆ ညှိမရအောင် ကွဲပြားသူနှင့် အိမ်ထောင်ဘက် အဖြစ် ပေါင်းသင်းလျှင် နှစ်ဘက်သော မိဘ ဆွေမျိုးများ၏ ပရောဂကြောင့် အိမ်ထောင်ပျက်နိုင်သည် ကွဲကွာရနိုင်သည်၊ ထိုအခါ အပြစ်မဲ့သော သားသမီးများ၏ ဘဝမှာ မျက်နှာငယ်ရပေတော့မည်၊ ထို့ကြောင့် ဤသုတ်တော်က အိမ်ထောင်မပြုမှီ အလျှင် ညှိခိုင်းခြင်းသာ ဖြစ်ပေသည်၊ မည်သည့် လူမျိုးကြောင့် လုံးဝ အိမ်ထောင်မပြုရဟု ယတိပြတ် တားမြစ်ထားခြင်း မဟုတ်ပေ၊ အယူအဆ တူညီသွားလျှင် အိမ်ထောင်ပြုခွင့် ရှိပေသည် (၆၀း၁၀)။ ထို့အပြင် ဤသုတ်တော်တွင် ပြောသော ရောပြွန်းကိုးကွယ်သူများ ဆိုသည်မှာ ဘာသာမတူသူ အားလုံးကို မဆိုလိုပေ၊ အစ္စလာမ်သာသနာက လူသား အချင်းချင်း ဘာသာ မတူလင့် ကစား အယူသန့်သူများကို တန်ဘိုးထားပေသည်၊ "ရှေ့ကျမ်းရသူများမှ အိန္ဒြေရှိသူ အမျိုးသမီးများကို အစ္စလာမ်သာသနာမှ အိန္ဒြေရှိသူ အမျိုးသမီးများနှင့် တပြေးညီ သတ်မှတ်ပေသည်၊" (၅း၅)။ ဤသို့ ဘာသာမတူသူများ အပေါ်တွင် အိမ်ထောင်ပြုမှုနှင့် ပတ်သက်၍ ပြဋ္ဌာန်းသော သုတ်တော်များ

၂၂၂။ وَيَسْأَلُونَكَ عَنِ الْمَحِيضِ قُلْ هُوَ أَذًى فَاعْتَزِلُواْ النِّسَاء فِي الْمَحِيضِ وَلاَ تَقْرَبُوهُنَّ حَتَّى يَطْهُرْنَ فَإِذَا تَطَهَّرْنَ فَأْتُوهُنَّ مِنْ حَيْثُ أَمَرَكُمُ اللّهُ إِنَّ اللّهَ يُحِبُّ التَّوَّابِينَ وَيُحِبُّ الْمُتَطَهِّرِينَ۞

ရာသီပန်းအကြောင်းအား မေးကြသူတို့အား၊ ဟောပြောလော့ "၎င်းသည် အနည်းငယ် နာမကျန်းမှု ဖြစ်၏၊"[၁၅၃] ရာသီပန်းပွင့်ချိန်၌ အမျိုးသမီးများမှ ခွာ၍ နေကြလော့၊ ပြန်လည်သန့်စင်သည်အထိ သူမတို့နှင့် မသွားလာကြနှင့်၊ သန့်စင်သောအခါ ပရမတ်ဘုရားရှင်၏ အစီအမံအတိုင်း သူမတို့ထံ သွားလာနိုင်ကြ၏၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ခဝါချသူများကို နှစ်သက်၏၊ သန့်စင်သူများကို နှစ်သက်တော်မူ၏။

၂၂၃။ نِسَآؤُكُمْ حَرْثٌ لَّكُمْ فَأْتُواْ حَرْثَكُمْ أَنَّى شِئْتُمْ وَقَدِّمُواْ لأَنفُسِكُمْ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّكُم مُّلاَقُوهُ وَبَشِّرِ الْمُؤْمِنِينَ۞

အမျိုးသမီးများသည် သင်တို့အဘို့ လယ်ယာမြေများ ဖြစ်ကြ၏၊ သင်တို့၏ လယ်ယာမြေကို သင်တို့ ဆန္ဒအလျောက် သွားလာကြကုန်၊ သင်တို့၏ ဥဉ်စရိုက်အတွက် ပြင်ဆင်ကြကုန်၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သင်တို့သည် အရှင်နှင့် ဆုံတွေ့ရမည်ကို သိကြလော့၊ ယုံကြည်သူများအား သတင်းကောင်းကို ပေးလော့။[၁၅၄]

၂၂၄။ وَلاَ تَجْعَلُواْ اللّهَ عُرْضَةً لِّأَيْمَانِكُمْ أَن تَبَرُّواْ وَتَتَّقُواْ وَتُصْلِحُواْ بَيْنَ النَّاسِ وَاللّهُ سَمِيعٌ عَلِيمٌ۞

လူသားများအကြား၊ သင်တို့၏ ကုသိုလ်ကောင်းမှု၊ စည်းစောင့်မှု၊ ပြုပြင်မှုများကို ဆုးညှောင့်ခလုတ် ဖြစ်စေရန် ပရမတ်ဘုရားရှင်အား တိုင်တည်မကျိန်ဆိုကြနှင့်၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။[၁၅၅]

၂၂၅။ لاَّ يُؤَاخِذُكُمُ اللّهُ بِاللَّغْوِ فِيَ أَيْمَانِكُمْ وَلَكِن يُؤَاخِذُكُم بِمَا كَسَبَتْ قُلُوبُكُمْ وَاللّهُ غَفُورٌ حَلِيمٌ۞

ပရမတ်ဘုရားရှင်သည် သင်တို့၏ အရာမထင်သော ကျိန်ဆိုမှု၌ အပြစ်ယူမည် မဟုတ်၊ နှလုံးလိုက်လှဲ ကျင့်ဆောင်မှုကို အပြစ်ယူတော်မူမည်၊ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသောအရှင် ညှာတာသောအရှင် ဖြစ်၏။[၁၅၆]

---

ကို မသိဘဲလျက် သမ္မာကျမ်းစာပါ "သူတို့ (ဘာသာမတူသူများ)နှင့် စုံဘက်ခြင်းကို မပြုရ" တရားဟောရာကျမ်း ၇း၃ နှင့် "မယုံကြည်သော သူတို့နှင့် တွဲဘက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့်" (ဒု)ကောရိန္သု ၆း၁၄။ ဟူသည်များကို အစ္စလာမ်ကျမ်းစာက သွန်သင်သယောင် ထင်မှတ်နေခြင်းမှာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်။ ယုံကြည်သူများက ရောပြွန်းကိုးကွယ်သူများထက် ပိုမိုကောင်းမြတ်သည် ဆိုခြင်းမှာလည်း အခြားသူတစ်ဦး၏ ကိုးကွယ်ယုံကြည်မှုကို စော်ကားခြင်း မဟုတ်ပေ။ အယူမသန့်ဘဲလျက် ထင်ယောင်ထင်မှားကို ဘုရားရှင်အစား တွဲဘက်၍ ကိုးကွယ်ခြင်းကို မည်သည့် ဘာသာတရားကမှ ခွင့်မပြုပေ၊ ဗုဒ္ဓဘာသာတွင်လည်း ထိုသို့ ရောပြွန်းကိုးကွယ်ခြင်းကို ဘေးကင်းသော ကိုးကွယ်မှု မဟုတ် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်ဟု ပွင့်လင်းစွာပင် ဆိုထားပေသည်၊ ဓမ္မပဒ (၁၈၈)။

**(၁၅၃) ငေ أَذًى အဿမ်** ဆိုသည်မှာ ကိုယ်လက် မကြေမလည် ဖြစ်သည်၊ အနည်းငယ် နာမကျန်း ဖြစ်သည်ဟု အနက်ရပေသည်။ ဤသုတ်တော်တွင် "သူမတို့နှင့် ခွာ၍နေလော့" ဆိုသည်မှာ သူမတို့နှင့် ကာမဆက်ဆံခြင်း မပြုကြနှင့်ဟု ယဉ်ကျေးစွာ ပြောဆိုခြင်း ဖြစ်၍ သူမတို့နှင့် မထိရ မတို့ရ တစ်အိပ်ယာထဲ၌ မအိပ်ရ မတူမတန် စွန့်ပစ်ထားရမည်ဟု ဆိုလိုခြင်း မဟုတ်ချေ။

**(၁၅၄)** ဤသုတ်တော်ပါ ပြဋ္ဌာန်းချက် ဖြစ်သည့် "သင်တို့ ဆန္ဒအလျောက် သွားလာကြကုန်၊" ဆိုသည်ကို အခွင့်ကောင်းယူ၍ မဘွယ်မရာသော သဘာဝတရားနှင့် ဆန့်ကျင်သည့် ပေါင်းသင်း ဆက်ဆံခြင်းကို အစ္စလာမ် သာသနာက ခွင့်မပြုချေ။ ၎င်းကို သုတ်နံပါတ်တော် (၂၂၂)တွင် "ပရမတ်ဘုရားရှင်၏ မိန့်ညွှန်သော နည်းနာ အတိုင်း သူမတို့ထံ သွားလာနိုင်၏"ဟူသော ဥပဒေက ရှင်းလင်းပြီးသားပင်၊ လူသား၏ အင်္ဂါ အစိတ်အပိုင်းများသည် သူ့နေရာနှင့်သူ စည်းစနစ်တကျ အသုံးပြုနိုင်ရန် ပြဋ္ဌာန်းထားပြီး ဖြစ်သည်၊ အရာဝတ္ထုများအား ကြည့်မြင်နိုင်ရန် ပြဋ္ဌာန်းထားသော မျက်လုံး အစုံအား ပါးစပ်၏ တာဝန်ကိုထမ်းဆောင်စေရန် တစ်စုံတရာအား စားခိုင်း၍ မရပေ၊ အလားတူပင် သတ်မှတ်ထားသော အင်္ဂါ အစိတ်အပိုင်းများသည် သူ့နေရာနှင့်သူသာ အသုံးပြုရမည်မှာ နည်းနာစည်းကမ်း သတ်မှတ်ချက်ပင် ဖြစ်ပေသည်။

**(၁၅၅)** မိမိ၏ရမက်အတွက် စိတ်အားစိုက်(ကျိန်ဆိုရာ)၌ ပရမတ်ဘုရားရှင်အား အသုံးချခြင်းသည်၊ ထိုသူပြုလုပ်သော ကောင်းမှုကုသိုလ်များ အတွက် ခလုတ်ကသင်း ဖြစ်စေသည်ဟု ဤသုတ်တော်က ဆိုထားခြင်း ဖြစ်ပြီး၊ ဤသုတ်တော်ပါ စိတ်အားစိုက်ကျိန်ဆိုမှု ဆိုသည်မှာ ဆက်လက် ဖော်ပြသည့် နောက်သုတ်တော်များမှ လင်မယား ကွာရှင်းမှု၌ ကျိန်ဆိုခြင်းများကို အထူး ရည်ညွှန်းပေသည်။

**(၁၅၆)** ဤသုတ်တော်ပါ အရာမထင်သော ကျိန်ဆိုမှု ဆိုသည်မှာ ရည်ရွယ်မရှိဘဲ ကျိန်ဆိုခြင်းကို ဆိုလို၍ နှလုံးလိုက်လှဲ ကျင့်ဆောင်မှု ဆိုသည်မှာ ရည်ရွယ်ချက် ရှိရှိဖြင့် ကျိန်ဆိုခြင်းကို ဆိုလိုပေသည်။

| | |
|---|---|
| ၂၂၆။ | **لِّلَّذِينَ يُؤْلُونَ مِن نِّسَآئِهِمْ تَرَبُّصُ أَرْبَعَةِ أَشْهُرٍ فَإِنْ فَآؤُوا فَإِنَّ اللّهَ غَفُورٌ رَّحِيمٌ۞**<br>ဇနီးမိန်းမထံသို့ မသွားလာပါဟု တိုင်တည်ထားသူသည်[၁၅၇] လေးလ စောင့်ဆိုင်းရမည်။ ထို့နောက် ပြန်လည် ရုတ်သိမ်းလျှင် ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၂၇။ | **وَإِنْ عَزَمُواْ الطَّلاَقَ فَإِنَّ اللّهَ سَمِيعٌ عَلِيمٌ۞**<br>အကယ်၍ ကွာရှင်းမှုကို[၁၅၈] စိတ်ပိုင်းဖြတ်ကြလျှင် ကေန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။ |
| ၂၂၈။ | **وَالْمُطَلَّقَاتُ يَتَرَبَّصْنَ بِأَنفُسِهِنَّ ثَلاَثَةَ قُرُوَءٍ وَلاَ يَحِلُّ لَهُنَّ أَن يَكْتُمْنَ مَا خَلَقَ اللّهُ فِي أَرْحَامِهِنَّ إِن كُنَّ يُؤْمِنَّ بِاللّهِ وَالْيَوْمِ الآخِرِ وَبُعُولَتُهُنَّ أَحَقُّ بِرَدِّهِنَّ فِي ذَلِكَ إِنْ أَرَادُواْ إِصْلاَحًا وَلَهُنَّ مِثْلُ الَّذِي عَلَيْهِنَّ بِالْمَعْرُوفِ وَلِلرِّجَالِ عَلَيْهِنَّ دَرَجَةٌ وَاللّهُ عَزِيزٌ حَكُيمٌ۞**<br>ကွာရှင်းခံ အမျိုးသမီးသည် ဓမ္မတာသုံးကြိမ်အထိ[၁၅၉] မိမိဥာဉ်ကို စောင့်ဆိုင်းရမည်၊ ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သက်ဝင်ကြလျှင် သူမတို့၏ ဝမ်းကြာတိုက်၌ ပရမတ်ဘုရားရှင်၏ ဖြစ်တည်ပေးမှုကို ထိန်ဝှက်ထားခြင်းမှာ တရားမဝင်ပေ။[၁၆၀] သူမတို့၏ ခင်ပွန်းများက ပြုပြင်မှုကို လိုလားကြလျှင် ထိုအတောအတွင်း ပြန်လည် ပေါင်း |

---

**(၁၅၇) يُؤْلُونَ ယု(အ်)လူးန (အလ** မှဆင့်ပွား) ဆိုသည်မှာ ဇနီးမိန်းမထံသို့ မသွားတော့ပါဟု တိုင်တည်ကျိန်ဆိုခြင်း ကို ခေါ်ပေသည်။ အစ္စလာမ် သာသနာ မထွန်းကားမီ ကာလက အာရဗ်လူမျိုးများသည်၊ ထိုသို့သော (အားစိုက်) ကျိန်ဆိုမှုများကို မကြာခဏ ကြိမ်ဆို လေ့ရှိကြပြီး ကာလ အပိုင်းအခြား သတ်မှတ်မှု မရှိချေ၊ အမျိုးသမီးများ အနေဖြင့် ခြေချုပ်ကျ သလိုဖြစ်နေရပြီး နောက်အိမ်ထောင် ပြုခွင့်လည်း မရှိချေ။ ထိုသို့သော ဆိုဝါးသည့် ဓလေ့ ထုံးတမ်းထဲ၌ ရှင်သန်နေရသော အမျိုးသမီးများကို ကျမ်းမြတ်ကုရ်အာန်က ဤ ဥပဒေအားဖြင့် လွတ်လပ်ခွင့် ပေးလိုက်ပေသည်၊ ရည်ရွယ်ချက်ရှိရှိဖြင့် ထိုကဲ့သို့ ကျိန်ဆိုလျှင် လေးလအတွင်း ယောကျ်ားဖြစ်သူက ပြန်ပေါင်းနိုင်ပြီး၊ လေးလကျော်လျှင် အလိုအလျောက် တရားဝင် ကွာရှင်း ပြတ်စဲပြီး ဖြစ်ပေသည်၊ အမျိုးသမီး အနေဖြင့်လည်း လွတ်လပ်သော အမျိုးသမီး ဖြစ်သွားလေပြီ။ ဤစောင့်ဆိုင်းရသော လေးလ ကာလ သည် ယာယီ ကင်း နေသောကာလ ဖြစ်ပေသည်။

**(၁၅၈) الطَّلاَقَ တွလာ့က်** သည် "တွလက" မှ ဆင့်ပွားဖြစ်၍ "သူမသည် သူမ၏ လမ်းကို လွတ်လပ်စွာ သွားနိုင်သည် သို့မဟုတ် သူမ၏ ခင်ပွန်း ထံမှ သီးခြား ဖြစ်သည်၊"ဟု အနက်ကို ပေးပေသည်။ ဤကွာခြင်းမှုသည် ယာယီစောင့်ဆိုင်းရသော ကာလပြီးမှ ဆုံးဖြတ်ရမည် ဖြစ်သည်၊ အကယ် ၍ အမျိုးသား အနေဖြင့် မတော်မတရား ကြံစည် ကျင့်ဆောင်လေလျှင် အပြစ်ခံရမည် ဖြစ်သည်၊ ၎င်းကို "ပရမတ်ဘုရားရှင်သည် ကြားနေသော အရှင် သိနေသောအရှင်"ဟု ခိုင်မာစွာ သတိပေးထားပေသည်။ အခြေအနေ တစ်ရပ်ပေါ်၌ လင်မယား ကွာရှင်းမှုကို တားဆီး ပိတ်ပင်ထား၍ မရချေ၊ ဤအချက်ကို ကျမ်းတော်၏ "၃၃း၃၇ တွင် ဇိုက်ဒ်နှင့် သူ၏ ဇနီးသည်အား ကွဲကွာမည်ကို စိုးရိမ်သောကြောင့် ကိုယ်တော်မုဟမ္မဒ်က ဖြောင့်ဖြခဲ့ပေ သည်၊ သို့သော် ပရမတ်ဘုရားရှင် ကိုယ်တော်တိုင် ကွာရှင်းမှုကို အတည်ပြုပေးခဲ့ပေသည်၊"ဟု ဆိုခြင်းက ထောက်ပြထားပေသည်။ သို့သော် ကျမ်း တော်က မိန့်ဆိုသော လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲမှုကို ရိုးရာယဉ်ကျေးမှုများဖြင့် ဖုံးဖိမထားသင့်ပေ။

**(၁၅၉)** ဤ ဓမ္မတာသုံးကြိမ် စောင့်ဆိုင်းရမည် ဆိုသည်မှာ အစ္စလာမ် ဥပဒေအရ လင်မယားကွာရှင်းရန် လိုက်နာရမည့် ပထမ ဥပဒေသ ဖြစ်ပေသည်။ အကယ်၍ ဓမ္မတာ မပွင့်သော သူမများမှာ သုံးလ စောင့်ဆိုင်းရပေမည်၊ (၆၅း၄)။ ထိမ်းမြားပြီးသော်လည်း မပေါင်းသင်းရသေးသော အမျိုးသမီးများမှာ စောင့်ဆိုင်းရန် မလိုချေ၊ (၃၃း၄၉)။ ဤစောင့်ဆိုင်းနေရသော ကာလအတွင်း အမျိုးသမီးတို့အား မတရားသဖြင့် လက်လွှတ်စပယ် မောင်းထုတ်ခွင့် မရှိချေ၊ သူမတို့အား ရာသီပန်း သုံးကြိမ်ပွင့်ပြီးသည် အထိ မိမိ၏ ညီမရင်း တစ်ယောက်ကဲ့သို့ ပြုစုစောင့်ရှောက်ထားရပေမည်၊ သို့သော် နောက်မီးလင်းသော၊ ဖေါက်ပြန်သော အမျိုးသမီးများအား ထိုအခြေအနေမှ ချွင်းချက် ဖြစ်သည်၊ (၆၅း၁)။ ထိုသို့ ဖေါက်ပြန် လော်မာမှု မရှိဘဲ လူသား တို့၏ သဘာဝ စိတ်ကောက် စိတ်ဆိုးပြီး ခွဲခွာသွားလိုခြင်း ဖြစ်လျှင် အသွားလွန် အပြန်ခက်နိုင်ပေသည်၊ ထို့ကြောင့် ထိုအခြေအနေ၌ စိတ်အလို လိုက်ခွင့် မပြုရချေ၊ (၆၅း၁)။ လင်ယောကျ်ား ဖြစ်သူသည် စိတ်စေတနာ ဖြူစင်စွာဖြင့် ပြုစုစောင့်ရှောက် ထားရမည် ဖြစ်သည်။ ဤပထမ အဆင့် ကာလတွင် ထိုသို့ရင်းနှီးစွာ နေထိုင်ခြင်းဖြင့် မလိုအပ်ဘဲ လင်မယားကင်းကွာ အိမ်ထောင်ပျက်ရခြင်းမှ ကင်းလွတ် နိုင်ပေသည်။ အဘယ် ကြောင့်ဆိုသော် ထိုအတောအတွင်းတွင် ဇနီးမောင်နှံ ကြည်ဖြူ၍ ပြန်လည် ပေါင်းသင်းလိုက ပေါင်းသင်းနိုင်ကြောင်း ဤသုတ်တော်ပင် ဆိုထား သည်။

**(၁၆၀)** အမျိုးသမီး၌ ကိုယ်ဝန်ရှိလျှင် ထို ကိုယ်ဝန်အား ထိန်ဝှက်ထားခွင့် မရှိချေ။ အကယ်၍ ကိုယ်ဝန်ရှိနေခဲ့သော် သူမတို့၏ စားဝတ်နေရေးကို ယောကျ်ားဖြစ်သူက တာဝန်ယူ ဖြေရှင်းရမည်၊ (၆၅း၅)။ မွေးလာသောကလေးနှင့် ကလေးကို စောင့်ထိန်းရသော မိခင်၏ တာဝန်ကို ယောကျ်ား ဖြစ် သူက တာဝန်ယူရမည်၊ (၂း၂၃၃) ယောကျ်ားတစ်ဦး အနေဖြင့် နောက်အိမ်ထောင်ပြုလိုဇောဖြင့် ကွာရှင်းလိုက်သော အမျိုးသမီး အပေါ်၌ တာဝန် ပျက်ကွက်ခွင့် လုံးဝ မရှိချေ။

စည်းခြင်းမှာ အမှန်ကန်ဆုံး ဖြစ်၏။ သူမတို့တွင်လည်း အလားတူ မျှမျှတတ ရှိ၏။[၁၆၁] အမျိုးသားများတွင် သူမတို့ ထက် အခွင့်အလမ်း ပိုရှိ၏။[၁၆၂] ကေန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။

၂၂၉။ الطَّلَاقُ مَرَّتَانِ فَإِمْسَاكٌ بِمَعْرُوفٍ أَوْ تَسْرِيحٌ بِإِحْسَانٍ وَلاَ يَحِلُّ لَكُمْ أَن تَأْخُذُواْ مِمَّا آتَيْتُمُوهُنَّ شَيْئًا إِلاَّ أَن يَخَافَا أَلاَّ يُقِيمَا حُدُودَ اللّهِ فَإِنْ خِفْتُمْ أَلاَّ يُقِيمَا حُدُودَ اللّهِ فَلاَ جُنَاحَ عَلَيْهِمَا فِيمَا افْتَدَتْ بِهِ تِلْكَ حُدُودُ اللّهِ فَلاَ تَعْتَدُوهَا وَمَن يَتَعَدَّ حُدُودَ اللّهِ فَأُوْلَـئِكَ هُمُ الظَّالِمُونَ۝

ကွာရှင်းမှုသည် နှစ်ကြိမ် ဖြစ်နိုင်သည်၊[၁၆၃] ထို့နောက် မျှတစွာ စောင့်ရှောက်ရမည် သို့မဟုတ် ကောင်းမွန်စွာ စွန့်ခွာရမည်။ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များကို သူတို့နှစ်ဦး စောင့်ထိန်းနိုင်မည် မဟုတ်ဟု စိုးရိမ်ရခြင်းမှအပ အမျိုးသမီးအား ပေးပြီးသည်မှ တစ်စုံတစ်ရာ ပြန်ယူခြင်းသည် တရားမဝင်ချေ။ သင်တို့သည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များကို စောင့်ထိန်းမှု အတွက် စိုးရိမ်မကင်း ဖြစ်ခဲ့လျှင် အမျိုးသမီးဘက်မှ ကွာကြေးပေးခဲ့သော် သူတို့နှစ်ဦး၌

☆၆၀း၁၀ အပြစ်မထိုက်ပေ။☆ ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များပင် ဖြစ်၏။ ၎င်းတို့ကို မကျူးလွန်ကြနှင့်၊ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များအား ကျူးလွန်သူသည် အမိုက်စီးသူများ ဖြစ်ကြ၏။

၂၃၀။ فَإِن طَلَّقَهَا فَلاَ تَحِلُّ لَهُ مِن بَعْدُ حَتَّىَ تَنكِحَ زَوْجًا غَيْرَهُ فَإِن طَلَّقَهَا فَلاَ جُنَاحَ عَلَيْهِمَا أَن يَتَرَاجَعَا إِن

---

(၁၆၁) "သူမတို့တွင်လည်း အလားတူ မျှမျှတတရှိသည်" ဆိုခြင်းမှာ လင်မယား ကွာရှင်းခြင်း၊ ပြန်လည် ပေါင်းသင်းခြင်းများတွင် ယောကျ်ားဘက်ကချည်း တဖက်သတ် မဟာဗိုဝါဒကို လက်ကိုင်ထားခွင့် မရှိချေ။ ထိုအခွင့်အရေးများတွင် အမျိုးသားနှင့် အမျိုးသမီးများမှာ တန်းတူ အခွင့်အရေး ရှိသည်ဟု တိကျစွာ ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ အမျိုးသမီးများအား ကျေးကျွန်များသဖွယ်၊ တိရိစ္ဆာန်များသဖွယ် သဘောထားသော အာရပ်တို့၏ အရိုးစွဲ ယဉ်ကျေးမှုကို ဤဥပဒေအားဖြင့် ချေမှုန်း ပစ်လိုက်ပေသည်။ ဤကဲ့သို့ အခွင့်အရေးကို ကမ္ဘာပေါ်ရှိ မည်သည့် ဘာသာရေး ကျမ်းစာတွင်မှ မတွေ့ရပေ။ ဤသည် အစ္စလာမ် ဥပဒေ လင်မယားကွာရှင်းခန်း၏ ဒုတိယ ဥပဒေသ ဖြစ်ပေသည်။

(၁၆၂) **دَرَجَةٌ ဒရ်ဂျားတွန်** ဆိုသည်မှာ ဆောင်ရွက်နိုင်စွမ်း အဆင့် ပိုရှိသည်ဟု ဖြစ်ပေသည်။ ဤစကားလုံးသည် ယောကျ်ားက မိန်းမထက် ပို၍ မြင့်မြတ်သည် ဟူသည့် အယူအဆကို မပေးသည့်အပြင်၊ သဘာဝတရားကို အံတု၍ မိန်းမနှင့် ယောကျ်ားသည် အရာရာတွင် တူညီသည် ဟူသော ခေတ်ကြိုက် အမိပ္ပါယ်ကိုလည်း မဆောင်ပေ။ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အစ္စလာမ်သာသနာက လိင် မခွဲဘဲလျက် တန်းတူ အခွင့်အရေးကို ပေးပေသည်။ အစ္စလာမ်အား ပုတ်ခေတ် သရော်သော ဘာသာတရားများတွင် ဤသို့တန်းတူ အခွင့်အရေး ပေးထားသည်ကို မတွေ့ရချေ။ သို့သော် သဘာဝ၊ စိတ်နေစိတ်ထားနှင့် ခန္ဓာကိုယ် ဖွဲ့စည်းမှုများအရ မိန်းမနှင့် ယောကျ်ားမှာ အလိုအလျောက် ကွဲပြားပြီးသား ဖြစ်ပေသည်။ ဤ လင်မယား ပေါင်းစည်းမှုတွင် အမျိုးသား ဖြစ်သူဘက်မှ အခြေအနေအရ ဖန်တီးပိုင်ခွင့် အခွင့်အလမ်းမှာ အမျိုးသမီးထက် ပိုများပေသည်။ ကွဲလုကွဲခင် အိမ်ထောင်တစ်ခုအား ပြန်လည်ပေါင်းစည်းရေးအတွက် အမျိုးသမီးဘက်မှ ဆောင်ရွက်ပိုင်ခွင့်မှာ၊ ပတ်ဝန်းကျင် အခြေအနေ၊ မိန်းမ သဘာဝ စိတ်နေစိတ်ထားအရ စိတ်ကောက်တတ်မှု၊ မည်မျှပင် ချစ်ခင်နှစ်သက်စေကာမူ ယောကျ်ားဖြစ်သူအား ပြန်မချော့လိုမှုများ ရှိနေပေသည်၊ ထိုအခြေအနေတွင် လင်မယား ပြန်လည် ပေါင်းသင်းရေးအတွက် ဆောင်ရွက်ရမည့် အခွင့်အရေးမှာ အမျိုးသားဘက်က ပိုမို အခွင့်ရှိနေပေသည်။ တနည်းအားဖြင့် "အမျိုးသား၌ ပြန်လည် ကမ်းလှမ်းရန် ပို၍ တာဝန်ရှိပေသည်၊" (၄း၃၄ တွင် ကြည့်ပါ)။

(၁၆၃) ဤသည် လင်ခန်းမယားခန်း ပြတ်စဲမှု၏ တတိယ ဥပဒေသ ဖြစ်ပေသည်၊ ဇနီးမောင်နှံ နှစ်ဦးအကြား ကွာရှင်းပြတ်စဲမှုကို အလျှင်စလို စိတ်လိုက် မာန်ပါ မဆုံးဖြတ်နိုင်ရန် အတွက် စောင့်ဆိုင်း ကာလနှင့် ယာယီ ကင်းကွာခွင့် ကာလကို နှစ်ကြိမ် အခွင့်အရေး ပေးထားပေသည်။ ဤသုတ်တော်တွင် ပြောသော **မရ်ရတာနိ مَرَّتَانِ** ဆိုသည်မှာ အကြိမ် နှစ်ကြိမ်မြောက်ကို ပြောခြင်း ဖြစ်၍ တစ်ချိန် တစ်ခါတည်းတွင် တစ်၊ နှစ် ရေတွက်သော ကိန်း ဂဏန်း "နှစ်" လုံးဝ မဟုတ်ချေ။ အကြိမ်မြောက် ဆိုသည်ကို တစ်ကြိမ်မြောက် ပြီးမှ နောက်တစ်ကြိမ်မြောက် အစီအစဉ်အတိုင်း လုပ်ဆောင်ရပေသည်။ နှစ်ဦးနှစ်ဘက် စိတ်အေးအေးဖြင့် စဉ်းစားသုံးသပ်ပြီးမှ လမ်းခွဲလိုက လမ်းခွဲနိုင်ကြောင်း ပညတ်ထားခြင်း ဖြစ်ပေသည်။ စိတ်လိုက် မာန်ပါဖြင့် ရန်သူအဖြစ် လမ်းခွဲခြင်းကို အစ္စလာမ်က လက်မခံပေ၊ ၎င်းကို "ကောင်းမွန်စွာ စွန့်ခွာရမည်"ဟူသော စကားက အခိုင်အမာ ထောက်ပြထားပေသည်။ လင်မယားကွဲကွာခြင်းကို အစ္စလာမ်က လက်ခံသော်လည်း ရန်သူအဖြစ် ခွဲခွာခြင်းကို အစ္စလာမ်က လက်မခံပေ၊ နှစ်ဦး နှစ်ဘက် မည်သို့မှ ညှိမရတော့သည် အခြေအနေတစ်ခုတွင် မိတ်မပျက်ဘဲ အိန္ဒြေရရ လမ်းခွဲနိုင်ရန်သာ သွန်သင်ပေသည်။ (❖)စတုတ္ထဥပဒေအရ နှစ်ကြိမ်မြောက် ကွာရှင်းခြင်းကို ပြုလုပ်ပြီးနောက် နှစ်ဦးနှစ်ဘက် ပြန်လည်ပေါင်းသင်းမည်လော၊ ရည်ငံစွာ စွန့်ခွာမည်လော ဟူသည်ကို ပြတ်သားစွာ ရွေးချယ်ရပေမည်။ အမျိုးသမီး၏ အခွင့်အရေးအား တန်ဘိုးထား လေးစားရပေမည်။ အမျိုးသမီးများတွင်လည်း သူတို့၏ ရွေးချယ် ပိုင်ခွင့်များ ရှိနေပေသည်၊ ထို့ကြောင့် အမှုကို ရှည်သည်ထက်ရှည် ကြာသည်ထက်ကြာအောင် ဆွဲထားခွင့် မရှိချေ။

(❖) ပဥ္စမဥပဒေ အရ လင်ယောကျ်ားဘက်မှ ကွာရှင်းလိုသော် အမျိုးသမီးတို့အား ပေးအပ်ခဲ့သည့် ဥစ္စာပစ္စည်းများမှ တစ်စုံ တစ်ရာကိုမျှ ပြန် ယူခွင့်မရှိချေ။ အမျိုးသမီးဘက်မှ ယောကျ်ားအား ကွာရှင်းခဲ့သော် နှစ်ဦးသဘောတူ ရရှိထားသော ပစ္စည်းတို့အား စွန့်လွှတ်၍ ကွာရှင်း နိုင်ပေသည်။

ظَنَّا أَن يُقِيمَا حُدُودَ اللّهِ وَتِلْكَ حُدُودُ اللّهِ يُبَيِّنُهَا لِقَوْمٍ يَعْلَمُونَ۞

အကယ်၍ ကွာရှင်းပြီးလျှင် အခြား တွဲဘက်တစ်ဦးနှင့် ပေါင်းစည်းသည့်တိုင် သူ့အတွက် တရားမဝင်ပေ။[၁၆၄] တဖန် ခွဲခွာကြပြန်၍ သူတို့နှစ်ဦးသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်းတော်များကို စောင့်ထိန်းနိုင်မည်ဟု ယူဆကာ ပြန်လည် ပေါင်းသင်းကြလျှင် သူတို့၌ အပြစ်မထိုက်ပေ။ ဤသည် သိနားလည် သူများအတွက် ရှင်းလင်းထားသည့် ပရမတ် ဘုရားရှင်၏ စည်းမျဉ်းတော်များ ဖြစ်၏။[၁၆၅]

၂၃၁။ وَإِذَا طَلَّقْتُمُ النَّسَاء فَبَلَغْنَ أَجَلَهُنَّ فَأَمْسِكُوهُنَّ بِمَعْرُوفٍ أَوْ سَرِّحُوهُنَّ بِمَعْرُوفٍ وَلاَ تُمْسِكُوهُنَّ ضِرَارًا لَّتَعْتَدُواْ وَمَن يَفْعَلْ ذَلِكَ فَقَدْ ظَلَمَ نَفْسَهُ وَلاَ تَتَّخِذُوَاْ آيَاتِ اللّهِ هُزُوًا وَاذْكُرُواْ نِعْمَتَ اللّهِ عَلَيْكُمْ وَمَا أَنزَلَ عَلَيْكُمْ مِّنَ الْكِتَابِ وَالْحِكْمَةِ يَعِظُكُم بِهِ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ بِكُلِّ شَيْءٍ عَلِيمٌ۞

အမျိုးသမီးများအား ကွာရှင်း၍ သူမတို့၏ စောင့်ဆိုင်းကာလ ပြည့်ရောက်သောအခါ၊ သူမတို့အား မျှတစွာ စောင့် ရှောက်ကြလော့၊ သို့မဟုတ် မျှတစွာ စွန့်ခွာကြလော့။ ကျူးလွန်စော်ကားရန် စေတနာယုတ်ဖြင့် မစောင့်ရှောက်ကြ လင့်၊ ထိုသို့ ကျင့်ကြံသူသည် သူ၏ဉာဉ်ကိုသာ မုချ အမိုက်သင့်စေပြီ၊ ပရမတ်ဘုရားရှင်၏ သုတ်တော်များကို ပျက်ရယ် ဘွယ်ရာ မယူမှတ်ကြနှင့်၊ ပရမတ်ဘုရားရှင်က သင်တို့ကို ဂုဏ်ပေးသည့် သင်တို့အား ချမှတ်ပေးရာ ကျမ်းတော်မှ ဥပဒေနှင့်၊ ၎င်းမှ အဆုံးအမများကို သတိရကြလော့။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကေနိပင် ပရမတ် ဘုရားရှင်သည် သဗ္ဗလုံးစုံကို သိနေကြောင်း သိမှတ်ကြလော့။[၁၆၆]

၂၃၂။ وَإِذَا طَلَّقْتُمُ النِّسَاء فَبَلَغْنَ أَجَلَهُنَّ فَلاَ تَعْضُلُوهُنَّ أَن يَنكِحْنَ أَزْوَاجَهُنَّ إِذَا تَرَاضَوْاْ بَيْنَهُم بِالْمَعْرُوفِ ذَلِكَ يُوعَظُ بِهِ مَن كَانَ مِنكُمْ يُؤْمِنُ بِاللّهِ وَالْيَوْمِ الآخِرِ ذَلِكُمْ أَزْكَى لَكُمْ وَأَطْهَرُ وَاللّهُ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ۞

အမျိုးသမီးများအား ကွာရှင်း၍ သူမတို့၏ စောင့်ဆိုင်းကာလ ပြည့်ရောက်သောအခါ၊ သူတို့အချင်းချင်း သဘောကျ၍ တရားမျှတစွာ သူမတို့၏ ပေါင်းဖေါ်များနှင့် ပေါင်းဖက်ကြသော် သင်တို့ မချုပ်ချယ်ကြကုန်နှင့်။ ဤသည် သင်တို့မှ

---

**(၁၆၄)** ဆဌမ ဥပဒေသည်၊ အလွန်ပြတ်သား၍ လွတ်လပ်မှုကင်းမဲ့နေရသော အမျိုးသမီးများအား လွတ်လပ်ခွင့် အပြည့်ပေးလိုက်ခြင်းပင် ဖြစ် သည်။ သူမသည် လင်ယောကျ်ား တစ်ဦးနှင့် ကွာရှင်းပြီးလျှင် အခြားသော ယောကျ်ားကို လွတ်လပ်စွာ ထိမ်းမြားခွင့် ရှိသည်။ ထိုအကြောင်းကို "အကယ်၍ ကွာရှင်းပြီးလျှင် အခြား ကြင်ဘက်တစ်ဦးနှင့် ထိမ်းမြားသည့်တိုင် သူ့အတွက် (ကွာရှင်းခဲ့သော လင်ဟောင်းအတွက်) တရားမဝင် တော့ပေ၊" ဟု အတိအကျ ဆိုထားပေသည်။ အတိတ်ကာလ အရိုင်းခေတ်၌ ယောကျ်ားများသည် မိန်းမတို့အပေါ်၌ နည်းမျိုးစုံဖြင့် ချုပ်ချယ် ဖိနှိပ်ကြ ပေသည်၊ အမျိုးသမီးတစ်ဦးအား မိမိက မတရားသဖြင့် စွန့်ပစ်သည့်အပြင် နောက်အိမ်ထောင်ပြုခွင့်ကိုလည်း နည်းမျိုးစုံဖြင့် ပိတ်ပင် တားဆီးကြ ပေသည်။ ထို အကျင့်ဆိုးအား ကျမ်းမြတ်ကုရ်အာန်က ဤဥပဒေသအားဖြင့် ပါယ်ဖျက်လိုက်ပေသည်။

**(၁၆၅)** အဆိုပါ အိမ်ထောင်သစ်နှင့်လည်း အခန့်မသင့်သောကြောင့် အကြောင်းအမျိုးမျိုးဖြင့် အထက်ဖေါ်ပြပါ ဥပဒေများနှင့်အညီ ကွာရှင်းပြတ်စဲခဲ့ ပြီးနောက်၊ အရင်ပထမ အိမ်ထောင်ဘက် လင်ဟောင်းဖြင့် ပြန်လည်တွေ့ဆုံကာ စည်းကမ်းတကျ အိမ်ထောင်ဘက်အဖြစ် ပြန်လည် တည်ဆောက် လိုကလည်း သူတို့အတွက် တရားဝင်ကြောင်း ဤသတ္တမ ဥပဒေက ပြဌာန်းထားပေသည်။ ဤဥပဒေများအား အလွဲသုံးစားလုပ်၍ အိမ်ထောင် ကွဲကွာခွင့်၊ အိမ်ထောင်သစ် ထူထောင်ခွင့်ကို အစ္စလာမ်သာသနာက ခွင့်မပြုချေ။ လင်မယားကွာရှင်း ပြတ်စဲမှုတွင် ဤဥပဒေများသည် ပြည့်စုံ လုံလောက်ကြောင်းကို ဥပဒေပညာရှင်များ သိနားလည် ကြပေသည်။

**(၁၆၆)** အစ္စလာမ်သာသနာဝင်ပါဟု ပြောဆိုကြသူများ ထဲတွင်ပင် မိမိတို့၏ မိရိုးဖလာများအား သာသနာထဲသို့ ရောသွပ်ရန် ကြိုးစားကြလျှက် ကမောက်ကမနိုင်သော ဓလေ့များကို လက်ခံထားသူ များစွာ ရှိပေသည်၊ အချို့လူများကလည်း အမျိုးသမီးတို့အား ပေးအပ်ထားသည့် မင်္ဂလာ လက်ဆောင်ပစ္စည်းအား ပေးရမည်ကို စိုးရိမ်၍ အမျိုးသမီးအား ကွာမပေးဘဲထား ကြပေသည်။ ထိုအပြုအမူသည် အစ္စလာမ့်ဥပဒေနှင့် တရားမဝင် ချေ၊ ၎င်းကို "ကျူးလွန်စော်ကားရန် စေတနာယုတ်ဖြင့် မစောင့်ရှောက် ကြကုန်လင့်၊" "ပရမတ်ဘုရားရှင်၏ သုတ်တော်များကို ပျက်ရယ်ဘွယ်ရာ မယူမှတ်ကြနှင့်၊" ဟု ပြင်းထန်ပြတ်သားစွာ သတိပေးထားပေသည်။ (၆၅း၁ တွင် ဆက်ကြည့်ပါ)။

| | |
|---|---|
| | ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူအတွက် အဆုံးအမပင် ဖြစ်၏။ ဤသည်မှာ သင်တို့အတွက် ပို၍ စင်ကြယ်၏ ပို၍ သန့်ရှင်းစေ၏၊ သင်တို့ မသိသည်ကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။[၁၆၇] |
| ၂၃၃။ | **وَالْوَالِدَاتُ يُرْضِعْنَ أَوْلاَدَهُنَّ حَوْلَيْنِ كَامِلَيْنِ لِمَنْ أَرَادَ أَن يُتِمَّ الرَّضَاعَةَ وَعلَى الْمَوْلُودِ لَهُ رِزْقُهُنَّ وَكِسْوَتُهُنَّ بِالْمَعْرُوفِ لاَ تُكَلَّفُ نَفْسٌ إِلاَّ وُسْعَهَا لاَ تُضَآرَّ وَالِدَةٌ بِوَلَدِهَا وَلاَ مَوْلُودٌ لَّهُ بِوَلَدِهِ وَعَلَى الْوَارِثِ مِثْلُ ذَلِكَ فَإِنْ أَرَادَا فِصَالاً عَن تَرَاضٍ مِّنْهُمَا وَتَشَاوُرٍ فَلاَ جُنَاحَ عَلَيْهِمَا وَإِنْ أَرَدتُّمْ أَن تَسْتَرْضِعُواْ أَوْلاَدَكُمْ فَلاَ جُنَاحَ عَلَيْكُمْ إِذَا سَلَّمْتُم مَّآ آتَيْتُم بِالْمَعْرُوفِ وَاتَّقُواْ اللّهَ وَاعْلَمُواْ أَنَّ اللّهَ بِمَا تَعْمَلُونَ بَصِيرٌ** ۞<br>ကာလအပြည့် နို့ချိုတိုက်ကျွေးလိုသော မိခင်များသည် ရင်သွေးများကို နှစ်နှစ်အပြည့် နို့တိုက်နိုင်သည်၊ သူမတို့၏ မျှတစွာသော စားဝတ်နေရေးသည် ဖခင်၌ဝတ္တရားရှိ၏။ ဝန်ဆောင်နိုင်စွမ်းမှအပ စိတ်မပင်ပန်းစေရ။ ရင်သွေးကြောင့် မိခင်သည်–၊ထို့အတူ ရင်သွေးကြောင့် ဖခင်သည် မနစ်နာစေရ။ အမွေဆိုင်တို့သည် ထို၌ အလားတူပင် ဖြစ်၏။ နှစ်ဦးနှစ်ဘက် ဆွေးနွေး သဘောတူ၍ နို့ဖြတ်လျှင် သူတို့အပေါ်၌ အပြစ်မထိုက်ပေ။ အကယ်၍ မျှတစွာ ဖြည့်ဆီး ပေးကမ်းလျက် ရင်သွေးများကို နို့ထိန်း၌ အပ်လိုကလည်း အပြစ်မထိုက်ပေ။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ သိကြကုန်လော့– သင်တို့ပြုကျင့်သည်များကို ပရမတ်ဘုရားရှင်သည် မြင်သိနေတော်မူ၏။ |
| ၂၃၄။ | **وَالَّذِينَ يُتَوَفَّوْنَ مِنكُمْ وَيَذَرُونَ أَزْوَاجًا يَتَرَبَّصْنَ بِأَنفُسِهِنَّ أَرْبَعَةَ أَشْهُرٍ وَعَشْرًا فَإِذَا بَلَغْنَ أَجَلَهُنَّ فَلاَ جُنَاحَ عَلَيْكُمْ فِيمَا فَعَلْنَ فِي أَنفُسِهِنَّ بِالْمَعْرُوفِ وَاللّهُ بِمَا تَعْمَلُونَ خَبِيرٌ** ۞<br>သင်တို့မှ အနိစ္စရောက်သူ၏ ကျန်ရစ်သော ပေါင်းဖေါ်တို့၊ သူမတို့၏ စိတ်ဆန္ဒကို လေးလနှင့် ဆယ်ရက် စောင့်ဆိုင်းရမည်။[၁၆၈] စောင့်ဆိုင်းကာလ စေ့ရောက်သော် သူတို့ စိတ်ဆန္ဒအလျောက် တရားနှင့်ညီသော သူမတို့၏ လုပ်ဆောင်မှု၌ အပြစ် မထိုက်ပေ။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှအား သတင်းရနေတော်မူ၏။ |
| ၂၃၅။ | **وَلاَ جُنَاحَ عَلَيْكُمْ فِيمَا عَرَّضْتُم بِهِ مِنْ خِطْبَةِ النِّسَاء أَوْ أَكْنَنتُمْ فِي أَنفُسِكُمْ عَلِمَ اللّهُ أَنَّكُمْ سَتَذْكُرُونَهُنَّ وَلَكِن لاَّ تُوَاعِدُوهُنَّ سِرًّا إِلاَّ أَن تَقُولُواْ قَوْلاً مَّعْرُوفًا وَلاَ تَعْزِمُواْ عُقْدَةَ النِّكَاحِ حَتَّى يَبْلُغَ الْكِتَابُ أَجَلَهُ وَاعْلَمُواْ أَنَّ اللّهَ يَعْلَمُ مَا فِي أَنفُسِكُمْ فَاحْذَرُوهُ وَاعْلَمُواْ أَنَّ اللّهَ غَفُورٌ حَلِيمٌ** ۞<br>အမျိုးသမီးတို့အား ထိမ်းမြားရန် ကမ်းလှမ်းချက်ကို တဆင့်နားဖေါက်ခြင်း သို့မဟုတ် ပရမတ်ဘုရားရှင် သိနေသော၊ သင်တို့ ကေန်ဆတ်ဆတ် သတိရနေသည့် သူမတို့အား၊ စိတ်ထဲ၌ ရည်စူးထားခြင်းများသည် အပြစ်မရှိချေ။ သို့သော် သူမတို့နှင့် တိတ်တိတ်ပုန်း မဖွဲ့နှောင်ကြလင့်၊ တရားသဖြင့် ပြောဆိုခြင်းကိုသာ ပြောဆိုကြလော့။ မှတ်တမ်းတင်ခြင်းအား မဖြည့်ဆည်းမှီ သိမ်းဆည်းထုံးဖွဲ့မှုကို အတည်မပြုကြနှင့်၊ သိကြကုန်လော့ သင်တို့၏ ဉာဉ်စရိုက်၌ ရှိသော အရာကို ပရမတ်ဘုရားရှင်က ကေန် သိနေတော်မူ၏။ အရှင်နှင့် ပတ်သက်၍ သတိထားကြကုန်လော့၊ သိကြကုန်လော့ ပရမတ်ဘုရားရှင်သည် ကေန်ပင် လွတ်ငြိမ်းစေသောအရှင် သက်ညှာသောအရှင် ဖြစ်၏။ |

**(၁၆၇)** အခန့်မသင့်၍လင်မယား ကတောက်ကဆဖြစ်ရာမှ နှစ်ဘက်သော အသိုင်းအဝိုင်းများကြောင့် ကွဲကွာရသော အဖြစ်မျိုးကို မဖြစ်ရစေရန် တားမြစ်ပေးသော ဥပဒေ ဖြစ်သည်။ လင်မယားပြန်လည် ပေါင်းသင်းခြင်းကို အကြောင်း အမျိုးမျိုးပြလျက် အနှောင့်အယှက် ပေးခြင်းအား အစ္စလာမ် သာသနာက လက်မခံပေ။ ကာယကံရှင် နှစ်ဦးအား လွတ်လပ်သော အခွင့်အရေးကို ပေးရပေမည်။

**(၁၆၈)** စိတ်ဆန္ဒကို လေးလနှင့် ဆယ်ရက် စောင့်ဆိုင်းရမည် ဆိုသည်မှာ အကယ်၍ သူမတို့အနေဖြင့် နောက်အိမ် ထောင်ပြုလိုသည့် စိတ်ဆန္ဒ ဖြစ်ခဲ့လျှင် ပထမ ယောကျ်ား အနိစ္စရောက်ပြီးနောက် လေးလနှင့် ဆယ်ရက် မပြည့်ဘဲ အိမ်ထောင်သစ် မတည်ထောင်ရဟု ဆိုခြင်း ဖြစ်ပေသည်။ လင်ကွာ အမျိုးသမီးအတွက် အိမ်ထောင်သစ် ပြန်ထူထောင်လိုက ဓမ္မတာ သုံးကြိမ် (၂း၂၂၈)၊ သုံးလ (၆၅း၄) စောင့်ဆိုင်းရမည်။ မုဆိုးမနှင့် လင်ကွာ အမျိုးသမီး စောင့်ဆိုင်းရမည့် ကာလ အပိုင်းအခြား မတူညီပေ။

၂၃၆။ لاَّ جُنَاحَ عَلَيْكُمْ إِن طَلَّقْتُمُ النِّسَاء مَا لَمْ تَمَسُّوهُنُّ أَوْ تَفْرِضُواْ لَهُنَّ فَرِيضَةً وَمَتِّعُوهُنَّ عَلَى الْمُوسِعِ قَدَرُهُ وَعَلَى الْمُقْتِرِ قَدْرُهُ مَتَاعًا بِالْمَعْرُوفِ حَقًّا عَلَى الْمُحْسِنِينَ ۞

သင်တို့ မထိတွေ့ခဲ့သော အမျိုးသမီးများ၊ သို့မဟုတ် သတ်မှတ်မှုကို သင်တို့ မသတ်မှတ်သေးသော သူမတို့အား၊ လမ်းခွဲခဲ့သော် အပြစ်မရှိချေ။ သို့သော် သူမတို့အား ဖေးမကြလော့၊ ကြွယ်ဝသူသည် သူ့စည်းချိန်အလျောက်၊ ဆင်းရဲသူသည် သူ့စည်းချိန်အလျောက် တရားမျှတစွာ ဖေးမရန်မှာ ကောင်းမွန်သူများအတွက် သစ္စာပင် ဖြစ်၏။

၂၃၇။ وَإِن طَلَّقْتُمُوهُنَّ مِن قَبْلِ أَن تَمَسُّوهُنَّ وَقَدْ فَرَضْتُمْ لَهُنَّ فَرِيضَةً فَنِصْفُ مَا فَرَضْتُمْ إَلاَّ أَن يَعْفُونَ أَوْ يَعْفُوَ الَّذِي بِيَدِهِ عُقْدَةُ النِّكَاحِ وَأَن تَعْفُواْ أَقْرَبُ لِلتَّقْوَى وَلاَ تَنسَوُاْ الْفَضْلَ بَيْنَكُمْ إِنَّ اللّهَ بِمَا تَعْمَلُونَ بَصِيرٌ ۞

သူမတို့အတွက် သတ်မှတ်ခြင်းကို သတ်မှတ်ပြီးနောက် သင်တို့ မထိတွေ့ရသေးသော သူမတို့အား လမ်းခွဲခဲ့သော် သူမက ခွင့်လွှတ်ခြင်း သို့မဟုတ် သိမ်းဆည်းထုံးဖွဲ့မှုကို လက်ဝယ်ထားသူဘက်မှ ခွင့်လွှတ်ခြင်းမှ အပ သတ်မှတ်မှု၏ ထက်ဝက်ကို သင်တို့ ပေးရမည်။ ကေန်ပင် ခွင့်လွှတ်ခြင်းသည် စည်းစောင့်မှုနှင့် ပို၍နီးကပ်၏။ သင်တို့ချင်းကြား သိက္ခာပေးခြင်းကို မမေ့လျော့ကြနှင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မြင်သိနေတော်မူ၏။[၁၆၉]

၂၃၈။ حَافِظُواْ عَلَى الصَّلَوَاتِ والصَّلاَةِ الْوُسْطَى وَقُومُواْ لِلّهِ قَانِتِينَ ۞

၂း၃ **စိတ်လေ့ကျင့်မှု၊** အမြင့်မြတ်ဆုံးသော **စိတ်လေ့ကျင့်မှု**အား စောင့်ထိန်းကြလော့၊ ပရမတ်ဘုရားရှင်အား ရိုကျိုး နာခံသူအဖြစ် မြဲမြံကြလော့။

၂၃၉။ فَإنْ خِفْتُمْ فَرِجَالاً أَوْ رُكْبَانًا فَإِذَا أَمِنتُمْ فَاذْكُرُواْ اللّهَ كَمَا عَلَّمَكُم مَّا لَمْ تَكُونُواْ تَعْلَمُونَ ۞

သင်တို့သည် အန္တရာယ်၌ ရှိစဉ် ခြေလျင်ဖြစ်စေ အစီးအနင်းပေါ်၌ ဖြစ်စေ၊ သင်တို့ ဘေးကင်းသောအခါ သင်တို့ မသိခဲ့သည်မှ သိစေခဲ့သည့် ပုံစံအတိုင်း ပရမတ်ဘုရားရှင်အား သတိရကြကုန်လော့။

၂၄၀။ وَالَّذِينَ يُتَوَفَّوْنَ مِنكُمْ وَيَذَرُونَ أَزْوَاجًا وَصِيَّةً لِّأَزْوَاجِهِم مَّتَاعًا إِلَى الْحَوْلِ غَيْرَ إِخْرَاجٍ فَإِنْ خَرَجْنَ فَلاَ جُنَاحَ عَلَيْكُمْ فِي مَا فَعَلْنَ فِيَ أَنفُسِهِنَّ مِن مَّعْرُوفٍ وَاللّهُ عَزِيزٌ حَكِيمٌ ۞

သင်တို့မှ အနိစ္စရောက်သွားသူ၏ ကျန်ရစ်သော ပေါင်းဖော်တို့၊ ထိုပေါင်းဖော်များအား နှင်ထုတ်ခြင်း မပြုဘဲ နှစ်ပတ်လည် ဆက်နေခွင့်ရှိသော မှာတမ်းစာ ရှိစေရမည်၊ သူတို့၏ စိတ်ဆန္ဒအလျောက် ထွက်သွား၍ တရားသဖြင့် ဆောင်ရွက်မှုများ၌ သင်တို့အတွက် အပြစ် မရှိချေ၊ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၁၇၀]

---

**(၁၆၉)** သတ်မှတ်မှု ဆိုသည်မှာ မင်္ဂလာလက်ဆောင်ကို ဆိုခြင်း ဖြစ်သည်၊ အစ္စလာမ်သာသနာသည် သဘာဝအရ အားနွဲ့မှုရှိသော အမျိုးသမီးတို့အား အိမ်ထောင်ပြုခြင်းကြောင့် ထိခိုက်နစ်နာမှု မရှိရစေရန် ကာကွယ်ပေးထားခြင်း ဖြစ်သည့် အမျိုးသမီး ဘဝလုံခြုံမှု အာမခံ ဖြစ်ပေသည်။ သို့သော် နှစ်ဦးနှစ်ဘက် ချစ်ကြိုက်၍ တစ်ဦးနှင့်တစ်ဦး ရိုးမြေကျ ချစ်ချစ်ခင်ခင် ပေါင်းသင်းပါမည်ဟု ယုံကြည်စိတ်ချလျှင် မင်္ဂလာလက်ဆောင်ကို အမျိုးသမီး ဘက်မှ ကင်းလွတ်ခွင့်ပေးခြင်း၊ လျှော့ပေါ့ခြင်းကို ပြုနိုင်ပေသည်။

**(၁၇၀)** အချို့သော အဌကထာ ပညာရှင်များက ၂း၃၄ နှင့် ၄း၁၂ တို့ကို ပညတ်ပြီးနောက် ဤသုတ်နံပါတ်တော်ကို ပလပ်လိုက်ပြီဟု **ဘိုခါရီကျမ်း**လာ အုဆ်မန်နှင့် အိဗနိဇူဘိုင်းတို့၏ ကောက်ချက်ကို အခြေခံ၍ ပြောဆိုကြပေသည်။ ကုရ်အာန်ကျမ်းတော်၏ ၄း၁၂ ၌ ဇနီးမိန်းမများ ခံစားခွင့်ရှိသည့် အမွေကို ထည့်သွင်း ဖေါ်ပြထားသည်နှင့် ၂း၂၃၄ တွင် မုဆိုးမများ၏ နောက်အိမ်ထောင်ပြုပိုင်ခွင့်ကို ပြောဆိုသည်မှုများသည် ဤသုတ်အမှတ်တော် ၂၄၀ အား မည်သို့မှ ချေဖျက်၍ မရပေ၊ ဤသုတ်တော်က နောက်အိမ်ထောင် မပြုလိုသော မုဆိုးမများ အနေဖြင့် သေဆုံးသွားသော လင်ယောကျ်ား၏ အမွေဆိုင် အိမ်၌ ဆက်လက် နေထိုင်ပိုင်ခွင့် ရှိသော ကာလကို ပြဌာန်းထားခြင်း ဖြစ်သည်။ သူ၏ စိတ်ဆန္ဒအလျောက် ထွက်ခွာသွားလျှင် သွားနိုင်ပေသည်။ သူမတို့အား နှင်ထုတ်ခွင့် မရှိပေ။ ဤသုတ်တော်၌ ဆိုသော ထွက်သွားလိုက ထွက်သွားနိုင်သည် ဆိုခြင်းမှ နောက်အိမ်ထောင် ပြုသွားခြင်းကိုသာ ဆိုလိုခြင်း မဟုတ်ချေ။ နောက်အိမ်ထောင်ပြုသည် ဖြစ်စေ၊ မပြုသည် ဖြစ်စေ သူတို့၏ စိတ်ဆန္ဒအရ လွတ်လပ်ခွင့် ရှိပေသည်။ အထက်၌ ဖေါ်ပြခဲ့သော ဘိုခါရီကျမ်းမှာ အစ္စလာမ်တို့ အနေဖြင့် ပရမတ်ဘုရားရှင် (အလ္လာဟ်)က ပညတ်ချမှတ်ပေးသော ကျမ်းဖြစ်သည်ဟု ယုံကြည်သူ မရှိပေ။ ပရမတ်ဘုရားရှင်သည် ဉာဏ်စဉ်ဆောင် မုဟမ္မဒ်ကိုယ်တော်၏ ထံသို့ မည့်သည့် သုတ်တော်များအား မည်သည့် အချိန်၊ မည်

| | |
|---|---|
| ၂၄၁။ | وَلِلْمُطَلَّقَاتِ مَتَاعٌ بِالْمَعْرُوفِ حَقًّا عَلَى الْمُتَّقِينَ۞<br>လင်ကွာအမျိုးသမီးများအား တရားမျှတသော ခံစားခွင့်ပေးရန်မှာ စည်းစောင့်သူများအတွက် သစ္စာတရပ်ပင် ဖြစ်၏။ |
| ၂၄၂။ | كَذَلِكَ يُبَيِّنُ اللّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَعْقِلُونَ۞<br>သင်တို့ အတွေးအခေါ် ရှိအံ့သောငှာ ပရမတ်ဘုရားရှင်က သုတ္တန်များကို  သင်တို့အတွက် ဤသို့ ရှင်းလင်းတော်မူ၏။ |
| ၂၄၃။ | أَلَمْ تَرَ إِلَى الَّذِينَ خَرَجُواْ مِن دِيَارِهِمْ وَهُمْ أُلُوفٌ حَذَرَ الْمَوْتِ فَقَالَ لَهُمُ اللّهُ مُوتُواْ ثُمَّ أَحْيَاهُمْ إِنَّ اللّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يَشْكُرُونَ۞<br>သေဘေးကြောင့် ထောင်နှင့်ချီသော သူများ သူတို့၏ အိမ်များမှ ထွက်ပြေးရသည်ကို အသင် မသုံးသပ်မိသလော၊ ထို့နောက် ပရမတ်ဘုရားရှင်က "အသင်တို့ သေကြလော့၊"ဟု ဆိုလျှက်၊ တဖန် သူတို့အား ပြန်လည်ရှင်သန်စေခဲ့ပြီ၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် လူသားတို့အပေါ် သိက္ခာပေးသော အရှင် ဖြစ်၏၊ သို့သော် လူများစုသည် ကျေးဇူး မသိတတ်ချေ။ |
| ၂၄၄။ | وَقَاتِلُواْ فِي سَبِيلِ اللّهِ وَاعْلَمُواْ أَنَّ اللّهَ سَمِيعٌ عَلِيمٌ۞<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ကြလော့၊ သိကြကုန်လော ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသော အရှင် သိနေသောအရှင် ဖြစ်၏။ |
| ၂၄၅။ | مَّن ذَا الَّذِي يُقْرِضُ اللّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ أَضْعَافًا كَثِيرَةً وَاللّهُ يَقْبِضُ وَيَبْسُطُ وَإِلَيْهِ تُرْجَعُونَ۞<br>ပရမတ်ဘုရားရှင်အား ကောင်းမွန်စွာ ဆက်ကပ် ပူဇော်သူ၊ ထိုသူအား မြောက်များစွာ ဆထက်တပိုး ဆတိုးစေမည်။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကျဉ်းကျပ်စေတော်မူ၏၊ ချောင်လည်စေတော်မူ၏၊ အရှင်ထံသို့အား ဦးလှည့်ရမည်ပင်။ |
| ၂၄၆။<br><br>☆၂း၅၁ | أَلَمْ تَرَ إِلَى الْمَلإِ مِن بَنِي إِسْرَائِيلَ مِن بَعْدِ مُوسَى إِذْ قَالُواْ لِنَبِيٍّ لَّهُمُ ابْعَثْ لَنَا مَلِكًا نُّقَاتِلْ فِي سَبِيلِ اللّهِ قَالَ هَلْ عَسَيْتُمْ إِن كُتِبَ عَلَيْكُمُ الْقِتَالُ أَلاَّ تُقَاتِلُواْ قَالُواْ وَمَا لَنَا أَلاَّ نُقَاتِلَ فِي سَبِيلِ اللّهِ وَقَدْ أُخْرِجْنَا مِن دِيَارِنَا وَأَبْنَآئِنَا فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ تَوَلَّوْاْ إِلاَّ قَلِيلاً مِّنْهُمْ وَاللّهُ عَلِيمٌ بِالظَّالِمِينَ۞<br>မူဆာ၏☆ နောက်ပိုင်း၌ ဂျူးလူမျိုးမှ အကြံပေးများကို သင် မသုံးသပ်မိသလော၊ သူတို့အတွက် သတင်းတော်ဆောင်အား "ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ရေးလုပ်ရန် ကျွန်ုပ်တို့အတွက် ဘုရင်တစ်ပါး ခန့်အပ်ပေးပါ၊"ဟု သူတို့က ဆိုကြ၏၊ ကိုယ်တော်က "တော်လှန်ရေး ဖြစ်လာလျှင် သင်တို့သည် တော်လှန်သူများ မဖြစ်တန်ပေလော၊" ဟု မေးသောအခါ၊ သူတို့က "ကျွန်ုပ်တို့သည် အိမ်များမှ၊ သားသမီးများထံမှ မောင်းထုတ်ခံရပြီ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အဘယ်ကြောင့် မတော်လှန်ရမည်နည်း၊"ဟု ပြန်ပြောကြ၏။ တော်လှန်ရေးကို ပြဋ္ဌာန်းလေသော် သူတို့အနက် အနည်းစုမှ အပ လှည့်ပြေးကြ၏၊ ပရမတ်ဘုရားရှင်သည်ကား အမိုက်ကောင်များကို သိနေတော်မူ၏။ |
| ၂၄၇။ | وَقَالَ لَهُمْ نَبِيُّهُمْ إِنَّ اللّهَ قَدْ بَعَثَ لَكُمْ طَالُوتَ مَلِكًا قَالُوَاْ أَنَّى يَكُونُ لَهُ الْمُلْكُ عَلَيْنَا وَنَحْنُ أَحَقُّ بِالْمُلْكِ |

---

သည့် အခါတွင် ကျိန်းဝပ် ချမှတ်ပေးကြောင်း ထိုသုတ်တော်ပေါ်၌ ကိုယ်တော်မုဟမ္မဒ်က မည်သို့ ရှင်းပြခဲ့သည်ဟု **ကြားသိရကြောင်း** မှတ်တမ်းတင်ထားသည် **သမိုင်းကျမ်း**ပေါင်း များစွာတို့ အနက်မှ ထင်ရှားသော သမိုင်းကျမ်း တစ်ခု ဖြစ်ပေသည်။ ထိုကျမ်းတွင် ဖေါ်ပြသော ဤသုတ်တော်အား ပလပ်သည် ဟူသော အယူအဆနှင့် ပါတ်သက်၍ အုဆ်မန်အား အိဗနိဇူဘိုင်းက "သို့ဖြစ်လျှင် ဤကျမ်းချက်အား ကုရ်အာန်ကျမ်းတော်မှ ဖြုတ်ပစ်လိုက်မည်၊"ဟု ပြောသောအခါ၊ ယင်းသည် သူ၏ ကိုယ်ပိုင် အတွေးအခေါ်သာ ဖြစ်ကြောင်း ကိုယ်တော်မုဟမ္မဒ် စီစဉ်ခဲ့သည်ကို ပြောင်းလဲခွင့် မရှိကြောင်း ပြန်ပြောပေသည်။ ဉာဏ်စဉ်တော်အား ကိုယ်တိုင်ရရှိသော ကိုယ်တော်မုဟမ္မဒ်သည် ကျမ်းတော်အား ကိုယ်တိုင် စီစဉ်ခဲ့ခြင်း ဖြစ်ပေသည်။ ကုရ်အာန်သည် တဆင့်ကျမ်း မဟုတ်ပေ။ ကိုယ်တော် အနေဖြင့်လည်း ဤသုတ်တော်အား ပလပ်သွားပြီဟု မည်သည့် နေရာတွင်မှ ပြောမထားပေ။

مِنْهُ وَلَمْ يُؤْتَ سَعَةً مِّنَ الْمَالِ قَالَ إِنَّ اللّهَ اصْطَفَاهُ عَلَيْكُمْ وَزَادَهُ بَسْطَةً فِي الْعِلْمِ وَالْجِسْمِ وَاللّهُ يُؤْتِي مُلْكَهُ مَن يَشَاء وَاللّهُ وَاسِعٌ عَلِيمٌ۞

သတင်းတော်ဆောင်က ''ပရမတ်ဘုရားရှင်သည် သင်တို့အတွက် တွာလု(တ်)အား[၁၇၁] ဘုရင်အဖြစ် ထွန်းပေါ်စေပြီ'' ဟု ပြော၏၊ သူတို့က ''သူသည် အဘယ်သို့ ကျွန်ုပ်တို့အတွက် ဘုရင် ဖြစ်နိုင်မည်နည်း၊ ကျွန်ုတို့သည် သူ့ထက် ဘုရင်ဖြစ်သင့်သည် မှာ အမှန်ကန်ဆုံး ဖြစ်၏၊ သူသည် ဥစ္စာဓန ပြည့်ဝစွာ ရရှိထားသူလည်း မဟုတ်၊''ဟု ပြန်ပြောသောအခါ၊ ''ကေန်ပင် ပရမတ်ဘုရားရှင်သည် သူ့ကို သင်တို့ အထက်မှ ရွေးချယ်တော်မူ၏၊ သူ့အား ဉာဏဖလ၊ ကာယဖလ ထွားကြိုင်းဖွံ့ဖြိုးစေပြီ၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား ဘုရင်အရာကို ပေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည်ကား ဉာဏ်စေစားနေ၏ သိနေတော်မူ၏၊''ဟု ဆို၍။

၂၄၈။ وَقَالَ لَهُمْ نِبِيُّهُمْ إِنَّ آيَةَ مُلْكِهِ أَن يَأْتِيَكُمُ التَّابُوتُ فِيهِ سَكِينَةٌ مِّن رَّبِّكُمْ وَبَقِيَّةٌ مِّمَّا تَرَكَ آلُ مُوسَى وَآلُ هَارُونَ تَحْمِلُهُ الْمَلآئِكَةُ إِنَّ فِي ذَلِكَ لآيَةً لَّكُمْ إِن كُنتُم مُّؤْمِنِينَ۞

သူတို့အား သတင်းတော်ဆောင်က ''သူ၏ ဘုရင်ဖြစ်ထိုက်မှု နိမိတ်မှာ သင်တို့အား နှလုံးရည်[၁၇၂] ပေးအပ်မှုပေတည်း၊ ယင်း၌ သင်တို့၏ ကံကြမ္မာရှင်ထံမှ အေးငြိမ်းမှုနှင့် မူဆာ၏ နောက်လိုက်များ၊ ဟာရွန်၏နောက်လိုက်များ ချန်ခဲ့ရာမှ

☆ ၂း၃၀ နိမိတ်ဆောင်များ☆ လက်ဆင့်ကမ်းခဲ့သည့် **တော်ဝင်များ** ပါရှိ၏၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ဤသည်၌

၂း၁၄၃ နိမိတ်လက္ခဏာ တစ်ရပ်ရှိနေ၏၊''ဟု ဆို၏။

၂၄၉။ فَلَمَّا فَصَلَ طَالُوتُ بِالْجُنُودِ قَالَ إِنَّ اللّهَ مُبْتَلِيكُم بِنَهَرٍ فَمَن شَرِبَ مِنْهُ فَلَيْسَ مِنِّي وَمَن لَّمْ يَطْعَمْهُ فَإِنَّهُ مِنِّي إِلاَّ مَنِ اغْتَرَفَ غُرْفَةً بِيَدِهِ فَشَرِبُواْ مِنْهُ إِلاَّ قَلِيلاً مِّنْهُمْ فَلَمَّا جَاوَزَهُ هُوَ وَالَّذِينَ آمَنُواْ مَعَهُ قَالُواْ لاَ طَاقَةَ لَنَا الْيَوْمَ بِجَالُوتَ وَجُنودِهِ قَالَ الَّذِينَ يَظُنُّونَ أَنَّهُم مُّلاَقُو اللّهِ كَم مِّن فِئَةٍ قَلِيلَةٍ غَلَبَتْ فِئَةً كَثِيرَةً بِإِذْنِ اللّهِ وَاللّهُ مَعَ الصَّابِرِينَ۞

---

**(၁၇၁)** တွာလု(တ်)ကို သမ္မာကျမ်းစာ၌ ရှောလုဟု ခေါ်သည်၊ ရင်းမြစ်စကားလုံး တွလ ဖြစ်၍ သူသည်/ထိုအရာသည် မြင့်သည်၊ (အရပ်ရှည်သည်) ဟု ဖြစ်ပေသည်။

**(၁၇၂) အလ်တာဗု(တ်) التَّابُوتُ** ၏ အဓိပ္ပါယ်မှာ သေတ္တာ သို့မဟုတ် ရင်ဘတ် ဟု ဖြစ်၍၊ ဘာသာပြန် ဆရာတော်ကြီး အများစုက သမ္မာကျမ်းစာပါ ဣသရေလ (အစ္စရေးလ်)လူမျိုးတို့၏ ဘာသာရေး အမွေအနှစ်များကို သိုထားခဲ့သည့် သေတ္တာ ဖြစ်သည်ဟု ပြန်ဆို ကြပေသည်။ ထိုမှဆက်၍ နူးဟ် (နောဧ)လက်ထက်မှ ကမ္ဘာကြီး ရေမြုပ်ချိန်တွင် စီးခဲ့သည့် လှေကြီးဟု ဖွင့်ဆိုကြမှုများလည်း တွေ့ရပြန်ပေသည်။ သို့သော် ဤဘာသာပြန်တွင် ကုရ်အာန်ကျမ်းတော်၌ ပြောဆိုသော စကားလုံးများသည် သမ္မာကျမ်းပါ ရည်ညွှန်းချက်များနှင့် မကြာခဏ ကွဲလွဲသည်ဟု ရှင်းပြမဲ့ ဖြစ်ရာ ဤစကားလုံး **တာဗု(တ်)**နှင့်ပါတ်သက်၍ အီဒယူလိန်း အာရ်ဗီအင်္ဂလိပ် ဝေါဟာကျမ်းတွင် လက်ာတစ်ခုမှာ **မာအောင်း(ဝ်) ဒအတ်၊** ***တာဗုတီ၊*** **ရှိုင်းအံ၊ ဖကာဒ်တဟ်** ''ကျွန်ုပ်၌ ပျောက်ဆုံးသွားသော **ကျွန်ုပ်ရင်ထဲမှ** ဗဟုသုတများ အတွက် ကျွန်ုပ်လုံခြုံစွာ မထားမိခဲ့ပါ၊''ဟု ကိုးကားလျှက် **တာဗု(တ်)**ကို ရင်ဘတ်၊ နှလုံးသားဟု ဖွင့်ဆိုခြင်း ဖြစ်သည်။ ရာဃိ (အေမန် မုဖရာဒါ)ကလည်း **တာဗု(တ်)**သည် **ကလာ့ဗ်** နှလုံးသားကို ဆိုကြောင်း ပြောထားပေသည်။ ဤသို့ပြန်ဆိုမှုသည် ကျမ်းမြတ်ကုရ်အာန်၏ ဤသုတ်တော်ပါ ''ယင်း၌ သင်တို့၏ ကံကြမ္မာရှင်ထံမှ **အေးငြိမ်းမှု**နှင့် မူဆာ၏ နောက်လိုက်များ၊ ဟာရွန်၏နောက်လိုက်များ ချန်ထားခဲ့သည့်––ပါရှိ၏'' ဟူသည့် စကားတော်နှင့် ရှင်းလင်းစွာပင် ကိုက်ညီပေသည်။ **''အေးငြိမ်းမှု၊ စိတ်ချမ်းသာမှု**''ဟူသည့် ခံစားချက်သည် သေတ္တာထဲတွင် သိမ်းဆည်းထားရသော အရာ မဟုတ်ချေ၊ အေးငြိမ်းမှု၏ ကိန်းဝပ်ရာ နေရာမှန်မှာ နှလုံးသား သာလျှင်ဖြစ်ပေသည်။'' အေးငြိမ်းမှုသည် နှလုံးသား၌သာ ကိန်းဝပ်ကြောင်းကို ကုရ်အာန်ကျမ်းတော်၌ မကြာခဏ ဖေါ်ပြထားပေသည်။ ထို့ပြင် ဤသုတ်တော်တွင် ''မူဆာ၏ နောက်လိုက်များ၊ ဟာရွန်၏ နောက်လိုက်များ ချန်ထားခဲ့ရာမှ–''ကို ကောက်ယူ၍ ထိုကိုယ်တော်များ ချန်ထား (အမွေထားခဲ့)သည့် အကောင်းဆုံးသော အရာများကို သေတ္တာတွင်းတွင် ထည့်၍ဟု ယူဆကာ ''သေတ္တာ''ဟု ဘာသာပြန်ဆိုမှုကို ပိုမိုခိုင်မြဲစေရန် အတွက် ဖွင့်ဆိုမှု များလည်း ရှိပေသည်။ ဤသည်တို့မှာ သမ္မာကျမ်းစာနောက်သို့ ကောက်ကောက်ပါအောင် လိုက်မိသည်သာ ဖြစ်ပေသည်။ သတင်းတော်ဆောင်၊ ဉာဏ်စဉ်ဆောင်များ ဖြစ်သည့် မူဆာနှင့် ဟာရွန်တို့မှာ သူတို့၏ နောက်လိုက်များအတွက် အမွေပေးခဲ့သည်တွင် နှလုံးဒဟာယ အေးငြိမ်းစေမှုသည်သာ အကောင်းဆုံး (တော်ဝင်) ဖြစ်သည် ဆိုခြင်းမှာ သံသယ ဖြစ်ဘွယ် မရှိပေ။ ဂျူးလူမျိုးများ၏ သောကကို ကုရ်အာန်ကျမ်းတော်၏ နေရာများစွာတွင် ဖေါ်ပြထားပေသည်။ သူတို့အတွက် နှလုံးရည်နှင့် ပြည့်ဝသော ခေါင်းဆောင်ကောင်း ပေါ်ပေါက်လာ ခြင်းသည်ပင် အကောင်းဆုံးသော ချန်ထားခဲ့မှု ဖြစ်ပေသည်။

တာ္လုဟ(တ်)သည် စစ်တပ်ဖြင့် စစ်ချီစဉ် “ကေန်ပင် ပရမတ်ဘုရားရှင်က သင်တို့အား မြစ်တစ်ခုဖြင့် စုံစမ်းတော်မူမည်၊ ထိုမှ သောက်သုံးသူသည် ကျွန်ုပ်နှင့် မဆိုင်၊ မသောက်သုံးသူ၊ လက်ဖြင့် တစ်ခုပ်စာမျှ ခပ်ယူမိသူသည်သာ ကျွန်ုပ်နှင့် ဆိုင်၏။”ဟု ဆိုလေ၏၊ သူတို့၌ အနည်းငယ်မှအပ သောက်သုံးကြလေပြီ။ ၎င်းကို ဖြတ်ကူးပြီးစဉ် သူနှင့် အပါးရှိ ယုံကြည်သူများက “ယနေ့၌ ကျွန်ုပ်တို့မှာ ဂျာလုတ်(တ်)နှင့်[၁၇၃] သူ၏စစ်တပ်ကို နှိမ်နင်းရန် အင်အား မရှိပါ၊”ဟု ဆိုကြ၏၊ ပရမတ်ဘုရားရှင်နှင့် ဆုံရမည်ဟု ဆင်ခြင်သူများက “ပရမတ်ဘုရားရှင်၏ အလိုတော်ဖြင့် လူနည်းစုက လူများစုကို အကြိမ်မည်မျှ အောင်နိုင်ခဲ့ပြီနည်း၊ ပရမတ်ဘုရားရှင်သည်ကား ခန္တီပါရမီရှင်များနှင့် အတူရှိ၏၊”ဟု ရင့်ကျူးကြ၏။

၂၅၀။ وَلَمَّا بَرَزُواْ لِجَالُوتَ وَجُنُودِهِ قَالُواْ رَبَّنَا أَفْرِغْ عَلَيْنَا صَبْرًا وَثَبِّتْ أَقْدَامَنَا وَانصُرْنَا عَلَى الْقَوْمِ الْكَافِرِينَ۞

သူတို့သည် ဂျာလု(တ်)နှင့် သူ၏စစ်တပ်ကို ရင်ဆိုင်တိုက်ရသောအခါ “အို–ကံကြမ္မာရှင် တပည့်တော်တို့အား ခန္တီပါရမီဖြင့် အားဖြည့်ပေးတော်မူပါ၊ ရပ်တည်မှုများ ခိုင်မြဲစေတော်မူပါ ဖုံးကွယ်သော လူမျိုးအား လွှမ်းမိုးရန် ကူညီတော်မူပါ၊”ဟု လျှောက်ထားကြ၏။

၂၅၁။ فَهَزَمُوهُم بِإِذْنِ اللّهِ وَقَتَلَ دَاوُدُ جَالُوتَ وَآتَاهُ اللّهُ الْمُلْكَ وَالْحِكْمَةَ وَعَلَّمَهُ مِمَّا يَشَاء وَلَوْلاَ دَفْعُ اللّهِ النَّاسَ بَعْضَهُمْ بِبَعْضٍ لَّفَسَدَتِ الأَرْضُ وَلَـكِنَّ اللّهَ ذُو فَضْلٍ عَلَى الْعَالَمِينَ۞

ပရမတ်ဘုရားရှင်၏ အလိုတော်ဖြင့် သူတို့သည် တွန်းလှန်နိုင်ခဲ့ပြီ၊ ဒါဝိဒ်က ဂျာ(လုတ်)အား ကွပ်မျက်ခဲ့ပြီ၊ ပရမတ်ဘုရားရှင်သည် သူ့အား ဘုရင်အရာ၊ ဥပဒေနှင့် စံချိန်ပြည့်မှီရာမှ☆ ဉာဏ်ပညာကို ပေးအပ်ခဲ့ပြီ၊ ပရမတ်ဘုရားရှင်သည်

☆၂း၇၀

လူသားတို့ အချင်းချင်း မတွန်းလှန်စေခဲ့မူ၊ ကမ္ဘာမြေသည် ပျက်စီးယိုယွင်းပြီးလတ္တံ့၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် လောက ခပ်သိမ်းအား သိက္ခာပေးသောရှင် ဖြစ်၏။

၂၅၂။ تِلْكَ آيَاتُ اللّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ وَإِنَّكَ لَمِنَ الْمُرْسَلِينَ۞

ဤသည် ပရမတ်ဘုရားရှင်၏ သုတ္တန်တော်များဖြစ်၏၊ သင့်အား ၎င်းတို့ကို သစ္စာတရားဖြင့် ရွတ်ဘတ်စေပြီ၊ သင်သည်ကား ဉာဏ်စဉ်ဆောင်များအနက်မှ မုချဖြစ်၏။

၂၅၃။ تِلْكَ الرُّسُلُ فَضَّلْنَا بَعْضَهُمْ عَلَى بَعْضٍ مِّنْهُم مَّن كَلَّمَ اللّهُ وَرَفَعَ بَعْضَهُمْ دَرَجَاتٍ وَآتَيْنَا عِيسَى ابْنَ مَرْيَمَ الْبَيِّنَاتِ وَأَيَّدْنَاهُ بِرُوحِ الْقُدُسِ وَلَوْ شَاء اللّهُ مَا اقْتَتَلَ الَّذِينَ مِن بَعْدِهِم مِّن بَعْدِ مَا جَاءتْهُمُ الْبَيِّنَاتُ وَلَـكِنِ اخْتَلَفُواْ فَمِنْهُم مَّنْ آمَنَ وَمِنْهُم مَّن كَفَرَ وَلَوْ شَاء اللّهُ مَا اقْتَتَلُواْ وَلَـكِنَّ اللّهَ يَفْعَلُ مَا يُرِيدُ۞

ငါသည် ဤသို့ ဉာဏ်စဉ်ဆောင်များအား အချို့ကို အချို့ထက် သိက္ခာပေးတော်မူ၏[၁၇၄] ပရမတ်ဘုရားရှင်က ဗျာဒိတ်ပေးသူများနှင့်[၁၇၅] သူတို့မှ အခွင့်အလမ်း ချီးမြှင့်မြှောက်စားခံရသူများ ရှိ၏၊[၁၇၆] ငါသည် မာရိ၏သား ယေရှုအား ရှင်း

---

(၁၇၃) ဂျာလု(တ်) ဆိုသည်မှာ ဂျာလ (ဖီးလ် ဟာ့ရ်ဘ်) (စစ်ပွဲ၌) အပြင်းအထန်တိုက်ခိုက်သူ ဟူ၍ ဖြစ်ပေသည်။ သမ္မာကျမ်းစာ၌ ဂေါလျတ် ဟု ခေါ်ပေသည်။

(၁၇၄) **ဖသွလ فَضّل** ဆိုသည်မှာ မေတ္တာသက်သည်၊ ကောင်းချီးပေးသည်ဟု အဓိပ္ပါယ်ပေးသော်လည်း၊ မျက်နှာလိုက်၍ မြှောက်စားသော အဓိပ္ပါယ်ကို မပေးပေ။ ကျောင်းခန်းတစ်ခုတွင် စာတော်သော ကလေးအား ဂုဏ်တက်စေရန် ချီးမွမ်းသိက္ခာတင်ပေးသော သဘောမျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ ဂုဏ်ပေါ်စေတော်မူ၏ဟု ပြန်ဆိုခြင်း ဖြစ်သည်။ အချို့သော ဆရာတော်ကြီးများက “အချို့ကို အချို့ထက် ဂုဏ်ဒြပ်ချီး မြှင့်ခဲ့ပြီ၊” “အချို့ကို အချို့ထက် သာလွန်မြင့်မြတ် စေခဲ့ပြီ၊”ဟု ပြန်ဆို ကြပေသည်၊ ထိုစကားလုံးစု၏ အဓိပ္ပါယ်ကို စာဖတ်သူများ နားလည်မှု လွဲသွားပါက ကျမ်းတော်၏(၂း၂၈၅) ပါ “တပည့်တော်တို့သည် အရှင်၏ ဉာဏ်စဉ်ဆောင်များ အကြား ခွဲခြားမှု မပြုပါ၊”ဟု ဆိုသော သီလယူ ကတိပေးရသည့် ကတိကဝတ်အား ချေဖျက်ရာ ရောက်ပေလိမ့်မည်၊ ဤသုတ်တော်ပါ “အချို့ကို အချို့ထက် ဂုဏ်ပေါ် စေတော်မူပြီ။” ဆိုသည်မှာ ဤ ဘဒ္ဒကမ္ဘာ၌ ပွင့်ပေါ်ကြကုန်သော ဉာဏ်စဉ်ဆောင်ပေါင်း မြောက်များစွာ အနက် အချို့သည် အချို့သော ဉာဏ်စဉ်ဆောင်များထက် သမိုင်းမှတ်တမ်းတင်ကျန်ရစ်သည်၊ ဂုဏ်သတင်းပိုမို ထင်ရှားသည်၊ လူသိများသည်ဟုသာ ဆိုလို၍ ဉာဏ်စဉ်ဆောင်များ အကြား အချို့က အချို့ထက် ပိုမိုမြင့်မြတ်သည်ဟု မဆိုလိုပေ။

| | |
|---|---|
| ✡၂း၇၀<br>၂း၈၇ | လင်းချက်များ ပေးခဲ့၍သူ့အား **မြတ်သော ဉာဏ်စဉ်အားဖြင့်** အင်အားတောင့်တင်းစေခဲ့ပြီ၊ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင်✡ သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်ရှိပြီးနောက်မှ အချင်းချင်း တိုက်ခိုက်ကြမည် မဟုတ်ပေ၊ သို့ရာတွင် သဘောထားကွဲပြားကြကုန်၏၊ သူတို့မှ ယုံကြည်သူများ ရှိ၍၊ သူတို့အနက် ဖုံးကွယ်သူများလည်း ရှိ၏၊ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် တိုက်ခိုက်ကြမည် မဟုတ်ပေ၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် စီမံပြီးသည်ကို ပြုလုပ်တော်မူမည်ပင်။ |
| ၂၅၄။ | **يَا أَيُّهَا الَّذِينَ آمَنُواْ أَنفِقُواْ مِمَّا رَزَقْنَاكُم مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لاَّ بَيْعٌ فِيهِ وَلاَ خُلَّةٌ وَلاَ شَفَاعَةٌ وَالْكَافِرُونَ هُمُ الظَّالِمُونَ** ۞<br>အို–ယုံကြည်သူတို့၊ ငါအရှင်ပေးရာ ရိက္ခာများမှ ကူသန်းနိုင်မှု မရှိသော၊ ကိုယ်စားခံနိုင်ခြင်း မရှိသော အမှုဝေ၌ မပြည့်သော ကာလ မကျရောက်မီ ပေးဝေကြကုန်လော့၊ ဖုံးကွယ်သော–ထိုသူများသည် အမိုက်ကောင်များ ဖြစ်ကြ၏။ |
| ၂၅၅။ | **اللّهُ لاَ إِلَـهَ إِلاَّ هُوَ الْحَيُّ الْقَيُّومُ لاَ تَأْخُذُهُ سِنَةٌ وَلاَ نَوْمٌ لَّهُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ مَن ذَا الَّذِي يَشْفَعُ عِنْدَهُ إِلاَّ بِإِذْنِهِ يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلاَ يُحِيطُونَ بِشَيْءٍ مِّنْ عِلْمِهِ إِلاَّ بِمَا شَاء وَسِعَ كُرْسِيُّهُ السَّمَاوَاتِ وَالأَرْضَ وَلاَ يَؤُودُهُ حِفْظُهُمَا وَهُوَ الْعَلِيُّ الْعَظِيمُ** ۞<br>ပရမတ်ဘုရားရှင်မှအပ အခြားဘုရားဟူ၍ မရှိ၊ အရှင်သည် နိစ္စဓူဝဖြစ်၏၊ အရှင်အား မှိန်းစက်ခြင်း၊ ကျိန်းစက်ခြင်းက မဖမ်းယူနိုင်၊ မိုးများမြေများ၌ ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အထံတော်၌ အရှင့်ခွင့်ပြုချက် မရှိဘဲ အဘယ်သူက အမှုဝေနိုင်အံ့နည်း၊ အရှင်သည် သူတို့၏ ပစ္စုပ္ပန်၊ အနာဂါတ် အရာများကို ကုန်စင်သိနေတော်မူ၏၊ သူတို့သည် အရှင် အလိုတော် ရှိသည်မှအပ အရှင့် အသိဉာဏ်စဉ်တော် အနက် တစ်စုံတစ်ရာကိုမျှ ဉာဏ်စေစား ခြုံငုံနိုင်ခြင်း မရှိချေ၊ မိုးများ မြေများအား အရှင့် တန်ခိုးတော်[၁၇၇] သက်နေလေ၏၊ ၎င်းတို့အား ထိန်းသိမ်းရခြင်းသည် အရှင့်အတွက် အပန်းမကြီးပေ၊ အရှင်သည်ကား အမြင့်မြတ်ဆုံး အကြီးကျယ်ဆုံးသော အရှင် ဖြစ်၏။ |

---

**(၁၇၅)** ဉာဏ်စဉ်ဆောင်များ အားလုံးသည် ပရမတ်ဘုရားရှင်၏ ထံတော်မှ ဗျာဒိတ်တော်ပေးခြင်း ခံရသူများ ဖြစ်ပေသည်၊ ဗျာဒိတ်တော်အား သဗ္ဗညုတဉာဏ်စဉ်အားဖြင့်၊ စကားဗျာဒိတ်အားဖြင့်၊ အရှင်၏ ခွင့်ပြုချက်ဖြင့် ဉာဏ်စဉ်ဆောင်တစ်ပါး စေလွှတ်၍ သဗ္ဗညုတဉာဏ် ဆင့်ပြန်ခြင်းအားဖြင့် ပေးတော်မူပေသည်၊ (၄၂း၅၁)၊ ဤသုတ်တော်၌ ဗျာဒိတ်တော်ကို စကားတော် **ကလ်လမ كَلَّمَ** ဟု သုံးထားသောကြောင့် "ပရမတ် ဘုရားရှင်က ဗျာဒိတ်တော်ပေးသူများ၊" ဆိုရာ၌ ကိုယ်တော်မူဆာ(မောရှေ) တစ်ပါးတည်းကိုသာ အသားပေးပြီး၊ တဖန် **ဖသ္သလ** ကိုလည်း မြင့်မြတ်သည်ဟု ပြန်ဆိုကာ ကိုယ်တော်မူဆာသည် တိုက်ရိုက်စကားတော်ဖြင့် ဗျာဒိတ်ပေးခံရခြင်းကြောင့် (၄း၁၆၄)၊ အခြားသော ဉာဏ်စဉ်ဆောင်များထက် ပိုမိုမြင့်မြတ်သည်ဟု ကောက်ကြောင်း ဆွဲခြင်းများကို ဝမ်းနည်းဘွယ်ရာ တွေ့ရပေသည်။ ထိုသို့ကောက်ကြောင်းဆွဲသော ဆရာတော်များသည် ကုရ်အာန် (၂း၃၇) ပါ အာဒံအား စကားဗျာဒိတ်ပေးသည် ဆိုခြင်းကိုလည်းကောင်း၊ (၂း၁၂၄)ပါ ကိုယ်တော် အီဗရာဟီးမ်အား စကားဗျာဒိတ်ပေးသည် ဆိုခြင်းကို လည်းကောင်း သူတို့၏ ကောက်ကြောင်းထဲ၌ ဖော်ပြပြောဆိုခြင်း မရှိပေ။

**(၁၇၆) တာ دَرَجَات ဒရ်ဂျား** ကို အခွင့်အလမ်း၊ ဆောင်ရွက်နိုင်ခွင့် အခွင့်အလမ်း ဖြစ်သည်ဟု (၂း၂၂၈)၏ အောက်ခြေတွင် ရှင်းခဲ့ပြီး ဖြစ်သည်။ အခွင့်အလမ်း ပိုရှိသည်၊ အခွင့်အလမ်းဖြင့် ချီးမြှင့်မြှောက်စားခံရသည် ဆိုခြင်းကြောင့် ဉာဏ်စဉ်ဆောင်များ အကြား အဆင့်အတန်း ကွာခြားသွားခြင်း မရှိပေ၊ ဉာဏ်စဉ်ဆောင်များသည် တစ်ချိန်တည်း၊ တစ်နေရာတည်း၌ တူညီသော လူမျိုး လူ့အဖွဲ့အစည်းအတွက် စုပြုံပွင့်ပေါ်ကြခြင်း မဟုတ်ပေ၊ ကိုယ်တော်များ ပွင့်ပေါ်ရာ ခေတ်ကာလ၊ ပတ်ဝန်းကျင်၊ နောက်လိုက်သာဝက၊ တပည့်ဒကာများ၏ အနေအထားအရ အချို့မှာ တရားဟောပြောနိုင်ခွင့်၊ လူ့အသင်းအဖွဲ့အား စံပြတည်ဆောက်နိုင်ခွင့် မရရှိခဲ့ပေ။ ဤသို့ပြုလုပ်နိုင်ခွင့် မရခဲ့သောကြောင့် ထိုကိုယ်တော်မှာ အဆင့်နိမ့်သည်ဟု ပြောခွင့် မရှိချေ။ ထို့ကြောင့် ဤသုတ်တော်၌ ဆိုသော "သူတို့မှ အခွင့်အလမ်း ချီးမြှင့်မြှောက်စားခံရသူများ" ဆိုသည်မှာ ဉာဏ်စဉ်ဆောင်များ အကြား ခွဲခြားသော မိန့်ဆိုချက် မဟုတ်ပေ၊ သူတို့၏ နောက်လိုက်ဒကာ၊ ပတ်ဝန်းကျင် အနေအထားကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်၊ ၎င်းကို (၂း၈၇) တွင် ဆိုသော "— သင်တို့သည် တစ်စုကို ငြင်းဆန်ပြီး တစ်စုကို သတ်ခဲ့ကြချေပြီ၊" ဆိုသော စကားတော်က ခိုင်မာစေပေသည်။

**(၁၇၇) ကုရ်စီ كُرْسِيّ** ဆိုသည်မှာ– သာမာန်အားဖြင့် ကုလားထိုင် ဟု အဓိပ္ပါယ်ကို ပေးသော်လည်း မင်းစိုးရာဇာ ဘုရင်မင်းမြတ်များ အတွက် ရာဇပလ္လင်ဟု ပြောဆို သုံးစွဲပေသည်၊ ရာဇပလ္လင် ဆိုသည်မှာ အမိန့်တန်ခိုး အာဏာ ဖြန့်ကျက်စေသော မူလနေရာ ဖြစ်ပေသည်၊ ထို့ကြောင့် ဤနေရာ၌ တန်ခိုးတော် ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

၂၅၆။ لاَ إِكْرَاهَ فِي الدِّينِ قَد تَّبَيَّنَ الرُّشْدُ مِنَ الْغَيِّ فَمَنْ يَكْفُرْ بِالطَّاغُوتِ وَيُؤْمِن بِاللّهِ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقَىَ لاَ انفِصَامَ لَهَا وَاللّهُ سَمِيعٌ عَلِيمٌ۞

မုန်းတီးမှု

သာသနာရေး၌ **မှိုင်းတိုက်မှု**[၁၇၈] မရှိစေရ၊ တရားမှန်သည် မှောက်မှားခြင်းမှ ရှင်းလင်းလျက် ရှိနေ၏၊ မည်သူမဆို မိစ္ဆာတရားကို ဖုံးကွယ်၍ ပရမတ်ဘုရားရှင်အား ယုံကြည်အံ့၊ ထိုသူသည် ကျိုးပျက်ခြင်း မရှိသော လက်ကိုင်ကို စွဲကိုင်သည် မည်၏၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။

၂၅၇။ اللّهُ وَلِيُّ الَّذِينَ آمَنُواْ يُخْرِجُهُم مِّنَ الظُّلُمَاتِ إِلَى النُّوُرِ وَالَّذِينَ كَفَرُواْ أَوْلِيَآؤُهُمُ الطَّاغُوتُ يُخْرِجُونَهُم مِّنَ النُّورِ إِلَى الظُّلُمَاتِ أُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞

ပရမတ်ဘုရားရှင်သည် ယုံကြည်သူများ၏ ကွပ်ကဲသူ ဖြစ်၏၊ သူတို့အား အမိုက်မှောင်မှ အလင်းရောင်သို့ ထုတ်ယူ၏၊ မိစ္ဆာသည်ကား ဖုံးကွယ်သူတို့၏ ကွပ်ကဲသူဖြစ်၍ သူတို့အား အလင်းရောင်မှ အမိုက်မှောင်သို့ ဆွဲထုတ်၏၊ သူတို့သည် အပူမီး၏ အဖော်များ ဖြစ်ရလျက် ထို၌ ကာလမဲ့ နေထိုင်ရမည်ပင်။

၂၅၈။ أَلَمْ تَرَ إِلَى الَّذِي حَآجَّ إِبْرَاهِيمَ فِي رِبِّهِ أَنْ آتَاهُ اللّهُ الْمُلْكَ إِذْ قَالَ إِبْرَاهِيمُ رَبِّيَ الَّذِي يُحْيِـي وَيُمِيتُ قَالَ أَنَا أُحْيِـي وَأُمِيتُ قَالَ إِبْرَاهِيمُ فَإِنَّ اللّهَ يَأْتِي بِالشَّمْسِ مِنَ الْمَشْرِقِ فَأْتِ بِهَا مِنَ الْمَغْرِبِ فَبُهِتَ الَّذِي كَفَرَ وَاللّهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞

☆၂း၁၂၄

ပရမတ်ဘုရားရှင်က သူ့အား ဘုရင်အရာကို ပေးအပ်ထားသောကြောင့်–ကံကြမ္မာရှင်နှင့် ပတ်သက်၍ အီဗရာဟီးမ်အား☆ အတိုက်အခံပြောသူကို သင် မမြင်ယောင်မိသလော၊ အီဗရာဟီးမ်က "ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ရှင်ခြင်း သေခြင်းကို စီမံ၏၊"ဟု ပြောသောအခါ၊ သူက "ကျွန်ုပ်သည်လည်း ရှင်ခြင်း သေခြင်းကို စီမံနိုင်၏၊"ဟု ဆိုလေ၏၊ အီဗရာဟီးမ်က "သို့ဖြစ်လျှင် ပရမတ်ဘုရားရှင်သည်ကား နေကို အရှေ့ဘက်မှ ထွက်စေ၏ ၎င်းကို သင်က အနောက်ဘက်မှ ထွက်စေလေ့၊"ဟု ဆိုလျက် ဖုံးကွယ်သူအား အငိုက်မိစေ၏၊ ပရမတ်ဘုရားရှင်သည် အမိုက်စီးသော လူမျိုးအား လမ်းပြတော် မမူချေ–[၁၇၉]

---

(၁၇၈) **အိက်ရာဟ** **إِكْرَاهَ** ကို ဘာသာပြန် အများစု၌ အတင်းအဓမ္မ၊ အတင်းအကျပ်ဟု ပြန်ဆိုကြပေသည်၊ ထိုစကားလုံးသည် **ကရိဟ** မှ ဆင့်ပွားခြင်း ဖြစ်၍ အနုနည်းနှင့်ဖြစ်စေ၊ အကြမ်းနည်းနှင့်ဖြစ်စေ စည်းရုံးသိမ်းသွင်းခြင်း၊ စိတ်ငြိုငြင် မုန်းတီးစေခြင်းကို ဆိုပေသည်၊ အတင်းအကျပ် နိုင်ထက်စီးနင်းပြု၍ မိမိ၏ အယူအဆကို သူတပါးအား သွပ်သွင်းခြင်း၊ ဥပါယ်တမည်ဖြင့် လှည့်စား၍ အယူဝါဒသွပ်သွင်းခြင်း အားလုံးသည် အကြုံးဝင်ပေသည်။ အစ္စလာမ် သာသနာသည် လူအများ ဘုံလက်ခံနိုင်သော သဘောတရားနှင့် လူအများအတွက် ကောင်းကျိုး ဖြစ်စေနိုင်သော အယူဝါဒကို ပြောဆိုညှိနှိုင်း သဘောတရား ဖလှယ်ခြင်းဖြင့် သာသနာပြုခြင်းအား ခွင့်ပြုထားပေသည်၊ သို့သော် လူတစ်ဦးအား ထောက်ပံ့ ကူညီခြင်းဖြင့် အကူညီခံရသူ၏ အားနည်းချက်ပေါ်၌ အားကျိုးအားနာဖြစ်ကာ သာသနာအတွင်းသို့ ဝင်လာစေရန် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးခြင်းကိုလည်းကောင်း၊ အင်အားသုံး၍ အတင်းအဓမ္မ သာသနာပြုခြင်းကိုလည်းကောင်း လုံးဝ ခွင့်မပြုပေ။ ဤစကားလုံး **ကရိဟ**ကို "တွေဝေသွားစေရန် ပြုခြင်း၊"ဟူသည့် အနက်ဖွင့်ပြယ်ပေးသည့် နေရာများတွင်လည်း သုံးစွဲပေသည်။ ထို့ကြောင့် ဤနေရာ၌ မှိုင်းတိုက်ခြင်း ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

(၁၇၉) ဤသုတ်တော်တွင် ပြောသော "သေခြင်း ရှင်ခြင်း" သည် မြို့ရွာဒေသ တစ်ခုအား ရည်ညွှန်းပေသည်။ ၎င်းကို သုတ်နံပါတ်တော် ၂၅၉ ၌ ရှင်းလင်းစွာ ဆိုထားပေသည်။ သေခြင်း ဆိုသည်မှာ မြို့ရွာဒေသ တစ်ခုတွင် လူနေထိုင်မှုများ ဆုတ်ယုတ်သွားပြီး တိမ်ကောလာခြင်းကို ဆိုလို၍၊ ရှင်ခြင်း ဆိုသည်မှာ တိမ်ကောပြိုပျက်နေသော မြို့ရွာတစ်ခု ပြန်လည် ဖွံ့ဖြိုးလာခြင်းကို ဆိုလိုပေသည်။ ကိုယ်တော် အီဗရာဟီးမ်၏ အတိုက်အခံသည် နေကိုးကွယ်သော မျိုးနွယ်မှ ဖြစ်၏၊ ကိုယ်တော်က သေခြင်း ရှင်ခြင်းကို ပရမတ်ဘုရားရှင်ကသာ ပြဋ္ဌာန်းထားကြောင်း ပြောသောအခါ၊ သူသည်လည်း ဘုရင်ဖြစ်နေခြင်းကြောင့် မြို့သစ်တစ်ခုကို တည်ထောင်နိုင်သည် သို့မဟုတ် စည်ကားသိုက်မြိုက်နေသော မြို့ရွာတစ်ခုကို ဖျက်ဆီးပစ်နိုင်သည်ဟု ဆိုခြင်း ဖြစ်ပေသည်။ ကိုယ်တော်က ပရမတ်ဘုရားရှင်သည် နေကိုအရှေ့ဘက်မှ ထွက်စေကြောင်းပြော၍ သူ့အား နေ၏ ဦးတည်မှုကို ပြောင်းလဲစေ၏၊ ထိုစကားဖြင့် အတိုက်အခံမှာ အငိုက်မိသွားခြင်းမှာ အကယ်၍ "ငါသည် နေကို အရှေ့ဘက်မှ ထွက်စေ၏ သင်၏ ဘုရားရှင်အား နေကို အနောက်ဘက်သို့ ပြောင်း၍ ထွက်စေလော့၊"ဟု စကားနိုင်လုလျှင်–သူကိုးကွယ်နေသော နေနတ်ဘုရားသည် သူ၏ အမိန့်အတိုင်း အရှေ့ဘက်မှနေကို ထွက်နေစေရသည်ဟု အဓိပ္ပါယ်သက်ရောက်ပေမည်၊ ထိုအခါ သူကိုးကွယ်နေသော နေဘုရားမှာ သူ့လောက်ပင် အစွမ်း မရှိကြောင်း

၂၅၉။ **أَوْ كَالَّذِي مَرَّ عَلَى قَرْيَةٍ وَهِيَ خَاوِيَةٌ عَلَى عُرُوشِهَا قَالَ أَنَّىَ يُحْيِـي هَذِهِ اللّهُ بَعْدَ مَوْتِهَا فَأَمَاتَهُ اللّهُ مِئَةَ عَامٍ ثُمَّ بَعَثَهُ قَالَ كَمْ لَبِثْتَ قَالَ لَبِثْتُ يَوْمًا أَوْ بَعْضَ يَوْمٍ قَالَ بَل لَّبِثْتَ مِئَةَ عَامٍ فَانظُرْ إِلَى طَعَامِكَ وَشَرَابِكَ لَمْ يَتَسَنَّهْ وَانظُرْ إِلَى حِمَارِكَ وَلِنَجْعَلَكَ آيَةً لِّلنَّاسِ وَانظُرْ إِلَى العِظَامِ كَيْفَ نُنشِزُهَا ثُمَّ نَكْسُوهَا لَحْمًا فَلَمَّا تَبَيَّنَ لَهُ قَالَ أَعْلَمُ أَنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ ۝**

သို့တည်းမဟုတ် အမိုးအကာများ ပြိုပျက်နေသည့် မြို့ရွာတစ်ခုကို ဖြတ်သွားသူ၏ ကဲ့သို့၊ သူက "ဤသေပြီးသည်ကို ပရမတ်ဘုရားရှင်က မည်သို့ ပြန်ရှင်စေသနည်း၊"ဟု ဆို၏၊ သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူ့အား ရာစုတစ်ခု သေနေစေ၍ တဖန် ထမြောက်စေပြီး[၁၈၀] "မည်မျှ စောင့်ဆိုင်းခဲ့ရသနည်း၊"ဟု မေးသော်၊ သူက "တစ်နေ့ သို့မဟုတ် တစ်နေ့၏ တစ်စိတ်တစ်ပိုင်း စောင့်ဆိုင်းခဲ့ရပါသည်၊"ဟု ပြန်ဖြေ၏၊ အရှင်က "သင်သည် ရာစုတစ်ခုတိုင် စောင့်ဆိုင်းခဲ့ရပြီ၊ သင်၏ အစားအစာကို ကြည့်လော့၊ နှစ်ပရိစ္ဆေဒက ၎င်းအား တိုက်စားခြင်းမရှိ သင်၏ မြည်းကို ကြည့်လော့၊ ငါသည် သင့်အား လူသားများအတွက် နိမိတ်လက္ခဏာအဖြစ် ပြုလုပ်ပြီ။ အရိုးများကို ကြည့်လော့– ငါသည် ၎င်းတို့ကို မည်သို့ မည်ပုံ ချိတ်ဆက်သည် တဖန် အသားအရေဖြင့် မည့်သို့ ဆင်ယင်ပေးသနည်း။"ဟု[၁၈၁] မိန့်သော်၊ သူက "ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ပြဋ္ဌာန်းတော်မူကြောင်း တပည့်တော်သိပါ၏၊"ဟု လျှောက်လေ၏။

၂၆၀။ **وَإِذْ قَالَ إِبْرَاهِيمُ رَبِّ أَرِنِي كَيْفَ تُحْيِـي الْمَوْتَى قَالَ أَوَلَمْ تُؤْمِن قَالَ بَلَى وَلَكِن لِّيَطْمَئِنَّ قَلْبِي قَالَ فَخُذْ أَرْبَعَةً مِّنَ الطَّيْرِ فَصُرْهُنَّ إِلَيْكَ ثُمَّ اجْعَلْ عَلَى كُلِّ جَبَلٍ مِّنْهُنَّ جُزْءًا ثُمَّ ادْعُهُنَّ يَأْتِينَكَ سَعْيًا وَاعْلَمْ أَنَّ**

---

ဝန်ခံပြီးသား ဖြစ်သွားပေမည်။ သို့အတွက် ထိုသူ၌ ကိုယ်တော်အီဗရာဟီးမ်အား စကားပြန်ပြောနိုင်ခြင်း အခွင့်အလမ်း ကင်းမဲ့သွားပြီး၊ အငိုက်မိသွားခြင်း ဖြစ်ပေသည်။

**(၁၈၀) ဘအဆဟု** **بَعَثَهُ** ကို ဆရာတော်ကြီးများက ပြန်လည် ရှင်သည်စေသည်ဟု ပြန်ဆိုကြပေသည်၊ ကျမ်းတော်တွင် အပင်မျိုးစေ့များ ပေါက်ရောက်လာခြင်းကို လည်းကောင်း ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာခြင်းကို လည်းကောင်း ဤစကားလုံး **ဘအဆ** ဖြင့် မကြာခဏ သုံးစွဲပြောဆိုပေသည်။ မျိုးစေ့ပေါက်လာခြင်းမှာ နဂိုက မျိုးစေ့ တည်ရှိပြီးသား ဖြစ်ပြီး၊ ခေါင်းဆောင်ကောင်း ပေါ်လာခြင်းမှာလည်း ထိုခေါင်းဆောင် ဆိုသည့် အခြေအနေကို မရောက်ခင်ကတည်းက ထိုပုဂ္ဂိုလ်သည် လောက၌ မွေးဘွားပြီးသား ဖြစ်နေပေသည်။ ထို့ကြောင့် ဤနေရာ၌ **ဘအဆ** ကို ထမြောက်စေသည်ဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။ နဂိုပကတိ အသက် ရှိပြီးသား ဖြစ်ပြီး၊ အတွေးအခေါ် အကြံဉာဏ် မပွင့်နိုင်၍ ဦးနှောက် ရပ်နေသော အဖြစ်မှ လျှပ်တပြက် အကြံကောင်းဝင်လာကာ အသက်ဝင်သွားသော သဘောမျိုးကို ဆိုလိုပေသည်။ ဤသုတ်တော်တွင် ပြောသော ရာစုတစ်ခု သေနေစေသည် ဆိုခြင်းမှာ အသက်သေခြင်း မဟုတ်ပေ၊ အတွေးအခေါ် အယူအဆမှာ ခေတ်တစ်တခေတ် ရာစုတစ်ခုလောက် နောက်ကျနေခြင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုသို့ အတွေးအခေါ်သေ– နောက်ကျနေရာမှ ပြန်လည်ဖွံ့ဖြိုးလာခြင်း ဖြစ်ကြောင်း **ဘအဆ** ဆိုသည့် စကားမှ ခိုင်မာ စေပေသည်။ ထို့အပြင် အစားအသောက်တို့အား နှစ်ပရိစ္ဆေဒက တိုက်စားခြင်း မရှိ ဆိုသည်ကလည်း ထိုမြို့ပြို မြို့ပျက်ကြီးသည် အစား အသောက်များ စိုက်ပျိုးစားသောက်မှု၊ ပြုလုပ်စားသောက်မှုမှာ တိုးတက်ဖွံ့ဖြိုးလာခြင်း မရှိဘဲ ခေတ်နောက်ကျခဲ့ကြောင်းကို သက်သေခံလျှက် ရှိပေသည်။ ထိုထက်ခိုင်လုံသော အချက်မှာ သူ၏ မြည်းပင် ဖြစ်သည်၊ ဤသုတ်တော်၌ သူ၏ မြည်းသည် နှစ်တစ်ရာသေခဲ့၍ သူ ပြန်ရှင်လာသောအခါ မြည်းသည်လည်း ပကတိ အကောင်းအတိုင်း ဖြစ်နေသည်ဟု လုံးဝ ဆိုမထားပေ။

**(၁၈၁)** အရိုးများကို ကြည့်လော့ ဟူသည်ကို "သင်စီးလာသော မြည်း၏ အရိုးများကို ကြည့်လော့၊" ဘာသာပြန်ဆိုကာ ထိုပုဂ္ဂိုလ် သေဆုံးနေစဉ် မြည်းလည်း သေဆုံးနေပြီး သူ ပြန်ရှင်လာသောအခါ သူ၏ မြည်းသည် အရိုးတစ်စစီ ဖြစ်နေလျှက် ဘုရားရှင်က သူ၏ ရှေ့တွင်ပင် အရိုးများ အသားများကို တပ်ဆင်ပေးသည်ဟု ပုံဝင်အောင် ဇာတ်လမ်း ဖန်တီးခြင်းသာ ဖြစ်ပေသည်။ ဤနေရာ ဤသုတ်တော်တွင် အရိုးများ ဆိုသည်မှာ သူစီးလာသော မြည်း၏ အရိုးများဟု လုံးဝ ပြောထားခြင်း မရှိပေ။ မြည်းကို ကြည့်ရှုစူးစမ်းစေခြင်းမှာ မွေးမြူရေး စနစ် နောက်ကျခဲ့မှုကို ပုံဖေါ်သည်။ မြည်းကို ပြောသော ဝါကျနှင့် အရိုးကိုပြောသော ဝါကျသည် သီးခြား ဖြစ်ပေသည်။ အရိုးများကို ပြောသော ဝါကျသည် အရိုးတခြား အသားတခြား ဖြစ်ပြီး ပျက်စီးနေသည်မှာ နေရာဒေသ (မြို့ရွာ) တစ်ခုသာ ဖြစ်ကြောင်း ရှင်းရှင်း လင်းလင်း ပြောထားပေသည်။ ကျမ်းတော်တွင် နေရာဒေသ၊ မြို့ရွာ၊ ကမ္ဘာမြေကို သေရာမှ ပြန်ရှင်စေသည်ဟု မကြာခဏ သုံးစွဲ ပြောဆိုပေသည်။ ထိုပုဂ္ဂိုလ်သည် အတွေးအခေါ်များ ဖွံ့ဖြိုးလာသောအခါ မြို့ရွာအား ပြန်လည်စိုပြေ ရှင်သန်လာစေရန် စွမ်းဆောင်နိုင်သော ဉာဏ်ကို ဘုရားရှင်က ချီးမြှင့်ပေးခြင်း ဖြစ်ပေသည်။ သို့မဟုတ် အတွေးအခေါ် အယူအဆ ဖွံ့ဖြိုးလာသောအခါ မြို့ရွာဒေသများပါ တိုးတက်ဖွံ့ဖြိုး စိုပြေလာသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ဤအကြောင်းအရာအား ဘာသာရေး သမိုင်းပညာရှင်များက ပျက်စီးယိုယွင်းနေသော ဂျေရုဆင်မြို့အား ပြန်လည် ပြုပြင် တည်ဆောက်သည့် သမိုင်း ကြောင်းကို ညွှန်းသည်ဟု ဆိုကြပေသည်။

| | |
|---|---|
| | **اللهَ عَزِيزٌ حَكِيمٌ۝** အီဗရာဟီးမ်က "အိုဲ–ကံကြမ္မာရှင် သက်မဲ့အား မည်သို့ အသက်ဝင်စေသည်ကို တပည့်တော်အား ပြတော်မူပါ" ဟု[၁၈၂] လျှောက်သောအခါ–"သင် မယုံသလား၊"ဟု အရှင်က မိန့်၏၊ သူက "မဟုတ်ရပါ၊ သို့သော် တပည့်တော်၏ နှလုံး၌ ဘဝင်ကျလိုပါ၏၊"ဟု လျှောက်လေ၏၊ အရှင်က "ငှက်တို့မှ လေးကောင်ကိုယူကာ သင့်ထံသို့ လိုက်ရန် လေ့ကျင့်ပြီး[၁၈၃] တောင်သီးခြား၌ ၎င်းတို့ကို ခွဲ၍ နေရာချလော့၊ တဖန် ၎င်းတို့အားခေါ်လော့ သင့်ထံသို့ အလျှင်အမြန် လာကြလိမ့်မည်၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင်ဖြစ်ကြောင်းကို သိမှတ်လော့၊"ဟု မိန့်ဆို၏။ |
| ၂၆၁။ | **مَّثَلُ الَّذِينَ يُنفِقُونَ أَمْوَالَهُمْ فِي سَبِيلِ اللّهِ كَمَثَلِ حَبَّةٍ أَنبَتَتْ سَبْعَ سَنَابِلَ فِي كُلِّ سُنبُلَةٍ مِّئَةُ حَبَّةٍ وَاللّهُ يُضَاعِفُ لِمَن يَشَاء وَاللّهُ وَاسِعٌ عَلِيمٌ۝** ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မိမိတို့ ဥစ္စာပစ္စည်းများကို လှူဒါန်းပေးဝေသူတို့၏ ပမာသည်ကား အစေ့ပေါင်း တစ်ရာစီရှိသော ကောက်နှံ ခုနစ်နှံတို့ ပေါက်ပွားစေခြင်း၏ ပမာဖြစ်၏၊ ပရမတ်ဘုရားရှင်သည်ကား စံချိန်ပြည့်သူအား ဆထက်ထမ်းပိုး ပွားများစေ၏၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ဥဏှာစေစားနေသော သိနေသော အရှင် ဖြစ်၏။ |
| ၂၆၂။ | **الَّذِينَ يُنفِقُونَ أَمْوَالَهُمْ فِي سَبِيلِ اللّهِ ثُمَّ لاَ يُتْبِعُونَ مَا أَنفَقُواُ مَنًّا وَلاَ أَذًى لَّهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ۝** မိမိတို့၏ ဥစ္စာပစ္စည်းကို ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ လှူဒါန်းပေးဝေ၍ တဖန် ထိုလှူဒါန်းမှု၌ အသားယူခြင်း၊ မကျေမလည် ဖြစ်ခြင်းတို့ ကပ်မပါ သူများအတွက် ကံကြမ္မာရှင်၏ ထံမှ အကျိုးဆုလဒ် ရှိနေ၏၊ သူတို့သည် ပူဆွေးရ |

---

**(၁၈၂)**(၂၅၈၊ ၂၅၉၊ ၂၆၀)သုတ်တော်သုံးပါးတွင် သေခြင်း ရှင်ခြင်း ဆိုသည်မှာ မြို့ရွာ နေရာဒေသ တစ်ခု ဖြစ်ကြောင်း ရှင်းပြပြီး ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်သည် ကိုယ်တော် အီဗရာဟီးမ်၏ သားစဉ်မြေးဆက်တို့အား ကြီးမားထည်ဝါသော နေပြည်တော်ကို ပေးအပ်ခဲ့ကြောင်း ၄း၅၄ တွင် ဖေါ်ပြထားပေသည်။ တနည်းအားဖြင့် လူသူကင်းမဲ့ပြီး ပျက်စီးယိုယွင်းနေသော (သေနေသော) နေရာဒေသအား ပြန်လည်ထွန်းကားစေ၍ ထိုတိုင်းပြည်အား ကိုယ်တော်၏ သားမြေးများက အုပ်ချုပ်ခွင့်ရလာမည်၊ "သင့်အား လူသားအပေါင်း၏ ရှေ့ဆောင်ဖြစ်စေမည်၊" ဟူသည့် နိမိတ်တော်အား ဘဝင် ကျလိုရန် လျှောက်ထားခြင်း ဖြစ်ပေသည်၊

**(၁၈၃) فَصُرْهُنَّ إِلَيْكَ ဆုရ်ဟွန်းန အေလိုင်းက** ကို "မိမိထံ၌ အပိုင်းပိုင်း ဖြတ်တောက်၍" ဟု ဘာသာပြန်ဆိုမှုမျိုးကို ဝမ်းနည်းစွာ တွေ့ရှိရပေသည်၊ **ဆွရဟု** နှင့် **အဆ်ဆွရဟု** မှ **ဆွရ်**သည် အမိန့်ပေးစကားလုံး ဖြစ်၍ "သူသည် ၎င်းကို တိမ်းညွတ်စေရန် ပြုလုပ်သည်၊"ဟု အနက်ကို ပေးပေသည်။ ဤနေရာတွင် ကိုယ်တော် အီဗရာဟီးမ်က ငှက်များကို သူ့အား တိမ်းညွတ်စေရန် ပြုလုပ်သည်၊ ယဉ်ပါးစေရန် ပြုလုပ်သည်၊ လေ့ကျင့်ပေးသည်ဟု အနက်ကိုသာပေးပေသည်။ "ကိုယ်တော်အီဗရာဟီးမ်က ငှက်လေးကောင်ကိုယူကာ ထိုငှက်များကို အပိုင်းပိုင်း ဖြတ်တောက် ခုတ်ပိုင်း၍ တောင်များပေါ်၌ တင်ထားလျှက်– ၎င်းတို့ကို ပြန်ခေါ်လိုက်သောအခါ ကိုယ်တော့ထံသို့ပြန်၍ ပြေးလာကြသည်၊ ဤသို့ အစိတ်စိတ် ဖြတ်တောက်ပြီးသား (သေပြီးသား) ငှက်တို့မှ ပြန်ရှင်လာခြင်းဖြင့် ပရမတ်ဘုရားရှင်က သေရာမှ ပြန်ရှင်အောင် လုပ်ဆောင်နိုင်ခြင်းကို သက်သေ ဖြစ်စေသည်၊" ဟူသည့် ကလေးဆန်သော ဇာတ်လမ်းမျိုးသည် ကြီးကျယ်မြင့်မြတ်သော ကျမ်းမြတ်ကုရ်အာန်နှင့် လားလားမှ မအပ်စပ်ပေ။

ဤသုတ်တော်တွင် ပြောဆိုသော ငှက် **الطَّيْرِ တွိုင်းရ်** ဆိုသည်ကို အနည်းငယ်ရှင်းပြ လိုပေသည်၊ ကျမ်းတော်တွင် ကောင်းကျိုး ဆိုးကျိုး၏ အကြောင်းရင်းကို လည်းကောင်း (၇း၁၃၁)၊ နာမ်ပိုင်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်ပေး၍ ရသော လူအမျိုးအစားကိုလည်းကောင်း (၆း၃၈) **الطَّيْرِ တွိုင်းရ်** ဟု သုံးစွဲပေသည်။ "တောင်" ဆိုသည်မှာလည်း ကျမ်းတော်၌ လူသားတို့၏ နှလုံးသားကို မကြာခဏ ရည်ညွှန်းပေသည်၊ ဤနေရာ၌ ဤမျှ တိုတောင်းသော ကာလအတွင်း ကိုယ်တော် အီဗရာဟီးမ်က ဤငှက်များ (လူသားများ)ကို မည်သို့ လေ့ကျင့်ပေးသနည်းဟု မေးလာနိုင်ပေသည်၊ ဤသုတ်တော်က ကိုယ်တော့်အား သင်သည် ထိုသို့လေ့ကျင့်ပေးလျှင် သင့်ထံသို့ သူတို့ ပြန်လာကြလိမ့်မည် (သင့်အလိုကို သူတို့ နာခံလိမ့်မည်) ဟုသာ ပရမတ်ဘုရားရှင်က ဆို၍ ကိုယ်တော်သည် လက်တွေ့လေ့ကျင့်ပြီးမှ ယုံကြည်လာသည်ဟု ကျမ်းတော်၌ မဆိုထားပေ၊ "မီးကို ကိုင်ကြည့်လော့ ပူလိမ့်မည်၊" ဟူသော အဓိပ္ပါယ်မျိုးပင် ပြိုပျက်နေသော (ခေတ်ပျက်နေသော) မြို့ရွာ ဒေသအား ပြန်လည် ရှင်သန်လာစေရန်မှာ ကောင်းခြင်း ဆိုးခြင်း၏ အကြောင်းဇစ်မြစ်ကို ဖန်တီးနိုင်သည့် နှလုံးသား ပိုင်ရှင် လူသားတို့၏ ယဉ်ကျေးသိမ်မွေ့မှုသည် အခရာ ဖြစ်ကြောင်း ဤသုတ်တော်က ထောက်ပြထားခြင်း သွန်သင်ထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | မည်မဟုတ် သောကရောက်ရမည်လည်း မဟုတ်ပေ။ |
| ၂၆၃။ | **قَوْلٌ مَّعْرُوفٌ وَمَغْفِرَةٌ خَيْرٌ مِّن صَدَقَةٍ يَتْبَعُهَآ أَذًى وَاللّهُ غَنِيٌّ حَلِيمٌ** ۞<br>ကောင်းမွန်စွာပြောဆို၍ စာနာခွင့်လွှတ်ခြင်းသည် ပေးကမ်း၍ စိတ်မချမ်းသာ ဖြစ်နေခြင်းထက် ပို၍ ကောင်းမြတ်၏၊ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံသောအရှင် သက်ညှာသောအရှင် ဖြစ်၏။ |
| ၂၆၄။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تُبْطِلُواْ صَدَقَاتِكُم بِالْمَنِّ وَالأذَى كَالَّذِي يُنفِقُ مَالَهُ رِئَاء النَّاسِ وَلاَ يُؤْمِنُ بِاللّهِ وَالْيَوْمِ الآخِرِ فَمَثَلُهُ كَمَثَلِ صَفْوَانٍ عَلَيْهِ تُرَابٌ فَأَصَابَهُ وَابِلٌ فَتَرَكَهُ صَلْدًا لاَّ يَقْدِرُونَ عَلَى شَيْءٍ مِّمَّا كَسَبُواْ وَاللّهُ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ** ۞<br>အို–ယုံကြည်သူတို့၊ သင်တို့၏ ပေးကမ်းမှုကို အသားယူခြင်း မကျေမလည် ဖြစ်ခြင်းများဖြင့် အလဟဿ မဖြစ်စေလင့်၊ ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို မယုံကြည်ပဲလျှက် လူမြင်ကောင်းရန် လှူဒါန်းသူ၏ ဥစ္စာသည်ကား–အပေါ်ယံ မြေမှုန့်များ မိုးပွတ်စား၍ ချန်ထားခဲ့သော ကျောက်ချောတုံး ကဲ့သို့ ဖြစ်၏၊ ကျင့်ဆောင်ခဲ့သမျှသည် တစ်စုံတစ်ရာမျှ စည်းချိန်ကိုက်မည် မဟုတ်ပေ၊ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးတို့အား လမ်းညွှန်တော် မမူချေ။[၁၈၄] |
| ၂၆၅။ | **وَمَثَلُ الَّذِينَ يُنفِقُونَ أَمْوَالَهُمُ ابْتِغَاء مَرْضَاتِ اللّهِ وَتَثْبِيتًا مِّنْ أَنفُسِهِمْ كَمَثَلِ جَنَّةٍ بِرَبْوَةٍ أَصَابَهَا وَابِلٌ فَآتَتْ أُكُلَهَا ضِعْفَيْنِ فَإِن لَّمْ يُصِبْهَا وَابِلٌ فَطَلٌّ وَاللّهُ بِمَا تَعْمَلُونَ بَصِيرٌ** ۞<br>ပရမတ်ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာကို ရှာဖွေရန်၊ စိတ်ဓါတ်ရေးရာ ခိုင်မာစေရန် မိမိတို့၏ ဥစ္စာများကို လှူဒါန်းသူ၏ ပမာသည်ကား– မိုးကောင်းလျှင် အစားအစာနှစ်ဆ၊ မိုးမကောင်း မိုးခေါင်လျှင်လည်း (မလျှော့သော) ကုန်းမြင့်ဥယျာဉ် ကဲ့သို့ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် သင်တို့ပြုကျင့်သမျှကို မြင်သိနေတော်မူ၏။ |
| ၂၆၆။ | **أَيَوَدُّ أَحَدُكُمْ أَن تَكُونَ لَهُ جَنَّةٌ مِّن نَّخِيلٍ وَأَعْنَابٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ لَهُ فِيهَا مِن كُلِّ الثَّمَرَاتِ وَأَصَابَهُ الْكِبَرُ وَلَهُ ذُرِّيَّةٌ ضُعَفَاء فَأَصَابَهَا إِعْصَارٌ فِيهِ نَارٌ فَاحْتَرَقَتْ كَذَلِكَ يُبَيِّنُ اللّهُ لَكُمُ الآيَاتِ لَعَلَّكُمْ تَتَفَكَّرُونَ** ۞<br>သင်တို့အနက်၊ ရင်သွေးများလည်း မသန်စွမ်း– မိမိသည်လည်း ဇရာထောင်းချိန်၌ မီးမုန်တိုင်းကြောင့် လောင်ကျွမ်းပျက်စီးရသည့် အောက်ခြေ၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော စွံပလွန်၊ စပျက် ဥယျာဉ်မျိုးကို လိုချင်သူ တစ်ဦး တစ်ယောက် ရှိကြသလော၊ သင်တို့ စဉ်းစားဆင်ခြင်အံ့သောငှာ ပရမတ်ဘုရားရှင်သည် သင်တို့အား သုတ္တန်များကို ဤသို့– ရှင်းလင်းထင်ရှားစေပြီ။ |
| ၂၆၇။ | **يَا أَيُّهَا الَّذِينَ آمَنُواْ أَنفِقُواْ مِن طَيِّبَاتِ مَا كَسَبْتُمْ وَمِمَّا أَخْرَجْنَا لَكُم مِّنَ الأَرْضِ وَلاَ تَيَمَّمُواْ الْخَبِيثَ مِنْهُ تُنفِقُونَ وَلَسْتُم بِآخِذِيهِ إِلاَّ أَن تُغْمِضُواْ فِيهِ وَاعْلَمُواْ أَنَّ اللّهَ غَنِيٌّ حَمِيدٌ** ۞<br>အို–ယုံကြည်သူတို့၊ သင်တို့ကျင့်ဆောင်ရှာဖွေရာမှ သန့်စင်သည့်အရာနှင့် ငါအရှင်က သင်တို့အတွက် မြေကမ္ဘာမှ ထုတ်ပေးရာကို[၁၈၅] လှူဒါန်းကြလော့၊ မတတ်သာ၍မှ အပ သင်တို့ကိုယ်တိုင် လက်မခံချင်သော မကောင်းသည့် အရာ |

(၁၈၄) ဤသုတ်တော်များက အစ္စလာမ်သာသနာက သွန်သင်သော အလှူဒါန အကြောင်းကို သွန်သင်ပေးသည်။ အလှူဒါနပြုရာတွင် အမည်နာမ ကျော်ကြားလို၍ စေတနာ မပါဘဲ လှူဒါန်းခြင်းများကို မြတ်သော လှူဒါန်းခြင်း မဟုတ်ဟု ဆိုပေသည်။

(၁၈၅) မြေကမ္ဘာမှ ထုတ်ပေးရာ ဆိုသည်မှာ မြေမှပေါက်သော ကောက်ပဲသီးနှံများ၊ တွင်းထွက်ပစ္စည်း ကျောက်သံ ပတ္တမြား ရွှေ ငွေ စိန်ကျောက်များ အားလုံးကို ဆိုလိုပေသည်။ အစ္စလာမ်သာသနာက မိမိသည် သူတစ်ပါးအား ပစ္စည်းတစ်ခုကို လှူဒါန်းလိုလျှင်–ထိုပစ္စည်းအား မလှူဒါန်းမီ၊ အကယ်၍ သူတစ်ပါးက မိမိအား ဤပစ္စည်းကို လှူဒါန်းသော်၊ လက်ဆောင်ပေးသော် မိမိအနေဖြင့် အမှန်တကယ် လိုလား တန်ဘိုးထားနိုင်ပါ့မလား ဆိုသည်ကို

| | |
|---|---|
| | များအား စိတ်ကူးဖြင့်ပင် မလှူကြလင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ပြည့်စုံသောအရှင် ရည်သန်မှုတည်ရာ အရှင် ဖြစ်၏။ |
| ၂၆၈။ | الشَّيْطَانُ يَعِدُكُمُ الْفَقْرَ وَيَأْمُرُكُم بِالْفَحْشَاء وَاللّهُ يَعِدُكُم مَّغْفِرَةً مِّنْهُ وَفَضْلاً وَاللّهُ وَاسِعٌ عَلِيمٌ۞ <br> သင်တို့အား မကောင်းဆိုးဝါးက ဆင်းရဲသွားလိမ့်မည်ဟု ကတိပေး၍၊ မဖွယ်မရာ မိန့်ကြား၏၊[၁၈၆] ပရမတ်ဘုရားရှင်သည် သင်တို့အား အထံတော်မှ လွတ်ငြိမ်းခွင့်နှင့် သိက္ခာပေးခြင်းကို ကတိထားတော်မူ၏၊ ပရမတ်ဘုရားရှင်သည် ဉာဏ်စေစားနေသောအရှင် သိနေသောအရှင် ဖြစ်ပေ၏။ |
| ၂၆၉။ | يُؤتِي الْحِكْمَةَ مَن يَشَاء وَمَن يُؤْتَ الْحِكْمَةَ فَقَدْ أُوتِيَ خَيْرًا كَثِيرًا وَمَا يَذَّكَّرُ إِلاَّ أُوْلُواْ الأَلْبَابِ۞ <br> စံချိန်ပြည့်သူအား ဓမ္မသတ်ကို ပေးတော်မူ၏၊ ဓမ္မသတ်ကို ပေးအပ်ခြင်း ခံရသူသည် များစွာသော ကောင်းခြင်းတရားကို မုချ ပေးအပ်ခံရသည် မည်၏။ ပညာရှင်တို့မှအပ ဆင်ခြင်သတိ မရှိကြချေ။ |
| ၂၇၀။ | وَمَا أَنفَقْتُم مِّن نَّفَقَةٍ أَوْ نَذَرْتُم مِّن نَّذْرٍ فَإِنَّ اللّهَ يَعْلَمُهُ وَمَا لِلظَّالِمِينَ مِنْ أَنصَارٍ۞ <br> သင်တို့၏ ပေးဝေသော မည်သည့် ပေးဝေမှု သို့မဟုတ် ခေါင်းခံရသော မည်သည့်ခေါင်းခံရမှုကို[၁၈၇] မဆို ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏၊ အမိုက်ကောင်များအတွက် ကူညီမည့်သူ မရှိပြီ။ |
| ၂၇၁။ | إِن تُبْدُواْ الصَّدَقَاتِ فَنِعِمَّا هِيَ وَإِن تُخْفُوهَا وَتُؤْتُوهَا الْفُقَرَاء فَهُوَ خَيْرٌ لُّكُمْ وَيُكَفِّرُ عَنكُم مِّن سَيِّئَاتِكُمْ وَاللّهُ بِمَا تَعْمَلُونَ خَبِيرٌ۞ <br> ပွင့်ပွင့်လင်းလင်း အလှူပေးလျှင် ဂုဏ်ရှိ၏၊ နွမ်းပါးသူတို့အား သိုသိုသိပ်သိပ် ပေးကမ်းလျှင် သင်တို့အတွက် သာလွန်ကောင်းမြတ်၏၊ ယင်းသည် သင်တို့ထံမှ မကောင်းမှုများကို ဖယ်ရှားပေးလိမ့်မည်၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။[၁၈၈] |
| ၂၇၂။ | لَّيْسَ عَلَيْكَ هُدَاهُمْ وَلَكِنَّ اللّهَ يَهْدِي مَن يَشَاء وَمَا تُنفِقُواْ مِنْ خَيْرٍ فَلأنفُسِكُمْ وَمَا تُنفِقُونَ إِلاَّ ابْتِغَاء وَجْهِ اللّهِ وَمَا تُنفِقُواْ مِنْ خَيْرٍ يُوَفَّ إِلَيْكُمْ وَأَنتُمْ لاَ تُظْلَمُونَ۞ <br> သူတို့အား လမ်းမှန်ရစေဟု သင်သည် တာဝန်ခံရသူ မဟုတ်၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား လမ်းမှန်ရစေ၏၊ မည်သည့် ကောင်းခြင်းမှ မဆို လှူဒါန်းကြအံ့ သင်တို့၏ ဉာဉ်အတွက်သာတည်း၊ ပရမတ်ဘုရားရှင်၏ ရှေ့ရှုမှု အတွက်မှအပ လှူဒါန်းကြခြင်း မဟုတ်၊ မည်သည့် ကောင်းခြင်းမှမဆို လှူဒါန်းကြအံ့ သင်တို့ အပေါ်သို့ ပြန်လည်ပြည့်စေတော်မူမည်၊ သင်တို့အား အဝိဇ္ဇာထဲ၌ ဖြစ်စေမည် မဟုတ်ချေ။ |
| ၂၇၃။ | لِلْفُقَرَاء الَّذِينَ أُحصِرُواْ فِي سَبِيلِ اللّهِ لاَ يَسْتَطِيعُونَ ضَرْبًا فِي الأَرْضِ يَحْسَبُهُمُ الْجَاهِلُ أَغْنِيَاء مِنَ التَّعَفُّفِ تَعْرِفُهُم بِسِيمَاهُمْ لاَ يَسْأَلُونَ النَّاسَ إِلْحَافًا وَمَا تُنفِقُواْ مِنْ خَيْرٍ فَإِنَّ اللّهَ بِهِ عَلِيمٌ۞ <br> (အလှူဒါနသည်) ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ချုပ်မိနေသောကြောင့်[၁၈၉] မြေကမ္ဘာ၌ မသွားလာနိုင်သော[၁၉၀] |

အလျှင် ဆန်းစစ်ရမည်ဟု သွန်သင်ပေသည်။ မိမိက မလိုချင်သော ဥစ္စာပစ္စည်းများကို သူတစ်ပါးအား ပေးကမ်းခြင်းသည် ဖြူစင်ရိုးသားသူတို့၏ အလုပ် မဟုတ်ပေ။ (၃း၉၁)တွင်ကြည့်ပါ။

**(၁၈၆) ဖဟ်ရှာ فَحْشَاء** ဆိုသည်မှာ မဖွယ်မရာ ပြောဆိုမှု၊ ယုတ်ညံ့သော စကားကို ဆိုမှုဟု ဖြစ်ပေသည်၊ များစွာသော ဆရာတော်ကြီးများက ဤသုတ်တော်မှ **ဖဟ်ရှာ**၏ အနက်မှာ **ဘခေရ်** ကပ်စီးနည်းခြင်းဟု ဖွင့်ဆို၍ "ကပ်စီးနည်းကြရန် တိုက်တွန်းလိမ့်မည်၊"ဟု ပြန်ဆို ကြပေသည်။

**(၁၈၇) နသ်ရ် نَذَر** ဆိုသည်မှာ မိမိ၏ တာဝန် မရှိဘဲလျက် တာဝန်ယူ ခေါင်းခံ၍ လုပ်ဆောင်ပေးရန် ရည်ရွယ်ချက် ထားခြင်းကို ခေါ်ပေသည်။

**(၁၈၈)**"ပွင့်ပွင့် လင်းလင်း အလှူပေးလျှင်" ဆိုသည်မှာ ပြည်သူလူထုရေးရာ ကိစ္စများတွက် သို့မဟုတ် အမျိုးသား (နိုင်ငံတော်) ကာကွယ်ရေး အတွက် ထည့်ဝင် ပေးဆောင်သော ရံပုံငွေများကို ဆိုလိုပြီး၊ "နွမ်းပါးသူတို့အား သိုသိုသိပ်သိပ် ပေးကမ်းလျှင်၊" ဆိုသည်မှာ တသီးပုဂ္ဂလ အလှူအဒါန်းများကို ဆိုလိုပေသည်။

| | |
|---|---|
| | နွမ်းပါးသူတို့ အတွက် ဖြစ်စေရမည်၊ သူတို့၏ ချုပ်တီးမှုနှင့် လူသားများထံမှ ခယဖက်တွယ် တောင်းရမ်းမှု မရှိသော ကြောင့် ပညာမဲ့တို့က သူတို့အား ပြည့်စုံသူများဟု ထင်မှတ်ကြ၏၊ မည်သည့် ကောင်းခြင်းမှမဆို လှူဒါန်းမှုကို ပရမတ် ဘုရားရှင်သည် ကုန်စင်သိနေ၏။ |
| ၂၇၄။ | **الَّذِينَ يُنفِقُونَ أَمْوَالَهُم بِاللَّيْلِ وَالنَّهَارِ سِرًّا وَعَلاَنِيَةً فَلَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ﴿﴾**<br>မိမိတို့၏ ဥစ္စာပစ္စည်းများကို နေ့ညမရွေး လျှို့ဝှက်၍တစ်မျိုး၊ လူသိရှင်ကြားတဖုံ လှူဒါန်း ဒါနပြုသူတို့အတွက် အကျိုး ဆက်သည် ကံကြမ္မာရှင်ထံ၌ ရှိ၏။ သူတို့သည် ပူဆွေးရမည်မဟုတ် သောကရောက်ရမည်လည်း မဟုတ်ပေ။ |
| ၂၇၅။<br><br>☆ ၂း၁၄ | **الَّذِينَ يَأْكُلُونَ الرِّبَا لاَ يَقُومُونَ إِلاَّ كَمَا يَقُومُ الَّذِي يَتَخَبَّطُهُ الشَّيْطَانُ مِنَ الْمَسِّ ذَلِكَ بِأَنَّهُمْ قَالُواْ إِنَّمَا الْبَيْعُ مِثْلُ الرِّبَا وَأَحَلَّ اللّهُ الْبَيْعَ وَحَرَّمَ الرِّبَا فَمَن جَاءهُ مَوْعِظَةٌ مِّن رَّبِّهِ فَانتَهَىَ فَلَهُ مَا سَلَفَ وَأَمْرُهُ إِلَى اللّهِ وَمَنْ عَادَ فَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ﴿﴾**<br>ခေါင်းပုံဖြတ်စားသူတို့သည်[၁၉၁] မကောင်းဆိုးဝါး☆ ထိကပ်၍ တွေဝေမူးနောက်နေသူတို့၏ ရပ်တည်ခြင်းမျိုးဖြင့် ရပ်တည် ရင်ဆိုင်ရပေမည်၊ ယင်းမှာ "ကူးသန်းရောင်းဝယ်မှုသည် ခေါင်းပုံးဖြတ် သကဲ့သို့ပင် ဖြစ်သည်၊"ဟု သူတို့၏ အပြော |

---

**(၁၈၉)** ချုပ်မိနေသောကြောင့် ဆိုသည်မှာ– လူသားများ ကောင်းရာကောင်းကြောင်းအတွက် (အမှန်တရားအတွက်) မိမိကိုယ်မိမိ ပြဌာန်းကာ အနစ်နာခံ ကြိုးပမ်းနေသောကြောင့် မြေကမ္ဘာ၌ လုပ်ကိုင်စားသောက်ရန် အချိန် မပေးနိုင်ခြင်းကို ဆိုလိုပေသည်။ ထိုကြောင့် ထိုကဲ့သို့သော လူသား များသည် မိမိ၏ သိက္ခာဖြင့် မိမိနေပြီး သူတစ်ပါးထံမှလည်း တောင်းရမ်း စားသောက်ခြင်း မပြုကြပေ။ ထိုကဲ့သို့ လူသားများကို သူတို့၏ ဂုဏ် သိက္ခာကို ငဲ့လျှက် လျှို့ဝှက်စွာ ကူညီကြရန် ကျမ်းတော်က သွန်သင်ပေသည်၊ အမှန်တရား၌ လုံးပန်းနေသူကို ကူညီခြင်းသည် မြတ်သော ကူညီမှု ဖြစ်ပေသည်။

**(၁၉၀) သွှရ်ဘန် ဖီးလ် အောက်သ်** **ضَرْبًا فِي الأَرْضِ** ကို ခရစ်ယာန် သာသနာပြုဆရာတော် ပါလ်မာက "မြေပေါ်၌ လိုက်ခေါက်နေသည်" **knocking about in the land** ဟု ပြန်ဆိုထားသည်ကို စိတ်မကောင်းဘွယ် တွေ့ရပေသည်။ အင်္ဂလိပ် အရပ်သုံးစကားအရ **knock about** ဆို သည်မှာ "ရည်ရွယ်ချက်မဲ့၊ ဖြစ်ချင်ရာဖြစ် ကြမ်းတမ်းစွာ ဟိုဒီလှည့်လည်သွားလာသည်၊"ဟု ဖြစ်ပေသည်။ ထိုစကားအရ ကျမ်းတော်ပါ ဤသုတ် တော်၏ အဓိပ္ပါယ်မှာ ထိုသို့ မသွားလာ သူသည် ဘာသာရေးသမား ဖြစ်၍ ကျန်သူများသည် ထိုကဲ့သို့ ဦးတည်ရာမရှိသော သူများဖြစ် သည်ဟု လူသားအပေါင်းကို စော်ကားနေသရောင် ဖြစ်ပေသည်။ ထိုဆရာတော်သည် အာရ်ဗီစကား **သွှရဘာ** ကို ရိုက်သည်၊ ထုသည်ဟု အဓိပ္ပါယ် တစ်ခု တည်းသာ ရှိသည်ဟု တရားသေ သတ်မှတ်ကာ **သွှရဘာ** ကို **knock** ထုသည်၊ တံခါးကိုထု၍ တောင်းစားသည် ဟု ဖြစ်အောင် ဖန်တီးခြင်း ဖြစ် ပေသည်။ **သွှရဘာ**၏ အနက်မှာ သွားလာသည်၊ ခရီးထွက်သည်၊ ခရီးနှင်သည်၊ ပုံဆောင်သည် ဆိုသည့်အပြင် အခြားသော ထင်ရှားသည့် အဓိပ္ပါယ်ပေါင်း များစွာ ရှိနေသည်ကို ထိုဆရာတော် နားလည်ခြင်း မရှိသည်က ဝမ်းနည်းစရာပင်။

**(၁၉၁) ရီဘာ الرِّبَا** ၏ မူရင်း အနက်မှာ ထပ်ပေါင်းခြင်း၊ ထည့်ဖြည့်ခြင်းဟု ဖြစ်ပေသည်။ မူရင်းပင်မ ချေးငှားထားခြင်း အပေါ်၌ ထပ်လောင်း ပေါင်း ထည့်သော ပမာဏဟု ဖြစ်ပေသည် ထို့ကြောင့် ဆရာတော်ကြီးများက အတိုးစားခြင်းဟု ဘာသာပြန် ကြပေသည်။ သို့သော် ယခုခေတ်တွင် ငွေ သည်ပင် ရောင်းကုန်တစ်ခု ဖြစ်လာခြင်း၊ နိုင်ငံရေးနှင့်မြို့ပြထွန်းကားမှုပေါ်၌ ငွေကြေးဖေါင်းပွမှုနှုန်းများ မတည်ငြိမ်ခြင်း၊ ဘဏ်လုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးလာခြင်းများ အပေါ်၌ "အတိုး"ဟူသော ဝေါဟာရမှာ မပြည့်စုံတော့ပေ။ ငွေဖြစ်စေ၊ မ တည်မှု တစ်ခုကိုဖြစ်စေ ထုတ်ပေးပြီး ၎င်းကို အခွင့် အရေး တစ်ရပ်အဖြစ် အသုံးပြုလျှက် မတော်မတရား ဂုတ်သွေးစုပ်သည့်၊ အရင်းအနှီးရယူသူ သို့မဟုတ် ငွေချေးယူသူမှာ နလံမထူနိုင်အောင် ဖိနှိပ် ခံရသည့် စနစ်ကို ခေါ်ပေသည်။ ၎င်းကို (၃း၁၃၀) ဆင့်ပွား ဆင့်ပွားထည့်ပေါင်းခြင်းဟု အတိအကျ ပြောထားပေသည်။ ထို့ကြောင့် ဤစကားလုံး **ရီဘာ الرِّبَا** ကို ခေါင်းပုံဖြတ်ခြင်းဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ **"ရီဘာ"** ၏ သဘောမှာ ကူးသန်း ရောင်းဝယ်ခြင်းနှင့် မတူညီပေ အရှုံးလုံးဝ မရှိပေ၊ ကူသန်း ရောင်းဝယ်မှုတွင် အမြတ်ကို မျှော်လင့်သော်လည်း အရှုံး ရှိနိုင်ပေသည်။ ငွေအရင်းအနှီး တစ်ခုကို မ တည်၍ အရှုံးလုံးဝမရှိ ဟူသော အသိတရားကို လက်ကိုင် ထားသူသည်၊ သူတစ်ပါးထံမှ ရသောငွေကို အချိန်မှန်မှန် ထိုင်စားနေခြင်းဖြင့် တွေးခေါ်ကြံဆမှု အားနည်းလာကာ မတော် လောဘ အောက်၌ လောင်းရိပ်မိ ချိန်နဲ့ လာပေသည်၊ ထိုအကြောင်းအရာကို "မကောင်းဆိုးဝါး ထိကပ်၍ တွေဝေ မူးနောက်နေသူတို့ ကဲ့သို့၊"ဟု ဆိုထားခြင်း ဖြစ်ပေသည်။ ငွေရောင်းဝယ်မှု စတော့ခ်ရှယ်ရာများကို ကျမ်းတော်က မတားမြစ်ပေ၊ ၎င်းတွင် အရှုံးအမြတ်ဟူ၍ ရှိနေပေသည်။ သို့သော် ငွေလို သူများအား ငွေထုတ်ချေး၍ အမြတ်သက်သက်ယူစားမှု (ငွေယူမိသူမှာ လုပ်ငန်းမှ မြတ်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ငွေစိုက်ထုတ် သူအား အမြတ် ပေးနေရမှု) မျိုးကို တားမြစ်ပေသည်။ ကမ္ဘာပေါ်ရှိ ဆင်းရဲသားများကို လည်းကောင်း မြန်မာ့သမိုင်းတွင် ဆင်းရဲနွမ်းပါးသော မြန်မာ

| | |
|---|---|
| | ကြောင့်ပင်၊ ပရမတ်ဘုရားရှင်သည် ကူးသန်းရောင်းဝယ်မှုကို ခွင့်ပြုတော်မူ၍ ခေါင်းပုံဖြတ်ခြင်းကို တားမြစ်တော်မူ၏။ သူ၏ထံသို့ ကံကြမ္မာရှင်၏ ဆုံးမသြဝါဒတော် ရောက်ရှိလာ၍ ရပ်တန့်လိုက်လျှင် အတိတ်မှပြီးဆုံးခဲ့သည်နှင့် သူ၏ အရေးအရာများသည် ပရမတ်ဘုရားထံ၌ ရှိ၏၊ ဆက်လက်ကျူးလွန်သူများသည် အပူကောင်များ ဖြစ်ကြ၏၊ ထိုငရဲ၌ ကာလမဲ့ခံစားရမည်ပင်။ |
| ၂၇၆။ | يَمْحَقُ اللهُ الْرِّبَا وَيُرْبِي الصَّدَقَاتِ وَاللهُ لاَ يُحِبُّ كُلَّ كَفَّارٍ أَثِيمٍ ۞<br>ပရမတ်ဘုရားရှင်သည် ခေါင်းပုံဖြတ်မှုကို မှေးမှိန်စေတော်မူမည်၊[၁၉၂] အလှူဒါနပေးခြင်းကို ထွန်းကားစေတော်မူမည်၊ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူ အပြစ်ကောင်များကို နှစ်မြို့တော် မမူချေ။ |
| ၂၇၇။<br><br>☆ ၂း၃ | إِنَّ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ وَأَقَامُواْ الصَّلاَةَ وَآتَوُاْ الزَّكَاةَ لَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ ۞<br>ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ပြုကာ စိတ်သင်တန်း၌☆ မြဲမြံလျှက် လူမှုဖူလုံကြေး ပေးသူတို့၏ အကျိုးဆက်သည် သူတို့၏ကံကြမ္မာရှင်၏ ထံ၌ ရှိ၏၊ သူတို့သည် ပူဆွေးရမည်မဟုတ် သောကရောက်ရမည်လည်း မဟုတ်ပေ။ |
| ၂၇၈။ | يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللهَ وَذَرُواْ مَا بَقِيَ مِنَ الرِّبَا إِن كُنتُم مُّؤْمِنِينَ ۞<br>အို–ယုံကြည်သူတို့၊ သင်တို့သည် ကေန်ပင် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ခေါင်းပုံဖြတ်ခြင်း အကြွင်းအကျန်များကို စွန့်လွှတ်ကြလော့။ |
| ၂၇၉။ | فَإِن لَّمْ تَفْعَلُواْ فَأْذَنُواْ بِحَرْبٍ مِّنَ اللهِ وَرَسُولِهِ وَإِن تُبْتُمْ فَلَكُمْ رُؤُوسُ أَمْوَالِكُمْ لاَ تَظْلِمُونَ وَلاَ تُظْلَمُونَ ۞<br>အကယ်၍ သင်တို့သည် မကျင့်ကြံကြလျှင်– ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်ဆောင်ထံမှ စစ်ကြေငြာခြင်းကို ခံရလတ့်၊ သင်တို့ ခဝါချခဲ့လျှင်၊ အရင်းများကို ပြန်ယူလော့၊ မတရား မပြုကြလင့်၊ မတရားပြု မခံကြလင့်။[၁၉၃] |
| ၂၈၀။ | وَإِن كَانَ ذُو عُسْرَةٍ فَنَظِرَةٌ إِلَى مَيْسَرَةٍ وَأَن تَصَدَّقُواْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ۞<br>သို့သော် သူသည် ကျပ်တည်းသူဖြစ်လျှင် ချောင်လည်သည်အထိ ကြည့်ရှု ဆိုင်းငံ့ပေးရမည်၊ လှူဒါန်းလိုက်ကြလျှင် သင်တို့အတွက် ကောင်းမြတ်ပေ၏၊ သင်တို့ သိကြပါလေစ။ |
| ၂၈၁။ | وَاتَّقُواْ يَوْمًا تُرْجَعُونَ فِيهِ إِلَى اللهِ ثُمَّ تُوَفَّى كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لاَ يُظْلَمُونَ ۞<br>မတရားမှုမရှိ– ဥာဉ်တိုင်းကိုယ်စီ ကျင့်ဆောင်ခဲ့ရာကို ပြန်လည် ဖြည့်ဆီးခြင်း ခံရမည့် ပရမတ်ဘုရားရှင်ထံ၌ စုဆုံရမည့် ကာလအတွက် စည်းစောင့်ကြကုန်လော့။ |

လူမျိုးတို့အပေါ် ဂုတ်သွေးဖေါက်စုပ် အမြတ်ထုတ်သော အတိုးကြီးစားသူများသည် လည်းကောင်း အစ္စလာမ် ဘာသာဝင်များ လုံးဝ မဟုတ် ဆိုသည်ကို ဤသုတ်တော်မှ အခိုင်အမာ သက်သေခံလျှက်ရှိပေသည်။

(၁၉၂) **ယန်းမ်ဟာကို့ يَمْحَقُ** ဆိုသည်မှာ "သူသည် ကောင်းကြီးမင်္ဂလာနှင့် ဝေးကွာစေသည်၊" သို့မဟုတ် "သူသည် ဖြေးဖြေးခြင်း သေးသိမ်သွားသည်၊" ဟု ဖြစ်ပေသည်။ ဤသုတ်တော်က အမြတ်ကြီးစား ခေါင်းပုံဖြတ်သော စနစ်သည် တဖြေးဖြေးခြင်း မှေးမှိန်ပျောက်ကွယ်သွားမည်ဟု ဟောထားပေသည်။

(၁၉၃) **لاَ تَظْلِمُونَ وَلاَ تُظْلَمُونَ လာတာ့ဆွ်လီမူးန ဝလာ တို့ဆွ် လမူးန** ဆိုသည့် စကားမှ **تَظْلِمُونَ တာ့ဆွ်လီမူးန** သည် သူတစ်ပါးအား နစ်နာအောင်လုပ်သည်ဟု ဖြစ်သည်၊ ထို့ကြောင့် ၎င်းကို မတရားမပြုကြလင့် (သူတပါးအပေါ် အဝိဇ္ဇာမစီးလင့်)ဟု ဘာသာပြန်၍ **تُظْلَمُونَ တို့ဆွ်လမူးန** ဆိုသည်မှာ မိမိကိုယ် ဆုံးရှုံးနစ်နာစေသည် (အဝိဇ္ဇာစီးစေသည်) ဟု ဖြစ်ပေသည်။ ဤဝါကျမှ သူတစ်ပါးအား မတရားမပြုကြလင့် ဆိုသည်မှာ ကြွေးယူထားသူ၊ ကြွေးတင်နေသူကို မနစ်နာစေလင့် (သူထံမှ အတိုးကို မယူလင့်) ဟု ပြောဆို၍၊ မိမိကိုလည်း မနစ်နာစေလင့် ဆိုသည်မှာ အရင်းများကိုပါ အဆုံးရှုံး ခံပစ်ရန်မလို၊ ထုတ်ချေးထားသော အရင်းများကို ပြန်ယူပိုင်ခွင့်ရှိသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သို့သော် ထုတ်ချေးငွေအား အတင်းအကျပ် ပြန်တောင်းခွင့် မရှိပေ၊ (၂း၂၈၀)။

၂၈၂။ يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا تَدَايَنتُم بِدَيْنٍ إِلَى أَجَلٍ مُّسَمًّى فَاكْتُبُوهُ وَلْيَكْتُب بَّيْنَكُمْ كَاتِبٌ بِالْعَدْلِ وَلاَ يَأْبَ
كَاتِبٌ أَنْ يَكْتُبَ كَمَا عَلَّمَهُ اللّهُ فَلْيَكْتُبْ وَلْيُمْلِلِ الَّذِي عَلَيْهِ الْحَقُّ وَلْيَتَّقِ اللّهَ رَبَّهُ وَلاَ يَبْخَسْ مِنْهُ شَيْئًا
فَإن كَانَ الَّذِي عَلَيْهِ الْحَقُّ سَفِيهًا أَوْ ضَعِيفًا أَوْ لاَ يَسْتَطِيعُ أَن يُمِلَّ هُوَ فَلْيُمْلِلْ وَلِيُّهُ بِالْعَدْلِ
وَاسْتَشْهِدُواْ شَهِيدَيْنِ من رِّجَالِكُمْ فَإِن لَّمْ يَكُونَا رَجُلَيْنِ فَرَجُلٌ وَامْرَأَتَانِ مِمَّن تَرْضَوْنَ مِنَ الشُّهَدَاء أَن
تَضِلَّ إْحْدَاهُمَا فَتُذَكِّرَ إِحْدَاهُمَا الأُخْرَى وَلاَ يَأْبَ الشُّهَدَاء إِذَا مَا دُعُواْ وَلاَ تَسْأَمُوْاْ أَن تَكْتُبُوْهُ صَغِيرًا أَو
كَبِيرًا إِلَى أَجَلِهِ ذَلِكُمْ أَقْسَطُ عِندَ اللّهِ وَأَقْومُ لِلشَّهَادَةِ وَأَدْنَى أَلاَّ تَرْتَابُواْ إِلاَّ أَن تَكُونَ تِجَارَةً حَاضِرَةً
تُدِيرُونَهَا بَيْنَكُمْ فَلَيْسَ عَلَيْكُمْ جُنَاحٌ أَلاَّ تَكْتُبُوهَا وَأَشْهِدُوْاْ إِذَا تَبَايَعْتُمْ وَلاَ يُضَآرَّ كَاتِبٌ وَلاَ شَهِيدٌ وَإِن
تَفْعَلُواْ فَإِنَّهُ فُسُوقٌ بِكُمْ وَاتَّقُواْ اللّهَ وَيُعَلِّمُكُمُ اللّهُ وَاللّهُ بِكُلِّ شَيْءٍ عَلِيمٌ ۞

အို–ယုံကြည်သူတို့၊ သင်တို့ချင်းကြား အကြွေးဖြင့် ကာလသတ်မှတ် ဝယ်ရောင်း ချုပ်ဆိုသော်၊ ၎င်းအား ချရေးကြလော့၊ ၎င်းကို စာရေးသူအား သင်တို့အကြား တရားနှင့် အညီ ရေးသားစေလော့၊ စာရေးသူသည် ပရမတ်ဘုရားရှင် သွန်သင်သည့် အတိုင်း ရေးသားစေခြင်းကို ဖီဆန်ခြင်း မပြုဘဲ ရေးသားရမည်၊ အကြွေးယူသူက စာချပေးရမည် သူ၌ သူ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်အား ကြောက်ရွံ့ သစ္စာမဲ့ရမည် တစ်စုံတစ်ရာမျှ လျှော့ပေါ့ခြင်း မပြုရ။ အကယ်၍ သူသည် နားလည်နိုင်စွမ်း မရှိသူ သို့မဟုတ် အားနည်းချက်ရှိသူ သို့မဟုတ် စာချနိုင်စွမ်း မရှိသူ ဖြစ်လျှင် သူ့အား ကွပ်ကဲသူက တရားနှင့်အညီ စာချပေးရမည်၊ သင်တို့အနက် အမျိုးသားများမှ သက်သေနှစ်ဦးကို ထားရှိရမည်၊ အကယ်၍ အမျိုးသားနှစ်ဦး မရှိခဲ့သော် အမျိုးသား တစ်ဦးနှင့်– သက်သေများအနက် သင်တို့ စိတ်ကျေနပ်သော အမျိုးသမီး
ပျက်ကွက် နှစ်ဦးကို ထားရှိကြကုန်၊ သူမတို့မှ တစ်ဦးဦးက **ချွတ်ချော်ခဲ့**သော်[၁၉၄] ကျန်တစ်ဦးက သတိပေးနိုင်ပေ၏၊ ဖိတ်ခေါ်ခံရသော သက်သေများသည် မငြင်းဆိုရ။ ကာလအပိုင်းအခြားထားခြင်း၌ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ရေးမှတ်ခြင်းကို စိတ်လက်မပါ မဖြစ်ကြလင့်၊ ယင်းသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ အသင့်တင့်ဆုံး ဖြစ်၏၊ အထောက်အထား အခိုင်လုံဆုံး ဖြစ်၏၊ သံသယ မဖြစ်စေရန် အနီးစပ်ဆုံးဖြစ်၏၊ သို့သော် သင်တို့ချင်းကြား အဆင်သင့် အပေးအယူ လက်ပြောင်း လက်လွှဲ ရောင်းချခြင်း၌ ရေးသားထားမှု မရှိသော် အပြစ်မထိုက်ချေ၊ သို့သော် သင်တို့ စပ်ကြား
နစ်နာစေအံ့ သက်သေများ ထားကြကုန်လော့၊ စာရေးသူနှင့် သက်သေများကို မထိခိုက်စေလင့်၊ အကယ်၍ သင်တို့သည် **ကျူးလွန်အံ့**၊ သူသည် သင်တို့အနက် ယုတ်မာသူ ဧကန်ဆတ်ဆတ် ဖြစ်၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ပရမတ်ဘုရားရှင်သည်ကား သင်တို့အား သင်ကြားတော်မူပြီ၊ ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား ကုန်စင်သိနေ၏။[၁၉၅]

---

(၁၉၄) ဤဘာသာပြန်တွင် ပြန်ဆိုသော **ချွတ်ချော်သည်** ဆိုသည့် စကားကို ဆရာတော်ကြီးများက မေ့လျော့သည်ဟု ဘာသာပြန်ခြင်းကြောင့် အဓိပ္ပါယ် တစ်မျိုးပြောင်းသွားပေသည်။ ထိုစကားမှာ **تَضِلَّ တသွိလ** မှာ ချွတ်ချော်သည်၊ မူလနေရာမှ ဝေးကွာသည်၊ လမ်းလွဲသည်။ အပါယ်သို့ ရောက်သည်၊ ဟူသော အနက်ကိုပေးသည့် စကားလုံး **သွလ ضِلَّ** မှ ဆင့်ပွားခြင်း ဖြစ်၍။ မေ့လျော့သည်ဟု အနက်ကို မပေးပေ။ အကယ်၍ တရားရုံး သို့မဟုတ် အမှုဖြေရှင်းရမည့် နေရာသည် ဝေးကွာနေခဲ့သော် အမျိုးသမီး တစ်ဦးအနေဖြင့် ကျမ္မာရေးကိစ္စ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် သက်သေထွက်ဆိုရန် မရောက်နိုင်ခဲ့လျှင် အခြားတစ်ဦးက သက်သေထွက်ဆိုပေးနိုင်ရန် စီစဉ်ပေးခြင်းသာ ဖြစ်ပေသည်။

(၁၉၅) ဤသုတ်တော်မှ စာရေးသူ–ဆိုသည်မှာ ဥပဒေကို နားလည်သော တတ်သိပညာရှင်ကို ဆိုလိုပေသည်၊ ထိုအချက်ကို **စာရေးသူသည် ပရမတ်ဘုရားရှင် သွန်သင်သည့်အတိုင်း ရေးသားစေခြင်းကို ဖီဆန်ခြင်း မပြုရ။ တရား (ဥပဒေ)နှင့်အညီ ရေးစေလော့၊** ဟူသည့် အချက်များက ခိုင်မာစွာ ထောက်ပြထားပေသည်။ ဥပဒေပညာရှင်များ မရှိသည့် အရပ်များတွင် သင်တို့ (လူသားများ)အကြား အတတ်သိဆုံးလူကို ရေးသားခိုင်းရပေမည်။

(❖) နားလည်နိုင်စွမ်း မရှိသူ၊ စာချနိုင်စွမ်း မရှိသူ ဆိုသည်မှာ ဥပဒေကို နားမလည်သောကြောင့် သော်လည်းကောင်း၊ ဘာသာစကား အခက်အခဲကြောင့်သော်လည်းကောင်း၊ အခြေခံ မှတ်သားနိုင်မှု အားနည်းသောကြောင့် သော်လည်းကောင်း ဖြစ်နိုင်၍၊ အုပ်ထိန်းသူ ဆိုသည်မှာ မိဘ ညီအစ်ကို မောင်နှမသော်လည်းကောင်း ငှားရမ်းထားသည့် အကျိုးတော်ဆောင် ရှေ့နေရှေ့ရပ်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

| | |
|---|---|
| ၂၈၃။ | وَإِن كُنتُمْ عَلَى سَفَرٍ وَلَمْ تَجِدُواْ كَاتِبًا فَرِهَانٌ مَّقْبُوضَةٌ فَإِنْ أَمِنَ بَعْضُكُم بَعْضًا فَلْيُؤَدِّ الَّذِي اؤْتُمِنَ أَمَانَتَهُ وَلْيَتَّقِ اللّهَ رَبَّهُ وَلاَ تَكْتُمُواْ الشَّهَادَةَ وَمَن يَكْتُمْهَا فَإِنَّهُ آثِمٌ قَلْبُهُ وَاللّهُ بِمَا تَعْمَلُونَ عَلِيمٌ ۞<br>အကယ်၍ သင်တို့သည် ခရီး၌ဖြစ်၍ စာရေးသူ မတွေ့ရှိခဲ့လျှင် အာမခံပစ္စည်းကို အပ်ထားရမည်၊ အကယ်၍ သင်တို့သည် တစ်ဦးကို တစ်ဦး ယုံကြည်စိတ်ချကြလျှင် ယုံကြည်ခြင်းခံရသူက ယုံကြည်မှုအပ်ထည်ကို ပေးအပ်ရမည်၊ သူ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်အား စည်းစောင့်ရမည်။ သက်သေသက်ကန်ကို ထိန်ဝှက် ဖျောက်ဖျက်ခြင်း မပြုရ၊ ထိန်ဝှက် ဖျောက်ဖျက်ခဲ့မူ သူသည် မကောင်းသော နှလုံးသားပိုင်ရှင် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို ကုန်စင်သိနေ၏။ |
| ၂၈၄။<br>✡၂း၇၀ | لِّلَّهِ ما فِي السَّمَاواتِ وَمَا فِي الأَرْضِ وَإِن تُبْدُواْ مَا فِي أَنفُسِكُمْ أَوْ تُخْفُوهُ يُحَاسِبْكُم بِهِ اللّهُ فَيَغْفِرُ لِمَن يَشَاء وَيُعَذِّبُ مَن يَشَاء وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞<br>မိုးများနှင့်မြေ၌ ရှိသမျှသည် ပရမတ်ဘုရားရှင်က အချုပ်အခြာ၌ ရှိ၏၊ သင်တို့၏ ဉာဉ်စရိုက်မှ ဖွင့်ဟရာ၊ သို့မဟုတ် ဖုံးဖိထားရာတို့အတွက် ပရမတ်ဘုရားရှင်က စစ်ဆေးတော်မူမည်၊ စံချိန်ပြည့်သူအား✡ လွတ်ငြိမ်းချမ်းသာရစေ၍၊ စံချိန်ပြည့်သူအား ဝဋ်ကြွေးသင့်စေတော်မူမည်၊ ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်ကို စည်းချိန်ပြဋ္ဌာန်းတော်မူ၏။ |
| ၂၈၅။<br>✡၂၅၃ | آمَنَ الرَّسُولُ بِمَا أُنزِلَ إِلَيْهِ مِن رَّبِّهِ وَالْمُؤْمِنُونَ كُلٌّ آمَنَ بِاللّهِ وَمَلآئِكَتِهِ وَكُتُبِهِ وَرُسُلِهِ لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّن رُّسُلِهِ وَقَالُواْ سَمِعْنَا وَأَطَعْنَا غُفْرَانَكَ رَبَّنَا وَإِلَيْكَ الْمَصِيرُ ۞<br>ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူများသည် သူ၏ကံကြမ္မာရှင်က သူ့ထံသို့ ကျိန်းဝပ်ပေးရာကို ယုံကြည်ကြ၏။ သူတို့အားလုံးသည် ပရမတ်ဘုရားရှင်၊ အရှင်၏နိမိတ်ဆောင်များ၊ အရှင်၏ ကျမ်းဂန်တော်များ၊ အရှင်၏ ဉာဏ်စဉ်ဆောင်များကို ယုံကြည်ကြ၏၊ တပည့်တော်တို့သည် အရှင်၏ ဉာဏ်စဉ်ဆောင်များကို တစ်ပါးနှင့် တစ်ပါးခွဲခြားမှု မရှိပါ။ ✡ ထို့နောက် သူတို့က "တပည့်တော်တို့ ကြားနာပါ၏၊ လိုက်နာပါ၏၊ တပည့်တော်တို့အား လွတ်ငြိမ်းချမ်းသာ ပေးတော်မူပါ၊ အို ကံကြမ္မာရှင် အရှင့်ထံသို့သာ အန္တိမပန်းတိုင် ဖြစ်ပါ၏၊"ဟု ဆုပန်ကြ၏။ |

---

(❖) ဤဥပဒေပါ အမျိုးသား တစ်ဦးအစား အမျိုးသမီး နှစ်ဦးကို သက်သေထားခိုင်းခြင်းမှာ အမျိုးသားနှင့် အမျိုးသမီး တန်ဘိုး နှိုင်းယှဉ်ခြင်း မဟုတ်ပေ၊ ထို့အပြင် ဤဥပဒေကို သေချာစွာ လေ့လာလျှင် အမှန်တကယ် သက်သေလိုက်သော အခါ အမျိုးသား တစ်ဦးအစား အမျိုးသမီး နှစ်ဦးလည်း မဟုတ်ချေ။ ဤဥပဒေသည် နိုင်ငံရပ်ခြား လုပ်ငန်းရှင် ဖက်စပ်လုပ်ငန်းများနှင့်လည်း သက်ဆိုင်ပေသည်။ ထိုအချက်ကို ဘာသာစကား အခက်အခဲဖြစ်သည့် **နားလည် နိုင်စွမ်းမရှိသူ၊ စာချုနိုင်စွမ်းမရှိသူ** ဆိုသော စကားလုံးများများ၊ သုတ်တော် ၁၈၃ ပါ **ခရီး၌ ရှိစဉ်** ဆိုသော စကားလုံးများက ထောက်ပြနေပေသည်။ ထိုအခြေအနေတွင် သက်သေလိုက်ပေးရန် ခရီးသွားလာနိုင်မှုမှာ ယေဘုယျအားဖြင့် အမျိုးသမီးများသည် အမျိုးသားလောက် လွယ်ကူမှု မရှိချေ။ ထိုကြောင့် ထိုအခြေအနေမျိုးတွင် အမျိုးသား တစ်ဦး၏ နေရာတွင် အမျိုးသမီး နှစ်ဦးဖြင့် အစားထိုး သက်သေ လိုက်ခိုင်းခြင်း ဖြစ်ပေသည်။ သို့သော် အမှုအခင်း ဖြစ်လျှင်သက်သေ လိုက်ပေးရန်အတွက် အမျိုးသမီး နှစ်ဦးသည် ရုံးတော်သို့ တစ်ပြိုင်နက် သွားရောက်သက်သေ ထွက်ဆိုရန် မလိုပေ၊ တစ်ဦးသွားလျှင် ပြည့်စုံပေသည်။ ၎င်းကို "သူမတို့မှ တစ်ဦးဦး ချွတ်ချော်ခဲ့သော် ကျန်တစ်ဦးက သတိပေးနိုင်၏၊" ဆိုသည်က ထောက်ပြထားပေသည်။ ဤစကားတွင် "သတိပေးသည်၊" ဆိုခြင်းမှာ ထိုသက်သေ မိန်းမအချင်းချင်း မေ့လျော့နေသည်ကို သတိဖေါ်ပေးခြင်း မဟုတ်ချေ။ ရုံး၌ "သက်သေထွက်ဆိုခြင်း၊" ကိုသာ ဆိုလိုပေသည်။ ထို့ကြောင့် အမှန်တကယ် ရုံးတော်၌ သက်သေ ထွက်ဆိုသော အခါ၊ အမျိုးသား တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်မှာ အတူတူပင် ဖြစ်ပေသည်။ တစ်ယောက်အစား နှစ်ယောက် မဟုတ်တော့ပေ။

| | |
|---|---|
| ၂၈၆။ | **لاَ يُكَلِّفُ اللّهُ نَفْسًا إِلاَّ وُسْعَهَا لَهَا مَا كَسَبَتْ وَعَلَيْهَا مَا اكْتَسَبَتْ رَبَّنَا لاَ تُؤَاخِذْنَا إِن نَّسِينَا أَوْ أَخْطَأْنَا رَبَّنَا وَلاَ تَحْمِلْ عَلَيْنَا إِصْرًا كَمَا حَمَلْتَهُ عَلَى الَّذِينَ مِن قَبْلِنَا رَبَّنَا وَلاَ تُحَمِّلْنَا مَا لاَ طَاقَةَ لَنَا بِهِ وَاعْفُ عَنَّا وَاغْفِرْ لَنَا وَارْحَمْنَآ أَنتَ مَوْلاَنَا فَانصُرْنَا عَلَى الْقَوْمِ الْكَافِرِينَ ۝**<br>ပရမတ်ဘုရားရှင်သည် မည်သည့် ဥဥ်စရိုက်ကိုမှ မနိုင်ဝန် မဖြည့်ဆီးချေ၊ သူ့အတွက် သူကျင့်ဆောင်ရာသည် ရှိ၍၊ သူ့အပေါ်၌ သူကျင့်ဆောင်ရာသည် တင်ရှိ၏၊ “အို ကံကြမ္မာရှင် တပည့်တော်တို့၏ မေ့လျော့ မှားယွင်းမှု၌ အရေး မယူပါနှင့်၊ အို ကံကြမ္မာရှင် တပည့်တော်တို့အလျှင် ရှေ့သူများအား ထမ်းဆောင်စေသကဲ့သို့ တပည့်တော်တို့အား ဝန်ထုတ်ဝန်ပိုး မထမ်းစေပါနှင့်၊ အို ကံကြမ္မာရှင် တပည့်တော်တို့ အင်အားမမျှသည်ကို တပည့်တော်တို့အား မတင် ဆောင်ပါနှင့်၊ တပည့်တော်တို့အား ကင်းလွတ်စေတော်မူပါ၊ လွတ်ငြိမ်းစေတော်မူပါ ကရုဏာသက်တော်မူပါ၊ အရှင် သည် တပည့်တော်တို့၏ ကွက်ကဲသူ ဖြစ်တော်မူပါ၏ ဖုံးကွယ်သော လူမျိုးတို့ထက်သာရန် မစတော်မူပါ၊”ဟု တောင်း ဆုပြုလော့။ |